


Scanned with ACE Scanner




Scanned with ACE Scanner

တက္ကသိုလ်

# ဝင်းကြွယ်

ရုပ်ထုတစ်ထောင်ဂူနှင့်ယက္ခသုံးပေါ်

စာစဉ်(၁)

ဒုတိယအကြိမ်

Scanned with ACE Scanner

စာမူခွင့်ပြုချက် ၅၀၀၄၈၇၀၅၀၄
မျက်နှာဖုံးခွင့်ပြုချက် ၅၀၀၆၀၄၀၅၀၅

၂၀၀၅ ခုနှစ်
ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးသန်းဝင်း (ကျော် ပုံနှိပ်တိုက်)
အမှတ် ၂၃၉၊ ခေမာသီလမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်
ဦးထွန်းလင်း (ဖိုးဝ အော့ဖ်ဆက်)
အမှတ်၁၄၇- ၄၅ လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။



မဟူရာည .... ။

မဟူရာည၌အမှောင်ကား ဟန်ကြူမြို့တော်ကြီးတစ်ခုလုံးကို လွှမ်းခြုံထားလေသည်။

ဟန်ကြူမြို့၏ အရှေ့ဘက်အိမ်ကြီးတစ်ဆောင်တွင်ကား ....

မဟူရာညအောက်တွင် ထီးတည်းကြီးရှိနေ၏။

ဂေဟာကြီး၏ ဧည့်ခန်းထဲမှ ရယ်မောသံတို့မှာ တိတ်ဆိတ်သော ညအချိန်လေထုကို ဖြတ်ခါ အပြင်သို့ ပျံ့နှံ့သွား၏။

ထိုအချိန်၌ ဝတ်စုံဖြူ လုလင်ငယ်တစ်ဦးက လေ၏လျင်မြန်ခြင်းမျိုးဖြင့် ထိုဂေဟာကြီးဆီသို့ ဦးတည်လာနေသည်။

လုလင်ငယ်က လျင်မြန်စွာ လျှောက်လှမ်းလာရင်း တစ်ခါတစ်ရံ ကောင်းကင်သို့ မော်ကြည့်နေတတ်သည်။

မဟူရာည၏ ကောင်းကင်ထက်ဝယ် လခြမ်းကွေးကွေးပင် မလင်းလက်သော်လည်း လင်းလက်လျက်ရှိနေသော ပြိုးပြိုးပြက်ပြက် ကြယ်ကလေးများ၏ အလင်းရောင်ကား ရှိနေ၏။

ထိုပြိုးပြက်နေသည့် ကြယ်ကလေးများ၏ အလင်းရောင်က လူငယ်၏ မျက်နှာပေါ်သို့ ထိုးစိုက်ကျလာနေသည်။

မှုန်ဝါးဝါး ကြယ်အလင်းရောင်ကြောင့် လူငယ်၏မျက်နှာကို ဝိုးတဝါး မြင်နေရသည်။

လူငယ်မှာ စိတ်ဓာတ်ကြံ့ခိုင်သော လူငယ်မှန်း သိသာနိုင်၍ ဆုံးဖြတ်ပြီဆိုလျှင် နောက်တွန့်ပြီး ကြောက်ရွံ့ဟန်မရှိပေ။

ဂေဟာကြီးအား လူငယ်က အကဲခတ်ကြည့်ရှုနေရာမှ ညာဘက်နှုတ်ခမ်းထောင့် အပေါ်သို့ တွန့်တက်သွားကာ ရုတ်တရက် မချိပြုံးလေးတစ်ခု ပြုံးလိုက်သည်။

တစ်ဆက်တည်းမှာပင် မြေပြင်ကို ခြေဖြင့်ထောက်၍ လေထုထဲသို့ တိုးတက်သွားသည်နှင့် ဂေဟာကြီး၏ ခေါင်မိုးပေါ်သို့ ရောက်ရှိသွားတော့သည်။

ထို့နောက် ခေါင်မိုးကို ထွင်းဖောက်ထားသည့် လသာဆောင် အမိုးမှတဆင့် ဂေဟာ၏ညှဲ့ခန်းအတွင်းသို့ ခုန်ဆင်းသွားတော့သည်။

ထိုအခိုက် ညှဲ့ခန်းထဲရှိ စကားပြောသံနှင့် ရယ်မောသံများက ချက်ချင်းရပ်တန့်သွားတော့သည်။

လူငယ်ကလည်း ညှဲ့ခန်းအတွင်းသို့ ခြေချမိလျှင် ချမိခြင်း အခန်းတစ်ခုလုံးအား လှည့်ပတ်ကြည့်ရှုရင်း အကဲခတ်လိုက်သည်။

ညှဲ့ခန်းထဲရှိ မီးအိမ်များမှ အလင်းရောင်များမှာ နေ့ခင်းနှင့် မခြား လင်းထိန်လျက် ရှိနေ၏။

မီးရောင်များ၏ အလင်းရောင်ကြောင့် ညှဲ့ခန်းတွင်းရှိ လူများ၏ မျက်နှာကိုပီပီပြင်ပြင် တွေ့မြင်နေရသည်။

စားပွဲရှည်တစ်လုံးတွင် အသက်ငါးဆယ်ခန့် မျက်နှာနီနီအဘိုး



ကြီးတစ်ဦး ထိုင်နေပြီး သူ၏နောက်ဘက်တွင်မူ ကြီးမားသောဖယောင်းတိုင်ကြီးနှစ်တိုင်က ထွန်းလင်းတောက်ပနေလေသည်။

ထိုဖယောင်းတိုင်ကြီးနှစ်တိုင်၏ နောက်ဘက်ရှိ အနီရောင်ကတ္တီပါကြီးပေါ်တွင် ရွှေခြည်ငွေခြည်များဖြင့် "မွေးနေ့ပွဲမင်္ဂလာ"ဟု ရေးထိုးထားသော စာတန်းကို ဝင့်ကြွားစွာ တွေ့မြင်လိုက်ရ၏။

မွေးနေ့ပွဲကျင်းပရာ ခန်းမဆောင်တစ်ခုလုံးမှာ ရုတ်ခြည်းတိတ်ဆိတ်သွားသည်။

ညှဲ့ခန်းထဲရှိ လူအားလုံးတို့မှာ ရုတ်တရက် မဖိတ်ခေါ်ဘဲ ရောက်ရှိလာသော လူငယ်ကိုကြည့်ကာ ထိတ်လန့်တုန်လှုပ်နေကြသည်။

လူငယ်၏ အလာဆန်းပုံကြောင့် ညှဲ့ပရိသတ်အပေါင်းတို့မှာ လူငယ်ကို ငေးကြောင်ကြည့်ရင်း မင်တက်နေမိကြလေသည်။

ဝတ်စုံဖြူလူငယ်က ညှဲ့ခန်းဆောင်တစ်ခုလုံးကို ဝေ့ဝဲကြည့်လိုက်ပြီး ခါးကိုင်းကာ တရိုတသေ ပြောကြားလိုက်၏။

"တူတော်မောင် ယွင်ကျန်ယိက ဖေဖေရဲ့ အမိန့်အရ မင်္ဂလာအပေါင်းနဲ့ပြည့်စုံတဲ့ မွေးနေ့ပွဲကို တက်ရောက်ဖို့ လာခဲ့ပါတယ် .... ဒါပေမယ့် တူတော်မောင် ခြေတစ်လှမ်း နောက်ကျသွားတဲ့အတွက် ဘဘကြီးက ခွင့်လွှတ်စေချင်ပါတယ် .... "

မျက်နှာနီနီနှင့် အဘိုးကြီးမှာ ယွင်ကျန်ယိ၏စကားကို နားထောင်ရင်း မျက်နှာပေါ်၌ ဇဝေဇဝါ အမူအရာဖြင့် ကြောင်ငေးကြည့်နေမိဆဲပင် ရှိသည်။

ယွင်ကျန်ယိကို အတန်ကြာ အကဲခတ်ကြည့်လိုက်ပြီးနောက် မျက်နှာနီနီနှင့် အဘိုးကြီး၏နှုတ်ခမ်းအစုံမှာညင်သာစွာပွင့်ဟလာသည်။

တစ်ခုခုကို ပြောမည့်ဟန် ပြင်လိုက်သေးသည်။

သို့သော် မည်သည့်စကားမျှ ထွက်ပေါ်မလာတော့ချေ။

မျက်နှာခံ အဘိုးကြီး၏ မျက်နှာပေါ်တွင် ထိတ်လန့်တုန်လှုပ်သည့် အရိပ်အရောင်များ ပေါ်လွင်လာကာ သူ၏ဘယ်ညာ နှစ်ဖက်ဆီသို့ တစ်ချက်ဝေ့ကြည့်လိုက်သည်။

တစ်ခဏအချိန်အတွင်း မျက်နှာခံ အဘိုးကြီး၏ မျက်နှာပြင်ပေါ်မှ ထိတ်လန့်တုန်လှုပ်နေသည့် အရိပ်အရောင်များ ပျောက်ကွယ်သွားကာ ဒေါသထွက်သည့် အမူအရာသို့ ပြောင်းလွဲသွားတော့သည်။

လုလင်ပျို ယွန်ကျန့်ယိမှာမူ အဘိုးကြီး၏ အပြောင်းလွဲသွားသော အမူအရာကို လုံးဝမသိသည့်အလား အရက်ပွဲတွင်ထိုင်နေသည့် ပုဂ္ဂိုလ်တို့ကိုသာ အကဲခတ်ကြည့်နေမိ၏။

လူငယ်၏ တလက်လက်တောက်ပနေသော မျက်လုံးအစုံမှာ တစ်ပတ်မျှ လည်ပတ်ကြည့်ရှုလိုက်ပြီးနောက် နှုတ်ခမ်းထောင့်မှ အပြုံးသဲ့သဲ့လေးတစ်ခုကို ပြုံးလိုက်၏။

ရုတ်တရက် လူငယ်မှာ ထိတ်လန့်အံ့ဩသွားသောဟန်ဖြင့် အလိုအလျောက် ခါးတွင်ချိတ်ထားသည့် ကျောက်စိမ်းပလွေဆီသို့ လက်ရောက်သွားမိလေသည်။

အဘိုးကြီးဘေးရှိ ဘယ်ညာတွင် ကပ်လျက်ထိုင်နေသည့် ချောမောလှပသော လုလင်ပျိုနှင့် မိန်းမပျိုတို့၏ မျက်လုံးများကလည်း လူငယ်လေး ယွင်ကျိန်ယိကို အကဲခတ်ကြည့်နေကြလေသည်။

မျက်နှာခံနှင့် အဘိုးကြီးမှာ ဒေါသစိတ်ဖြင့် လူငယ်ယွင်ကျန်ယိကို ကျယ်လောင်စွာ ရုတ်တရက် လှမ်းအော်မေးလိုက်သည်။

"ဟိတ် .... မင်းဘယ်သူလဲ .... ယွင်ရှောင်ကျန်ရဲ့သား အဖြစ် ငါ့မွေးနေ့ပွဲကို တက်ရဲတယ်ပေါ့ .... "



အရက်ဝိုင်းမှ ပုဂ္ဂိုလ်များမှာ ယွင်ရှောင်ကျန်ဟူသော အသံကို ကြားလိုက်ရသည်နှင့် ထိတ်လန့်အံ့ဩ တုန်လှုပ်သွားကြသည်။

အဘယ်ကြောင့်ဆိုသော် ယွင်ရှောင်ကျန်မှာ လွန်ခဲ့သော နှစ်နှစ်ဆယ်က သိုင်းလောက အဆင့်မြင့်မားဆုံးသော ပုဂ္ဂိုလ်သုံးဦးထဲတွင် အပါအဝင် ဖြစ်နေသောကြောင့်ပင်။

ယွင်ရှောင်ကျန်မှာ တစ်ချိန်တုန်းက ကျောက်စိမ်းဓားဖြင့် သိုင်းလောကတစ်မိုးအောက်ရှိ ရန်သူများကို သုတ်သင်ရှင်းလင်းပစ်နိုင်ခဲ့သူ ဖြစ်သည်။

၎င်းကျောက်စိမ်းဓားဖြင့် တရားဥပဒေဘက်မှ ရပ်တည်ကာ အုတ်တစ်ချပ် သဲတစ်ပွင့်အလား ကူညီသည့်အနေဖြင့် သိုင်းလောက ဒုစရိုက်သားများအား ဆုံးမနှိပ်ကွပ်ခဲ့သူ ဖြစ်သည်။

လွန်ခဲ့သည့် နှစ်အနည်းငယ်က စပြီး ယွင်ရှောင်ကျန်တစ်ယောက်မှာ မည်သည့်ဒေသသို့ ရောက်ရှိသွားမှန်းကို မည်သူမျှ မသိလိုက်ကြချေ။

၎င်းနေ့၎င်းအချိန်တွင်မူ သူနှင့်ပတ်သက်သော ၎င်းလုလင်ငယ် ရောက်ရှိလာလိမ့်မည်ဟု မည်သူမျှ မထင်မိခဲ့ကြချေ။

လူငယ်လေး ယွင်ကျန်ယိက ညာဘက်နှုတ်ခမ်းထောင့် သဲ့သဲ့လေး တွန့်ပြုံးလိုက်ရင်း အေးဆေးသော လေသံဖြင့် ပြောလိုက်၏။

"လူကြီးမင်းများခင်ဗျာ .... မစိုးရိမ်ကြပါနဲ့ .... ကျုပ် ဒီကို လက်တုံ့ပြန်ဖို့ ရောက်လာခဲ့တာ မဟုတ်ပါဘူး .... ဒီကိုလာရခြင်းရဲ့ ရည်ရွယ်ချက်က ကျုပ်ရဲ့အမွေပစ္စည်းဖြစ်တဲ့ ကျောက်စိမ်းဓားကို ပြန်သိမ်းဖို့ပါပဲ .... ဘဘကြီးအနေနဲ့ သက်သေအထောက်အထား

Scanned with ACE Scanner

လိုချင်ပါသလား .... "

လူငယ်က စကားဆုံးသည်နှင့် ညာဘက်လက်မှ တစ်ပေခန့် အရှည်ရှိ ဓားအိမ်ကို မြှောက်ပြလိုက်သည်။

ဓားအိမ်မှာ ရွှေမဟုတ် သံမဟုတ်ဘဲ အရောင်မှာ မဲညစ်ညစ် ဖြစ်နေသော်လည်း တဖျတ်ဖျတ်အရောင်တောက်နေသော မျက်နှာနီ အဘိုးကြီး၏ မျက်နှာကိုပင် ဓားအိမ်မှ အရောင်များ ရောင်ပြန်ဟပ်ထင် နေ၏။

အရက်စားပွဲဝိုင်းမှ လူများမှာ လူငယ်၏စကားကြောင့် စိတ်ထဲတွင် တုန်လှုပ်ချောက်ချားသွားကြ၏။

ဤကျောက်စိမ်းဓားမှာ လွန်ခဲ့သော နှစ်နှစ်ဆယ်လောက်က သိုင်းသမားကြီး ယွင်ရှောင်ကျန်နှင့်အတူ ကွယ်ပျောက်သွားခဲ့ရသည် မဟုတ်ပါလော။

ဤနေရာတွင် ကျောက်စိမ်းဓားရှိမည်မှန်း မည်သူတစ်ဦးတစ် ယောက်မျှ မသိကြချေ။

မျက်နှာနီအဘိုးကြီး၏ မျက်နှာမှာ ယွင်ကျန်ယိ၏ စကား ကြောင့် ပို၍နီမြန်းလာကာ ချက်ချင်း မတ်တတ်ထရပ်လိုက်လေ၏။

"ချာတိတ် .... ကျောက်စိမ်းဓားဟာ ယွင်ရှောင်ကျန်ရဲ့ လက်ထဲမှာ ရှိနေတယ်ဆိုတာ သိုင်းသမားအားလုံး သိကြတယ် .... မင်းက ဘယ်သူလဲ .... ငါ မိုးပျံလက်ဝါး စုတာရှင်ဟာ ဗိုလ်ကျခံမယ့်လူ မဟုတ်ဘူးဆိုတာ သိထားစေချင်တယ် .... "

အဘိုးကြီး စုတာရှင်၏ စကားဆုံးသည်နှင့် ညာဘက် ဒုတိယ မြောက်လူက မတ်တတ်ထရပ်လိုက်ပြီး ....

"အစ်ကိုကြီးစု ဒီချာတိတ်ကို ညီတော်ကပဲ ဆုံးမလိုက်ပါ့မယ်"



ထိုလူက ပြောပြီးသည်နှင့် အရက်ဝိုင်းမှ ထလာခဲ့သည်။

လူငယ်လေး ယွင်ကျန်ယိမှာမူ ခန္ဓာကိုယ်ကို ဖြည်းညင်းစွာ လှည့်ကာ ထိုလူနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

ထိုလူသည် လူလတ်ပိုင်းအရွယ်ခန့်ပင် ရှိပြီး ကိုယ်ပေါ်တွင် မိုးပြာရောင်ဝတ်စုံကို ဝတ်ဆင်ထားလေ၏။

မိုးပြာရောင်ဝတ်စုံဝတ်လူ၏ မျက်လုံးမှာ အေးတိအေးစက် အသွင်ဖြင့် ယွင်ကျန်ယိအား စိုက်ကြည့်နေသည်ကို တွေ့လိုက်ရ၏။

"နောင်ကြီးရဲ့ ဘွဲ့နာမည်ကို သိခွင့်ရှိပါသလား .... "

လူငယ်လေး ယွင်ကျန်ယိက စကားဆုံးသည်နှင့် ထိုလူအား ပြုံး၍ကြည့်နေသည်။

မိုးပြာရောင်ဝတ်စုံနှင့်လူမှာ ယွင်ကျန်ယိ၏ အပြုံးကို နား လည်သဘောပေါက်သွားကာ ဒေါသထွက်သွားပြီး ....

"တိမ်ထဲက ငွေဖျိုင်းဖြူ လိန်ကျိုကျိုဆိုတာ ငါပဲ .... "

လိန်ကျိုကျိုဆိုသူက စကားဆုံးသည်နှင့် သူ၏ခန္ဓာကိုယ်ကို တစ်ချက်လှုပ်လိုက်ရာ လူငယ်လေး ယွင်ကျန်ယိရှေ့သို့ ရုတ်ခြည်း ရောက်ရှိသွားတော့၏။

ငွေဖျိုင်းဖြူလိန်ကျိုကျို၏ ပါးစပ်မှ အသံတစ်ချက်ထွက်ပေါ် လာပြန်သည်။

"လက်ဝါးကြည့် .... "

စကားသံနှင့်အတူ ယွင်ကျန်ယိ၏ ရင်ဘတ်ရှေ့သို့ လက်ဝါး တစ်ချက် ရိုက်ထုတ်တိုက်ခိုက်လိုက်သည်။

ယွင်ကျန်ယိမှာ ခြေလှမ်းမှားသွားဟန် ပြုလိုက်ပြီး ဘေးသို့ ကမျာကယာ ရှောင်တိမ်းလိုက်ရာ လိန်ကျိုကျိုလက်ဝါးက သူ၏

Scanned with ACE Scanner

ရင်ဘတ်ရှေ့မှ ကပ်ကာ ချွတ်ချော်လွဲသွားလေတော့သည်။

တစ်ဘက်လူငယ်မှာ မိမိလက်ဝါးချက် လွတ်ထွက်သွားမှန်း သိလိုက်သည်နှင့် ငွေဖျိုင်းဖြူ လိနက်ကျိုကျိုက ပိုမိုဒေါသထွက်လာကာ ဘယ်လက်ဝါးကို စက်ဝိုင်းသဏ္ဍာန် ဝေ့ဝိုက်လိုက်ပြီး ယွင်ကျန်ယိ၏ နောက်ကျောဆီသို့ အားကုန် ရိုက်ထည့်လိုက်တော့သည်။

သို့သော် ယွင်ကျန်ယိမှာမူ ပြုံးစိစိမျက်နှာဖြင့် ခန္ဓာကိုယ်ကို ဟိုယိမ်း သည်ယိမ်းဖြင့် ဒုတိယလက်ဝါးချက်အား ရှောင်တိမ်းလိုက်ပြန် သည်။

ယွင်ကျန်ယိ ရှောင်တိမ်းလိုက်ပုံမှာ ပင်လယ်ရေစီးသဏ္ဍာန် ရှောင်တိမ်းလိုက်ခြင်း ဖြစ်၍ ခန်းမအလယ်သို့ ရောက်ရှိသွားသော် လည်း မျက်လုံးအစုံကမူ အငြိမ်မနေဘဲ အရက်ဝိုင်းရှိ လူများအား တစ်ချက်အကဲခတ် ကြည့်လိုက်ပြန်သည်။

အရက်စားပွဲရှိ လူအားလုံး၏ စိတ်ထဲတွင် မယုံကြည်နိုင် လောက်အောင် အံ့သြထိတ်လန့်နေမိကြသည်။

ငွေဖျိုင်းဖြူ လိနက်ကျိုကျိုမှာ သိုင်းလောက၏ ထိပ်တန်းအဆင့် မြင့် အကျော်အမော်တစ်ဦး ဖြစ်ပေသည်။

သူ၏လက်ဝါးနှစ်ချက်ကိုပင် လူငယ်လေး ယွင်ကျန်ယိ အသာအယာရှောင်တိမ်းနိုင်ခဲ့ခြင်းမှာ တကယ့်ကို မယုံကြည်နိုင် လောက်အောင် ဖြစ်နေသည်။

ထို့ကြောင့် လုလင်ပျိုလေး ယွင်ကျန်ယိမှာ တစ်ချိန်က သိုင်း အဓိပတိကြီး ယွင်ရှောင်ကျန်၏ သားအမှန်ပင်လော။

လူငယ်၏အသက်ကို ပြန်တွက်ကြည့်ပြန်တော့လည်း ဤမျှ အဆင့်ထိ ရောက်လာရန်မှာ မလွယ်ကူလှချေ။



ငွေဖျိုင်းဖြူ လိနက်ကျိုကျိုမှာ မိမိ၏လက်ဝါးနှစ်ချက်ကို ယွင် ကျန်ယိက အလွယ်တကူ ရှောင်တိမ်းလိုက်နိုင်သည်ကို လုံးဝ ကျေနပ်မှု မရှိချေ။

ထို့ကြောင့် ယွင်ကျန်ယိအား လိနက်ကျိုကျိုက ထပ်မံတိုက်ခိုက် လိုက်ပြန်သည်။ သို့သော် ယွင်ကျန်ယိက လှမ်းအော်ဟန့်တားလိုက်၏။

"ခဏနေပါဦး .... "

လိနက်ကျိုကျိုမှာ ယွင်ကျန်ယိ၏ ဟန့်တားသံကြောင့် ရုတ်တ ရက် ရပ်တန့်လိုက်ပြီး ဟင့်ခနဲ အသံတစ်ချက်ပြုကာ ပြန်မေးလိုက် သည်။

"မင်း ဘာမပြောမလို့လဲ .... "

လူငယ်လေး ယွင်ကျန်ယိက အရက်စားပွဲဆီသို့ မျက်လုံးတစ် ချက် ဝေ့ကြည့်လိုက်ရင်း မိုးပျံလက်ဝါး စုတာရှင်ကို ကြည့်ကာ ပြော လိုက်သည်။

"ဒီကနေ့ ကျုပ် ဒီလာရခြင်းအကြောင်းက ကျောက်စိမ်းဓား ဒီမှာရှိနေတယ်ဆိုတဲ့ ကိစ္စကြောင့်ပဲ .... ဒီသတင်းဟာ သိုင်းလောက အပြင်ဘက်ကို ပျံ့သွားမှာ သေချာတယ် .... ဒါကြောင့် ဒီဓားကို ခင်ဗျားတို့ ဆက်လက်သိမ်းထားဖို့ မလွယ်ဘူး .... ကျုပ်ကလည်း လက်တုံ့ပြန်ခြင်း မပြုချင်သေးဘူး .... ဒီအတွက် ကျောက်စိမ်းဓားကို ကျုပ်လက်ထဲ ပြန်အပ်လိုက်ပါ .... "

မျက်နှာနီအဘိုးကြီး စုတာရှင် စကားပြန်ပြောနိုင်ခင် ငွေဖျိုင်း ဖြူ လိနက်ကျိုကျိုက ကြား[illegible]ပြောဆိုလိုက်၏။

"ချာတိတ် .... မင်းအတော်ရမ်းကားပါလား.... ကျောက်စိမ်း ဓား ဒီမှာရှိမရှိဆိုတာ မင်းအသေအချာ သိလို့လား .... အေး ....

ဒီမှာရှိတဲ့တိုင် ငါရှိနေသရွေ့ အလွယ်တကူနဲ့ ရနိုင်မယ်လို့များ မင်းက ထင်နေသလား ....”

ယွင်ကျန်ယိက အရက်စားပွဲရှိ လူများအား တစ်ချက်ကြည့်လိုက်သည်။ ထိုလူများထံမှ မည်သည့်စကားသံမျှ ထွက်ပေါ်လာခြင်း မရှိချေ။

ထို့ကြောင့် ငွေဖျိုင်းဖြူ လိန်ကျိုကျို၏ စကားများမှာ ဝန်ခံနေသကဲ့သို့ ဖြစ်နေမှန်း ထင်ရှားလှသည်။

ယွင်ကျန်ယိက မိုးပြာရောင်ဝတ်စုံဝတ် လိန်ကျိုကျိုဘက်သို့ တစ်ချက်လှမ်းကြည့်လိုက်ရင်း မေးခွန်းထုတ်လိုက်သည်။

“ကောင်းပြီ နောင်ကြီးလိန် .... ခင်ဗျားရဲ့သဘောကတော့ ဘယ်လိုရှိသလဲ ....”

လိန်ကျိုကျိုက ခနိုးခနဲ့ အမူအရာဖြင့် ....

“မင်းစိတ်ထဲမှာ သိနေပြီးသားမို့ ငါက ဘာပြောနေစရာလို လဲ ....”

ယွင်ကျိုန်ယိက မျက်ခုံးတစ်ချက် ပင့်ရင်း နှုတ်ခမ်းထောင့် တွန့်ကာ အေးစက်စက် ပြုံးလိုက်၏။

ယွင်ကျန်ယိက ဧည့်ခန်းတံခါးဝဆီသို့ တစ်ဆက်တည်း နောက်ပြန် ခုန်ဆုတ်သွားရင်း ခါးတွင် ချိတ်ဆွဲထားသော ကျောက်စိမ်း ပလွေကို ထုတ်ယူကာ နှုတ်ခမ်းတွင် တေ့လိုက်၏။

ထို့နောက် ကျောက်စိမ်းပလွေမှ ထူးဆန်းသော သံစဉ်များ က ချောက်ချားဖွယ်ရာ ထွက်ပေါ်လာတော့သည်။

ခန်းမထဲရှိ လူအားလုံးမှာ ငြိုင်တူပင် ထိတ်လန့်သွားကြကာ မတ်တတ်ထရပ်မိလျက်သား ဖြစ်သွားကြ၏။



လူငယ်လေး ယွင်ကျန်ယိမှာ သိုင်းလောကအဓိပတိ သိုင်း သမားကြီး တောင်ပိုင်းပလွေသံရှင်၏ တပည့်ဖြစ်နေမှန်း သိလိုက်ရ၏။

ထို့ကြောင့် စောစောက လိန်ကျိုကျို၏ လက်ဝါးရိုက်ချက်ကို အသာအယာပင် ရှောင်တိမ်းလိုက်နိုင်ခြင်းပင် ဖြစ်ပေသည်။

ယွင်ကျိုယိ၏ မျက်လုံးအစုံကမူ အဝေးဆီသို့ မျှော်ကြည့်နေ ပြီး သူ့နှုတ်ခမ်းမှ ကျောက်စိမ်းပလွေသံများက အဆက်မပြတ် ထွက် ပေါ်လာနေဆဲပင် ဖြစ်၏။

ဧည့်ခန်းအတွင်းရှိ လူအားလုံးမှာ မျက်လုံအစုံမှိတ်ကာ အတွင်းအားဖြင့် ပလွေသံကို ခုခံနေကြရသည်။

ယွင်ကျန်ယိ၏ မျက်နှာမှာ လေးနက်တည်ကြည်နေပြီး သူ့ တစ်ကိုယ်လုံးရှိ အတွင်းအားများကို ပလွေသံစဉ်အတွင်းသို့ ပို့လွှတ်ပြီး ပလွေသံကို ခုခံနေကြရသည်။

ယွင်ကျန်ယိ၏ မျက်နှာမှာ လေးနက်တည်ကြည်နေပြီး သူ့ တစ်ကိုယ်လုံးရှိ အတွင်းအားများကို ပလွေသံစဉ်အတွင်းသို့ ပို့လွှတ်ပြီး ရန်သူအား တိုက်ခိုက်နေခြင်းပင် ဖြစ်သည်။

ခန်းမတွင်းရှိ လူအားလုံးအနက် ယောက်ျားပျိုနှင့် မိန်းမပျို နှစ်ဦးမှလွဲ၍ ကျန်လူများ၏ မျက်နှာပြင်ပေါ်တွင် ချွေးများရွှဲရွှဲစိုကာ ကျောက်စိမ်းပလွေ၏ ထူးခြားဆန်းပြားသော အသံလှိုင်းကို အပြင်း အထန် ခုခံနေကြရ၏။

ယွင်ကျန်ယိမှာ ပါးစပ်တွင် တေ့ထားသော ကျောက်စိမ်း မလွေကို ဖြုတ်လိုက်ပြီး လူအားလုံးကို အကဲခတ်လိုက်၏။

မိမိ၏ ထူးခြားဆန်းကြယ်သော ပလွေသံဖြင့် လူအားလုံး၏ အာရုံကို ပိတ်ပစ်လိုက်နိုင်ကြောင်း တွေ့လိုက်ရသည်။

Scanned with ACE Scanner

ယွင်ကျန်ယိက ခလေပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး မျက်နှာနီအဘိုးကြီး စုတာရှင်ဆီသို့ လျှောက်လှမ်းသွားကာ ပိတ်နေသော သွေးကြောအား ဖြေပေးလိုက်၏။

အဘိုးကြီးစုတာရှင်က သူ့လူများအား လှမ်းကြည့်လိုက်ရာ ယောက်ျားပျို့နှင့်မိန်းမပျိုတို့ပါ သွေးကြောပိတ်ခံထားရကြောင်း တွေ့လိုက်ရသဖြင့် ထိတ်လန့်သွားကာ မယုံကြည်နိုင်စွာ ယွင်ကျန်ယိကို ကြည့်လိုက်၏။

လူငယ်လေး ယွင်ကျန်ယိ၏ မျက်နှာတွင်မူ မည်သည့်အမူအရာ ခံစားမှုကိုမျှ မတွေ့ရချေ။

"စုတာရှင် .... ကျုပ်အဖေဟာ တစ်ချိန်က ခင်ဗျားအပေါ် အလွန်ကောင်းရှာခဲ့တယ် .... မထင်မှတ်ဘဲ ကျုပ်အဖေကို ဒဏ်ရာရအောင် လုပ်ကြံခဲ့ပြီး ကျောက်စိမ်းဓားကို လုယူသွားခဲ့တယ် .... အဲဒီ ကျောက်စိမ်းဓားကို ကျုပ် ပြန်လိုချင်တယ် .... ဒီဓားနဲ့ သိုင်းလောကလူအများရဲ့ ရန်ဆူးရန်ညှောင့်တွေကို ဥပဒေဘက်တော်သား တပ်ယောက်အနေနဲ့ ဆုံးမနှိပ်ကွပ်ပစ်ရမယ် .... ကျုပ်ကိုယ်ကျိုးအတွက် အသုံးပြုဖို့ မဟုတ်ဘူး .... "

စုတာရှင်မှာ အတွင်းဘက်အခန်းဆီသို့ တဖြည်းဖြည်း ဆုတ်နေရင်း ပါးစပ်မှလည်း ငြင်းဆိုနေသည်။

"ငါ မဟုတ်ဘူး .... ငွေဖျိုင်းဖြူလိန်ကျိုကျိုပဲ .... "

လူငယ်လေး ယွင်ကျန်ယိက ခနိုးခနဲ့လေသံဖြင့် ....

"ဒီကိစ္စတွေကို ကျုပ် အခုမမေးချင်သေးဘူး .... ကျောက်စိမ်းဓားကိုသာ ကျုပ်လက်ထဲ အမြန်ဆုံးအပ်ပါ .... "

အဘိုးကြီးစုတာရှင်မှာ သက်ပြင်းအကြိမ်ကြိမ်ချရင်း အတန်



ကြာ တွေဝေနေသည်။

ယွင်ကျန်ယိက စုတာရှင်အား ကြည့်ကာ စိတ်မရှည်သလိုဖြစ်လာပြီး ငေါက်ငမ်းပြောဆိုလိုက်၏။

"မြန်မြန်လုပ်"

အဘိုးကြီးစုတာရှင်က အတွင်းအိပ်ခန်းတံခါးကို ဖွင့်လိုက်ပြီး အိမ်ခန်းထဲသို့ ရောက်သွားသည်နှင့် တစ်ပြိုင်နက် ယွင်ကျန်ယိက ဘယ်ညာနှစ်ဖက်ဆီသို့ အကဲခတ်ကြည့်ကာ အော်ဟစ်သတိပေးလိုက်သည်။

"အဘိုးကြီး စုတာရှင် .... ကျုပ်ကို အကောက်ဉာဏ်သုံးပြီး ထောင်ချောက်ဆင်ဖို့ မကြိုးစားနဲ့ .... ကျုပ်ဟာ ခင်ဗျားဆင်တဲ့ ထောင်ချောက်ထဲ ဝင်လာမှာ မဟုတ်ဘူး .... "

လူငယ်လေးယွင်ကျန်ယိက ပါးစပ်မှ အော်ဟစ်သတိပေးရင်း စုတာရှင်နောက်သို့ ထက်ကြပ်မကွာ လိုက်သွားလေတော့သည်။

အဘိုးကြီး စုတာရှင်၏ မျက်လုံးများက တဖျတ်ဖျတ်အရောင်တောက်ကာ လှုပ်ရှားနေပြီး နေးကွေးသော ခြေလှမ်းများဖြင့် ခုတင်ရှိရာသို့ လျှောက်သွားနေ၏။

ရုတ်တရက် ယွင်ကျန်ယိက လျှပ်ပြက်သည့်အလား အဘိုးကြီး စုတာရှင်ကို ကျောက်စိမ်းပလွေဖြင့် တေ့ထောက်ထားလိုက်ရင်း တံခါးဝဆီသို့ လှည့်ကြည့်လိုက်သည်။

တံခါးဝတွင် ယောက်ျားပျို့နှင့်မိန်းမပျိုတို့ ပခုံးချင်းယှဉ်လျက်သား ရပ်နေကြပြီး လက်ထဲတွင် ဓားရှည်အသီးသီး ဆုပ်ကိုင်ထားကြရင်း ယွင်ကျန်ယိကို ထိတ်လန့်တကြီး ကြည့်နေကြ၏။

ယွင်ကျန်ယိမှာ စကားတစ်ခွန်းမျှ မပြောဘဲ သူတို့နှစ်ဦးကို

အကဲခတ်ကြည့်နေသည်။

စိတ်ထဲတွင်လည်း နောင်တရနေမိသည်။ စောစောက သူတို့တတွေအား ဒဏ်ရာအပြင်းအထန် ရသွားမည်စိုး၍ ပလွေသံကို လျှော့ပါး အသုံးပြုလိုက်ခြင်း ဖြစ်သည်။

ထို့ကြောင့် သူတို့နှစ်ဦးမှာ ယခုကဲ့သို့ လျင်မြန်စွာ သတိရလာကြခြင်း ဖြစ်၏။

ယောကျ်ားပျိုက ယွင်ကျန်ယိအား စတင်စကားဆိုလာသည်။

"မိတ်ဆွေ .... မင်းဟာ တောင်ပိုင်းပလွေသံရှင်ရဲ့ တပည့်ဖြစ်တယ် မဟုတ်လား .... ကျုပ်ရဲ့ ဦးလေးတော်ကို လွှတ်လိုက်ပါ ...."

"မလွှတ်နိုင်ဘူး .... ကျုပ် ကျောက်စိမ်းဓားရမှ လွှတ်ပေးနိုင်မယ် .... "

အဘိုးကြီး စုတာရှင်က မည်သည့်စကားကိုမျှ ပြန်ပြောမလာပေ။ ထို့ကြောင့် ယွင်ကျန်ယိမှာ စိတ်မရှည်ဖြစ်လာပြီး ခုတင်ကို ခြေဖြင့်ကန်ကျောက်မ,တင်လိုက်တော့သည်။

ခြေကန်ချက်ကြောင့် ခုတင်မှာ တစ်ဘက်သို့ မှောက်လျက်သား လန်ကျသွားပြီး ခုတင်အောက်တွင် ဆင်ထားသော စက်ခလုပ်များဆီမှ လက်နက်ပုန်း ဓားမြှောင်များက အတန်းလိုက် စုပြုံဝင်ရောက်လာကြတော့သည်။

ယွင်ကျန်ယိက စုတာရှင်ကို ဆွဲကိုင်ပြီး အပြင်အခန်းဝဆီသို့ ခုန်လွှားထွက်လိုက်၏။

အိပ်ခန်းအပြင်ရောက်သည်နှင့် စုတာရှင်ထံမှ ကြောက်ကြောက်ရွံ့ရွံ့ စကားသံများ ပေါ်ထွက်လာသည်။



"ယွင်ကျန်ယိ .... ကျောက်စိမ်းဓားဟာ ကျုပ်ဆီမှာ လုံးဝမရှိဘူး .... ခု မင်းမျက်မြင်ပဲ မဟုတ်လား .... "

တစ်ချိန်တည်းမှာပင် ယောကျ်ားပျိုနှင့် မိန်းမပျိုနှစ်ယောက်က ဓားရှည်ကိုယ်စီဖြင့် ယွင်ကျန်ယိအား ဝိုင်းဝန်းလိုက်ကြ၏။

ယွင်ကျန်ယိမှာ စုတာရှင်၏ ခန္ဓာကိုယ်ကို ပြတင်းပေါက်မှတဆင့် အပြင်ဘက်သို့ ပစ်ပေါက်လွှတ်လိုက်၏။

စုတာရှင်မှာ ဝါရင့်သိုင်းသမားကြီးတစ်ယောက်ပီပီ အိမ်အပြင်ဘက်ရောက်သည်နှင့် မြေပေါ်သို့ အသာအယာ ကျသွားသည်။

စောစောက လူငယ်လေး ယွင်ကျန်ယိအား ပြန်လည်၍ မတိုက်ခိုက်ခြင်းမှာ ယွင်ကျန်ယိ၏ လက်ခုပ်ထဲမှ ရေလိုဖြစ်နေသောကြောင့် တုံ့ပြန်တိုက်ခိုက်ခြင်း မပြုခဲ့ခြင်း ဖြစ်၏။

ယွင်ကျန်ယိမှာ သိုင်းပညာအဆင့်မြင့်မားသော်လည်း အတွေ့အကြုံနည်းပါးသူ တစ်ယောက် ဖြစ်သည်။ ထို့ကြောင့် သတိမေ့လျော့ကာ စုတာရှင်အား လက်ထဲမှ လွှတ်ပစ်လိုက်ခြင်း ဖြစ်၏။

လက်မှ လွှတ်ထွက်သွားသည်နှင့် ယွင်ကျန်ယိမှာ ထပ်မံ၍ နောင်တရသွားမိသည်။ ထိုအချိန်မှာပင် ယောကျ်ားပျိုနှင့် မိန်းမပျိုနှစ်ယောက်က ဝဲယာညှပ်ကာ ယွင်ကျန်ယိအား ဝိုင်းဝန်းတိုက်ခိုက်လိုက်ကြသည်။

ယွင်ကျန်ယိက ဓားရှည်တိုက်ကွက်များကို သူ့လက်တွင်းရှိ ကျောက်စိမ်းပလွေဖြင့် ဖယ်ရှားလိုက်ရာ ဓားရှည်နှစ်လက်မှာ ပြိုင်တူပင် နောက်ဆုတ်သွားရ၏။

တဖန် ဓားရှည်နှစ်လက်က ရှေ့တည့်တည့်မှအထက်အောက် ကြက်ခြေခတ်သဏ္ဍာန် ထိုးစိုက်လာကြပြန်သည်။

Scanned with ACE Scanner

ယွင်ကျန်ယိ၏ မျက်လုံးအစုံတွင် ရုတ်တရက် ထိတ်လန့်အံ့သြမှုကြောင့် ပြူးကျယ်သွားပြီး ကျောက်စိမ်းပလွေကို စက်ဂိုင်းသဏ္ဍာန် ငှေ့ယမ်းကာ ရိုဗ်ခနဲ ရှောင်တိမ်းလိုက်သည်။

မြေပေါ်သို့ ခြေချမိသည်နှင့် ယွင်ကျန်ယိက မိန်းမပျိုနှင့် ယောက်ျားပျိုတို့အား တအံ့တသြကြည့်ကာ လှမ်းမေးလိုက်လေသည်။

"ခင်ဗျားတို့ နှစ်ယောက်ဟာ မြောက်ပိုင်း ဓားဝိဇ္ဇာရဲ့တပည့်တွေလား .... "

"မှန်တယ် .... ကျုပ်နာမည်က စုကြွင်လို့ ခေါ်တယ် .... သူကတော့ ကျုပ်ညီမပါပဲ .... သူ့နာမည်က စုယိလန်လို့ ခေါ်တယ်"

မိန်းမပျိုလေး စုယိလန်က ဟင့်ခနဲ အသံတစ်ချက် ပြုရင်း ယွင်ကျန်ယိအား မေးလာသည်။

"ရှင်ကော တောင်ပိုင်းပလွေသံရှင်ရဲ့ တပည့်မဟုတ်လား"

ယွင်ကျန်ယိက ခေါင်းညိတ်အဖြေပေးလိုက်ရင်း တစ်စုံတစ်ခုကို စဉ်းစားမိသည့်အလား ပြန်လည်ပြောဆိုလိုက်သည်။

"ဒီလိုဆိုရင် ခင်ဗျားတို့နှစ်ဦးကပဲ ဦးရီးတော်စုတာရှင်ကို ကျောက်စိမ်းဓား ထုတ်ပေးဖို့ ဖျောင်းဖျပေးစေချင်တယ် .... "

မိန်းမပျိုလေး စုယိလန်က ဘုဆတ်ဆတ်လေသံဖြင့် ပြန်မေးလိုက်သည်။

"ရှင့်မှာ ဘာသက်သေအထောက်အထားရှိလို့ ကျောက်စိမ်းဓားကို ကျွန်မတို့ ဦးလေးလက်ထဲမှာ ရှိတယ်လို့ ပြောနိုင်ရတာလဲ"

"ခင်ဗျားဦးလေးဟာ ကျုပ်အဖေဒဏ်ရာရနေတဲ့အချိန်မှာ အကောက်ဉာဏ်သုံးပြီး ဓားလုယူသွားခဲ့တယ် .... မိန်းကလေးက မြောက်ပိုင်းဓားဝိဇ္ဇာရဲ့ တပည့်ဆိုတော့ .... ဒီကျောက်စိမ်းဓားဟာ



ဘယ်လောက် အရေးပါတယ်ဆိုတာကို သိမှာပါ .... ဒါကြောင့် ကျောက်စိမ်းဓား ထုတ်ပေးဖို့ မိန်းကလေးတို့ရဲ့ ဦးလေးကို ပြောပေးစေချင်တယ် .... အလျင်က ဖြစ်ခဲ့သမျှ အကြောင်းတွေကိုလည်း ဒီကနေ့က စပြီး ခင်ဗျားတို့နှစ်ယောက်ရဲ့ မျက်နှာကို ထောက်ထားပြီး ကျုပ်မမေးမြန်းတော့ဘူး .... "

မိန်းမပျိုလေးစုယိလန်က ခနဲ့တဲ့တဲ့အသံပြုရင်း ....

"ဟင့် .... ရှင့်စကားက အတော်လွယ်ကူလှချည်လား .... ကျွန်မတို့ မေးနေတာက ရှင့်မှာ ဒီဓားနဲ့ပတ်သက်လို့ ဘာအထောက်အထားရှိသလဲ .... "

ယွင်ကျန်ယိကလည်း တည်ကြည်သောအမူအရာဖြင့် ပြန်ပြောလိုက်သည်။

"တောင်ပိုင်း ပလွေသံရှင်ရဲ့ တပည့်ဖြစ်တဲ့ ကျုပ်က စကားကို လိမ်ညာပြောပါ့မလား .... "

"ကျွန်မလည်း ရှင့်လိုပဲပေါ့ .... မြောက်ပိုင်းဓားဝိဇ္ဇာရဲ့ တပည့်ဖြစ်တဲ့ ကျွန်မက နမော်နမဲ့နဲ့ ရှင်ပြောတိုင်းယုံရမှာလား .... "

ယွင်ကျန်ယိမှာ အနည်းငယ်ဒေါသဖြစ်လာပြီး ....

"မိန်းကလေး .... မင်း ကျောက်စိမ်းဓား အကြောင်းကို သိချင်ရင် ငွေဖျိုင်းဖြူ လိန်ကျိုကျိုနဲ့ မင်းဦးလေးတို့ကို ခွဲပြီးမေးနိုင်တယ် .... အဲဒီအခါကျမှ ကျောက်ခဲရေပေါ်သလို ဖြစ်လာလိမ့်မယ်"

ထိုစကားကြောင့် မိန်းမပျိုလေး စုယိလန်မှာ ပိုမိုဒေါသထွက်လာဟန်ဖြင့် ....

"ရှင့်ကိုယ်ရှင် သိပ်အထင်မကြီးစမ်းပါနဲ့၊ လူခွဲပြီးမေးရအောင် သူတို့တတွေက တရားခံတွေမို့ မေးရမှာလား၊ တောင်ပိုင်းပလွေသံရှင်

ရဲ့တပည့် ရှင်က ဘာလုပ်စားမို့လို့လဲ ....”

ယွင်ကျန့်ယီ၏ စိတ်ထဲတွင် အတွေးတစ်ခု ဝင်လာမိသည်။

“သြော် .... ဒီလိုကိုး ခုနတုန်းက ငါ့ရဲ့ပလွေသံကြောင့် သူတို့နှစ်ယောက် အထိန်းချုပ်ခံလိုက်ရတာကို မကျေမနပ်ဖြစ်နေတာကိုး”

လုလင်ပျိုလေးယွင်ကျန့်ယီက ဘာမှပြန်မပြောဘဲ ရပ်နေ၏။ ယောက်ျားပျို ခုကြွင်က မိန်းမပျိုလေး စုယီလန်အား ဖျောင်းဖျစကား ပြောဆိုလာသည်။

“ညီမလေးလန် ....”

ယောက်ျားပျို ခုကြွင်က စကားမဆုံးခင် စုယီလန်ကြားဖြတ်ဝင်ပြောလိုက်သည်။

“အစ်ကို ဘယ့်နှယ်သူစိမ်းဘက်ကနေ ဘာကူပြောမလို့လဲ”

စုယီလန်က စကားဖြတ်ကာ ယွင်ကျန့်ယီဘက်သို့ လှမ်းပြောလိုက်ပြန်သည်။

“ရှင် အပိုတွေ ပြောမနေနဲ့ .... နောက်သုံးရက်နေ့မနက်လေးချက်တီးအချိန် တိမ်နှုတ်တောင်ကုန်းပေါ်မှာ ပြန်တွေ့ကြမယ်၊ ရှင်နိုင်ရင် ဘယ်လိုပဲဖြစ်ဖြစ် ကျောက်စိမ်းဓားပြန်ပေးမယ် .... အဲ .... ရှင်ရှုံးခဲ့ရင်တော့ နောက်ထပ် ဒီကိစ္စထဲကို လုံးဝ ဝင်မရှုပ်ရတော့ဘူး”

ယွင်ကျန့်ယီကလည်း အေးဆေးသော လေသံဖြင့် ....

“ဒါလည်းကောင်းပါတယ် .... ကျုပ်တို့သုံးရက်မြောက်တဲ့နေ့ကျမှ ထပ်တွေ့ကြတာပေါ့ ....”

ယွင်ကျန့်ယီက ဤကျောက်စိမ်းဓားအား အရေးတကြီးလိုက်လံ စုံစမ်းနေရခြင်းမှာ ဤဓားသာ ဒုစရိုက်သမားများ၏ လက်ထဲကျရောက်သွားပါက ကျားဆိုးကို အတောင်တပ်ပေးသကဲ့သို့ ဖြစ်သွားမည်



စိုးသောကြောင့်ပင်။

အထူးသဖြင့် ဤကျောက်စိမ်းဓားဖြင့် လူကောင်းသူကောင်းများ၏ အသက်မသေစေချင်ပေ။

ဤကား မှန်ကန်တည်ကြည်သည့် သိုင်းသမားလေး ယွင်ကျန့်ယီ၏ မွန်မြတ်သန့်ရှင်းသော ခံယူချက်ပင် ဖြစ်သည်။

❋

တိမ်နုတ်တောင်ကုန်း။

သုံးရက်ဆိုသောနေ့မှာ **ကုန်ဆုံးလွန်မြောက်** လာခဲ့သည်။

ထို့ကြောင့် ချိန်းဆိုထားရာ တိမ်နုတ်တောင်ကုန်းဆီသို့ ယွင်ကျန်ယိတစ်ယောက်တည်း ဦးတည်သွားနေသည်။

မိုးမလင်းတလင်းအချိန်မို့ တိမ်နုတ်တောင်တစ်ခုလုံးမှာ မှောင်မည်းနေကာ မှုန်ရီဝါး ရှိနေ၏။

ယွင်ကျန်ယိကဲ့သို့ အဆင့်မြင့်သိုင်းသမားတစ်ဦးအဖို့ မှောင်ထဲတွင်ပင် ဝါးနှစ်ပြန်အကွာရှိ အရာဝတ္ထုများကို မြင်တွေ့နိုင်စွမ်းရှိသည်။

သူက မျက်ခုံးတစ်ချက်ပင့်ကာ ချောက်ကမ်းပါးထိပ်တွင် ရပ်ပြီး တောင်ကုန်းအတွင်းပိုင်းဆီသို့ ငေးစိုက်ကြည့်နေသည်။

မကြာမီ အလင်းရောင်ဝိုးတဝါးအောက်မှ လူသုံးယောက်က ချောက်ကမ်းပါးထိပ်သို့ တက်လာနေကြောင်း တွေ့မြင်လိုက်ရသည်။

ထိုလူသုံးယောက်မှာ အဘိုးကြီးစုတာရှင်၊ ယောက်ျားပျို စုကြွင်နှင့် မိန်းမပျိုလေး စုယိလန်တို့ သုံးဦးပင် ဖြစ်သည်။



မကြာမီ ထိုလူသုံးဦးက ယွင်ကျန်ယိနှင့် နီးကပ်လာခဲ့၏။

မိန်းမပျိုလေး စုယိလန်က ယွင်ကျန်ယိကို မြင်လိုက်ရသည်နှင့် ဟင့်ခနဲ အသံတစ်ချက်ပြုရင်း ....

"ရှင်ဟာ ချိန်းထားတဲ့အတိုင်း ကတိမပျက်ပါလား .... "

ယွင်ကျန်ယိက မည်သို့မျှ ပြန်မပြောပေ။ ယောက်ျားပျို စုကြွင်က ကြားဖြတ်ပြောဆိုလာသည်။

"နောင်တော်လေး ယွင် .... ကျုပ်ဟာ ကျုပ်ဦးလေးကို အကြိမ်ပေါင်းမနည်းဘူး **မေးခဲ့တယ်** .... ကျောက်စိမ်းဓားဟာ သူ့လက်ထဲမှာ မရှိပါဘူးလို့ပဲ **ဖြေခဲ့တယ်** .... ဒါကြောင့် နောင်တော်လေး ယွင်က ကျုပ်ဦးလေး**အပေါ်** **အထင်မှားနေ**ပြီ မှတ်တယ် .... "

ယွင်ကျန်ယိမှာ အဘိုးကြီးစုတာရှင်ဘက်သို့ လှည့်ကြည့်သော်လည်း စကားတစ်ခွန်းမျှ ပြောဆိုခြင်း မရှိပေ။

သို့သော် .... မိန်းမပျိုလေးစုယိလန်က မာန်တစ်ချက်တင်းပြီး ယွင်ကျန်ယိအား စိန်ခေါ်လာသည်။

"ကဲ .... အချိန်ကြာတယ် .... ရှင့်ရဲ့ ကျောက်စိမ်းပလွေကို ဆွဲထုတ်လိုက်ပါ .... တောင်ပိုင်းပလွေသံရှင်ရဲ့တပည့်မှာ ဘယ်လို အဆင့်မြင့်မားတဲ့ ပညာမျိုးရှိသလဲဆိုတာ စမ်းကြည့်ချင်တယ် .... "

လုလင်ပျိုလေး ယွင်ကျန်ယိ၏ စိတ်ထဲတွင်မူ ကျောက်စိမ်းဓားမှာ အဘိုးကြီးစုတာရှင်၏ လက်ထဲတွင် ရှိနေမှန်းသိထားခဲ့၏။

သို့သော် မိန်းမပျိုလေး စုယိလန်နှင့် ယောက်ျားပျိုစုကြွင်တို့က အဘိုးကြီးစုတာရှင်၏ ရှေ့တွင် အမာခံများ လုပ်နေကြ၏။

ထို့ပြင် တောင်ပိုင်းပလွေသံရှင်နှင့် မြောက်ပိုင်း ဓားဝိဇ္ဇာတို့မှာ နှစ်ပေါင်းများစွာ နာမည်ကျော်ကြားလာခဲ့ကြပြီး နှစ်ဘက်လုံး

Scanned with ACE Scanner

မျက်နှာပျက်စေမည့်အလုပ်မျိုးကို မလုပ်ဆောင်ခဲ့ကြချေ။

သို့သော် ယနေ့တွင်မူ ကျောက်စိမ်းဓားကို မိမိလက်ထဲ ပြန်ရောက်အောင် လုပ်ဆောင်ရမည် ဖြစ်၏။

လုလင်ပျိုလေး ယွင်ကျန်ယိက စဉ်းစားနေစဉ် မိန်းမပျိုလေး စုယိလန်မှာ ဓားအိမ်ထဲမှ ဓားရှည်ကို ဆွဲထုတ်လိုက်၏။

တစ်ဆက်တည်းတွင် ယွင်ကျန်ယိအား မခံချိမခံသာ ဖြစ်စေရန် လှမ်းအော်ပြောလိုက်သည်။

“ဘယ့်နှယ့်လဲ ယွင်ကျန်ယိ .... တောင်ပိုင်းပလွေသံရှင်ရဲ့ တပည့်က ဒီလောက်တောင် အတင့်မရဲဝံ့ဘူးလား .... ”

ယွင်ကျန်ယိမှာ အတန်ကြာတွေဝေနေပြီး ခန္ဓာကိုယ်ကို ဖြည်းဖြည်းချင်း လှည့်ကာ မိန်းမပျိုလေး စုယိလန်အား ပြောဆိုလိုက်လေသည်။

“မိန်းကလေး .... မိန်းကလေး .... ကျုပ်ကို အတင်းတိုက်ခိုက်နိုင်းနေတာလား .... ”

မိန်းမပျိုလေး စုယိလန်က ဂရုမစိုက်သည့် အမူအရာဖြင့် ...

“ရှင် .... ကျောက်စိမ်းဓားကို လိုချင်နေတယ် မဟုတ်လား၊ တကယ်လိုချင်ရင် ရှင့်ပလွေကို မြန်မြန်ထုတ်လိုက်ပါ .... ”

လုလင်ပျိုလေးယွင်ကျန်ယိက မည်သည့်စကားမျှ ပြန်မပြောတော့ဘဲ သဘောကျစွာ ရယ်မောလိုက်ရင်း ခါးတွင်ထိုးချိတ်ထားသော ကျောက်စိမ်းပလွေကို ဆွဲဖြုတ်ယူလိုက်၏။

မိန်းမပျိုလေး စုယိလန်က စကားတစ်ခွန်းမျှ မပြောတော့ဘဲ ဓားရှည်ကို ဝှေ့ယမ်းကာ လေးငါးကွက်မျှ ဆက်တိုက်လှူပ်ရှားလိုက်၏။



ယွင်ကျန်ယိ၏ ကျောက်စိမ်းပလွေမှာ လေထဲတွင် တဝိုဝို မြည်အောင် ခုခံနေရင်း စုယိလန်၏ ဓားကွက်များကို ဟန့်တားလိုက်သည်။

စုယိလန်မှာ ဓားကွက်များ ဆက်တိုက်မတိုက်ခိုက်နိုင်တော့သဖြင့် ဟင့်ခနဲ အသံတစ်ချက်ပြုပြီး ဓားရှည်ကိုအောက်သို့ ဝှေ့ယမ်းကာ ရှေ့တက်လာပြန်သည်။

မြောက်ပိုင်းဓားဝိဇ္ဇာ၏ နာမည်ကြီးဓားကွက်တစ်ကွက်ဖြစ်သော “လောကီလှူ့ဘုံ”ဓားကွက်ကို အသုံးပြုလာသည်။

သူမ၏ ကိုယ်ခန္ဓာကလည်း ဓားရှည်နှင့်အတူ ဝင်ရောက်လာရာ ရုတ်တရက် သက်တန့်ရောင်တစ်ခုက ယွင်ကျန်ယိ၏ ခန္ဓာကိုယ်တစ်ဝိုက်တွင် ဝေ့ပတ်ရစ်သိုင်းအသည့်အလား ထင်မှတ်ရ၏။

ယွင်ကျန်ယိမှာ မူလနေရာတွင်ပင် ရပ်မြဲရပ်လျက်ရှိနေပြီး ကျောက်စိမ်းပလွေဖြင့် ဘယ်ညာရှေ့နောက် ဝှေ့ယမ်းခုခံနေရင်း လုံးဝလှုပ်ရှားခြင်း မရှိချေ။

မိန်းမပျိုလေးစုယိလန်၏ လောကီလှူ့ဘုံဓားကွက်၏အလှည့်အပြောင်းများက အလွန်ဆန်းပြားပြီး မှန်းဆရန် ခက်ခဲလှသည်။

မည်သို့ကင်ဖြစ်စေ အတွင်းအားအရာတွင် မိန်းမပျိုလေးစုယိလန်မှာ ယွင်ကျန်ယိထက် တစ်ဆင့်မက နိမ့်နေသဖြင့် ဓားရှည်မှာ ယွင်ကျန်ယိအား ထိုးဖောက်ဝင်ရောက်လာနိုင်ခြင်း မရှိချေ။

တစ်ဘက်နှင့်တစ်ဘက် တစ်ဒင်္ဂအချိန်အတွင်း တိုက်ကွက်ငါးဆယ်ခန့် ရှိလာခဲ့ရာ ယွင်ကျန်ယိပလွေမှာ ဝှေ့ယမ်းခုခံနေရာမှ တိုက်စစ်အတွင်းသို့ ကူးပြောင်းလာတော့သည်။

တစ်ခဏတွင်းအချိန်မှာပင် ငွေရောင်အလင်းတန်းများအား

ကျောက်စိမ်းပလွေ၏ အစိမ်းရောင်အလင်းတန်းများက ဖုံးလွှမ်း ရစ်သိုင်းသွားကာ မိန်းမပျိုလေးစုယီလန်မှာ ခုခံရန် အလွန်ခက်ခဲလာတော့သည်။

ထို့ကြောင့် အစ်ကိုဖြစ်သူ စုကြွင်မှာ မနေသာတော့ဘဲ ဓားအိမ်ထဲမှ ဓားရှည်ကို ရှပ်ခနဲနေအောင် ဆွဲထုတ်လိုက်ရင်း ....

"ညီမလေးလန် .... နောက်ဆုတ်လိုက် ...."

ထို့နောက် ယွင်ကျန်ယိဘက်သို့ အော်ဟစ်ပြောဆိုပြန်သည်။

"နောင်တော်လေးယွင်ရဲ့ပညာကို ကျုပ်ယှဉ်ချင်ပါတယ်"

ပြောပြောဆိုဆို စုကြွင်က ဓားရှည်ကို ဝှေ့ယမ်းရင်း ရှေ့တက်လှမ်းလာတော့၏။

စုယီလန်က ကျားနာတစ်ကောင်အလား မာန်ဖီပြီး အစ်ကိုဖြစ်သူအား လှမ်းပြောလိုက်သည်။

"အစ်ကိုစု .... ညီမ မရှုံးသေးဘူး .... အစ်ကိုက ဘာလုပ်မလို့လဲ .... "

စုယီလန်မှာ စကားလည်းပြော ဓားကွက်လည်း ထုတ်ကာ ယွင်ကျန်ယိဆီသို့ အားကုန်အင်ကုန် တိုက်ခိုက်လာပြန်သည်။

ထို့ကြောင့် ယောကျ်ားပျို စုကြွင်မှာ ရှေ့တက်ရခက်နောက်ဆုတ်ရခက် ဖြစ်နေတော့၏။

နှစ်ဘက်လုံး နာမည်ကျော် ဆရာကြီးများ၏ တပည့်များဖြစ်ကြသဖြင့် မိမိတို့မှာ နှစ်ယောက်တစ်ယောက် ယှဉ်ပြိုင်၍ မသင့်တော်ပေ။

မည်သို့ပင်ဖြစ်စေ ညီမစုယီလန်မှာ အန္တရာယ် စက်ကွင်းထဲကျရောက်တော့မည် ဖြစ်၏။



ရှေ့မတက်၍ မဖြစ်တော့သောအခြေအနေသို့ ရောက်လာပြီဖြစ်၍ မထူးတော့ပြီမို့ ခေါင်းမာမာဖြင့်ပင် စုကြွင်မှာ ဝင်ရောက် တိုက်ခိုက်လာတော့သည်။

ယွင်ကျန်ယိက သဘောကျစွာ ရယ်မောပြီး ၎ ကို **စက်ဝိုင်းသဏ္ဌာန်**ဝှေ့ယမ်းကာ လေပြင်ထဲသို့ ခုန်တက်သွား၏။

**လေထဲတွင်** တစ်ပတ်ကျွမ်းထိုးလိုက်ပြီး နဂါးမာန်သိုင်းကွက် **တစ်ကွက်ထုတ်ကာ** တိုက်ခိုက်လိုက်၏။

**ပထမအကွက်**ဖြစ်သည့် နဂါးဝဲဟန်ကို ထုတ်သုံးလာသဖြင့် ကျောက်စိမ်း**ပလွေ၏ အရိပ်**မှာ လေထဲတွင် ပလူပျံနေပြီး ရန်သူနှစ်**ဦး**ကို တရကြမ်း**တိုက်စစ်**ဆင်နေသည်။

**စုကြွင်နှင့် စုယီ**လန်တို့မှာ မြောက်ပိုင်းဓားဝိဇ္ဇာ၏ တပည့်ဖြစ်သည့်အပြင် **နှစ်ယောက်**တစ်ယောက် အင်အားဖြင့် တိုက်ခိုက်နေသည့်အတွက် **တစ်ဘက်ရန်**သူအား ထိန်းချုပ်နိုင်လိမ့်မည်ဟု ထင်မှတ်နေကြ၏။

နှစ်ယောက်သား ဓားရှည်ကို ဘယ်ညာခွဲကာ ထိုးစိုက်တိုက်ခိုက်လာကြပြန်သည်။

သူတို့၏ တိုက်ကွက်များကဲ့ မိုးမခသစ်ပင်ကြီးလေတိုက်တိုင်းယိမ်းနွဲ့လာသလို သူတို့နှစ်ဦး၏ ဓားရှည်များကလည်း ဓားတံခွန်များနှယ် ယွင်ကျန်ယိ၏ တိုက်စစ်ကို ဟန့်တားလိုက်ကြလေ၏။

ထို့ကြောင့် ယွန်ကျန်ယိမှာ မြေပေါ်မှတဖန်လေပြင်သို့ ခုန်တက်ပြီး ကျောက်စိမ်းပလွေကို နဂါးရေငုတ်ဟန်ဖြင့် အထက်မှအောက်သို့ ထိုးစိုက်ရင်း ရန်သူနှစ်ဦး၏ မျက်ခုံးသွေးကြောဆီသို့ထိုးစိုက်တိုက်ခိုက်လာသည်။

Scanned with ACE Scanner

စုယီလန်နှင့် စုကြွင်တို့နှစ်ဦးမှာ ဒုတိယအကြိမ် ဓားချင်းပူးပေါင်းပြီး ကျောက်စရစ်ခဲများကို လေထဲသို့ ပစ်တင်လိုက်သည့်အလား ဓားရှည်နှစ်လက်ဖြင့် အထက်သို့ ထိုးစိုက်တိုက်ခိုက်လိုက်ပြန်သည်။

ထိုအခါ လုလင်ပျိုလေး ယွင်ကျန်ယီက လှိုက်လှဲစွာပြုံးလိုက်သည်။

ရန်သူနှစ်ဦးက တစ်ပြိုင်နက်တည်း မိမိအား တိုက်ခိုက်လာသဖြင့် ယွင်ကျန်ယီ၏ စိတ်ဆန္ဒများ ပြည့်ဝသွားတော့၏။

ဓားနှစ်လက်က သူ့ဆီသို့ ရိပ်ခနဲ ဝင်လာသည်နှင့် ယွင်ကျန်ယီမှာ သူ၏တိုက်ကွက်ကို ပြောင်းရင်း တိမ်နဂါးလှုပ်ရှားဟန်ဖြင့် ကျောက်စိမ်းပလွေအား အရိပ်ပေါင်းထောင်ချီဖွဲ့လိုက်သည်။

တစ်ဆက်တည်း ခံစစ်အသွင်မှ တိုက်စစ်အသွင်သို့ ကူးပြောင်းလိုက်၏။ မိုးနဂါးတိုက်ကွက်ထဲမှာ အမှန်းဆရအခက်ဆုံးဖြစ်ပြီး အပြောင်းအလဲမြန်ဆန်သည့်အကွက် ဖြစ်၏။

အလွန်ထူးဆန်းပြီး အပြောင်းအလဲ မြန်ဆန်မှုကြောင့် စုကြွင်နှင့် စုယီလန်တို့နှစ်ဦးမှာ ရုတ်တရက် ကြောက်စိတ်များဝင်ကာ တုန်လှုပ်သွားကြ၏။

ယွင်ကျန်ယီက ကျောက်စိမ်းပလွေကို ဘယ်ညာဝှေ့ယမ်းဆန့်ထုတ်လိုက်ရာ ရန်သူနှစ်ဦးမှာ ထိတ်လန့်တကြီးဖြစ်သွားပြီး ဘေးနှစ်ဖက်ဆီသို့ ရှောင်တိမ်းထွက်ခွာသွားရတော့၏။

ယွင်ကျန်ယီမှာ တကွက်တည်းနှင့် နှစ်ယောက်စလုံးကို ခွဲပစ်လိုက်ပြီး ကျောက်စိမ်းပလွေကို လှိုင်းတံပိုးနှယ် အားမာန်အပြည့်နှင့် ဆက်လက်တိုက်ခိုက်ပြန်သည်။

စုယီလန်နှင့်စုကြွင်တို့နှစ်ဦးက အသင့်နေရာယူကာ လက်



ထဲမှ ဓားရှည်များဖြင့် အထက်သို့ ပစ်တင်ထိုးခုတ်လိုက်ရာ နှစ်ဘက်စလုံး၏ ဓားရှည်မှာ ပလွေနှင့်ထိမိသွားကြ၏။

"ချွင် .... ချွင်"

ကယ်လောင်သောအသံနှစ်ချက် ထွက်ပေါ်လာပြီး စုကြွင်နှင့် စုယီလန်တို့မှာ နောက်သို့ ခြေတစ်လှမ်း ဆုတ်ရှောင်သွားရလေသည်။

ယွင်ကျန်ယီ၏ ခန္ဓာကိုယ်မှာ ရှေ့သို့ တစ်လှမ်းတက်လာပြီး ကျောက်စိမ်းပလွေကို နောက်ထပ်တဖန် ဝှေ့ယမ်းထုတ်လိုက်လေ၏။

ကျောက်စိမ်းပလွေမှာ စိမ်းဖန့်ဖန့် အလင်းတန်းနှစ်ခုက ဘယ်ညာနှစ်ဖက်ဆီသို့ ခွဲထွက်သွားပြီး စုကြွင်နှင့် စုယီလန်တို့၏ နဖူးသွေးကြောကို ထိုးစိုက်လာသည်။

စုကြွင်နှင့် စုယီလန်တို့နှစ်ဦးက မခုခံရဲဘဲ နောက်သို့ထပ်မံဆုတ်လိုက်ကြ၏။ ယွင်ကျန်ယီ၏မျက်နှာပေါ်တွင်မူ အပြုံးရိပ်ကလေးတစ်ခုက ခပ်သဲ့သဲ့လေး ဖြစ်ပေါ်လာသည်။

သူတစ်ယောက်တည်းနှင့် မြောက်ပိုင်းဓားဝိဇ္ဇာ၏ တပည့်နှစ်ယောက်တို့ကို ခုခံတိုက်ခိုက်လိုက်နိုင်သဖြင့် အလိုအလျောက်ပီတိ ဖြစ်လိုက်မိသည်။

အဘိုးကြီးစုတာရှင်တ ဘေးမှရပ်ကြည့်နေသော်လည်း သူ့မျက်လုံးအစုံက အေးစက်စက်ရှိနေကာ တစ်စုံတစ်ခု ပြုလုပ်ရန် ကြံရွယ်နေဟန်တူသည်။

လုလင်ပျိုလေး ယွင်ကျန်ယီက ကျောက်စိမ်းပလွေကို နောက်ထပ်တဖန် ဝှေ့ယမ်းလာပြန်သဖြင့် စိမ်းဖန့်ဖန့်အလင်းရောင်များက တိုက်ပွဲကွင်းကို ဝေ့ပတ်ရစ်ဝဲနေကာ ရစ်ပတ်သိုင်းခြုံထားတော့သည်။

Scanned with ACE Scanner

စုကြွင်တို့မောင်နှမမှာ ပထမဆုံးအကြိမ်အဖြစ် ပြိုင်ဘက်ရန်သူကြီးနှင့် တွေ့ရခြင်းဖြစ်သဖြင့် မည်ကဲ့သို့ ပြန်လည်ခုခံရမည်ကို မစဉ်းစားနိုင်အောင် ဖြစ်ရသည်။

ထို့ကြောင့် နှစ်ဦးစလုံးက အလိုလျောက်ဓားများကို ဝှေ့ယမ်းခုခံကာကွယ်လိုက်ရတော့သည်။

ဓားရှည်နှင့် ကျောက်စိ ်းပလွေတို့ ထပ်မံ၍ ထိပ်တိုက်ထိခတ်မိလျှင် သူတို့နှစ်ဦးမှာ ဓားရှည် ၂းကို လက်လွတ်ဆုံးရှုံးရတော့မည်ကဲ့သို့ ဖြစ်နေသည်။ သူတို့နှစ်ဦးမှာ မြောက်ပိုင်းဓားဝိဇ္ဇာကြီး၏ တပည့်ဖြစ်၍ ဓားလက်လွတ်ရမည့်ဘဝမျိုးထိရောက်အောင် မသင့်တော်လှပေ။

အဘိုးကြီးစုတုရှင်မှာ ဘေးမှကြည့်နေပြီး မျက်လုံးအစုံတွင် လှုသတ်ချင်သည့် အရိပ်အယောင်များ ပေါ်ပေါက်လာကာ ရုတ်တရက် ကျယ်လောင်စွာ လှမ်းအော်ပြောလိုက်သည်။

"ဟိတ် .... ကျောက်စိမ်းဓားကို ဖမ်းနိုင်ရင်ဖမ်းစမ်း"

စုတာရှင်ထံမှ စိမ်းဖန့်ဖန့် အလင်းတန်းတစ်ခုက လျင်မြန်စွာ ထိုးထွက်လာသည်နှင့် ယွင်ကျန်ယိမှာ ထိတ်လန့်တုန်လှုပ်သွားမိ၏။

ယွင်ကျန်ယိမှာ တွေဝေမနေဘဲ ခန္ဓာကိုယ်ကို မြေပေါ်မှ ခုန်တက်ကာ ကျောက်စိမ်းဓားဆီသို့ လိုက်ပါသွားတော့၏။

စုကြွင်တို့မောင်နှမလည်း ထိုစကားကိုကြားလိုက်သဖြင့် ထိတ်လန့်သွားကာ နှစ်ယောက်သား ပြိုင်တူ ခေါင်းလှည့်ကာ အဘိုးကြီးစုတာရှင်ကို လှမ်းကြည့်လိုက်ကြ၏။

ထိုအခိုက် နှင်းမှုံများကြားမှ ထိတ်လန့်တကြီး အော်ဟစ်လိုက်သံကို ကြောက်ခမန်းလိလိ ကြားလိုက်ရ၏။

စိမ်းဖန့်ဖန့် အလင်းတန်းတစ်ခုက နှင်းမှုံများကြားမှတစ်ဆင့်



ချောက်ကမ်းပါးအောက်ခြေသို့ တိုက်ရိုက် ကျဆင်းသွားတော့သည်။

စုကြွင်တို့မောင်နှမနှစ်ယောက်မှာ ကြောင်လျက်သားဖြင့် စကားမဆိုနိုင်ကြဘဲ မျက်နှာများ ဖြူဖပ်ဖြူရော် ဖြစ်နေကြ၏။

အတန်ကြာမှ မိန်းမပျိုလေး စုယိလန်က အဘိုးကြီးစုတာရှင်အား မယုံကြည်နိုင်ဟန်နှင့် လှမ်းမေးလိုက်သည်။

"ဦးလေးတော် .... တကယ်ပဲ ကျောက်စိမ်းဓားဟာ ဦးလေးတော်ဆီမှာ ရှိနေတာပဲကိုး .... "

စုတာရှင်က သဘောကျစွာ တဟင်းဟင်းရယ်မောရင်း ....

"ဟုတ်တယ် .... ကျောက်စိမ်းဓားဟာ ငါ့ဆီမှာ ရှိနေခဲ့တယ်၊ ဒါပေမယ့် .... မင်းတို့သိထားဖို့က ငါဒီလိုလုပ်လိုက်ခြင်းဟာ မင်းတို့နှစ်ယောက်အတွက် လွတ်မြောက်ဖို့ပဲ .... တကယ်လို့သာ ငါက ဒီလိုမလုပ်ရင် မင်းတို့နှစ်ယောက် သူ့လက်ချက်နဲ့ ရှုံးနိမ့်သွားနိုင်တယ် ...."

သို့သော် စုကြွင်က စိတ်မကောင်းသော အမူအရာဖြင့် ....

"ဒါပေမယ့် .... ဦးလေးတော်ရယ် .... ဒီလိုတော့ မလုပ်သင့်ဘူး .... သူဟာ .... တောင်ပိုင်းပလွေသံရှင်ရဲ့တပည့် ဖြစ်နေတယ်မဟုတ်လား .... "

"ဟုတ်တယ်လေ .... သူဟာ တောင်ပိုင်းပလွေသံရှင်ရဲ့ တပည့်ဖြစ်နေလို့ပေါ့ .... မင်းတို့လည်း မြောက်ပိုင်းဓားဝိဇ္ဇာရဲ့တပည့်တွေ မဟုတ်လား .... မင်းတို့သာ ရှုံးနိမ့်သွားခဲ့ရင် မင်းတို့ဆရာရဲ့မျက်နှာကို ဘယ်သွားထားရမလဲ .... တောင်ပိုင်းပလွေသံရှင်နဲ့ မြောက်ပိုင်းဓားဝိဇ္ဇာတို့ဟာ သိုင်းလောက အဓိပတိညီနောင်တွေလို့ တချို့ကခေါ်ကြပေမယ့် .... သူတို့နှစ်ဦးဟာ တစ်ခါမှ ယှဉ်ပြိုင်ခဲ့တာ မဟုတ်ဘူး .... "

Scanned with ACE Scanner

မှန်ပေသည်။

စုကြွင်တို့ မောင်နှမှာ စကားပြန် မပြောနိုင်လောက်အောင် ဖြစ်သွားရ၏။

အကယ်၍ မိမိတို့က ယွင်ကျန်ယိအား ရှုံးနိမ့်ခဲ့ပါက မြောက်ပိုင်းတားဝိဇ္ဇာ၏ နာမည်ပျက်သွားစေနိုင်သည်။

ထိုအခိုက် အဘိုးကြီးစုတာရှင်၏ စကားသံထွက်ပေါ်လာသည်။

"တူတော်မောင် .... စုကြွင်နဲ့ တူမတော် စုယိလန် .... ဒီကနေ့ဖြစ်ပျက်ခဲ့သမျှ တခြားလူတွေ မသိအောင် မင်းတို့ထိန်းသိမ်းရမယ်ဆိုတာ **သိတယ်မဟုတ်လား** .... နို့မဟုတ်ရင် မင်းတို့နှစ်ယောက်နဲ့ ငါဟာ သိုင်း**လောကမှာ ရပ်တည်**မနေနိုင်တော့ဘူး .... မင်းတို့ဆရာလည်း အပါအဝင်ပဲ .... **သိုင်းလောက**ထဲမှာ ဘယ်တော့မှ ခေါင်းမထောင်နိုင်တော့ဘူး .... "

စုကြွင်နှင့် စုယိလန်တို့ နှစ်ဦးလည်း ဦးရီးတော် စုတာရှင်အား မော့ကြည့်လိုက်ကြ၏။

သူတို့စိတ်ထဲတွင်လည်း သိရှိခံစားလိုက်ရသည်။ သူတို့နှစ်ဦးမှာ စုတာရှင်၏ အကြပ်အတည်းထဲသို့ ကြားညှပ်ဝင်ရောက်သွားကြရပြီမဟုတ်ပါလား။

အဘိုးကြီးစုတာရှင်က သူတို့နှစ်ယောက်အား စူးစိုက်ကြည့်နေရင်း နှစ်ယောက်စလုံး အလိုအလျောက် ခေါင်းငုံ့သွားကြရတော့သည်။

စုတာရှင်ထံမှ သဘောကျစွာ တဟင်းဟင်းရယ်မောသံကြီးထွက်လာကာ ဆက်လက်ပြောဆိုလိုက်ပြန်သည်။



"ဒါကြောင့် မင်းတို့က ဒီသတင်းကို ဘယ်သူမှမပေါက်ကြားအောင် ထိန်းသိမ်းရမယ်လို့ ပြောတာပေါ့ .... ကဲ .... ကောင်းပြီ၊ ငါတို့ တောင်အောက် ဆင်းကြပါစို့ .... "

စကားဆုံးသည်နှင့် အဘိုးကြီးစုတာရှင်က ဦးဆောင်ကာ တောင်အောက်သို့ ဆင်းသွားကြလေတော့သည်။

ယောက်ျားပျို့စုကြွင်နှင့် မိန်းမပျိုလေး စုယိလန်တို့မှာ အစွယ်ကျိုးသွားသည့် မြွေနှစ်ကောင်အလား ခေါင်းငိုက်စိုက်ချရင်း လေးလံသော ခြေလှမ်းများဖြင့် စုတာရှင်၏ နောက်မှ လိုက်ပါသွားကြလေတော့သည်။

Scanned with ACE Scanner

ယွင်ကျုန်ယိ။

ယွင်ကျုန်**ယိမှာ ကျောက်စိမ်းဓားကို** မြင်လိုက်ရသည်နှ
စိတ်ထဲတွင် တွေဝေခြင်း မပြုတော့ဘဲ တဟုန်ထိုး ပြေးလွှားလိုက်
သွားတော့သည်။

သူ့လက်ထဲတွင် ကျောက်စိမ်းဓားကို ဖမ်းမိသည်နှင့် မြေပေါ်
သို့ ခုန်ဆင်းလိုက်၏။

ပတ်ဝန်းကျင်မှာ နှင်းများနှင့် ပိတ်ဖုံးနေသဖြင့် မှုံရီဝိုးတဝါး
ဖြစ်နေသည်။ ထို့ကြောင့် အောက်ဘက်သို့ ကောင်းစွာမမြင်ရချေ။

သူ၏ခန္ဓာကိုယ်ကို မြေပေါ်သို့ ခြေချမိရာ အောက်ဘက်တွင်
နင်းစရာ ကျောက်ခဲမရှိတော့ချေ။

"အား .... "

ထိုအခါ သူ့စိတ်များ ပျာယာခတ်သွားပြီး ပါးစပ်မှအလို
အလျောက် အော်မိလိုက်ခြင်း ဖြစ်လေသည်။

ခန္ဓာကိုယ်ကို အားယူကာ ချောက်ကမ်းပါးထိပ်ပေါ်သို့ ပြန်



တက်ချင်သော်လည်း အချိန်နှောင်းသွားလေပြီ။ သူ၏ခန္ဓာကိုယ်က
ချောက်အောက်သို့ တရှိန်ထိုး တိုက်ရိုက်ကျသွားတော့၏။

တည်ကြည်မှန်ကန်သော လူစွမ်းကောင်း သိုင်းသမားလေး
ယွင်ကျုန်ယိ၏စိတ်ထဲတွင် ဒေါသမီးလျှံများ ပြည့်လျှံသွားရ၏။

ပထမဆုံးအကြိမ်အဖြစ် တစ်ပါးသူ၏ လှိမ့်ညာခြင်းကို ခံလိုက်
ရမှန်း စဉ်းစားမလိုက်သောကြောင့်ပင် ဖြစ်သည်။

ယွင်ကျုန်ယိမှာ အတားအဆီးမဲ့စွာ ချောက်အောက်သို့ ကျ
လာပြီး တစ်ခဏအတွင်းမှာပင် အမည်းရောင်တစ်ခုကို တွေ့မြင်လိုက်ရ
၏။

ယွင်ကျုန်ယိက မျက်စိနှင့်**စူးစိုက်ကြည့်**လိုက်ရာ သစ်ပင်ကြီး
တစ်ပင်ဖြစ်မှန်း သိလိုက်ရ၏။ **သူ၏စိတ်ထဲ**တွင် အကြီးအကျယ် ဝမ်း
သာသွားကာ ထိုမည်းမည်းရိပ် **သစ်ပင်ဆီ**သို့ ကိုယ်ကိုဆန့်ထုတ်လိုက်
၏။

ကံအားလျော်စွာ သူ၏လက်တစ်ဖက်က သစ်ကိုင်းကို ဆုပ်မိ
လျက်သား ဖြစ်သွားသည်။ သူ့ခန္ဓာကိုယ်မှာ သစ်ကိုင်းကို ဖမ်းဆုပ်မိ
သွားသည်နှင့် အောက်သို့ကျဆင်းနှုန်းက ချက်ချင်းရပ်တန့်သွားသည်။

ထို့ကြောင့် ယွင်ကျုန်ယိမှာ သူ၏ကံကောင်းသည်ကို တွေး
တောရင်း ကျေနပ်ပီတိ ဖြစ်သွားသည်။

သူဖမ်းဆွဲထားသော သစ်ကိုင်းမှ ဂျွတ်ခနဲ အသံတစ်ချက်
ထွက်လာပြီး **သူ၏ခန္ဓာကိုယ်အလေးချိန်**ကို မခံနိုင်ဘဲ ချောက်ကမ်းပါး
အောက်သို့ **တဟုန်ထိုး ထိုးဆင်းသွားတော့သည်။**

Scanned with ACE Scanner

ယွင်ကျန်ယိမှာ ထိတ်လန့်တကြီးဖြစ်သွားကာ သူ့ အသက် မရှင်နိုင်တော့မှန်း သိလိုက်ရ၍ စိတ်ဓာတ်ကျဆင်းသွားမိ၏။

သို့သော် သစ်ကိုင်းကျိုးကျစဉ်က သစ်ကိုင်းကို အားပြု၍ အပေါ်သို့ တအား ဆောင့်ဆွဲပြီး ခုန်တက်လိုက်ရာ ချောက်ထိပ်၏ သုံးပုံနှစ်ပုံတွင်ရှိသော ချောက်ကမ်းပါးစွန်းတစ်ခုပေါ်သို့ ကံအားလျော်စွာ ကျရောက်သွားသည်။

ယွင်ကျန်ယိ ဆောင့်ဆွဲလိုက်သော သစ်ကိုင်းကျိုးမှာမူ ချောက်အောက်သို့ တိုက်ရိုက်ကျဆင်းသွားကာ ချောက်အောက်ခြေနှင့် သစ်ကိုင်းကျိုးတို့ ထိသံကို ကြားလိုက်ရ၏။

ထိုအခါမှ ယွင်ကျန်ယိမှာ အသက်ရှဲရှဲရှူခွင့်ရပြီး စိတ်သက်သာရာ ရသွားတော့သည်။

အကယ်၍ မိမိသာ ချောက်အောက်သို့ တိုက်ရိုက်ကျဆင်းသွားပါက အရိုးအသား တခြားစီဖြစ်သွားမည်မှာ မလွဲပေ။

အတန်ကြာသည်အထိ ယွင်ကျန်ယိမှာ ချောက်အောက်ခြေသို့ ကြည့်နေမိပြီး သတိပြန်ဝင်လာကာ စိမ်းဖန့်ဖန့်အရောင်ထွက်နေသော ကျောက်စိမ်းဓားကို ဓားအိမ်ထဲ ပြန်ထိုးသွင်းလိုက်၏။

တအောင့်ကြာ ထပ်မံစဉ်းစားလိုက်ပြီးမှ ချောက်အောက်သို့ တွယ်ကပ်ဆင်းသွားရာ လူသူမဲ့နေသည့် တောင်ကြားလမ်းတစ်ခုသို့ ရောက်လာသည်။

ထိုနေရာတွင် အမှိုက်သရိုက်များ ခဲများဖြင့် ရှုပ်ပွေ နေပြီး အရိုးစုတချို့ကိုလည်း မြင်တွေ့ရ၏။



ယွင်ကျန်ယိမှာ ပင်ပန်းနွမ်းနယ်လွန်းလှသဖြင့် အရိုးစု ဖြူဖြူ များကို စိတ်မသက်မသာ တစ်ချက်ကြည့်လိုက်ပြီး တောင်ကြားလမ်းမြောင်အတိုင်း ဖြည်းညှင်းစွာ လျှောက်လှမ်းသွားတော့၏။

❀

ယွင်ကျန်ယိက ဖြည်းညှင်းစွာ **လျှောက်လှမ်းသွား**ရာမှ အမှတ်မထင် ဂူကြီးတစ်လုံးကို တွေ့လိုက်ရသည်။

ဂူတွင်းမှ စိမ်းရွှေရွှေအနံ့များ ထွက်လာသဖြင့် **ယွင်ကျန်**ယိ ထိတ်လန့်သွားတော့၏။

ဂူထဲတွင် အဆိပ်ရှိသည့် သတ္တဝါများ ရှိနေကာ မိမိအား အန္တရာယ်ပြုလာမည်ကို စိုးရိမ်နေမိပြန်သည်။

ထို့ကြောင့် ခြေလှမ်းရပ်တန့်လိုက်ပြီး ထိုနေရာမှ ချက်ချင်း ထွက်ခွာရန် ဟန်ပြင်လိုက်စဉ် ဂူတွင်းမှ အသံတစ်သံကို ရုတ်တရက် ကြားလိုက်ရသည်။

"ဘယ်သူလဲ .... "

ယွင်ကျန်ယိမှာ ထိုအမေးသံကြောင့် ထိတ်လန့်သွားမိ၏။

ဤချောက်ကမ်းပါးအောက်ခြေတွင် လူရှိနေမည်ဟု သူ လုံးဝ မထင်မှတ်ခဲ့ချေ။

ဂူတွင်းမှ မထင်မှတ်သောအသံ ထွက်ပေါ်လာသည်နှင့် ဂူတွင်းတွင် မည်သို့သော လူမျိုးများရှိနေသည်ကို **သိချင်နေမိ**သည်။



ယွင်ကျန်ယိက ဂူပေါက်သို့ လျှောက်လှမ်းသွားရာ ဂူဝသို့ ရောက်သည်နှင့် ဂူတွင်းလှုထံမှ ဟင့်ခနဲ အသံတစ်ချက်ပြုလိုက်ပြီး အနက်ရောင် ကြိုးတစ်ချောင်းက သူ့ထံသို့ ရောက်ရှိလာသည်။

ယွင်ကျန်ယိ၏ စိတ်ထဲ၌ တုန်လှုပ်ချောက်ချားသွားကာ ညာဘက်ခါးရှိ ကျောက်စိမ်းဓားကို ဆွဲထုတ်ပြီး ဝှေ့ယမ်းလိုက်၏။

စိမ်းဖန့်ဖန့်အရောင်များ လျှပ်တစ်ပြက် ထွက်သွားသည်နှင့် အမည်းရောင်ကြိုးမှာ နှစ်ပိုင်းပြတ်ကာ မြေပေါ်သို့ ကျရောက်သွားတော့သည်။

ယွင်ကျန်ယိက အသေအချာငုံ့ကြည့်လိုက်ရာ အနက်ရောင် ကြိုးမဟုတ်ဘဲ၊ အနက်ရောင်သဏ္ဍာန်အဆင်းရှိသော မြွေဖြစ်နေ **ကြောင်း ချောက်**ချားဖွယ်ရာ တွေ့မြင်လိုက်ရသည်။

**ဂူတွင်းသို့** လှမ်းကြည့်လိုက်ရာ ဂူအလယ်ဗဟိုရှိ ကြီးမားသော ကျောက်**တုံးကြီးတ**စ်တုံးပေါ်တွင် တင်ပျဉ်ခွေထိုင်နေလျက်ရှိသော အဘိုးကြီးတစ်ဦးကို တွေ့လိုက်ရသည်။

အဘိုးကြီး၏ ဆံပင်များမှာ နီကြောင်နေပြီး ဆံပင်များ ဖွာဆန်ကြဲနေသည့်အပြင် ဆံပင်များကြားမှ မြင်လိုက်ရသော မျက်လုံး အစုံမှာ ယွင်ကျန်ယိလက်တွင် ကိုင်ဆောင်ထားသည့် ကျောက်စိမ်းဓား အရောင်လက်သည့်အလား အဘိုးကြီး၏ မျက်လုံးအစုံက စူးရှတောက် ပြောင်လွန်းလှသည်။

ထိုစူးရှတောက်ပြောင်သည့် မျက်လုံးအစုံက ယွင်ကျန်ယိ၏ ညာဘက်လက်တွင် ကိုင်ဆောင်ထားသော ကျောက်စိမ်းဓားကို **စူးစိုက်**ကြည့်နေပြန်သည်။

အဘိုးကြီးခြေထောက် ပတ်ပတ်လည်တွင်ကား **ထူးဆန်း**

Scanned with ACE Scanner

သည့် အမျိုးမျိုးသော မြွေများဖြင့် ပြည့်နှက်နေသည်။

ဆံနီ လူထူးဆန်းကြီး၏ တောက်ပြောင်သော မျက်လုံးအစုံက ကျောက်စိမ်းခဲပေါ်မှ ရွေ့လျားသွားပြီး ယွင်ကျန်ယီမျက်နှာပေါ်သို့ ရောက်ရှိသွားပြန်သည်။

ထိုစဉ် ဆံနီလူထူးဆန်းကြီးမှာ မြေပြင်နှင့် တပြေးတည်း ယွင်ကျန်ယီရှိရာသို့ ရောက်ရှိလာတော့၏။

ယွင်ကျန်ယီမှာ အလွန်အမင်း စိုးရိမ်ထိတ်လန့်သွားမိသည်။

ဤအဘိုးကြီး၏ အတွင်းအားနှင့် ကိုယ်ဖော့ပညာတို့မှာ အဆင့်လွန် ပညာမျိုးဖြစ်နေ၍ မိမိ၏ ပြိုင်ဘက်မဟုတ်မှန်း သိမြင်လာသည်။

မိမိမဆိုထားဘိ မိမိ၏ဆရာ တောင်ပိုင်းပလွေသံရှင်ပင် ဤအဘိုးကြီးကို အနိုင်ယူရန် လွယ်ကူမည် မဟုတ်ချေ။

ဆံနီအဘိုးကြီးက နေရာမှ လျှပ်စီးလက်သည့်အလား ရွေ့လျားလာခြင်းမှာ မိမိအပေါ် ကောင်းကျိုးထက် ဆိုးကျိုးများနိုင်မည်ကို ယွင်ကျန်ယီက အလိုလိုနေရင်း သိနေ၏။

ထို့ကြောင့် ကပျာကယာ နောက်ပြန်ဆုတ်လိုက်ရင်းမှ စိုးရိမ်တကြီး လှမ်းအော်ဟန့်တားလိုက်သည်။

"ခဏနေပါဦး .... "

ဆံနီအဘိုးကြီးမှာ သူ့စကားကို လုံးဝအရေးမစိုက်ချေ။ ရှေ့သို့သာ ရွေ့လျားလာနေသည်။

ယွင်ကျန်ယီမှာ ကြောက်အားလန့်အား ဖြစ်သွားကာ ညာလက်တွင် အသင့်ရှိနေသော ကျောက်စိမ်းခဲဖြင့် ဆံနီအဘိုးကြီးအား



တိုက်ခိုက်လိုက်တော့၏။

သို့သော် ယွင်ကျန်ယီ၏ တိုက်ချက်မှာ အရာမထင်လှချေ။

ဆံနီအဘိုးကြီးက ညာလက်ကို ညင်သာစွာ ဝှေ့ယမ်းလိုက်သည်နှင့် ယွင်ကျန်ယီ၏ ခဲကိုင်လက်ကောက်ဝတ် သွေးကြောမှာ ထုံကျဉ်တက်သွားပြီး ကျောက်စိမ်းခဲမှာ အလိုအလျောက် မြေပေါ်သို့ လွတ်ကျသွားတော့၏။

အဘိုးကြီးမှာ ဘယ်လက်ကို ဆန့်ထုတ်လိုက်သည်နှင့် မြေပေါ်သို့ လွတ်ကျသွားသော ကျောက်စိမ်းခဲကို မြေပေါ်မကျခင် ဖမ်းမိသွား၏။

ညာလက်ကမူ ယွင်ကျန်ယီကို ဖမ်းချုပ်ပြီးသား ဖြစ်နေကာ ကျောက်တုံးကြီးပေါ်သို့ လျှပ်တစ်ပြက်အတွင်း ပြန်လည်ရောက်ရှိသွားတော့သည်။

ယွင်ကျန်ယီမှာ ထိုတစ်ကွက်တည်းဖြင့် ဖမ်းချုပ်ခံလိုက်ရ၍ စိတ်ထဲတွင် မကျေမနပ် ဖြစ်နေမိသည်။

ထို့ကြောင့် ဘယ်လက်ချောင်းနှစ်ချောင်းဖြင့် ဆံနီအဘိုးကြီး၏ မျက်လုံးအစုံကို ထိုးထွင်းလိုက်ရာ ဆံနီအဘိုးကြီး၏ ဘယ်လက်တွင် ရှိနေသော ကျောက်စိမ်းအားက အပေါ်သို့ မြောက်တက်သွားပြီး ယွင်ကျန်ယီ၏ လည်မျိုဆီသို့ တေ့ထောက်ထားလိုက်၏။

ထိုအခါမှ ယွင်ကျန်ယီမှာ မိမိသည် တစ်ဘက်အဘိုးကြီး၏ ပြိုင်ဘက်မဟုတ်မှန်း တိတိပပ သိလိုက်ရသဖြင့် စိတ်ကျေနပ်စွာ ရယ်မောလိုက်တော့သည်။

တစ်ဆက်တည်း အဘိုးကြီး၏ မျက်လုံးနှစ်စုံအား ထိုးဖောက်ရန် ကြံရွယ်ထားသော ဘယ်လက်ချောင်းနှစ်ချောင်းကိုလည်း အောက်

Scanned with ACE Scanner

သို့ ပြန်ချထားလိုက်၏။

ဆံနီအဘိုးကြီးမှာ သူ့ကိုစိုက်ကြည့်နေရင်း မျက်လုံးအစုံတွင် ထိတ်လန့်အံ့သြသည့် အမူအရာများ ပေါ်ပေါက်လာကာ ....

"ချာတိတ် .... မင်း ဘာဖြစ်လို့ ရယ်တာလဲ .... "

ယွင်ကျန်ယိမှာ ထူးဆန်းသောအကြည့်ဖြင့် အဘိုးကြီးကို တစ်ချက် စိုက်ကြည့်လိုက်ပြီး ပြန်လည် မေးမြန်းလိုက်သည်။

"ရယ်ချင်တာကို မရယ်ဘဲ အောင့်ထားလို့ရသလား"

အဘိုးကြီးမှာ အတန်ကြာသည်အထိ တွေဝေနေပြီးမှ ....

"ချာတိတ် .... ကျောက်စိမ်းခဲဟာ ငါ့လက်ထဲမှာဆိုတာလည်း မင်း အမြင်ကိုယ်တွေ့ပဲ .... ဒီတော့ ငါက မင်းကို ဘာလုပ်မလဲဆိုတာကော သိသလား .... "

ယွင်ကျန်ယိက အဘိုးကြီးကို တစ်ချက်အကဲခတ်ကြည့်လိုက်ရာ အဘိုးကြီး၏ မျက်လုံးအစုံတွင် လူသတ်ချင်သည့် အရိပ်အရောင်များ ဖုံးလွှမ်းနေသည်ကို **တွေ့လိုက်ရသည်။**

**သို့သော် ယွင်ကျန်ယိက မကြောက်မရွံ့** ပြန်လည်ပြောဆိုလိုက်၏။

"**ဒါဆိုတော့ ခင်ဗျားကိစ္စပဲ .... ကျုပ် ဘယ်**လိုလုပ်ပြီး ခန့်မှန်းနိုင်**မှာလဲဗျ —** "

**ဆံနီအဘိုး**ကြီးက ဟင့်ခနဲ **အသံ**တစ်ချက်ပြုရင်း ....

"**အေး ....** မင်းကို ဘာလုပ်မလဲဆိုတော့ မြွေစာကျွေးပြီး **တဖြည်းဖြည်းနဲ့** သေစေရမယ် .... ဒါပေမယ့် .... ငါ့ကိုတောင်းပန်ရင်တော့ **မင်းဒုက္ခ**ခံရတာ နည်းအောင် လုပ်ပေးနိုင်တယ် .... "

ယွင်ကျန်ယိက သဘောကျစွာ ရယ်မောလိုက်သည်။



"**ဘယ်လို — ကျုပ်က ခင်ဗျားကို** တောင်းပန်ရမတဲ့လား။ **ကျုပ်ဘဝတလျှောက်လုံးမှာ ဘယ်သူ့**ကိုမှ တောင်းပန်လေ့မရှိဘူးဗျ"

**ဆံနီအဘိုးကြီး၏** မျက်လုံးအစုံက ဒေါသကြောင့် နီရဲတက်လာသည်။

အတန်ကြာမှ ....

"မင်း တကယ်ပြောနေတာလား .... "

ယွင်ကျန်ယိမှာ အဘိုးကြီး၏ လက်ငါးချောင်းဆုပ်ကိုင်ထားရာမှ တင်းကြပ်လာနေသလို ခံစားမိလိုက်သည်။ သူ၏ ညာလက်ကောက်ဝတ်မှာလည်း ပိုမိုနာကျင်လာပြီး လက်ကောက်ဝတ်အရိုးများ ကြေမွသွားတော့မတတ် ခံစားနေရသည်။

သို့သော် ယွင်ကျန်ယိက စိတ်ကိုတည်ငြိမ်စွာထားပြီး ဆံနီအဘိုးကြီးကို စူးစိုက်ကြည့်ရင်း ပြုံးပြနေ၏။

ဆံနီအဘိုးကြီး၏ မျက်လုံးအစုံတွင် ဒေါသထွက်နေရာမှ ယွင်ကျန်ယိ၏ အပြုအမူကြောင့် အံ့သြသော အမူအရာများ ပြောင်းလဲလာပြီး ထစ်ထစ်ငေါ့ငေါ့ ပြောလာသည်။

"မင်း .... မင်း .... အတော်စိတ်ခိုင်တဲ့ကလေးပဲ .... "

စကားဆုံးသည်နှင့် ခေါင်းငုံ့လိုက်ကာ အတန်ကြာမှ ခေါင်းပြန်မော့လိုက်ပြီး ယွင်ကျန်ယိအား အပြစ်ကင်းစင်စွာ ရယ်မောလိုက်သည်။

လုလင်ပျိုလေး ယွင်ကျန်ယိမှာမူ မခံချင်သော မာနတရားများ တက်ကြွလာပြီး ဒုတိယ ကြိမ် အဘိုးကြီးပေးလာမည့် မည်သည့် ပြစ်ဒဏ်မျိုးကိုမဆို ခံရန် အသင့်ဖြစ်နေလေသည်။

သို့သော် ယွင်ကျန်ယိမှာ သူမျှော်လင့်ထားသကဲ့သို့ ဖြစ်မလာ

Scanned with ACE Scanner

ဘဲ ဖမ်းချုပ်ထားခြင်း ခံရသော ညာလက်ကို အဘိုးကြီးက လွှတ်ပေးလိုက်၏။

ထိုစဉ် ယွင်ကျန်ယိ၏ခါးကြားတွင် ထိုးထားသော ကျောက်စိမ်းပလွေကို တွေ့ရှိသွားကာ ဟင်းခနဲ သက်ပြင်းတစ်ချက် ချရင်း ယွင်ကျန်ယိအား ကြည့်လိုက်၏။

အဘိုးကြီး၏အကြည့်တွင် မုန်းတီးသည့် အရိပ်အရောင်များ ရောပြွမ်းနေသည်ကို ယွင်ကျန်ယိ တွေ့ရသော်လည်း အဘိုးကြီးစိတ်ထဲ၌ ဘာစဉ်းစားနေသည်ကို ယ[illegible]ကျန်ယိ မခန့်မှန်းနိုင်ခဲ့ချေ။

အဘိုးကြီး၏ မျက်လုံးအစုံမှ မုန်းတီးသည့် အရိပ်များ ရောပြွမ်းနေသဖြင့် အဘိုးကြီးက **မိမိကိုမည်သို့စီ**ရင်မည် ဖြစ်ကြောင်း ခန့်မှန်းတွက်ဆနေမိ၏။

မိမိမှာ မည်သို့သော **ဘေးအန္တရာယ်မျိုးနှင့်** ကြုံတွေ့ရဦးမည်နည်း။

ဆံနီအဘိုးကြီး၏ **မျက်လုံးအစုံက** တစ်ချက်ပုတ်ခတ်လိုက်ပြီး**နောက်** အေးစက်သောလေသံဖြင့် **မေးလာ**သည်။

"မင်း ဒီချောက်အောက်ကို ဘယ်လိုဆင်းလာခဲ့တာလဲ"

**ယွင်ကျန်ယိ**မှာ အဘိုးကြီး၏ အမေးစကားကြောင့် စိတ်ထဲတွင် **တုန်လှုပ်သွားမိ**သည်။ မည်သည့်အတွက် ဤမေးခွန်းမေးရသည်ကို **စဉ်းစားကြည့်နေ**သည်။

ယွင်ကျန်ယိက ဖြစ်လိုရာဖြစ်တော့ သဘောနှင့် ဂရုမစိုက်သည့်လေသံဖြင့် ပြန်ဖြေလိုက်၏။

"ဒါတွေဟာ .... ခင်ဗျားနဲ့ မဆိုင်ဘူးထင်တယ် .... "

ယွင်ကျန်ယိ၏ ခပ်မာမာလေသံကြောင့် ဆံနီအဘိုးကြီး၏ လေသံက ပြောင်းလဲလာတော့၏။



"ချာတိတ် .... ရန်ငြိုးရန်စတွေအတွက်နဲ့ မင်းကိုဒီချောက်အောက်ထဲ အတင်းဆင်းခိုင်းလိုက်လို့လား .... "

ဆံနီအဘိုးကြီး၏ စကားကြောင့် ယွင်ကျန်ယိမှာ ပါးစပ်အဟောင်းသားဖြစ်ကာ အံ့အားသင့်နေမိသည်။

ဆံနီအဘိုးကြီးက အဘယ်ကြောင့် ဤမေးခွန်းများကို မေးပြီး လေသံပျော့ပျောင်းလာသည်ကို သူနားမလည်နိုင်အောင် ဖြစ်လာရသည်။

သို့သော် အဘိုးကြီးအား တစ်ချက်ပြန်ကြည့်လိုက်ပြီး ဘာမျှပြန်မပြောဘဲ နှုတ်ဆိတ်နေလိုက်သည်။

ဆံနီအဘိုးကြီးမှာ ပိုမိုအံ့ဩဟန်ဖြင့် ရယ်မောပြောဆိုလာပြန်သည်။

"အေး .... ငါ မင်းကိုမေးတာ တခြားမဟုတ်ဘူး .... တစ်ချိန်က ငါ့ကိုရန်ငြိုးရန်စတွေက ဒီချောက်အောက်ထဲကို ဆင်းခိုင်းခဲ့တာပဲ၊ ဒါပေမယ့် ငါ ကံကောင်းထောက်မလို့ မသေဘဲ ခြေနှစ်ဖက်ကျိုးခဲ့ရပြီး လူ့လောကထဲကို ပြန်မဝင်နိုင်တော့ဘူး .... "

စကားဆုံးသည်နှင့် အဘိုးကြီးက ယွင်ကျန်ယိကို အကဲခတ်ကြည့်လိုက်ရာ မည်သည့်ဒဏ်ရာမျှ မရှိကြောင်း တွေ့လိုက်ရသည်။

ထို့နောက် အဘိုးကြီးက ဆက်လက်ပြောလာပြန်သည်။

"ထူးဆန်းတယ် .... သိပ်ကိုထူးဆန်းတယ် .... မင်း သိုင်းပညာအဆင့်နဲ့ဆိုရင် ချောက်ကမ်းပါးထိပ်ကနေ လိမ့်ကျလာပြီး မသေတောင် ဒဏ်ရာပြင်းပြင်းထန်ထန် ရမှာသေချာတယ် .... ခုတော့ .... မင်းက ဒဏ်ရာမရတဲ့အပြင် အသက်နဲ့ကိုယ်မြဲနေသေးတယ်ဆိုတော့ အင်မတန် ထူးဆန်းပါလား .... "

Scanned with ACE Scanner

ယွင်ကျန်ယိက အဘိုးကြီး၏စကားကို သဘောကျသည့်အလား တစ်ချက်ပြုံးရယ်လိုက်သည်။

"ကျွန်တော်ဟာ ဘာရန်ငြိုးရန်စကြောင့်မှ ဒီချောက်အောက်ကို ဆင်းလာရတာ မဟုတ်ဘူး .... တစ်ဘက်လူရဲ့ လိမ်ညာခံခဲ့ရပြီး ချောက်အောက်ကို ကျလာခဲ့တာပါ .... "

ဆံနီအဘိုးကြီးက အေးတိအေးစက်ရယ်မောရင်း ပြောဆိုလာပြန်သည်။

"ချာတိတ် .... မင်း ကိုယ့်ကိုယ်ကို သိပ်ပြီးအထင်မကြီးစမ်းနဲ့ အလိမ်ခံရတယ်ဆိုတာက ပိုပြီးရှက်စရာမကောင်းဘူးလား .... "

အဘိုးကြီး၏စကားကြောင့် ယွင်ကျန်ယိမှာ ဒေါသထွက်လာမိပြန်သည်။

သို့သော် ကွန့်ကွက်ဆင်ခြေစကား မပြောဆိုဘဲ အဘိုးကြီးကိုသာ စိုက်ကြည့်နေမိသည်။

ထိုအခါ ဆံနီအဘိုးကြီးက ဆက်ပြောလာပြန်သည်။

"ချာတိတ် .... မင်း ချောက်ပေါ်ကို ပြန်တက်ချင်တဲ့စိတ်ရှိသေးသလား .... "

အဘိုးကြီး၏ ပြောင်းလဲသွားသောစိတ်ကြောင့် ယွင်ကျန်ယိ အံ့ဩနေမိ၏။ မိမိက တင်းမာခက်ထန်စွာ ပြောနေသော်လည်း အဘိုးကြီးက မည်သည့်အတွက်ကြောင့် မိမိအား လေသံပျော့ပျော့ဖြင့် ပြောဆိုဆက်ဆံလာရပါသနည်း။

အဘိုးကြီး၏ အမေးကိုမဖြေဘဲ ယွင်ကျန်ယိက တန်ပြန်မေးခွန်းထုတ်လိုက်သည်။

"ခင်ဗျားကော အပေါ်ကိုပြန်မတက်ချင်ဘူးလား .... "



လူထူးဆန်းအဘိုးကြီးက အပေါ်သို့ မော့ကြည့်ရာမှ ထူးဆန်းစွာ ရယ်မောလိုက်ပြန်၏။

"ဟုတ်တယ် .... ငါအပေါ်ကို ပြန်မတက်ချင်တော့ဘူး .... ဒါပေမယ့် မင်းကိုတော့ အပေါ်ရောက်နိုင်အောင် ငါကူညီနိုင်တယ်"

အဘိုးကြီးက စကားဖြတ်ကာ ယွင်ကျန်ယိအား အတန်ကြာသည်အထိ အကဲခတ်ကြည့်နေသည်။

"ဒါပေမယ့် မင်းချောက်ထိပ်ကို ပြန်တက်သွားပြီးတဲ့နောက် မင်းရဲ့လက်ရှိ သိုင်းပညာနဲ့ မင်းဘာလုပ်နိုင်မှာလဲ .... "

ယွင်ကျန်ယိက ဟင့်ခနဲ အသံတစ်ချက်ပြုလိုက်ရင်း ....

"မှန်တယ် .... ကျွန်တော့်သိုင်းပညာဟာ မလုံလောက်သေးပေမယ့် .... ကျွန်တော်ဟာ လူငယ်တစ်ယောက်ဖြစ်တယ် .... ခင်ဗျားဟာ အသက်လည်းကြီးတယ် .... ဒီအတွက် ခင်ဗျားလောက်တော့ ကျွန်တော့်သိုင်းပညာက ဘယ်ထက်မြက်ဦးမှာလဲ .... "

အဘိုးကြီး၏ မျက်လုံးအစုံမှာ ရုတ်တရက် ပီတိဖြာဝေသွားသည့်အလား ဝင်းလက်တောက်ပသွားရသည်။ အတန်ကြာမှ ဆက်ပြောလာသည်။

"အေး .... အကောင်းဆုံးက ကိုယ့်ကိုယ်ကို အားကိုးတဲ့စိတ်ရှိရမယ် .... ဒါပေမယ့် ကံမရှိရင်လည်း မဖြစ်နိုင်ဘူးကွ .... "

ယွင်ကျန်ယိက သံသယမျက်လုံးအစုံနှင့် ဆံနီအဘိုးကြီးအား စိုက်ကြည့်လိုက်သည်။ အတန်ကြာသည်အထိ စကားပြန်မပြောချေ။

သူ့စိတ်ထဲတွင် ထူးဆန်းသည့်အချက်မှာ ဤအဘိုးကြီးက မိမိအား ဘာကြောင့် စိတ်မဆိုးရသနည်း။

ပို၍ထူးဆန်းသည်က ဤအဘိုးကြီးက ကျောက်စိမ်းခါးနှင့်

Scanned with ACE Scanner

ကျောက်စိမ်းပလွေတို့အကြောင်းကို တစ်ခွန်းတစ်စမျှ ပြောဆိုလာခြင်း မရှိသေးပေ။

ထို့ပြင် ဤပစ္စည်းနှစ်မျိုးမှာ အဘိုးကြီးနှင့် ပတ်သက်မှုရှိနိုင်ပြီး ဘာကြောင့် မေးမလာသည်ကို သံသယဝင်နေမိသည်။

ဆံနီအဘိုးကြီးက ယွင်ကျန်ယိ မထင်မှတ်သော စကားကို ပြောလာပြန်သည်။

"မင်းကို သိုင်းလောက တစ်မိုးအောက် ဓားကိုယ်တော်ဖြစ်အောင် ငါလုပ်ပေးနိုင်တယ် .... "

ယွင်ကျန်ယိက ဘာမျှပြန်မပြောဘဲ ခပ်သဲ့သဲ့ကလေး ရယ်မောနေပြီး နှုတ်ဆိတ်နေသည်။

"ချာတိတ် ရယ်မနေနဲ့ တကယ်လို့ ငါသာဟိုတစ်ချိန်က အဲဒီတစ်ကွက်ကို အသုံးချနိုင်ခဲ့ရင် ချောက်ကမ်းပါးထဲကျတာ ငါမဟုတ်ဘဲ ဟိုနှစ်ယောက် ဖြစ်နိုင်တယ် .... "

"ဒါဖြင့် ခင်ဗျားက ဘာဖြစ်လို့ ထုတ်မသုံးတာလဲ .... "

"အေး .... နောင်အခါ မင်းသိကောင်းသိလာပါလိမ့်မယ်"

ယွင်ကျန်ယိ၏ စိတ်ထဲတွင် အဘိုးကြီး၏ စကားများမှာ ပဟေဠိဖြစ်နေသော်လည်း ဆက်လက်မေးမြန်းခြင်း မပြုတော့ချေ။

ဆံနီအဘိုးကြီးက ဘယ်လက်တွင်ရှိနေသော ကျောက်စိမ်းဓားကို မြှောက်ပြလိုက်ပြီး ....

"ဒီကျောက်စိမ်းဓားဟာ သိုင်းလောကရဲ့ အင်မတန်ရှားပါးတဲ့ အဖိုးတန် ဓားတစ်လက်ပဲ .... ဒီဓားနဲ့ အင်္ဂါစုံ သိုင်းကွက်သာ ပေါင်းလိုက်ရင် သိုင်းလောကမှာ လက်မထောင်နိုင်တယ်ကွ .... "

စကားဆုံးသည်နှင့် အဘိုးကြီးက ပဟေဠိဆန်ဆန် တစ်ချက်



ရယ်မောလိုက်ပြီး ကျောက်စိမ်းဓားကို ယွင်ကျန်ယိလက်သို့ ကမ်းပေးလိုက်၏။

ယွင်ကျန်ယိမှာ ကျောက်စိမ်းဓားကို ကိုင်ပြီး စိတ်ထဲတွင် အထိတ်တလန့်ဖြစ်ကာ သံသယဝင်နေမိ၏။

ဆံနီအဘိုးကြီးက ယွင်ကျန်ယိအား တစ်ချက်ပြုံးကြည့်ပြီး သူ၏ ကျောက်တုံးအောက်မှ ဓားတစ်လက်ကို ဆွဲထုတ်လိုက်၏။

"ငါ့ရဲ့ အင်္ဂါမစုံ သိုင်းကွက်ကို မင်း သေသေချာချာ ကြည့်ပါ"

စကားဆုံးသည်နှင့် အဘိုးကြီး၏ ခန္ဓာကိုယ်မှာ စတင်လှုပ်ရှားလာကာ လေထဲတွင် ဓားကွက်အမျိုးမျိုး ဖော့ယမ်းပြလာသည်။

ဓားလှိုင်းမာန်မှာ အလွန်ပြင်းထန်လှပြီး ထောင်သောင်းမကသော ရွှေရောင်မြွေများ လေထဲတွင် ပျံဝဲနေသကဲ့သို့ ဝါးသုံးပြန်အတွင်း ပတ်ပတ်လည်သို့ ထိုရွှေရောင် ဓားလှိုင်းရိပ်က ရောက်ရှိနေခဲ့၏။

ဓားလေထွင်းသံတရှမ်းရှမ်း တဝှစ်ဝှစ် တဗိုးဗိုးအသံများကလည်း နားထဲတွင် အဆက်မပြတ် ကြားနေရသည်။

အဘိုးကြီး၏ စကားမှာ မှန်ကန်နေလေသည်။

လူငယ်လေး ယွင်ကျန်ယိမှာ သူ့ခန္ဓာကိုယ်ဆီသို့ ဓားလှိုင်းရိပ် ရောက်ရှိလာသလို ခံစားမိပြီး မတ်တတ်ပင် ကောင်းကောင်းမရပ်နိုင်လောက်အောင် ဖြစ်လာရသည်။

သူ့စိတ်ထဲတွင် ဤမျှဆန်းပြားနက်ရှိုင်းသော ဓားပညာကို ကျိတ်၍ ချီးမွမ်းနေမိ၏။

ဆံနီအဘိုးကြီးမှာ ဓားကွက်ဟန်များကို ရုတ်တရက် ရပ်တန့်လိုက်ပြီး ယွင်ကျန်ယိကို တစ်ချက်လှမ်းကြည့်လိုက်သည်။

မျက်နှာပေါ်တွင် နားမလည်နိုင်သော အပြုံးတစ်မျိုးကို ပြုံးနေ

Scanned with ACE Scanner

ရင်း ယွင်ကျန်ယိအား မေးမနေတော့ဘဲ သူ၏အင်္ဂါမစုံဓားသိုင်းကွက်၏
သော့ချက်ပညာကို ရှင်းလင်းပြောပြနေပြန်သည်။

တဖန် ရှင်းလင်းပြောပြပြီးနောက် သုံးကြိမ်မျှ ဓားရေး ဓား
ကွက် ဓားဟန်များကို အဘိုးကြီးက ဆက်လက်ကစားပြနေပြန်သည်

ယွင်ကျန်ယိမှာ ဘေးတွင်ဆိတ်ငြိမ်စွာ နားထောင်လေ့လာ
မှတ်သားနေရင်း နှုတ်ဆိတ်နေမိသည်။

နောက်ဆုံး ဆံနီအဘိုးကြီးကပင် လက်လျှော့ကာ မေးလာ
တော့၏။

"လူကလေး .... မင်းနားမလည်တဲ့ အကွက်ရှိရင် ငါ့ကိုမေ
ဘာမှ အားနာဖို့မလိုဘူး .... "

ယွင်ကျန်ယိက ဘာမျှပြန်မပြောဘဲ တစ်ချက် ပြုံးပြလိုက်၏
တစ်ဆက်တည်း ညာလက်တွင် အသင့်ရှိနေသော ကျောက်စိမ်းဓားကို
လေထဲသို့ ပင့်မြှောက်လိုက်၏။

ကျောက်စိမ်းဓားမှ စိမ်းဖန့်ဖန့်အရောင်များသည် ဂူတစ်ခုလုံး
ကို ထင်ဟပ်သွားစေတော့သည်။ ဝါးနှစ်ပြန်အကွာရှိ နေရာသို့ ဓား
ရောင်များ လွှမ်းခြုံသွားကြ၏။

ဆံနီအဘိုးကြီး၏ မျက်နှာအမူအရာက တဖြည်းဖြည်း ပြောင်း
လဲသွားကာ မျက်လုံးအစုံ၌ လူသတ်ချင်သည့် အရိပ်လက္ခဏာများ
အလျဉ်းပျောက်ကွယ်သွားရတော့၏။

သူ့အနေဖြင့် ဤလူငယ်လေးမှာ ဤမျှ မှတ်ဉာဏ်ကောင်း
လိမ့်မည်ဟု မိမိမထင်ခဲ့ချေ။

မိမိကိုယ်တိုင် မိမိမျက်စိဖြင့် တပ်အပ်သေချာမြင်တွေ့နေ
သည်ကိုပင် မယုံကြည်နိုင်အောင် ဖြစ်လာရသည်။



ယွင်ကျန်ယိကမူ ဓားကွက်ကို ပြန်ရုတ်သိမ်းပြီး ရယ်မော
ပြောဆိုလိုက်၏။

"ဒီလိုလား .... "

ဆံနီအဘိုးကြီးက ဟင်းခနဲ သက်ပြင်းရှည်တစ်ချက် ချလိုက်
သည်။ သူ၏မျက်လုံးအစုံမှာ စိတ်လှုပ်ရှားနေမှုကြောင့် ဂဏာမငြိမ်နိုင်
အောင် ဖြစ်နေရ၏။

"မင်းမှတ်ဉာဏ်က ဒီလောက်ကောင်းလိမ့်မယ်လို့ ငါမထင်ခဲ့
ဘူး .... ဒီတစ်ကွက်တည်းနဲ့ မင်းရဲ့ကျောက်စိမ်းဓားသာ တွဲလိုက်ရင်
သိုင်းလောကမှာ မင်းကိုယှဉ်နိုင်မယ့်လူ အတော့်ကိုနည်းသွားလိမ့်မယ်၊
မင်းအခုလို ချောက်အောက် ဆင်းလာနိုင်မှတော့ ဒီကျောက်စိမ်းဓားနဲ့ပဲ
အပေါ်ကိုရောက်အောင် ပြန်တက်နိုင်ပါလိမ့်မယ် .... ကဲ .... မင်းသွား
နိုင်ပြီ .... "

အဘိုးကြီးထံမှ ထူးဆန်းအံ့သြဖွယ်ကောင်းသည့် မမျှော်လင့်
သော စကားများကြောင့် ယွင်ကျန်ယိမှာ အတန်ကြာတွေဝေငေးမော
နေမိသည်။

"ဘဘ .... ကျွန်တော့်ကို မြွေစာကျွေးမယ်လို့ ပြောခဲ့တယ်
မဟုတ်လား .... အခု ဘယ့်နှယ်ကြောင့် ကျွန်တော့်ကို ပြန်လွှတ်ပေးရ
တာလဲ .... "

အဘိုးကြီး၏ မျက်နှာပေါ်တွင် ထူးဆန်းအံ့သြခြင်း တဖန်
ဖြစ်ပေါ်လာပြန်သည်။ ထို့နောက် ကျယ်လောင်စွာ ရယ်မောရင်း ....

"လူကလေး .... မင်း နောက်တော့ အလိုအလျောက်သိလာ
ပါလိမ့်မယ် .... "

"ဘဘ တကယ်လို့ ဘဘသာ ချောက်ပေါ်ပြန်တက်ချင်ရင်

Scanned with ACE Scanner

ကျွန်တော် ကူညီနိုင်ပါတယ် .... "

"အေး .... ငါ့သာ အပေါ်ကိုပြန်တက်ချင်ရင် အစောကြီး ကတည်းက ငါ့ဘာသာ ငါတက်လို့ရတယ် .... မင်းရဲ့ အကူအညီမလိုပါ ဘူး .... "

ထိုစကားကြောင့် ယွင်ကျန်ယိစိတ်ထဲတွင် ဤအဘိုးကြီးမှာ ဘာကြောင့် ချောက်ပေါ် မတက်ချင်ရသနည်းဟု စဉ်းစားနေမိလေ သည်။

တဖန် မိမိ၏ဆရာ ပြောခဲ့ဖူးသည့်စကားများကို ပြန်လည် ကြားယောင်လာမိပြန်သည်။

တစ်မိုးအောက်တွင် ဤကဲ့သို့သော ထူးဆန်းအံ့ဩဖွယ်ရှိပြီး သိုင်းပညာအဆင့်အတန်း မြင့်မားသည့် လူစားမျိုး မရှိနိုင်ကြောင်း ပြော ကြားဖူးသည်။

ဆံနီအဘိုးကြီး၏ မျက်လုံးအစုံမှာ ရုတ်ခြည်း တစ်နေရာဆီသို့ ရောက်ရှိသွားပြန်သည်။

ယွင်ကျန်ယိက အဘိုးကြီးကို ကြည့်ကာ စိတ်မကောင်းဖြစ် လာပြီး စိတ်ရင်းစေတနာဖြင့် ပြောလိုက်သည်။

"ဘဘ .... ဘဘရဲ့ပညာတွေကို ကျွန်တော် အလကား လက်မခံနိုင်ဘူး .... ဘဘအတွက် ကျွန်တော် ဘာများလုပ်ပေးစရာရှိပါ သေးလဲ .... "

"ဘာလဲ .... မင်းက ငါ့ကို ကျေးဇူးဆပ်ချင်လို့လား .... "

စကားဆုံးသည်နှင့် ဆံနီအဘိုးကြီးမှာ ဟားတိုက်ရယ်မော လိုက်ပြန်သည်။ အတန်ကြာ ရယ်မောနေပြီးမှ ....

"မင်းကို ငါ ဘာကြောင့် ဒီတစ်ကွက် သင်ပေးရတယ်ဆိုတာ



တစ်နေ့ကျရင် မင်းသိလာပါလိမ့်မယ် .... အခု မင်းသွားနိုင်ပြီ .... "

ယွင်ကျန်ယိမှာ အတန်ကြာ တွေဝေနေပြီး ....

"ဒါဆိုရင်လည်း .... ကျွန်တော့်ကို သွားခွင့်ပြုပါ .... "

ပြောပြီးသည်နှင့် ဂူထဲမှ လှမ်းထွက်သွားတော့သည်။

ဆံနီအဘိုးကြီးက ယွင်ကျန်ယိ၏ နောက်ကျောကို ကြည့်ကာ အေးတိအေးစက် ရယ်မောနေသည်။

အလန်အားရကျေနပ်ဖွယ် ကောင်းသည့် အလုပ်တစ်ခုကို လုပ်လိုက်ရသည့်အလား အဘိုးကြီးမှာ စိတ်လက်ပေါ့ပါးစွာ ခံစားနေရ သည်။

လူငယ်လေး ယွင်ကျန်ယိက ရုတ်တရက် နောက်ပြန်လှည့် ကြည့်ရင်း အဘိုးကြီးကို လှမ်းမေးလိုက်သည်။

"ဘဘကြီး ခင်ဗျားနာမည် ဘယ်လိုခေါ်ပါသလဲ .... "

ဆံနီအဘိုးကြီးက မျက်နှာအမူအရာ တစ်မျိုးပြောင်းလဲသွား ကာ ဟင့်ခနဲ အသံတစ်ချက်ပြုလိုက်သည်။

"နောင်အခါ ငါဘယ်သူဆိုတာ မင်းအလိုအလျောက် သိလာ ပါလိမ့်မယ် .... "

ယွင်ကျန်ယိက ဘာမှ ဆက်မေးမြန်းမနေတော့ဘဲ ဂူထဲမှ အပြီးအပိုင် ထွက်လာခဲ့တော့သည်။

ဂူပြင်ရောက်သည်နှင့် ထမင်းအိုးတစ်လုံးကျက်ခန့်ကြာမျှ အတွင်းအားများ လေ့ကျင့်နေပြီး ကျောက်စိမ်းဓားကို ဆွဲထုတ်ကာ ဂူတွင်းမှ သင်ယူလာခဲ့သော ပညာများဖြင့် ချောက်ထိပ်သို့ တွယ်ကပ် တက်သွားလေတော့သည်။

ဤသို့ဖြင့် ချောက်ကမ်းပါးထိပ်သို့ ရောက်လာခဲ့သောအခါ

Scanned with ACE Scanner

နေရောင်ခြည်မှာ မြင့်တက်လာပြီ ဖြစ်၏။

ယွင်ကျန်ယိမှာ အတော်ပင် ပင်ပန်းလာရာ ချောက်ထိပ်တွင် ပင် တင်ပျဉ်ခွေထိုင်ရင်း မျက်လုံးအစုံကို မှိတ်လိုက်၏။

အတွင်းအားများ လှည့်ပတ်မှုပြုပြီး နာရီဝက်ခန့်အကြာတွင် မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်သည်။

တစ်ဆက်တည်း ပတ်ဝန်းကျင်ကို လှည့်ပတ်အကဲခတ်ကြည့် ရှုလိုက်ရာ သူ၏ဦးနှောက်မှတ်ဉာဏ်ထဲတွင် မိုးပျံလက်ဝါးစုတာရှင်၊ စုကြွင်နှင့် စုယိလန်တို့သုံးဦး၏ အရိပ်များ ထင်ဟပ်ပေါ်ပေါက်လာခဲ့ ၏။

ယွင်ကျန်ယိက လေးလံစွာ သက်ပြင်းချပြီးနောက် တောင် အောက်သို့ ဆင်းသွားလေတော့သည်။

✿



အချိန်ကား ညနေဆည်းဆာ **နေဝင်ဖဝင် ရှိနေ**ချေပြီ။

အိမ်တိုင်းအိမ်တိုင်း၌ အမှောင်**ထုကို အံတုဖ**က်ပြိုင်ကာ မီးများ ထွန်းညှိနေချိန်သို့ ရောက်ရှိလာသည်။

လုလင်ပျိုလေး ယွင်ကျန်ယိမှာမူ နောက်ထပ်တစ်ကြိမ် မိုးပျံ လက်ဝါးစုတာရှင်၏ ဂေဟာဆီသို့ ဦးတည်သွားနေပြန်သည်။

သူ၏ခန္ဓာကိုယ်မှာ လေထဲတွင် ပျံဝဲသွားသည့် ငှက်များနှယ် လျင်မြန်သွက်လက်လွန်းနေသည်။

စုတာရှင်၏ ဂေဟာသို့ရောက်သည်နှင့် သစ်ရွက်တစ်ရွက်က ခေါင်မိုးပေါ် ကျသွားသည်နှယ် ယွင်ကျန်ယိ ဂေဟာခေါင်မိုးပေါ်သို့ ညင်သာစွာ ရောက်ရှိသွားသည်။

ဧည့်ခန်းထဲတွင် ထိန်လင်းစွာ ထွန်းညှိထားသော မီးရောင် ကြောင့် အဘိုးကြီးစုတာရှင်၏ မွေးနေ့ပွဲကို ဂုဏ်ပြုခြင်းနှင့် သူ၏ရည် **မှန်းချက်** အောင်မြင်သည့် အထိမ်းအမှတ်အဖြစ် ဧည့်သည်များကို **ဧည့်ခံနေကြောင်း** ယွင်ကျန်ယိ မြင်တွေ့လိုက်ရသည်။

Scanned with ACE Scanner

လုလင်ပျိုလေး ယွင်ကျန်ယိမှာ ပထမအကြိမ်ကဲ့သို့ပင် ခေါင်မိုးပေါ်မှ ဧည့်ခန်းတွင်းသို့ ခုန်ဆင်းဝင်ရောက်လာခဲ့သည်။

ရုတ်တရက် မထင်မှတ်ဘဲ ရောက်ရှိလာသော ယွင်ကျန်ယိကို မြင်လိုက်ရသည်နှင့် အဘိုးကြီးစုတာရှင်၏ မျက်နှာမှာ အကြီးအကျယ်ပျက်သွားရတော့သည်။

ဧည့်ခန်းထဲတွင်လည်း အပ်ကျသံမျှပင် ကြားရမတတ် ဆိတ်ငြိမ်သက် သွားတော့၏။

ယွင်ကျန်ယိမှာ ခန္ဓာကိုယ်ကို တစ်ပတ်မျှလှည့်ပြီး ဧည့်ခန်းတွင်းရှိ လူအားလုံး တစ်ချက် အကဲခတ်ကြည့်လိုက်သည်။

နောက်ဆုံး စုကြွင်တို့မောင်နှမနှစ်ယောက်ထံ ယွင်ကျန်ယိ၏ မျက်လုံးအစုံက ရောက်ရှိသွားတော့၏။

သူတို့နှစ်ဦးကို အတန်ကြာ စိုက်ကြည့်နေပြီးမှ ခနဲ့တဲ့တဲ့ လှမ်းပြောလိုက်၏။

"အင်း .... အတော်လာတဲ့ မြောက်ပိုင်းဓားဝိဇ္ဇာရဲ့ တပည့်တွေကိုး .... "

စုကြွင်းတို့မောင်နှမ နှစ်ယောက်စလုံးမှာ ရှက်လွန်းအားကြီး၍ အသီးသီးခေါင်းငုံ့ထားကြ၏။

သို့သော် တစ်ခဏအတွင်းမှာပင် မိန်းမပျိုလေးစုယိလန်က ခေါင်းပြန်မော့လာကာ ဒေါသထွက်နေသည့် မျက်လုံးအစုံဖြင့် ယွင်ကျန်ယိအား ကြည့်ရင်း ပြောဆိုလာသည်။

"ရှင်က သူများအပေါ်နိုင်ထက်စီးနင်း မလုပ်ချင်ပါနဲ့ .... ဒီကိစ္စကို ကျွန်မတို့မောင်နှမလုပ်တာ မဟုတ်ဘူး .... ဘာအတော်လာတဲ့ မြောက်ပိုင်းဓားဝိဇ္ဇာရဲ့ တပည့်တွေလို့ ပြောရတာလဲ .... "



ယွင်ကျန်ယိက မဲ့ပြုံးတစ်ချက် ပြုံးပြီး အဘိုးကြီးစုတာရှင်ဘက်သို့ လှည့်ကြည့်လိုက်၏။

"ကျုပ်အစက ခင်ဗျားကို ပြဿနာမရှာခဲ့ဘူး .... ဒါပေမယ့် ခုချိန်ကစပြီး ခင်ဗျားကို ကျုပ်အလွတ်မပေးတော့ဘူး ကျုပ်တို့ရဲ့ကြွေးဟောင်း ကြွေးသစ်တွေကို ခုချက်ချင်းပဲ ရှင်းမယ် .... "

အဘိုးကြီး စုတာရှင်မှာ ဧည့်ခန်းတစ်ဝိုက် လှည့်ကြည့်ပြီး မတ်တတ်ထရပ်လိုက်၏။

"ဘယ်သူမဆို သိကြပါတယ် .... အဲဒီအချိန်က ကျုပ်ရဲ့အစ်ကိုကြီး ယွင်ရှောင်ကျန်ဟာ ကျုပ်အပေါ် အင်မတန် ကောင်းခဲ့ပြီး .... ကျေးဇူးကောင်းတွေ တောင်လိုပုံအောင် ရှိခဲ့ပါတယ် .... ကျုပ် စုတာရှင်ဟာ တခြားနေရာမှာ ရောက်နေတဲ့အတွက် အဲဒီကျေးဇူးတွေကို ပြန်မဆပ်လိုက်ရဘူး .... ဒါပေမယ့် အတတ်နိုင်ဆုံးတော့ လုပ်ခဲ့ပါတယ် .... "

အဘိုးကြီးစုတာရှင်က ပြောလက်စ စကားကိုဖြတ်ကာ လေသံနိမ့်ချပြီး ခေါင်းအောက်ငုံ့လိုက်၏။ အတန်ကြာမှ ဆက်လက်ပြောဆိုလာပြန်သည်။

"ကျုပ်ရဲ့ အစ်ကိုကြီး ယွင်ရှောင်ကျန် ပျောက်ဆုံးသွားတဲ့အချိန်က ကျုပ်ဟာ အတတ်နိုင်ဆုံး လိုက်ရှာပါသေးတယ် .... ကျုပ်အစ်ကိုကြီး ပျောက်ဆုံးသွားရတဲ့ အကြောင်းရင်းကို ကျုပ်သိတယ် .... သူ့လက်ထဲက ကျောက်စိမ်းဓားအတွက်ကြောင့်ပဲ ဖြစ်တယ် .... ကျုပ်အစ်ကိုကြီးဟာ တစ်မိုးအောက် တစ်ယောက်ဖြစ်တဲ့အတွက် သူ့ကိုယှဉ်ပြိုင်နိုင်တဲ့သူ ဘယ်နှစ်ယောက်ရှိနိုင်မလဲ .... "

အဘိုးကြီး စုတာရှင်က စကားဖြတ်ကာ အေးတိအေးစက်

Scanned with ACE Scanner

အမူအရာဖြင့် ဧည့်ခန်းတွင်းရှိ သိုင်းသမားအပေါင်းကို တစ်ယောက်ချင်း လိုက်လံကြည့်ရှုနေသည်။

နောက်ဆုံး လုလင်ပျိုလေး ယွင်ကျန်ယိ၏ မျက်နှာပေါ်သို့ အဘိုးကြီး စုတာရှင်၏ မျက်လုံးအစုံ ကျရောက်ကာ **ရပ်တန့်သွားတော့**သည်။

စုတာရှင်မှာ သိုင်းသမားအ**ပေါင်းအား ဂယောက်ချောက်ချားသွား**အောင် လုပ်နေခြင်းပင် ဖြစ်သည်။

ယွင်ကျန်ယိက မကြောက်သော်လည်း သူတစ်ပါးက မိမိအား အထင်လွဲမှားသွားမည်ကို မလိုလားချေ။

ထို့ကြောင့် တည်**ငြိမ်သော**လေသံဖြင့် ရှင်းလင်းပြောဆိုလိုက်သည်။

"ဧည့်သည်တော်များ ခင်ဗျာ .... စုတာရှင် ပြောသွားတာတွေအားလုံးဟာ အမှားတွေချည်းပါပဲ .... သူ့ရဲ့ လိမ်ညာတဲ့ စကားတွေကို နောင်ကြီးတို့ မယုံကြပါနဲ့ .... "

အဘိုးကြီး စုတာရှင်က ကပျာကယာ ပြန်လည်ပြောဆိုလာသည်။

"တောင်ပိုင်း ပလွေသံရှင်ရဲ့ ရန်ဘက်ကြီးဟာ ဆန်းကွမ်းလာမာ ဖြစ်တယ်ဆိုတာ .... အားလုံးသိကြပါတယ် .... သူဟာ ကျောက်စိမ်းဓားကို လိုချင်တဲ့အတွက် ကျူပ်အစ်ကိုကြီးကို လုပ်ကြံပြီး ကျောက်စိမ်းဓားကို လုယူသွားခဲ့ပါတယ် .... ခုလည်း အားလုံးကြည့်ကြပါ — အဲဒီကျောက်စိမ်းဓားဟာ ယွင်ကျန်ယိလို့ခေါ်တဲ့ လူငယ်ရဲ့လက်ထဲမှာ ရောက်နေတယ် မဟုတ်လား .... ကျူပ်ရဲ့စကားတွေ လိမ်ညာနေပါတယ်လို့ ဘယ်လိုလုပ် သိနိုင်မှာလဲ .... "



စုတာရှင်၏ လိမ်လည်ကောက်ကျစ်သော စကားများကြောင့် ယွင်ကျန်ယိမှာ ဒေါသထောင်းခနဲ ထွက်သွားမိသည်။

"အတော်ကြောက်စရာကောင်းပြီး ကောက်ကျစ်ယုတ်မာလှတဲ့ အဘိုးကြီးပါလား .... ခင်ဗျားက ဒီလိုပြောတာနဲ့ ခင်ဗျားရဲ့ ယုတ်မာမှုကို ကျော်လွှားဖုံးထားနိုင်မယ်လို့ ထင်နေသလား .... "

အဘိုးကြီးစုတာရှင်မှာ စုကြွင်နှင့်စုယိလန်တို့အား မျက်ရိပ်တစ်ချက်ပြလိုက်၏။

သူတို့နှစ်ယောက်ကလည်း ပါးစပ်မှ ဖွင့်ပြောချင်သော်လည်း အခြေအနေအကြောင်းအမျိုးမျိုးကြောင့် ပါးစပ်မဟရဲတော့ချေ။

အဘိုးကြီး စုတာရှင်မှာ ယွင်ကျန်ယိရှိရာသို့ လှည့်လိုက်ပြီး....

"ယွင်ကျန်ယိ .... မင်းက အခုရောက်လာတဲ့ သိုင်းသမားပုဂ္ဂိုလ်တွေအားလုံးကို မင်းမျက်စိထဲမှာ ထည့်မထားခဲ့ဘူး မဟုတ်လား .... "

ကောက်ကျစ်ယုတ်မာလှသူ အဘိုးကြီးစုတာရှင်က ဧည့်ခန်းအတွင်းရှိ သိုင်းသမားများနှင့်ယွင်ကျန်ယိအား ရန်တိုက်ပေးလိုက်သည်။

စုတာရှင်က သိုင်းသမားများနှင့် ယွင်ကျန်ယိအား တစ်ဘက်လှည့် ရန်တိုက်ပေးသဖြင့် ယွင်ကျန်ယိမှာ ဒေါသထွက်လွန်းပြီး .... ခန္ဓာကိုယ်လှုပ်ရှားလိုက်သည်နှင့် အဘိုးကြီးစုတာရှင်၏ အနားသို့ ချဉ်းကပ်ရောက်ရှိသွားတော့သည်။

ထိုအခိုက် အနောက်ဘက်ဆီမှ ကျယ်လောင်သော အသံတစ်သံကို ကြားလိုက်ရသည်။

"ငချွတ်ကလေး ယွင်ကျန်ယိ .... မင်း ရမ်းကားဖို့ စိတ်မကူးနဲ့ — "

စကားသံမဆုံးမီ ထမင်းစားသည့် တူတစ်စုံက ယွင်ကျန်ယိ၏ နောက်ကျောဆီသို့ သူ့အရှိန်ဖြင့် ရောက်ရှိလာတော့၏။

ယွင်ကျန်ယိကလည်း နောက်ဘက်သို့ လျှပ်တစ်ပြက်အတွင်း လှည့်လိုက်ကာ ညာလက်ညှိုးနှင့် လက်ခလယ်နှစ်ချောင်းဖြင့် တူကို ညှပ်ဖမ်းမိလျက်သား ဖြစ်သွား၏။

ယွင်ကျန်ယိက မီးတဝင်းဝင်းတောက်နေသော မျက်လုံးအစုံဖြင့် တူပစ်ခတ်လိုက်သောသူကို ဝေ့ကြည့်လိုက်ရာ လူလတ်ပိုင်းအရွယ်ရှိ လူသန်ကြီးတစ်ဦးကို တွေ့ရှိလိုက်ရ၏။

ထိုလူမှာ စုတာရှင်၏ သွေးထိုးလှုံ့ဆော်စကားများကြောင့် ယွင်ကျန်ယိအား ယခုကဲ့သို့ တူဖြင့်လှမ်းပစ်လိုက်ခြင်း. ဖြစ်ပေသည်။

ယွင်ကျန်ယိမှာ ထိုလူသန်ကြီးကို ကြည့်ပြီး မည်ကဲ့သို့ စီမံရမည်ကို စဉ်းစားမရအောင် ဖြစ်နေမိသည်။

လူသန်ကြီးကလည်း ယွင်ကျန်ယိ တွေဝေစွာ ရပ်နေသည်ကို မြင်လိုက်ရသဖြင့် မိမိအား အထင်သေးနေသည်ဟု ထင်မှတ်သွားကာ လှမ်းအော်ပြောလိုက်သည်။

"ဒီကနေ့ သိုင်းလောကသားတွေရှေ့မှာ မင်းလိုတောင်ပိုင်းပလွေသံရှင်တပည့်က ရမ်းရမ်းကားကား လုပ်မယ်ဆိုရင် တို့က ခွင့်မပြုနိုင်ဘူး .... "

လုလင်ပျိုလေး ယွင်ကျန်ယိက အေးဆေးတည်ငြိမ်သောလေသံဖြင့် ပြန်ပြောလိုက်၏။

"ကျွန်တော် ဒီကနေ့ ဒီကို ရောက်လာရခြင်းဟာ သိုင်းလောကနောင်တော်တို့နဲ့ တွေ့ဆုံဖြေရှင်းဖို့ မဟုတ်ဘူး .... ကျွန်တော်က စုတာရှင်နဲ့ တွေ့ဆုံဖြေရှင်းဖို့ ရောက်လာရတာပဲ .... "



စကားဆုံးသည်နှင့် စုတာရှင်ရှိရာသို့ လျှောက်လှမ်းသွားတော့၏။

အဘိုးကြီးစုတာရှင်ကမူ ဂရုမစိုက်သည့်အလား အေးတိအေးစက် ရယ်မောနေသည်။

ယခုလို အခြေအနေမျိုး ဆက်လက်တင်းမာနေပါက သိုင်းသမားအပေါင်းက ဒေါသဖြစ်ပြီး ယွင်ကျန်ယိအား ဝိုင်းဝန်းတိုက်ခိုက်ကြမည်မှာ သေချာနေလေသည်။

ထိုအခါ သူ့အဖို့ ပွဲကြည့်ပရိသတ်အဖြစ် ထိုင်ကြည့်ရုံသာရှိတော့သည်။

လုလင်ပျိုလေး ယွင်ကျန်ယိကလည်း မိမိက ဤသို့ပြောလိုက်ခြင်းဖြင့် အဆင်ပြေသွားမည်ဟု ထင်မှတ်နေခဲ့၏။

သို့သော် ယခုကဲ့သို့ ပြောလိုက်သဖြင့် သိုင်းသမားများအားပို၍အထင်သေးရာ ရောက်ရှိသွားတော့သည်။

ထို့ကြောင့် ယွင်ကျန်ယိက ခန္ဓာကိုယ်ရွေ့လိုက်သည်နှင့် သိုင်းသမားနှစ်ယောက်က သူ့ထံခုန်အုပ်လာကာ လက်ဝါး၊ လက်သီး၊ တံတောင် အသီးသီးဖြင့် ယွင်ကျန်ယိနောက်ကျောဆီသို့ တိုက်ခိုက်လာတော့၏။

ယွင်ကျန်ယိက နောက်လှည့်မကြည့်ဘဲ ပလွေဖြင့် နောက်ပြန်ရမ်းလိုက်ရာ ထိုလူနှစ်ဦးမှာ နောက်သို့ ခြေသုံးလေးလှမ်းမျှ ဆုတ်ခွာသွားရ၏။

အဘိုးကြီး မိုးပျံလက်ဝါး စုတာရှင်၏ လှည့်ကွက်ဝင်သွားလေသည်။

ထိုလူနှစ်ဦးက ကျောက်စိမ်းပလွေချက်ကြောင့် နောက်ဆုတ်

Scanned with ACE Scanner

သွားသည်နှင့် ညှော်ခန်းရှိ သိုင်းသမားအပေါင်းမှာ ဒေါသထွက်လာကြကာ ယွင်ကျန်ယိအား ပြိုင်တူတိုက်ခိုက်လာကြတော့သည်။

ထို့ကြောင့် ယောက်ျားပျို စုကြွင်နှင့် မိန်းမပျိုလေးစုယိလန်တို့၏ စိတ်ထဲတွင် အလွန်တုန်လှုပ်ပြီး ယွင်ကျန်ယိအတွက် စိုးရိမ်သွားမိကြ၏။

အဘိုးကြီးစုတာရှင်က အေးတိအေးစက် မျက်လုံးအစုံဖြင့် သူတို့နှစ်ဦးကို စူးစိုက်ကြည့်နေသဖြင့် နှစ်ယောက်သား ဘာဆက်လုပ်ရမှန်း မသိအောင် ကြံရာမရ ဖြစ်သွားကြရ၏။

စုတာရှင်က စုကြွင်တို့မောင်နှမနှစ်ယောက်ထံ လျှောက်လှမ်းသွားပြီး မကျေမနပ် ပြောလာသည်။

"စုကြွင် .... ယွင်ကျန်ယိဟာ [illegible]ကြည်မှာ မဟုတ်ဘူး .... မင်းတို့က ဘာကြောင့် သူ့ကို ကယ်တင်ချင်နေရတာလဲ"

စုကြွင်နှင့် စုယိလန်တို့မှာ အဘိုးကြီး၏စကားကြောင့် ခေါင်းငုံ့သွားကြပြီး စကားပင် ပြန်မပြောနိုင်ကြတော့ချေ။

သူတို့နှစ်ယောက် ခေါင်းစောင်းကြည့်လိုက်သောအခါ ယွင်ကျန်ယိမှာ နဂါးမာန်သိုင်းဟန် ခုနစ်ကွက်ကို ထုတ်၍တိုက်ခိုက်နေသည်ကို တွေ့လိုက်ရ၏။

ကျောက်စိမ်းပလွေ၏ စိမ်းဖန့်ဖန့်အရောင်များက တလက်လက်ဖြင့် ဟိုမှသည် သည်မှဟို လူးလာပျံသန်းနေကာ ညှော်ခန်းတွင်းရှိ သိုင်းသမားအားလုံးတို့မှာ အကြောပိတ်ခံလိုက်ရသည်ကို တွေ့လိုက်ရ၏။

အဘိုးကြီး စုတာရှင်မှာ မျက်စိမျက်နှာ ပျက်သွားကာ စုကြွင်တို့ဘက်လှည့်ပြီး တီးတိုးပြောဆိုလိုက်သည်။



"စုယိလန် ငါတို့သွားသင့်ပြီ .... "

သို့သော် အဘိုးကြီး၏စကားအား စုကြွင်တို့ မောင်နှမက မည်သို့မျှ ပြန်မပြောဘဲနေသဖြင့် ....

"ဘာလဲ .... မင်းတို့က မသွားချင်ကြဘူးလား .... "

စကားဆုံးသည်နှင့် အဘိုးကြီးစုတာရှင် ဦးဆောင်ကာ အခန်းတစ်ခုအတွင်းသို့ ပြေးဝင်သွားလေသည်။

စုကြွင်နှင့် စုယိလန်တို့သည် အဘိုးကြီးနောက်မှ ထက်ကြပ်မကွာ ပြေး၍ လိုက်ပါသွားကြသည်။

❈

Scanned with ACE Scanner

လုလင်ပျိုလေး ယွင်ကျန်ယိမှာ ဧည့်ခန်းအတွင်းမှ သိုင်းသမားတစ်စုအား သူ့မျက်စိထဲတွင် ထည့်ထားခြင်း မရှိပေ။

ထို့ကြောင့် စုတာရှင်တို့ ထွက်ပြေးရာနောက်သို့ ယွင်ကျန်ယိက ကိုယ်ဖော့ပညာသုံးကာ ပြေးလွှားလိုက်ပါသွားတော့သည်။

စုတာရှင်တို့သုံးဦးမှာ အခန်းပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ ပြေးလွှားသွားနေကြရာ တဒင်္ဂအတွင်းမှာပင် ယွင်ကျန်ယိ လိုက်မီလာခဲ့၏။

စုတာရှင်မှာ ယွင်ကျန်ယိလိုက်လာသည်ကို တွေ့လိုက်ရသည်နှင့် ထိတ်လန့်တကြီး ဖြစ်သွားကာ စုကြွင်တို့မောင်နှမ နှစ်ယောက်အား အရေးတကြီး လှမ်းပြောလိုက်သည်။

"မင်းတို့နှစ်ယောက်က သူ့ကို ခဏလောက် ဟန့်တားထားလိုက်စမ်း .... "

မောင်နှမနှစ်ယောက်မှာ အဘိုးကြီး စုတာရှင်၏ စကားအားတွေတွေဝေဝေဖြင့် ဓားရှည်အသီးသီးထုတ်ကာ ယွင်ကျန်ယိအား ဟန့်တားရန် ပြင်ဆင်လိုက်ကြ၏။



ယွင်ကျန်ယိက ကျောက်စိမ်းပလွေကို ဝှေ့ယမ်းပြီး သူတို့နှစ်ဦးကို နောက်ဆုတ်သွားအောင် တိုက်ခိုက်လိုက်သည့်အပြင် နှုတ်မှလည်း ရေရွတ်ပြောဆိုလိုက်သည်။

"မင်းတို့နှစ်ယောက်ရဲ့ တားဆီးမှုနဲ့ လူယုတ်မာကြီး စုတာရှင်တော့ လွတ်သွားတော့မှာပဲ .... "

မောင်နှမနှစ်ယောက်မှာ အခက်အခဲ ကိုယ်စီရှိကြသည်မို့ ယွင်ကျန်ယိအား ရှင်းမပြနိုင်ဘဲ သည်အတိုင်း ကြည့်နေလိုက်ရ၏။

**ယွင်ကျန်ယိ**ကမူ သူတို့မောင်နှမနှစ်ယောက်ကို ကျော်ဖြတ်ကာ အဘိုးကြီးစုတာရှင်နောက်သို့ ဆက်လက်လိုက်ဖမ်းသွားတော့၏။

စုကြွင်တို့မောင်နှမနှစ်ယောက်မှာ ရုတ်တရက် ငေးကြောင်နေရာမှ သတိပြန်ဝင်လာကြကာ ဓားကိုပင် အသုံးပြုရန် အချိန်မရလိုက်သဖြင့် လက်ဝါးလက်သီးတို့ဖြင့် ပြိုင်တူရိုက်ထုတ်လိုက်ကြလေသည်။

ထိုအခိုက် ဧည့်ခန်းဆောင်တွင်းမှ သိုင်းသမားအုပ်စုလည်း ရောက်ရှိလာကာ ယွင်ကျန်ယိအား ဝိုင်းဝန်း တိုက်ခိုက်ကြတော့သည်။

ထို့ကြောင့် ဓားရိပ်များနှင့် ကျောက်စိမ်းပလွေရိပ်တို့မှာ လေထဲတွင် ပျံ့ဝဲနေကြပြီး အကြိတ်အနယ် တိုက်ခိုက်နေကြပြန်သည်။

ဤသို့ဖြင့် အများနှင့်တစ်ယောက် စုပြုံဝိုင်းဝန်းတိုက်ခိုက်နေကြသည့်အပြင် စုကြွင်တို့ မောင်နှမနှစ်ယောက်ကြောင့် ယွင်ကျန်ယိမှာ တဖြည်းဖြည်း အရေးနိမ့်ခဲ့ရ၏။

ဤအချိန်တွင် အဘိုးကြီးစုတာရှင်၏ အရိပ်အရောင်ကိုမျှပင် မတွေ့ရတော့ချေ။

ယွင်ကျန်ယိမှာ ဒေါသမီးများ ပေါက်ကွဲကြီးထွားလာရတော့သည်။ သူ့ညာလက်ကို တစ်ချက်ဝှေ့ယမ်းလိုက်သည်နှင့် စိမ်းဖန့်ဖန့်

Scanned with ACE Scanner

အရောင်များ ပြိုးပြိုးပြက်ပြက် ဖြစ်သွားကာ ကျောက်စိမ်းဓားက ယွင်ကျန်ယိ၏ ညာလက်သို့ ရောက်ရှိသွားတော့သည်။

ထို့ကြောင့် သိုင်းသမားအားလုံး အကြီးအကျယ် တုန်လှုပ်သွားပြီး ပြိုင်တူ နောက်ဆုတ်လိုက်ကြရ၏။

သို့သော် သိုင်းသမားများ၏ စိတ်ထဲတွင် စုတာရှင်၏စကားကို ယုံကြည်နေကြသဖြင့် နောက်ဆုတ်သွားရာမှတဖန် ရှေ့သို့တက်လာပြီး ယွင်ကျန်ယိအား စုပြုံတိုက်ခိုက်ကြပြန်သည်။

ယွင်ကျန်ယိမှာ မဲ့ပြုံးတစ်ချက်ပြုံးပြီး စုကြွင်တို့ မောင်နှမနှစ်ယောက်ကို စိုက်ကြည့်လိုက်၏။

မောင်နှမနှစ်ယောက်မှာ ယွင်ကျန်ယိ၏ အေးစက်စက်အကြည့်ကြောင့် စိုးရိမ်ထိတ်လန့်သွားကြသည်။

သို့သော် ပြဿနာမှာ ဤအထိ ကြီးထွားလာပြီ ဖြစ်၍ မည်သို့မျှ ရှင်းလင်း၍လည်း ရနိုင်တော့မည် မထင်ချေ။

ယွင်ကျန်ယိ၏ လက်ထဲသို့ ကျောက်စိမ်းဓား ရောက်လာသည်နှင့် ကျောက်စိမ်းပလွေကို ဘယ်ဘက်ခါးကြားတွင် ထိုးချိတ်လိုက်ပြီး ဓားကိုလေတွင် ဝှေ့ယမ်းကာ သိုင်းသမားများအား တရစပ် တိုက်ခိုက်လေတော့သည်။

အဘိုးကြီးစုတာရှင် ထွက်ပြေးသွားသည့်အတွက် ယွင်ကျန်ယိ၏ ဒေါသများက သိုင်းသမားများဘက်သို့ မြားဦးလှည့်လာတော့သည်။

ဤအချိန်တွင် သိုင်းသမားများမှာ ယွင်ကျန်ယိအား ဂရုစိုက်ခြင်းမရှိတော့ဘဲ တခြားတစ်နေရာဆီသို့ ရူးစိုက်ကြည့်နေသည်ကို မြင်လိုက်ရတော့သည်။



ယွင်ကျန်ယိက လှမ်းကြည့်လိုက်ရာ ရှေ့ခပ်လှမ်းလှမ်းတစ်နေရာတွင် လူနှစ်ယောက် ရပ်နေသည်ကို တွေ့လိုက်ရ၏။

တစ်ယောက်မှာ အဘိုးကြီး စုတာရှင်ဖြစ်ပြီး တခြားတစ်ယောက်မှာ ဝက်ရုံနက်အဘိုးကြီးတစ်ဦး ဖြစ်သည်။

ယွင်ကျန်ယိက ဝတ်ရုံနက်အဘိုးကြီးအား တစ်ချက်ရူးစိုက်ကြည့်လိုက်ပြီး စုတာရှင်ဆီသို့ ခြေလှမ်းကျဲကြီးများဖြင့် လျှောက်လှမ်းသွားတော့သည်။

ထိုစဉ် ဝတ်ရုံနက်အဘိုးကြီးက ယွင်ကျန်ယိအား ဆီးကြိုဝေါက်ငမ်းပြောဆိုလိုက်သည်။

"ချာတိတ် .... မင်းအဖေ ဘယ်သူလဲ .... ဘာဖြစ်လို့ အများရှေ့မှာ ဒီလောက်ထိ ရမ်းကားနေရတာလဲ .... "

ယွင်ကျန်ယိက ဂရုမစိုက်ဟန်ဖြင့် ....

"နေစမ်းပါဦး .... ခင်ဗျားကကော ဘယ်သူလဲ .... ဒီကိစ္စခင်ဗျားနဲ့ ဘာများသက်ဆိုင်နေလို့လဲ .... "

ဝတ်ရုံနက်အဘိုးကြီးကိုယ်စား စုတာရှင်က ဂုဏ်ယူဝင့်ကြွားဟန်နှင့် ကြားဖြတ်ဝင်ပြောလာသည်။

"ဝိညာဉ်နတ် ကျူဝေ့ဆိုတဲ့ နာမည်ကိုတောင် မသိသေးသူရှိနေပါသေးလား .... "

ထိုစကားကြောင့် ယွင်ကျန်ယိမှာ အနည်းငယ်ထိတ်လန့်သွားမိ၏။

ဝိညာဉ်နတ် ကျူဝေ့၏နာမည်ကို ယွင်ကျန်ယိ ကြားခဲ့ဖူးသည်။ သိုင်းပညာတွင် အဆင့်မြင့်သည့်အပြင် လက်နက်ပုန်းပစ်သည့်ဘက်တွင်လည်း ပြိုင်စံရှားလောက်အောင် တော်သူ ဖြစ်သည်။

ထို့ကြောင့် ယောကျ်ားပျို စုကြွင်နှင့် မိန်းမပျိုလေး စုယိလန် တို့၏ စိတ်ထဲတွင် အလွန်တုန်လှုပ်ပြီး ယွင်ကျန်ယိအတွက် စိုးရိမ်သွားမိကြ၏။ အဘိုးကြီးစုတာရှင်က အေးတိအေးစက် မျက်လုံးအစုံဖြင့် သူတို့နှစ်ဦးကို စူးစိုက်ကြည့်နေသဖြင့် နှစ်ယောက်သား ဘာဆက်လုပ်ရမှန်းမသိအောင် ကြံရာမရ ဖြစ်သွားကြရ၏။

စုတာရှင်က စုကြွင်တို့မောင်နှမ နှစ်ယောက်ထံ လျှောက်လှမ်းသွားပြီး မကျေမနပ် ပြောလာသည်။

"စုကြွင် .... ယွင်ကျန်ယိက မင်းတို့ရဲ့စကားကို ယုံကြည်မှာ မဟုတ်ဘူး .... မင်းတို့က ဘာဖြစ်လို့ သူ့ကို ကယ်တင်ချင်နေရတာလဲ"

စုကြွင်နှင့် စုယိလန်တို့မှာ အဘိုးကြီး၏ စကားကြောင့် ခေါင်းငုံ့သွားကြပြီး စကားပင် ပြန်မပြောနိုင်ကြတော့ချေ။

သူတို့နှစ်ယောက် ခေါင်းဖော်ကြည့်လိုက်သောအခါ ယွင်ကျန်ယိမှာ နဂါးမာန်သိုင်းဟန် ခုနစ်ကွက်ကို ထုတ်၍ တိုက်ခိုက်နေသည်ကို တွေ့လိုက်ရ၏။

ကျောက်စိမ်းပလွေ၏ စိမ်းဖန့်ဖန့်အရောင်များက တလက်လက်ဖြင့် ဟိုမှသည် သည်မှဟို လူးလာပျံသန်းနေကာ ဧည့်ခန်းတွင်းရှိ သိုင်းသမားအားလုံးတို့မှာ အကြောပိတ်ခံလိုက်ရသည်ကို တွေ့လိုက်ရ၏။

အဘိုးကြီး စုတာရှင်မှာ မျက်စိမျက်နှာ ပျက်သွားကာ စုကြွင်တို့ဘက် လှည့်ပြီး တိုးတိုးပြောဆိုလိုက်သည်။

"စုယိလန် ငါတို့သွားသင့်ပြီ .... "

သို့သော် အဘိုးကြီး၏စကားအား စုကြွင်တို့မောင်နှမက မည်သို့မျှ ပြန်မပြောဘဲနေသဖြင့် ....



"ဘာလဲ .... မင်းတို့က မသွားချင်ကြဘူးလား .... "

စကားဆုံးသည်နှင့် အဘိုးကြီးစုတာရှင် ဦးဆောင်ကာ အခန်းတစ်ခုအတွင်းသို့ ပြေးဝင်သွားလေသည်။

စုကြွင်နှင့် စုယိလန်တို့လည်း အဘိုးကြီးနောက်မှ ထက်ကြပ်မကွာ ပြေး၍ လိုက်ပါသွားကြသည်။

Scanned with ACE Scanner

လုလင်ပျိုလေး ယွင်ကျန်ယိမှာ ဧည့်ခန်းအတွင်းမှ သိုင်း
သမားတစ်စုအား သူ့မျက်စိထဲတွင် ထည့်ထားခြင်း မရှိပေ။

ထို့ကြောင့် စုတာရှင်တို့ ထွက်ပြေးရာနောက်သို့ ယွင်ကျန်ယိ
က ကိုယ်ဖော့ပညာသုံးကာ ပြေးလွှားလိုက်ပါသွားတော့သည်။

ထိုပြင် သူ၏လက်နက်ပုန်းမှာ တခြားသူများနှင့် မတူ
လက်နက်ပုန်းပစ်ရာတွင် အပစ်ခံရသူ၏ ဝိညာဉ်ကို အပြီးအပိုင်နှုတ်ယ
သွားတတ်ခြင်းကြောင့် ဖြစ်၏။

ဝိညာဉ်နှုတ် ကျူဝေ့က အေးတိအေးစက် ရယ်မောပြော
လာသည်။

"တောင်ပိုင်း ပလွေသံရှင်ရဲ့ တပည့်က ဒီလောက်ရိုင်းစိုင်း
လိမ့်မယ်လို့ ငါ မထင်မိခဲ့ဘူး .... "

လုလင်ပျိုလေး ယွင်ကျန်ယိကလည်း နှုတ်ခမ်းထောင့်တစ်
ချက် တွန့်သွားကာ အေးစက်စက် ပြန်ပြောလိုက်သည်။

"ကျုပ်လည်း လုံးဝ စဉ်းစားမရခဲ့ဘူး .... ဝိညာဉ်နှုတ်ကျူဝေ့
ဟာ သူတစ်ပါးရဲ့ လိမ်ညာခြင်းကို အလွယ်တကူ လက်ခံတတ်တဲ့
လူစား ဖြစ်နေတာပဲကိုး .... "



ယွင်ကျန်ယိက စုတာရှင်ဘက်လှည့်ကာ ရွံရှာစက်ဆုပ်သော
အမူအရာဖြင့် လှမ်းပြောလိုက်သည်။

"စုတာရှင် .... အတော် အကြံပက်စက်တဲ့ လူကြီးပဲ ....
တစ်မိုးအောက် သိုင်းသမားအားလုံးလိုလို ခင်ဗျားချုပ်ကိုင်ထားနိုင်ခဲ့
တယ် .... "

ယွင်ကျန်ယိက စကားဆုံးသည်နှင့် အဘိုးကြီးစုတာရှင်အား
ဆုံးမအပြစ်ပေးရန် ရှေ့သို့ချဉ်းကပ်သွားသည်။

ဝိညာဉ်နှုတ် ကျူဝေ့က လှမ်းအော်တားဆီးသော်လည်း ယွင်
ကျန်ယိက လုံးဝအရေးမစိုက်ချေ။

အဘိုးကြီး ကျူဝေ့က ညာဘက်လက်ဆန့်ထုတ်လိုက်ပြီး
လက်ညှိုးတစ်ချက်တောက်ထုတ်လိုက်ရာ ပျားတစ်ကောင်ပျံဝဲသွား
သည့်အသံလို ထွက်ပေါ်လာသည်။ အနက်ရောင် လက်စွပ်တစ်ကွင်းက
လက်ညှိုးတောက်ချက်ကြောင့် လေထုကိုခွင်းကာ ယွင်ကျန်ယိရှိရာသို့
အရှိန်ပြင်းစွာ ဝင်ရောက်သွားလေသည်။

ယွင်ကျန်ယိက ခနဲ့တဲ့တဲ့ အသံတစ်ချက်ပြုရင်း ကျူဝေ့၏
နာမည်ကြီးသော လက်နက်ပုန်းတစ်မျိုး ပစ်လွှတ်လိုက်မှန်းသိလိုက်၏။

ထို့ကြောင့် အထင်မသေးရဲဘဲ ခြေလှမ်းရပ်တန့်ကာ ညာ
လက်မှ ကျောက်စိမ်းဓားကို ဝိညာဉ်နှုတ် လက်စွပ်ဆီသို့ တစောင်းထိုး
ထည့်လိုက်သည်။

လက်စွပ်မှာ လေထဲတွင် တစ်ပတ်မျှ ပျံဝဲသွားပြီးနောက်
ကျူဝေ့လက်ထဲသို့ ပြန်လည်ရောက်ရှိသွားတော့သည်။

ကျူဝေ့က ယွင်ကျန်ယိကိုကြည့်ပြီး သဘောကျစွာ ရယ်မော
နေသည်။

ယွင်ကျန်ယိ၏မျက်နှာမှာ ပူစပ်စပ်ဖြစ်သွားကာ ပထမတချီ အရေးရှုံးနိမ့်သွားမှန်း သိလိုက်ရ၏။

သို့သော် အရေးမစိုက်ဟန်ဖြင့် ဝိညာဉ်နတ်ကျူဝေ့ရှိရာသို့ ခုန်အုပ်သွားတော့သည်။

"ချာတိတ် .... မင်း နောက်ဆုတ်ရမယ်မှန်း မသိဘူးလား"

စကားဆုံးသည်နှင့် ညာလက်တစ်ချက် ရှေ့သို့ ဆန့်ထုတ်လိုက်ရာ ဓားမြှောင်နှစ်လက်က ယွင်ကျန်ယိဆီသို့ တရှိန်ထိုးဝင်ရောက်သွားတော့၏။

ယွင်ကျန်ယိကလည်း ခန္ဓာကိုယ် လေထဲမြောက်တက်သွားသည်နှင့် ကျောက်စိမ်းဓားကို ကန့်လန့်ဖြတ်အနေအထား ပြုကာ ပျံသန်းရောက်ရှိလာသော ဓားမြှောင်နှစ်လက်အား ရိုက်ခတ်ဖယ်ထုတ်ပြီး ကျူဝေ့ရှေ့သို့ ရောက်ရှိသွားတော့သည်။

ကျူဝေ့စိတ်ထဲတွင် ယွင်ကျန်ယိ၏ မာနစိတ်များကို မကျေမနပ် ဖြစ်နေမိသည်။ ထို့အတူ စုတာရှင်၏ လိမ်ညာခြင်းကိုလည်း မိမိအလွယ်တကူ လက်မခံလိုပေ။

စုတာရှင်၏ စကားများ မှန်ကန်ခြင်းမရှိမရှိကိုလည်း မိမိ မသိ။ သို့သော် စုတာရှင်၏ စကားများက အမှန်ဖြစ်ဖို့ များနေသည်။

ထို့ကြောင့် မိမိအနေနှင့် လူငယ်လေး ယွင်ကျန်ယိအား လွန်ကျူးသော ဆုံးဖြတ်ချက်တစ်ရပ်ကို မပြုလုပ်သင့်ကြောင်း နားလည်ထားမိပြန်သည်။

မည်သို့ပင်ဖြစ်စေ မနာတက်လှသူ ယွင်ကျန်ယိ၏ မနာစိတ်များကိုကား ချိုးနှိမ်ပစ်ရန် ကျူဝေ့ဆုံးဖြတ်လိုက်၏။

ဤဆုံးဖြတ်ချက်နှင့်အတူ ဓားရှည်ကို ဆွဲထုတ်ကာ ယွင်ကျန်ယိအား တိုက်ခိုက်လိုက်တော့သည်။



တစ်ခဏချင်းမှာပင် ဓားကွက် လေးငါးခြောက်ကွက်ခန့် တိုက်မိသည်နှင့် ယွင်ကျန်ယိက ကျူဝေ့အား အထင်သေး၍ မဖြစ်ကြောင်း ရိပ်စားမိသည်။

လူငယ်လေး ယွင်ကျန်ယိက မာန်တစ်ချက်တင်းကာ .... ကျောက်စိမ်းဓားဖြင့် တန်ပြန်တိုက်ခိုက်လိုက်၏။ သို့သော် ဝိညာဉ်နတ်ကျူဝေ့၏ နောက်ထပ်တိုက်ခိုက်လာမှုကို ယွင်ကျန်ယိမှာ တာရှည်မခံနိုင်ဘဲ နောက်ဆုတ်သွားရပြန်သည်။

နောက်ဆုံး ယွင်ကျန်ယိမှာ ကျောက်စိမ်းပလွေကို ဖြုတ်ယူပြီး နဂါးမာန်သိုင်းဟန် ခုနစ်ကွက်ဖြင့် ကျူဝေ့ကို တိုက်ခိုက်လိုက်တော့သည်။

ကျူဝေ့က ဓားရှည်ဖြင့် ပြန်လည်တိုက်ခိုက်သော်လည်း ကျောက်စိမ်းပလွေ တိုက်ချက်ကို မခံနိုင်ဘဲ နောက်သို့ခြေတစ်လှမ်းဆုတ်သွားရလေသည်။

ထို့ကြောင့် ကျူဝေ့စိတ်ထဲတွင် ထိတ်လန့်တုန်လှုပ်သွားမိသည်။

လူငယ်လေး ယွင်ကျန်ယိတွင် ဤသို့သော ပညာမျိုးရှိနေမည်ဟု မိမိမထင်မိခဲ့ချေ။ နောင်နှစ်ပေါင်းဆယ်နှစ်ဆိုလျှင်ပင် လူငယ်လေးအား ယှဉ်ပြိုင်နိုင်မည့်သူ မရှိနိုင်တော့သလောက် ဖြစ်လာနိုင်လေသည်။

ဝိညာဉ်နတ်ကျူဝေ့က ဤသို့စဉ်းစားရင်း ဘယ်လက်တစ်ချက် ဝှေ့ယမ်းလိုက်ရာ အဖြူရောင် အလင်းတန်းများက ယွင်ကျန်ယိဆီသို့ စုပြုံဝင်ရောက်လာတော့သည်။

ယွင်ကျန့်ယိကလည်း ကျောက်စိမ်းဓားနှင့် ကျောက်
ပလွေတို့ဖြင့် ဝှေ့ယမ်းခုခံသော်လည်း လက်နက်ပုန်းများက လှည့်ပ
ဝန်းရံနေသည်ကို မြင်ရသောအခါ ယွင်ကျန့်ယိမှာ အကြီးအကျ
တုန်လှုပ်ချောက်ချားသွားရ၏။

ထို့ကြောင့် ကပျာကယာ ရှောင်တိမ်းလိုက်ရာ ဓားမြှော
သုံးလက်မှာ သူ၏အင်္ကျီစကို ဖောက်ထွင်းသွားပြီး နောက်ဘက်မြေကြ
ပေါ်သို့ စိုက်ဝင်သွားတော့သည်။ ဝိညာဉ်နှုတ်ကျူဝေ့က အေးတိအေ
စက် ရယ်မောရင်း မလှုပ်မရှားရပ်လျက် ရှိနေသည်။

လှူယုတ်မာ စုတာရှင်မှာမူ ဝိညာဉ်နှုတ်ကျူဝေ့က ယွင်ကျ
ယိအား သုတ်သင်လိုစိတ်မရှိသည်ကို တွေ့လိုက်ရသဖြင့် ကျန်သို
သမားများကို သွေးထိုးလှုပ်ဆော်ပေးလိုက်သည်။

"နောင်တော်တို့ ဘာရပ်ကြည့်နေကြတာလဲ .... ဝိုင်းတို
ကြပါတော့လား .... "

သိုင်းသမားအားလုံးမှာ စောစောက ယွင်ကျန့်ယိအား ရှုံး
ခဲ့သဖြင့် အခဲမကျေဖြစ်နေကြကာ ယခုပြိုင်တူ မတိုက်ခိုက်လျှင် မ
သည့်အချိန်မှ တိုက်နိုင်မည် မဟုတ်မှန်း သိလိုက်ကြ၏။

ထို့ကြောင့် သိုင်းသမားအားလုံးမှာ ဒေါသတကြီးဖြင့် တစ်
နက်တည်း စုပြုံဝင်ရောက်တိုက်ခိုက်ကြတော့သည်။

ထိုအချိန်တွင် ယွင်ကျန့်ယိမှာလည်း ဒေါသကြီးနေပြီဖြစ်
ညာလက်ကို တအားလှုပ်ယမ်းလိုက်သည်နှင့် ညာလက်မောင်းအ
စပင် ဖြိခနဲ အသံမြည်ကာ ကွဲထွက်သွားတော့၏။

တစ်ဆက်တည်း အင်္ဂါမစုံသိုင်းကွက်ကို ထုတ်နှုတ်သုံးလ
တော့သည်။



တစ်ခဏအတွင်း၌ပင် ဝါးနှစ်ပြန်အတွင်းရှိ အရာဝတ္ထုအား
လုံးမှာ သူ၏ ကျောက်စိမ်းဓားအောက်တွင် အုပ်မိုးမိလျက်သား ဖြစ်
သွားတော့သည်။

စိမ်းဖန့်ဖန့် အလင်းရောင်များက ဝါးသုံးပြန်အတွင်း ဟိုသည်
လူးလွန့်ပျံ့ဝဲလျက် ရှိနေ၏။

ထိုစိမ်းဖန့်ဖန့် အရိပ်များ ပျောက်ကွယ်သွားသည့်နေရာတွင်
မူ သိုင်းသမားများ လဲပြိုကျတော့၏။

ထိုအထဲတွင် စုကြွင်တို့ မောင်နှမနှင့် အဘိုးကြီးစုတာရှင်တို့
မှာ လက်မောင်းတစ်ဖက်စီ အသီးသီး အဖြတ်ခံလိုက်ရသည်။

ထို့ပြင် သိုင်းလောကတခွင် လျှမ်းလျှမ်းတောက် ထင်ပေါ်
ကျော်ကြားနေသော ဝိညာဉ်နှုတ်ကျူဝေ့လည်း ယွင်ကျန့်ယိ၏ အင်္ဂါ
မစုံ သိုင်းကွက်ကြောင့် အချောင်လက်မောင်းတစ်ဖက် ပြတ်ရလေ
သည်။

ထို့ကြောင့် စုကြွင်တို့မောင်နှမ၊ စုတာရှင်နှင့် ကျူဝေ့တို့မှာ
လက်မောင်း တစ်ဖက်စီ အဖြတ်ခံလိုက်ရသော်လည်း အလွန်အမင်း
အံ့ဩနေပြီး ထိုနေရာတွင် မလှုပ်မယှက် ရပ်နေမိကြ၏။

လူငယ်လေး ယွင်ကျန့်ယိကလည်း မိမိက ဒေါသအလျောက်
အင်္ဂါမစုံ ဓားကွက်ကို ထုတ်သုံးလိုက်ခြင်း ဖြစ်သည်။ သို့သော် ဤသို့
ဖြစ်လာမည်ကို လုံးဝမထင်မှတ်ခဲ့ချေ။

သူ၏ အင်္ဂါမစုံဓားကွက် ထုတ်လိုက်သည်နှင့် အားတစ်ခုက
အလိုလို တွန်းကန်ပို့လိုက်သလို ဖြစ်သွားကာ ရန်သူ၏သေကွင်း
သေကွက်များဆီသို့ ကျောက်စိမ်းဓား တိုးဝင်သွားပြီး သူ့ဓားသူပင်
မထိန်းချုပ်နိုင်ဘဲ ဖြစ်ခဲ့ရသည်။

Scanned with ACE Scanner

"မင်း အတော်ရက်စက်တဲ့ ကောင်ပဲ .... ကျုပ် ကျုပ့် အသက်ရှင်နေသရွေ့ တစ်နေ့နေ့မှာ မင်းကို သုတ်သင်ဖြေရှင်းမယ်"

စကားဆုံးသည်နှင့် ဝိဉာဉ်နတ်ကျုံ့ဝေ့မှာ ထိုနေရာမှ ကျော နိုင်းထွက်ခွာသွားလေသည်။

အဘိုးကြီးစုတာရှင်မှာမူ လူငယ်လေး ယွင်ကျန်ယီအား ကြည့်ကာ အကြောက်လွန်ပြီး ရုတ်တရက် သတိလစ်လဲကျသွားတော့ သည်။

ယောက်ျားပျို စုကြွင်နှင့် မိန်းမပျိုလေး စုယီလန်တို့သည် မျက်နှာသွေးဆုတ် ဖြူရော်သွားကာ ထိုင်နေရာမှ လျှင်မြန်သော အရှိန် အဟုန်ဖြင့် ပြေးလွှားထွက်ခွာသွားကြသည်။

❋



ထိုနေရာတစ်ဝိုက်တွင် လူသေအလောင်းများနှင့် ယွင်ကျန် ယီတို့သာ ကျန်ရစ်ခဲ့တော့သည်။

ယွင်ကျန်ယီ မျက်နှာပေါ်တွင်လည်း ဖြူဖပ်ဖြူရော် ဖြစ်နေပြီး မြေကြီးပေါ်၌ လဲကျသေဆုံးနေသော အလောင်းကောင်များကို စူးစူး စိုက်စိုက်ကြည့်နေမိသည်။

စောစောက ဖြစ်ပျက်ခဲ့သည့်အကြောင်းအရာများကို သတိ မရဟန် ဖြစ်နေသည်။

မိမိက အင်္ဂါမစုံဓားကွက်ကို ထုတ်သုံးလိုက်ခြင်းကိုသာ သတိ ရလိုက်ပြီး ထိုဓားကွက် တစ်ကွက်တည်းဖြင့်ပင် ရန်သူအားလုံးနီးပါးကို မသိစိတ်ဖြင့် သုတ်သင်ပစ်လိုက်မိ၏။

သူ့ကိုယ်သူ မည်သို့မည်ပုံ ရန်သူများကို သုတ်သင်လိုက်မှန်း ပင် အတိအကျ မသိဘဲ ဇဝေဇဝါ ဖြစ်နေမိသည်။

ယွင်ကျန်ယီမှာ အတန်ကြာတွေဝေငေးမောနေရာမှ ရှေ့တွင် ညည်းညူလိုက်တော့၏။

"အင်း .... အတော့်ကို ကြောက်စရာကောင်းတဲ့ ဓားကွက် ပါလား .... "

ညည်းညူရေရွတ်ပြီးသည်နှင့် ယွင်ကျန်ယိက လူသေအလောင်းများကို ဝမ်းနည်း ယူကြုံးမရဟန်ဖြင့် တစ်ချက်လှမ်းကြည့်လိုက်ပြီး မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ကာ ထိုနေရာမှ ပြေးလွှားထွက်ခွာသွားတော့သည်။



လမင်း၏ အလင်းရောင်က ကမ္ဘာမြေကြီးပေါ်သို့ အေးမြသော အလင်းများပေးလျက် ရှိနေ၏။

ထိုလရောင်အောက်တွင် လုလင်ငယ်လေးတစ်ဦးက နွေးကွေးသော ခြေလှမ်းများဖြင့် လျှောက်လှမ်းနေသည်ကို တွေ့မြင်ရလေသည်။

လရောင်အောက်တွင် လူငယ်လေး၏မျက်နှာကိုကြည့်ခြင်းအားဖြင့် တစ်စုံတစ်ခုကိုနောက်ဆံတင်းနေသကဲ့သို့ ခံစားနေရကြောင်းမြင်နိုင်၏။

ထိုလူငယ်၏ ခါးကြားတစ်ဖက်တစ်ချက်တွင်မူ ကျောက်စိမ်းဓားနှင့် ကျောက်စိမ်းပလွေကို ဆွဲချိတ်ထားသည်။

လူငယ်လေးမှာ မိုးကောင်းကင်မှ လမင်းကြီးကို အဓိပ္ပာယ်မဲ့စွာ တွေဝေငေးမောကြည့်ရှုနေပြီး ရှေ့သို့ ဆက်လက်လျှောက်လှမ်းသွားပြန်သည်။

ထိုအခိုက် အနက်ရောင် လူရိပ်တစ်ခုက လမ်းဘေးသစ်ပင်ပေါ်မှ လမ်းမကြီးပေါ်သို့ ခုန်လွှားရောက်ရှိသွားကာ ရပ်တန့်လိုက်၏။

နေးကွေးစွာ လျှောက်လှမ်းသွားနေသော လုလင်ငယ်၏ နားအာရုံမှာ အစွမ်းထက်လှသည့်အလား နောက်ပြန်လှည့်ကြ လိုက်၏။

ထိုအခါ အဝါရောင် ဝတ်စုံကို ဝတ်ဆင်ထားသော လူကြ တစ်ယောက်အား မမျှော်လင့်ဘဲ တွေ့လိုက်ရ၏။

ထိုလူကြီးမှာ တစ်ချိန်က မိမိဆရာ၏ရန်ဘက်ဖြစ်သူ ဆ ကွမ်းလာမာဖြစ်နေကြောင်း တွေ့လိုက်ရသည်။

ဆန်းကွမ်းလာမာဆိုသူ အဘိုးကြီးက တည်ငြိမ်စွာရပ်လျှ ရှိပြီး အေးစက်စက် လှမ်းမေးလာသည်။

"မင်းဟာ ယွင်ကျန်ယိဆိုတာလား .... "

"ဟုတ်တယ် .... "

ယွင်ကျန်ယိ၏လေသံမှာ ပြတ်တောင်းမာကျောပြီး ခက်ထ ၍ နေလေသည်။

ဆန်းကွမ်းလာမာဆိုသူ အဘိုးကြီးက တဟားဟားနှင့် ရယ် မောလိုက်ရင်း ခနဲ့တဲ့တဲ့စကား ဆိုလာသည်။

"ဟား .... ဟား .... ဟား .... မင်း အတော်သတ္တိကောင်းပ လား .... မင်းကို အမှန်တော့ ငါ မတွေ့ချင်ပါဘူး .... ဒါပေမယ့် မင်း ဓားချက်နဲ့ လူဆ ယောက်လောက်ကို သတ်နိုင်ခဲ့တဲ့အပြင် ဝိညာ နတ် ကျူငေ့ရဲ့လက်မောင်းတစ်ဖက်ကိုပါ ဖြတ်ပစ်နိုင်ခဲ့တယ်ဆိုတေ ဘယ်ဆိုးလို့တုန်း .... ဒီကိစ္စတွေဟာ အမှန်ပဲလား .... "

လူငယ်လေး ယွင်ကျန်ယိက အေးဆေးသောလေသံဖြင့် ပြ လည်ဖြေကြားလိုက်သည်။



"အမှန်ပဲ .... "

"အေး .... အမှန်ပဲဆိုရင် အတော့်ကို အံ့သြစရာကောင်းတဲ့ ကိစ္စပဲ .... တောင်ပိုင်း ပလွေသံရှင်ဆီမှာ ဒီလိုရက်စက်လှတဲ့ တပည့် မျိုးရှိနေတာ .... မင်းဆရာက ဆုံးမသွန်သင်ခြင်း မရှိပေမယ့် ငါက တော့ .... မင်းကို ဆုံးမရလိမ့်မယ် .... "

ထိုစကားကြောင့် ယွင်ကျန်ယိမှာ အတော်ကလေး ခံပြင်း သွားမိသည်။

"ကျုပ်ဟာ .... ကျုပ်ဆရာပေးတဲ့ အပြစ်ကို ရဲရဲကြီးခံရဲပေ မယ့် ခင်ဗျားရဲ့ ဆုံးမမှုကိုတော့ ကျုပ် မနာခံနိုင်ဘူး .... နောက်ပြီး တောင်ပိုင်း ပလွေသံရှင်ရဲ့ တပည့်ဟာ သူတစ်ပါးရဲ့ ဆုံးမမှုကို ခံတတ် တဲ့ လူစားမျိုး မဟုတ်ဘူးဆိုတာ .... ခင်ဗျားသိဖို့ ကောင်းတယ်"

အဘိုးကြီးဆန်းကွမ်းလာမာက ယွင်ကျန်ယိအား မနှစ်မြို့ သော အမူအရာဖြင့်ကြည့်ကာ ....

"ဒါပေမယ့် မင်းရဲ့ဒီကနေ့ အပြုအမူဟာ မင်းဆရာတောင်ပိုင်း ပလွေသံရှင် ရှိနေတဲ့တိုင် ငါက ကြားဝင်ဆုံးမတာကို ဟန့်တားမယ် မထင်ဘူး .... "

ထိုစကားကြောင့် ယွင်ကျန်ယိမှာ မျက်နှာပျက်သွားရ၏။

သူ့စိတ်ထဲတွင်လည်း အလိုလိုသိလိုက်ချေပြီ။ မိမိ၏ အင်္ဂါမစုံ ဓားကွက်ကြောင့် မလိုလားအပ်သော အနှောင့်အယှက်များ ဖြစ်ပေါ် လာရချေပြီ။

ထိုဆံနီအဘိုးကြီးမှာ မိမိကိုမသတ်သည့်အပြင် ဤအင်္ဂါမစုံ ဓားကွက်ကိုပင် သင်လိုက်သေး၏။

ဤသို့ဖြစ်လာအောင် ဆံနီအဘိုးကြီးက ပြုလုပ်လိုက်ခြင်း ဖြစ်

Scanned with ACE Scanner

သည်မို့ ဆံနီအဘိုးကြီးက မိမိကိုမသတ်ခြင်းသည် အသတ်ခံရသည်ထ
ပင် စိတ်နာကြည်းသွားမိသည်။

အတွေးများ ခေါင်းထဲဝင်လာသည်နှင့် ယွင်ကျန်ယိက ဘာ
မပြောတော့ဘဲ ခေါင်းငုံ့ကာ ရပ်နေမိတော့သည်။

ထိုအချိန်တွင် ဆန်းကွမ်းလာမာအဘိုးကြီးက ယွင်ကျန်ယ
ရှေ့သို့ တစ်လှမ်းချင်း လျှောက်လှမ်း ချဉ်းကပ်လာနေ၏။

"ကျုပ် လက်မခံနိုင်ဘူး .... "

ယွင်ကျန်ယိက ရုတ်တရက် ခေါင်းငုံ့နေရာမှ ခေါင်းမော့ပြေ
လာသဖြင့် အဘိုးကြီး ဆန်းကွမ်းလာမာမှာ ကြောင်အမ်းအမ်းဖြစ်သွ
ရ၏။

ယွင်ကျန်ယိသည် သူ၏ဖခင်အတွက် တာဝန်မကျေခဲ့သေ
ပေ။ ဤအချိန်မျိုး၌ သူတစ်ပါး၏ ထိန်းချုပ်ခြင်းကို မခံနိုင်သေးပေ

ထို့ပြင် ဤကိစ္စများ ဖြစ်လာအောင် မိမိစိတ်ဆန္ဒအလျော
ပြုလုပ်ခဲ့ခြင်းလည်း မဟုတ်။

ယွင်ကျန်ယိ အမျိုးမျိုးစဉ်းစား တွေးတောကာ ကျယ်လော
သောအသံဖြင့် အော်ဟစ်ပြောဆိုပြန်သည်။

"မဖြစ်ဘူး .... ခင်ဗျားရဲ့ ဆုံးမမှုကို ကျုပ် ဘယ်လိုနည်းနဲ
လက်မခံနိုင်ဘူး .... "

ဆန်းကွမ်းလာမာ၏ မျက်နှာပေါ်ရှိ နဖူးကြောကြီးများက
ထောင်တက်သွားကာ ဒေါသသံဖြင့် ....

"မင်း ခုလိုလုပ်လေ ချမ်းသာမပေးနိုင်လေပဲ .... ကောင်း
ငါ မင်းကို မင်းဆရာဆီ ဖမ်းခေါ်သွားမယ် .... မင်းဆရာက မင်းက
ဘယ်လိုအပြစ်မျိုး ပေးမယ်ဆိုတာ စောင့်ကြည့်ရသေးတာပေါ့ ....



ဆန်းကွမ်းလာမာ၏ စကားအဆုံး၌ ယွင်ကျန်ယိက ခါးကြား
တွင်ရှိနေသည့် ကျောက်စိမ်းပလွေကို ဖြုတ်ယူလိုက်၏။

"ခင်ဗျားက ကျုပ်ကို ဖမ်းနိုင်ရင် ခင်ဗျားခေါ်ရာကို လိုက်ခဲ့
မယ် .... "

ထိုစကားကြောင့် ဆန်းကွမ်းလာမာက သဘောအကျကြီး
ကျသွားကာ ....

"လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်ကျော်က ငါဟာ မင်းဆရာနဲ့ သိုင်း
ပညာချင်း ယှဉ်ပြိုင်ခဲ့ဖူးတယ် .... နောက်ဆုံး နှစ်ယောက်စလုံး ဒဏ်ရာ
ရခဲ့ပြီး .... ငါ့စိတ်ထဲမှာ မင်းဆရာကို အလေးစားဆုံး ပုဂ္ဂိုလ်တစ်ဦး
အဖြစ် သတ်မှတ်ထားခဲ့တယ် .... ဒီလို ပုဂ္ဂိုလ်မျိုးဆီမှာ မင်းလိုတပည့်
မျိုး ရှိလိမ့်မယ်လို့ ငါလုံးဝ မထင်မှတ်ခဲ့ဘူး .... "

ယွင်ကျန်ယိ၏ မျက်လုံးအစုံက လှုပ်ရှားလျက်ရှိနေပြီး နိုင်မာ
သော ဆုံးဖြတ်ချက်ဖြင့် ....

"ဒါပေမယ့် ဒီကိစ္စက ခင်ဗျားနဲ့ ဘာဆိုင်လို့လဲ .... "

အဘိုးကြီး ဆန်းကွမ်းလာမာက ဆက်လက်သည်းခံခြင်းမှာ
မတတ်နိုင်တော့သည့်အလား ယွင်ကျန်ယိဆီသို့ ရိပ်ခနဲ ခုန်လွှားရောက်
ရှိသွားတော့သည်။

ဆန်းကွမ်းလာမာသည် နာမည်ကျော် သိုင်းသမားကြီး တစ်
ယောက်ဖြစ်မှန်း ယွင်ကျန်ယိ သိနေသည်။

ထို့ကြောင့် အထင်မသေးရဲဘဲ နောက်သို့ ကပျာကယာ ဆုတ်
ခွာရင်လိုက်ရင်း ပထမတစ်ကွက်ကို ရှောင်တိမ်းပေးလိုက်လေသည်။

ဒုတိယအကြိမ် ဆန်းကွမ်းလာမာက လေပေါ်ခုန်တက်ပြီး
လေထဲတွင်ပင် ယွင်ကျန်ယိအား ခြေစုံပစ်ကန်လိုက်၏။

ယွင်ကျန်ယိမှာ ဘေးသို့ တိမ်းရှောင်လိုက်ရင်း ကျောက်စိ ပလွေကို ဆန့်ထုတ်ကာ ဆန်းကွမ်းလာမာ၏ ခြေထောက်သွေးကြေ ကို ထိုးပိတ်လိုက်သည်။

"မင်း မဆိုးဘူး .... "

ဆန်းကွမ်းလာမာက ကျောက်စိမ်းပလွေ ထိုးချက်ကို တိမ် ရှောင်ရင်း ခန္ဓာကိုယ်ကို ကိုင်းကာ ယွင်ကျန်ယိ ရင်ဘတ်ဆီသို့ ရိုက် ချလိုက်သည်။

ယွင်ကျန်ယိ၏ စိတ်ထဲတွင်လည်း ဆန်းကွမ်းလာမာ၏ တိုက် ကွက်များက ဆန်းပြားနေသည်ကို ထိတ်လန့်စွာ ရင်ဆိုင်နေရသည်

အကွက်တိုင်းမှာလည်း မြန်ဆန်သွက်လက်လျက်ရှိရာ ယွ ကျန်ယိက ခန္ဓာကိုယ်ကို တစ်ပတ်လည်လိုက်ပြီးနောက် ညာလက် ကျောက်စိမ်းဓားရှည်ကို ဆွဲထုတ်လိုက်တော့သည်။

အဘိုးကြီး ဆန်းကွမ်းလာမာမှာ ကျောက်စိမ်းဓားကို ပထ ဆုံး တွေ့မြင်လိုက်ရသဖြင့် ရုတ်တရက် အတင်းမတက်ရဲတော့ဘဲ ယွ ကျန်ယိကို အကဲခတ်ကြည့်နေ၏။

ယွင်ကျန်ယိကလည်း ငြိမ်သက်စွာ ရပ်နေကာ လှုပ်ရှားခြင်း လုံးဝမပြုချေ။

အတန်ကြာမှ ဆန်းကွမ်းလာမာက ညင်သာသောလေသံဖြင့် လှမ်းပြောလာသည်။

"ယွင်ကျန်ယိ .... မင်းဟာ ဒီကနေ့ကစပြီး တောင်ပိုင်းပလွေ သံရှင်ရဲ့ တပည့်လို့ မပြောရဘူး .... "

စကားဆုံးသည်နှင့် ယွင်ကျန်ယိဆီသို့ ခုန်အုပ်သွားပြန်သည်



ယွင်ကျန်ယိကလည်း မာန်တစ်ချက်တင်းကာ ညာလက်မှ ကျောက်စိမ်းဓားက ကျောက်စိမ်းဓားကွက်အလိုက် ဘယ်လက်မှ ကျောက်စိမ်းပလွေကို နဂါးမာန်သိုင်းဟန် ခုနစ်ကွက်ဖြင့် ဆန်းကွမ်း လာမာကို တိုက်ခိုက်သည်။ နှစ်ယောက်သား လေထဲတွင်ရောက်နေ ကာ လျှပ်စီးလက်သကဲ့သို့ တဒင်္ဂအချိန်အတွင်း သိုင်းကွက်ငါးကွက်မျှ ယှဉ်ပြိုင်ပြီး ဖြစ်သွားကြ၏။

ထို့နောက် မြေပေါ်သို့ အသီးသီးပြန်ကျလာကာ ဆန်းကွမ်း လာမာ၏ မျက်နှာပေါ်တွင် ထိတ်လန့်တုန်လှုပ်သည့်အမူအရာများ အထင်းသား ပေါ်လွင်နေတော့သည်။

ထို့ပြင် ယွင်ကျန်ယိအား ချီးမွမ်းပြောဆိုလာပြန်သည်။

"ယွင်ကျန်ယိ မင်းဟာ တောင်ပိုင်းပလွေသံရှင်ရဲ့ တပည့်ပီသ ပါပေတယ် .... တကယ်လို့ ဆိုးရွားတဲ့ အပြုအမူတွေသာ မင်းမလုပ် ခဲ့ဘူးဆိုရင် မင်းဆရာဟာ မင်းအတွက် ဘယ်လောက် ဂုဏ်တက်ကလိုက် မလဲ .... "

ယွင်ကျန်ယိမှာ ဆန်းကွမ်းလာမာ၏ ချီးကျူးပြောကြားသံကို ကြားလိုက်ရသော်လည်း လုံးဝလှုပ်ရှားခြင်း မရှိချေ။

ဆန်းကွမ်းလာမာက ယွင်ကျန်ယိကို ကြည့်ကာ စိတ်ပျက် သွားပြီး ခုန်လွှားတိုက်ခိုက်လာပြန်သည်။

ယွင်ကျန်ယိ၏ မျက်နှာအမူအရာမှာ လုံးဝပြောင်းလဲခြင်း မရှိ ဘဲ စောစောက အကွက်အတိုင်း ပြန်လည်ခုခံလိုက်သည်။

သို့သော် တတိယအကြိမ် တိုက်ခိုက်လာသည်နှင့် ယွင်ကျန် ယိမှာ ထိပ်တိုက်ရင်မဆိုင်ရဲတော့ချေ။ ကပျာကယာ တိမ်းရှောင်ပေး လိုက်ရ၏။

ဆန်းကွမ်းလာမာမှာ အတွေ့အကြုံ ရင့်ကျက်သူဖြစ်ပြီး ယွ
ကျန်ယိ၏ အခြေအနေကို မြင်လိုက်ရသည်နှင့် ဟင့်ခနဲ အသံတစ်ချ
ပြုကာ ဘယ်ညာလက်ဝါးဖြင့် ရှေ့ဆင့်နောက်ဆင့် တိုက်ခိုက်လာပြ
သည်။

ယွင်ကျန်ယိကား ကျောက်စိမ်းပလွေကို တရကြမ်းဝှေ့ယမ်း
ခုခံလိုက်ရာ ပလွေနှင့်လက်ဝါး ထိပ်တိုက်ထိမှန်သွားတော့သည်။

ယွင်ကျန်ယိ၏ ခန္ဓာကိုယ်က နောက်သို့ ခြေသုံးလှမ်းခ
ဆုတ်သွားရပြီး မျက်နှာတစ်ခုလုံး ဖြူရော်ရော်ဖြစ်သွားသည်။

ထိုစဉ် ဆန်းကွမ်းလာမာက ပြင်းထန်သော လက်ဝါးချ
များဖြင့် ဆက်တိုက် တိုက်ခိုက်လာပြန်သည်။

ယွင်ကျန်ယိ မတတ်သာတော့ချေ။

ညာလက်မှ အလိုအလျောက် ကျောက်စိမ်းဓားကို ဆွဲနှု
ဝှေ့ဝိုက်ကာ အင်္ဂါမစုံဓားကွက်ကို ထုတ်သုံးတိုက်ခိုက်လာတော့၏။

သို့သော် ယွင်ကျန်ယိက ရုတ်တရက် အသိစိတ်များပြန်ဝ
လာကာ ထုတ်လက်စ အင်္ဂါမစုံဓားကွက်ကို ချက်ချင်းပြန်ရုတ်သိမ်း
လိုက်လေသည်။

အချိန်မီ ဓားကွက်ပြန်ရုတ်သိမ်းလိုက်သော်လည်း ဆန်းကွမ်
လာမာ၏ ဘယ်လက်ဝါးက အင်္ဂါမစုံဓားကွက်အောက် ရောက်ရှိလာ
ကာ လုံးဝမရှောင်နိုင်သော အခြေအနေသို့ ရောက်ရှိသွား၏။

ထိုစဉ် ကြည်လင်သာယာသော မိန်းမပျိုလေးတစ်ယောက်
၏ အသံတစ်သံကို ကြားလိုက်ရ၏။

"ဟုတ်ပြီ .... အဲဒီလူပဲ .... သူ့ကိုဖမ်းလိုက်ပါ .... "

စကားသံဆုံးသည်နှင့် ဝတ်စုံစိမ်းဝတ် မိန်းမပျိုလေးက သူ



နှစ်ဦး၏ အနီးသို့ရောက်လာကာ အဘိုးကြီးဆန်းကွမ်းလာမာအား
လက်ဝါးချက်ဖြင့် တိုက်ခိုက်လာသည်။

ထို့နောက် အစိမ်းရောင်ဝတ် မိန်းမပျိုလေးက ကျေနပ်သော
အမူအရာဖြင့် ယွင်ကျန်ယိဘက်သို့လှည့်ကာ ပြောလာပြန်သည်။

"ရှင် .... ကျွန်မနဲ့ လိုက်ခဲ့"

ယွင်ကျန်ယိက ပြန်မပြောနိုင်မီ ဆန်းကွမ်းလာမာမှာ ထို
မိန်းမပျိုကိုကြည့်ကာ ကြားဖြတ်ဝင်မေးလိုက်၏။

"မိန်းကလေး မင်းဘယ်သူလဲ .... "

ဝတ်စုံစိမ်း မိန်းပျိုက သဘောမကျဟန်ဖြင့် လက်ထဲတွင်
အသင့်ကိုင်ထားသည့် အမိန့်ပေးကျောက်စိမ်းပြားကို ထုတ်ပြလိုက်
သည်။

ထိုကျောက်စိမ်းပြားကို မြင်လိုက်သည်နှင့် အဘိုးကြီးဆန်း
ကွမ်းလာမာ၏ မျက်နှာမှာ အကြီးအကျယ် ပျက်သွားကာ စကားတစ်
ခွန်းမျှပင် မပြောနိုင်တော့ချေ။

စိတ်ထဲတွင် လူငယ်လေး ယွင်ကျန်ယိအတွက် စိုးရိမ်သွားမိ
သည်။

ယွင်ကျန်ယိကမူ ဝတ်စုံစိမ်းဝတ် မိန်းမပျိုလေးအား အကဲ
ခတ် ကြည့်ရှုနေလေသည်။

ဝတ်စုံစိမ်းဝတ် မိန်းမပျိုလေး၏ အသက်မှာ ဆယ့်ခြောက်နှစ်
ခန့်သာ ရှိမည်ဟု ထင်ရသည်။

ဤအမိန့်ပေး ကျောက်စိမ်းပြားပိုင်ရှင်မှာ မည်သူမည်ဝါ ဖြစ်
သည်ကို သူကိုယ်တိုင် သိနေ၏။

ထို့ကြောင့် မရယ်ချင့် ရယ်ချင်ဟန်ဖြင့် ရယ်မောလိုက်ရင်း....

Scanned with ACE Scanner

"မိန်းကလေး .... မင်းက ခေါ်ပေမယ့် .... ကျုပ်ဆန္ဒမပါတဲ့အတွက် မလိုက်နိုင်ဘူး .... "

ယွင်ကျန်ယိ၏ ပြင်းဆိုစကားကြောင့် ဝတ်စုံစိမ်းမိန်းမပျို၏ မျက်နှာမှာ ပျက်သွားကာ ....

"အတော် မိုက်မိုက်မဲမဲကို သတ္တိရှိနေပါလား .... ဒီ မေဒနီကျောက်စိမ်းပြားပိုင်ရှင် ဘယ်သူဆိုတာကိုကော ရှင် မသိဘူးလား"

"အမည်မဖော်တဲ့ သိုင်းနတ်ဒေဝီရှင် ဖြစ်ပေမယ့် .... ကျုပ်သူ့အပေါ် အပြစ်ရှိအောင် မလုပ်ခဲ့ဖူးသေးဘူး .... အေး .... မင်းမှာ ပညာရှိရင်တော့ ကျုပ်ကိုရအောင် ခေါ်သွားနိုင်တယ် .... "

ဝတ်စုံစိမ်း မိန်းမပျိုလေးက အေးစက်စက်လေသံဖြင့် ပြောလာပြန်သည်။

"မေဒနီ အမိန့်ပေး ကျောက်စိမ်းပြားနဲ့ အမိန့်ပေးအခေါ်ခံရတဲ့ လူတိုင်းကို အလွယ်တကူနဲ့ သေစေနိုင်တယ်လို့ ထင်နေသလား"

အဘိုးကြီး ဆန်းကွမ်းလာမာက ကြားဖြတ်ဝင်မေးလာပြန်သည်။

"နေပါဦး .... နာမည်မဖော်တဲ့ သိုင်းဒေဝီရှင်က ဘာဖြစ်လို့ မေဒနီအမိန့်ပေး ကျောက်စိမ်းပြားနဲ့ ဒီသူငယ်ကို ဖိတ်ခေါ်ရတာလဲ"

အမှန်တွင်မူ အဘိုးကြီး ဆန်းကွမ်းလာမာမှာ မေဒနီကျောက်စိမ်း အမိန့်ပေးပြားကို မြင်လိုက်ရသည်နှင့် ထိတ်လန့်ကြောက်ရွံ့သွားမိသည်။

ထို့ပြင် လူငယ်လေး ယွင်ကျန်ယိကိုယ်တိုင်က မေဒနီအမိန့်ပေး ကျောက်စိမ်းပြားကို မြင်ပါလျက်နှင့် ဝတ်စုံစိမ်း မိန်းမပျိုအား ပြန်လှန်ပြောရဲနေသည် မဟုတ်ပါလား။



တောင်ပိုင်း ပလွေသံရှင်၏ တပည့်ရှေ့တွင် မိမိအား အထင်မြင်သေးသွားမည်ကို စိုးရိမ်သဖြင့် ဤကဲ့သို့ မိန်းမပျိုအား မေးခွန်းထုတ်လိုက်ခြင်း ဖြစ်သည်။

ဆန်းကွမ်းလာမာ၏ အမေးကြောင့် ဝတ်စုံစိမ်းဝတ် မိန်းကလေးက ဒေါသထွက်လာကာ ....

"အဘိုးကြီး ရှင်တကယ် သိချင်ရင် .... မေဒနီ အမိန့်ပေးကျောက်စိမ်းပြားပိုင်ရှင်ကို သွားမေးပါလား .... "

ဆန်းကွမ်းလာမာမှာ မျက်နှာပျက်သွားသော်လည်း ဟိတ်ဟန်အပြည့်ထုတ်ကာ ဟန့်တားပြောဆိုလိုက်၏။

"ကောင်းပြီ .... မင်းတို့ လုပ်ချင်သလို လုပ်နိုင်တယ် .... ဒါပေမယ့် အကြောင်းစုံ မသိရမချင်းတော့ ဒီသူငယ်ကို ခေါ်သွားခွင့်မပြုနိုင်ဘူး .... "

ဆန်းကွမ်းလာမာ၏ စကားကြောင့် ဝတ်စုံစိမ်းဝတ် မိန်းမပျိုမှာ ဒေါသထွက်သွားပြီး သူမ၏လက်ဝါးကို ဝှေ့ယမ်းကာ ဆန်းကွမ်းလာမာအား တိုက်ခိုက်လိုက်၏။

အဘိုးကြီး ဆန်းကွမ်းလာမာက လေထဲသို့ ခုန်တက်ကာ သိုင်းကွက်လေးကွက်မျှ ထုတ်သုံးလိုက်တော့မှ ရှောင်တိမ်းလိုက်နိုင်၏။

အဘိုးကြီး၏ မျက်နှာတစ်ခုလုံးမှာ ဇောချွေးများပျံလာပြီး ဝတ်စုံစိမ်းဝတ် မိန်းကလေး၏ သိုင်းပညာ ဤမျှအထိ မြင့်မားမှုကို ကြောက်ခမန်းလိလိ ကိုယ်တွေ့ကြုံလိုက်ရ၏။

မိန်းကလေး၏ သိုင်းပညာကို ကြည့်ရခြင်းအားဖြင့် နာမည်မဖော်သူ သိုင်းဒေဝီရှင်၏ ဂုဏ်သတင်းကျော်ကြားမှုမှာ မှန်ကန်နေပြီဖြစ်သည်။

Scanned with ACE Scanner

ထို့အတူ ဝတ်စုံစိမ်းဝတ် မိန်းမပျိုက လက်ဝါးတစ်ချက်တည်းနှင့် အဘိုးကြီး ဆန်းကွမ်းလာမာအား အနိုင်မရသဖြင့် မျက်နှာတစ်ခုလုံး နီရဲသွားတော့၏။

ထို့ကြောင့် မိန်းမပျိုလေးက နောက်ထပ်တစ်ဖန် ဆန်းကွမ်းလာမာအား ခုန်လွှားတိုက်ခိုက်ပြန်သည်။

ဘေးတွင် ရပ်ကြည့်နေသော ယွင်ကျန်ယိကို ဝတ်စုံစိမ်း မိန်းမပျိုသည် မိမိနှင့် ပြိုင်ဘက်မဟုတ်မှန်း သိလိုက်ရ၏။

ထို့ပြင် အမည်မဖော်သူ သိုင်းဒေဝီရှင်က မိမိအား မေဒနီ အမိန့်ပေး ကျောက်စိမ်းပြားဖြင့် လိုက်လံရှာသည်ကို စဉ်းစားမရ ဖြစ်နေသည်။

အမည်မဖော်သူ သိုင်းဒေဝီ၏ သိုင်းပညာမှာ ပထမတန်း သိုင်းပညာရှင်ကြီးဟု ယွင်ကျန်ယိ ကြားသိခဲ့ရ၏။

သိုင်းဒေဝီရှင်၏ လက်ချက်မှာ သိုင်းလောကနတ်ဆိုးကြီးများပင် လက်ဖျားခါလောက်အောင် ရက်စက်မှုတွင် သရဖူဆောင်းခဲ့သည်။

တစ်ချိန်က သိုင်းဒေဝီရှင်မှာ ချစ်ကံခေခဲ့သော်လည်း ဆန်းပြားသည့် သိုင်းကျမ်းစာအုပ်တစ်အုပ် ရရှိကာ သိုင်းပညာများလေ့ကျင့်ခဲ့ရင်း ယခုကဲ့သို့ နာမည်ကြီးလာခဲ့ရခြင်း ဖြစ်သည်။

လွန်ခဲ့သည့်နှစ်ပေါင်း လေးဆယ်က ဂှာဆန်းတောင်ပေါ်တွင် သိုင်းလောကအဆင့်မြင့် ပုဂ္ဂိုလ်တစ်ဦးကို နာမည်မဖော်သူ သိုင်းဒေဝီရှင်ကိုယ်တိုင် သတ်ဖြတ်သုတ်သင်ခဲ့သော ရက်စက်မှုများက ပြိုင်စံရှားလှ၏။

ထိုစဉ် ဘေးမှ ရပ်ကြည့်နေသူများပင် မကြည့်ရဲလောက်အောင် မျက်နှာလွှဲသွားကြသော်လည်း သိုင်းဒေဝီရှင်ဆိုသူ အမျိုးသမီးကြီးမှာကား မျက်နှာအမူအရာ ပြောင်းလဲခြင်းပင် မရှိခဲ့ချေ။



နာမည်မဖော်သူ သိုင်းဒေဝီရှင်၏ သိုင်းပညာမှာ အဆင့်မြင့်လှသည့်အတွက် မည်သည့်သိုင်းပညာရှင်မျိုးမှ သူ့အား စိတ်ခေါ်ခြင်း မပြုရဲတော့ချေ။

သည့်နောက်ပိုင်း မေဒနီခေါ် ကျောက်စိမ်းအမိန့်ပေးပြား ထွက်ပေါ်လာရာ မည်သူမျှ ကန့်ကွက်ပြောဆိုခြင်း မရှိခဲ့ချေ။

ယခု သိုင်းပညာ အဆင့်မြင့်မားလွန်းလှသော သိုင်းဒေဝီရှင်က မေဒနီကျောက်စိမ်း အမိန့်ပေးပြားနှင့်မိမိအား မည်သည့်အကြောင်းကိစ္စကြောင့် လိုက်လံရှာဖွေရသနည်း။

ယွင်ကျန်ယိက အတွေးဆုံးသည်နှင့် တိုက်ခိုက်နေသူ နှစ်ယောက်ကို လှမ်းအော်တားဆီးလိုက်သည်။

"ရပ်ကြစမ်း .... "

ဝတ်စုံစိမ်းဝတ် မိန်းမပျိုက ယွင်ကျန်ယိ၏ လှမ်းအော်တားဆီးမှုကြောင့် နောက်သို့ချက်ချင်း ခုန်ဆုတ်လိုက်ရင်း ပြန်လည်မေးလာသည်။

"ရှင် ဘာပြောချင်လို့လဲ .... "

ယွင်ကျန်ယိက ရုတ်တရက် အဖြေမပေးသေးဘဲ ခေါင်းကိုသာ တွင်တွင် ခါယမ်းနေသည်။ ထို့နောက် အဘိုးကြီး ဆန်းကွမ်းလာမာအား စိုက်ကြည့်ပြီး ဝတ်စုံစိမ်း မိန်းမပျိုကို လှမ်းပြောလိုက်သည်။

"ခုကိစ္စမှာ သူနဲ့လုံးဝမပတ်သက်ဘူး .... ကျုပ်တို့နှစ်ယောက်ဆုံးဖြတ်ကြတာပေါ့ဗျာ .... "

"မဖြစ်ဘူး .... "

အဘိုးကြီး ဆန်းကွမ်းလာမာနှင့် ဝတ်စုံစိမ်းဝတ် မိန်းမပျိုတို့

Scanned with ACE Scanner

က ပြိုင်တူလှမ်းအော်ပြောလိုက်သည်။

"ဒီ မေဒနီအမိန့်ပေးကျောက်စိမ်းပြား ရောက်လာတဲ့ အမိန့်စကားကို ဘယ်လူမျိုးမဆို နာခံကြရမယ် .... ကလန်ကဆန် လုပ်ရဲတဲ့လူ မရှိစေရဘူး .... "

စကားဆုံးသည်နှင့် သူတို့နှစ်ဦးကို စူးစိုက်ကြည့်လိုက်ရင်း ဆက်လက် ပြောဆိုလာပြန်သည်။

"ကဲ .... ရှင်တို့နှစ်ဦးရဲ့ ကိုယ်ရေးကိုယ်တာကိစ္စကို နောက်မှ ဖြေရှင်းကြ .... ခုလောလောဆယ် ရှင်တို့နှစ်ဦးစလုံး ကျွန်မဆီကို ပြိုင်တူတက်လာနိုင်တယ် .... "

မိန်းမပျိုလေး၏ စကားကြောင့် အဘိုးကြီး ဆန်းကွမ်းလာမာက သဘောကျစွာ တစ်ချက်ရယ်မောရင်း ....

"ကောင်းပါပြီ .... ကျုပ် ဒီကနေ့ အမည်မဖော်သူ မိန်းမကြီးရဲ့ တပည့်ဖြစ်တဲ့ မိန်းကလေးဟာ .... ပညာဘယ်လောက်ရှိတယ်ဆိုတာ စမ်းကြည့်ရသေးတာပေါ့ .... "

ဝတ်စုံစိမ်းဝတ် မိန်းမပျိုသည် အားကျမခံ ပြန်ပြောလိုက်သည်။

"ဟင့် .... အတော် လေလုံးကြီးတဲ့ အဘိုးကြီးပါလား .... ရှင်တို့နှစ်ယောက်ရဲ့ ပညာလောက်နဲ့ ကျွန်မတို့ဆရာကို ပညာစမ်းချင်သေးလို့လား .... ကျွန်မတောင် ရှင်တို့ရဲ့ မိုက်မဲမှုကို ဆုံးမဖို့ ဆရာ့ကိုယ်စား ရောက်လာခဲ့ရတာပဲ .... "

မိန်းမပျို၏ စကားဆုံးသည်နှင့် အဘိုးကြီး ဆန်းကွမ်းလာမာက ဘယ်ညာလက်ဝါးစုံဖြင့် မိန်းမပျိုကိုဆီးကြိုတိုက်ခိုက်လိုက်သည်။

မိန်းမပျိုလေးမှာ လေထဲသို့ တစ်ချက်ခုန်တက်သွားပြီး ခန္ဓာ



ကိုယ်အရှည်လိုက် အနေအထားဖြင့် အဘိုးကြီး ဆန်းကွမ်းလာမာ၏ ရင်ဘတ်တည့်တည့်သို့ ခြေစုံပစ်ကန်လိုက်သည်။

မိန်းမပျို၏ ခြေကန်ကွက်မှာ အလွန်မြန်ဆန်ပြီး ရက်စက်လွန်းလှသည်။

ထို့ကြောင့် ဆန်းကွမ်းလာမာက နောက်သို့ ကပျာကယာ ပြေးဆုတ်လိုက်ရသည်။

လူငယ်လေး ယွင်ကျန်ယိမှာ မနေသာတော့ဘဲ တိုက်ပွဲတွင်းသို့ ခုန်လွှားဝင်ရောက်လာတော့သည်။

တစ်ဆက်တည်း ကျောက်စိမ်းပလွေကိုထုတ်ကာ မိန်းမပျို၏ နောက်ကျောဆီသို့ လျှပ်တစ်ပြက် ထိုးစိုက်လိုက်၏။

ဝတ်စုံစိမ်းဝတ် မိန်းမပျိုလေးက နောက်သို့လှည့်မကြည့်ဘဲ ညာလက်မှာ လျှပ်စီးလက်သကဲ့သို့ နောက်ပြန်ရောက်လာပြီး ယွင်ကျန်ယိ၏ ကျောက်စိမ်းပလွေကို ယမ်းခါထုတ်လိုက်၏။

ယွင်ကျန်ယိမှာ အကြီးအကျယ် တုန်လှုပ်သွားရတော့သည်။

သို့သော် သတ္တိရှိပြီး ရဲရင့်ဖြတ်လတ်သော လူငယ်လေး ယွင်ကျန်ယိက ညာလက်ဖြင့် ကျောက်စိမ်းဓားကို ကပျာကယာ ဆွဲယူကာ မိန်းမပျိုလေး ခါယမ်းလာသော လက်ကောက်ဝတ်အား ခုတ်ဖြတ်လိုက်တော့သည်။

မိန်းမပျိုလေးမှာ ဟင့်ခနဲ အသံတစ်ချက်ပြုရင်း သူမ၏ ညာလက်ကို တစ်ချက်လွှဲလိုက်သည်နှင့် ဓားကိုင်ထားသော ယွင်ကျန်ယိ၏ ညာလက်ကို တုန်ခါသွားစေသည်။

တစ်ဆက်တည်း မြေပြင်ပေါ်ပြန်အကျ အဘိုးကြီး ဆန်းကွမ်းလာမာ၏ သွေးကြောကို လက်ညှိုးဖြင့် ထိုးပိတ်လိုက်တော့သည်။

Scanned with ACE Scanner

လူငယ်လေး ယွင်ကျန်ယိမှာလည်း မိန်းမပျိုလေး၏ လ
ဝါးချက်ကြောင့် နောက်သို့ လွင့်စဉ်သွားကာ ကျွမ်းနှစ်ချက်ပစ်လိုက်
မြေပေါ်သို့ ခြေချနိုင်တော့သည်။

ဝတ်စုံစိမ်းမိန်းကလေးက ယွင်ကျန်ယိအား သဘောကျ
ရယ်မောပြီး စူးစိုက်ကြည့်နေသည်။

ပို၍ထူးဆန်းနေသည်မှာ မိန်းမပျိုလေးက လက်တစ်ချ
ခါယမ်းလိုက်သည်နှင့် မိမိ၏ ကျောက်စိမ်းပလွေမှာ နှစ်ပိုင်းကျိုးသွား
ခြင်းပင် ဖြစ်ပေသည်။

ကျောက်စိမ်းပလွေ ကျိုးသွားရသည့်အတွက် ယွင်ကျန်ယိမှ
အကြီးအကျယ် မျက်နှာပျက်သွားရသည်။

ဤကျောက်စိမ်းပလွေမှာ သူ၏ ဆရာလက်ထဲတွင် နှစ်ပေါ
များစွာ ကိုင်ဆောင်ခဲ့ပြီး ဒုစရိုက်ရန်သူများအား အောင်ပွဲဆင်နိုင်ခဲ့သေ
ကျောက်စိမ်းပလွေပင် ဖြစ်၏။

ထိုကျောက်စိမ်းပလွေမှာ ဆရာ့ထံမှတစ်ဆင့် မိမိလက်ထဲ
ကူးပြောင်းလာခဲ့ခြင်း ဖြစ်၏။ ဝတ်စုံစိမ်းဝတ် မိန်းမပျိုမှာ ယွင်ကျန်
၏ မျက်နှာအမူအရာ ပျက်သွားသည်ကို မြင်လိုက်ရသဖြင့် ခပ်တည
တည်လှမ်းမေးလိုက်သည်။

"ဘာလဲ ရှင့်ကျောက်စိမ်းပလွေနှစ်ပိုင်းကျိုးသွားတဲ့ အတွ
မကျေနပ်ဘူးလား ...."

ယွင်ကျန်ယိ၏ မျက်လုံးအစုံတွင်ကား အလင်းရောင်များ ဖြ
ထွက်လျက် ရှိနေလေသည်။ ထိုအလင်းရောင်များမှာ ဒေါသမီး
ပေါက်ကွဲထွက်လာ၍ ရက်စက်တော့မည့် အလင်းရောင်တန်းများ
ဖြစ်သည်။



ယွင်ကျန်ယိက ဘာမျှ ပြန်လည်ပြောဆိုခြင်း မပြုတော့ဘဲ မာန်တစ်ချက်တင်းကာ ကျောက်စိမ်းဓားကို လေတွင်ဝှေ့ယမ်းလိုက်တော့၏။

ကျောက်စိမ်းဓား ဝှေ့ယမ်းလိုက်သည်နှင့် စိမ်းဖန့်ဖန့် အလင်းရောင်တန်းများက လေထဲတွင် တဝိုးဝိုးပျံ့ဝဲနေကာ မိန်းမပျိုအား ဖုံးလွှမ်းသွားတော့၏။

ဝတ်စုံစိမ်းဝတ် မိန်းမပျိုလေးက မဲ့ပြုံးတစ်ချက် ပြုံးရင်း ယွင်ကျန်ယိအား ထပ်မံတိုက်ခိုက်လာပြန်သည်။

ယွင်ကျန်ယိမှာ ဝတ်စုံစိမ်းဝတ် မိန်းမပျိုလေး၏ တိုက်ကွက်အောက်၌ အလူးအလဲ ရှောင်တိမ်းနေရ၏။

သူ၏ အင်္ကျီမစုံဓားကွက်ကို ထပ်မံသုံးစွဲလိုက်ရပြန်သည်။

နှစ်ဦးနှစ်ဘက် ထိပ်တိုက်ဆုံမိကာ ဝတ်စုံစိမ်းဝတ် မိန်းကလေး၏ မျက်နှာအမူအရာ ပျက်သွားရ၏။

လိုစဉ် စိမ်းဖန့်ဖန့် အလင်းရောင်တန်းတစ်ခုက သူမ၏ လည်ပင်းဆီသို့ တိုးဝင်ရောက်ရှိလာတော့သည်။

မိန်းမပျိုလေး၏ လက်အစုံက လျှပ်တစ်ပြက် မြောက်တက်သွားပြီး နှစ်ပိုင်းပြတ်နေသည့် ကျောက်စိမ်းပလွေဖြင့် ဓားခုတ်ချက်ကို ခုခံလိုက်ရသည်။

"ချွင် .... ချွင်"

ကြည်လင်သော အသံနှစ်သံ ထွက်ပေါ်လာပြီး ထိတ်လန့်တကြား ငုံ့ကြည့်လိုက်ရာ မိန်းမပျိုလေး၏ ဘယ်ညာလက်တွင် ကိုင်ဆောင်ထားသော ကျောက်စိမ်းပလွေပြတ် နှစ်ပိုင်းမှာ လေးပိုင်းဖြစ်သွားရတော့သည်။

Scanned with ACE Scanner

နှစ်ပိုင်းမှာ မြေပေါ်သို့ကျသွား၏။ အပိုင်းခံရသည့်နေရာသ
တိတိ..ပ ညီညာလွန်းလှသည်။

တဖန် လူငယ်လေး ယွင်ကျန်ယိကို လှမ်းကြည့်လိုက်
မျက်နှာတစ်ပြင်လုံး နီရဲနေပြီး နှုတ်ခမ်းထောင့်တွင် သွေးစီးကြော
တစ်ကြောင်းကို တွေ့လိုက်ရ၏။

သူ့ပုံပန်းမှာ ခန္ဓာကိုယ်ကို မနည်းကြီး ထိန်းသိမ်းရပ်နေရသ
ပုံပင်။

ဝတ်စုံစိမ်းဝတ် မိန်းမပျို့က ရက်စက်လှသော ဓားချ
ကြောင့် ဒေါသထွက်လာပြီး ယွင်ကျန်ယိအား ပြင်းပြင်းထန်ထန် ဆုံး
ဒဏ်ခတ်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ် အဝေးတစ်နေရာဆီမှာ သာယာကြည်လင်သေ
မိန်းမတစ်ယောက်၏ အသံတစ်သံ ထွက်ပေါ်လာသည်ကို ကြားလို
ရ၏။

"ရှောင်ဖုန်း .... ပြန်လာခဲ့စမ်း .... ဒီနေ့ မင်းရဲ့အသက်
သူ ချမ်းသာပေးလိုက်တယ် .... ဒါကြောင့် ငါတို့သူ့ကို ဒီတစ်ကြိမ်လွှ
ပေးလိုက်ပါ .... ကဲ .... ပြန်ကြစို့ .... "

ရှောင်ဖုန်းဟု အခေါ်ခံရသည့် မိန်းမပျို့လေးမှာ ချက်ချင်းရ
တန့်သွားပြီး ယွင်ကျန်ယိကို စူးစိုက်ကြည့်လိုက်သည်။

သူမ၏ စိတ်ထဲတွင် ရှက်လာမိ၏။ ယွင်ကျန်ယိ၏ ပုံပန်
သဏ္ဌာန်မှာလည်း သူ့တိုက်ကွက်ကို သူ အတင်းအကြပ်ပြန်လည် ရ
သိမ်းနေပုံမျိုး တွေ့လိုက်ရ၏။

ယွင်ကျန်ယိက တိုက်ကွက်ကို အားသွန်ခွန်စိုက်ပြန်လည
ရုပ်သိမ်းနေရာမှ အနည်းငယ် အတွင်းဒဏ်ရသွားခြင်းပင် ဖြစ်လေသည



ယွင်ကျန်ယိမှာ သူမကို ဒဏ်ရာအနည်းငယ်ရအောင် မလုပ်နိုင်ခဲ့၍ စိတ်ထဲတွင် မကျေမနပ် ဖြစ်နေရင်း မိန်းမပျို့လေးကို စူးစိုက်ကြည့်လိုက်သည်။

ထိုအချိန်မှာပင် ရှောင်ဖုန်းခေါ် ဝတ်စုံစိမ်းဝတ် မိန်းမပျို့မှာ အဆင့်မြင့်လှသော ကိုယ်ဖော့ပညာဖြင့် ပြေးလွှားပျောက်ကွယ်သွားပြီ ဖြစ်သည်။

❋

မကြာမီ ညနေ၏ ဆည်းဆာရောင်ခြည်ပင် ပျောက်ကွယ်သွားပေတော့သည်။

ထိုအခါမှ ယွင်ကျန်ယိမှာ အတွင်းဒဏ်အနည်းငယ်ရခဲ့သည်ကို သတိရကာ မြေပြင်၌ တင်ပျဉ်ခွေထိုင်လိုက်ပြီး အတွင်းဒဏ်ကို အတွ အားဖြင့် ကုစားနေလိုက်၏။

ရေနွေးအိုးတစ်လုံးကျက်ခန့် အချိန်ရောက်လာသောအ တင်ပျဉ်ခွေထိုင်နေရာမှ မတ်တတ်ထရပ်လိုက်ပြီး အဘိုးကြီးဆန်းကွ လာမာ၏ ပိတ်နေသော သွေးကြောကို ပြန်ဖြေပေးလိုက်သည်။

အဘိုးကြီးဆန်းကွမ်းလာမာက သွေးကြောပြေသွားသည်န ရှက်စနိုးအမူအရာဖြစ်သွားပြီး မေဒနီ အမိန့်ပေးကျောက်စိမ်းပြား ထုတ်ယူကြည့်လိုက်ရင်း မေးလာပြန်သည်။

“ယွင်ကျန်ယိ ခုနက မင်းဓားကွက်ကို ဘယ်သူ့ဆီက သ လာတာလဲ .... အဲဒီဓားကွက်မျိုးကို ငါ့တစ်သက်မှာ တစ်ကြိမ်တစ် မှ မတွေ့ဖူးပါလား .... ”

ယွင်ကျန်ယိမှာ ရုတ်တရက် စကားပြန်မပြောနိုင်သေး အတန်ကြာမှ ခေါင်းမော့ပြုံးလိုက်ရင်း ....



“အယင်က မမြင်ဖူးခဲ့ပေမယ့် .... ခုမြင်ဖူးပြီ မဟုတ်လား”

စကားဆုံးသည်နှင့် မြေပေါ်တွင်ရှိနေသည့် ကျောက်စိမ်းပလွေပြတ်နှစ်ပိုင်းကို ကောက်ယူလိုက်၏။

ကျန်နှစ်ပိုင်းမှာမူ ဝတ်စုံစိမ်းဝတ် မိန်းမပျိုလက်ထဲသို့ ပါသွားခဲ့ပြီ ဖြစ်သည်။

ထိုအခိုက် ဆန်းကွမ်းလာမာထံမှ စကားသံထွက်ပေါ်လာသည်။

“ယွင်ကျန်ယိ .... မေဒနီကျောက်စိမ်း အမိန့်ပေးပြားတော့ ငါ့ဆီမှာ ရှိနေပြီ .... ဒါကြောင့် ငါမသွားလို့ မဖြစ်ဘူး .... မင်းရဲ့စိတ် သဘောထားကို ငါ ယုံကြည်တယ် .... မင်းနဲ့ငါ ဖြစ်ခဲ့ရတဲ့ပြဿနာက မလွဲသာ မရှောင်သာလို့ ဖြစ်ခဲ့ရတဲ့ ပြဿနာပဲ .... ဒါပေမယ့် မင်းအခု အမည်မဖော်တဲ့သူ မိန်းမကြီးရဲ့လူနဲ့ တိုက်ခိုက်ယှဉ်ပြိုင်လာခဲ့ပြီဆိုတော့ ပြဿနာက မသေးတော့ဘူး .... တကယ်လို့ မင်းဆန္ဒရှိမယ်ဆိုရင် ငါတို့တတွေ အတူသွားကြတာပေါ့ .... မင်းသိထားဖို့က သိုင်းလောကမှာ အမည်မဖော်တဲ့ မိန်းမကြီးလို အဆင့်မြင့်ပုဂ္ဂိုလ်တွေဟာ သူတစ်ယောက်တည်းရှိတာ မဟုတ်ပါဘူး .... ”

ထိုစကားကြောင့် ယွင်ကျန်ယိမှာ စိတ်လှုပ်ရှားစွာဖြင့် ဆန်းကွမ်းလာမာအား အေးဆေးစွာ ပြန်ပြောလိုက်သည်။

“ကျေးဇူးတင်ပါတယ် .... ဒါပေမယ့် ကျွန်တော် မလိုက်နိုင်ဘူး .... ”

“မင်း မသွားဘူးဆိုတာ ငါသိတယ် .... ဒါပေမယ့် အမည်မဖော်တဲ့ မိန်းမကြီးရဲ့အကြောင်းကို မင်းလည်း သိသားပဲ .... ဒီတော့ မင်းရဲ့အသက် အလဟဿဖြစ်မယ့်အလုပ်ကို မင်းမလုပ်သင့်ဘူး ....”

ယွင်ကျန်ယိက မျက်ခုံးတစ်ဖက် တွန့်လိုက်ရင်း ခေါင်းခါယမ်းပြလိုက်၏။ စကားလည်း တစ်ခွန်းမျှ ပြန်ပြောခြင်း မရှိချေ။

ဆန်းကွမ်းလာမာမှာ စိတ်ပျက်သွားဟန်ဖြင့် သက်ပြင်းရှည်ကြီးတစ်ချက် ချရင်း ညည်းညူရေရွတ်ပြောဆိုလိုက်သည်။

"အင်း .... မင်းဟာ မင်းဆရာနဲ့ တထေရာတည်းပါလား.... ငါ နောက်ထပ် ဖျောင်းဖျပြောဆိုမှု မပြုတော့ဘူး .... ဒီကနေ့ ငါ့ကို မင်းဟာ အများကြီး အကူအညီပေးခဲ့တယ် .... တကယ်လို့ မင်းမှာ အခက်အခဲရှိနေရင် ငါ့ကို အချိန်မရွေး လာတွေ့နိုင်တယ် .... "

ယွင်ကျန်ယိက ပြုံးရယ်ပြီး ခေါင်းညိတ်ပြလိုက်သည်။

ဆန်းကွမ်းလာမာမှာ ယွင်ကျန်ယိအား ကြည့်ကာ စိတ်မကောင်းစွာ ပြောလာပြန်သည်။

"မင်း .... ငါနဲ့ မလိုက်နိုင်တဲ့အတွက် နှမြောစရာကောင်းတဲ့ အခွင့်အရေးတစ်ခု လက်လွှတ်ဆုံးရှုံးခဲ့ရတယ် .... "

အဘိုးကြီးဆန်းကွမ်းလာမာက ပြောဆိုပြီးသည်နှင့် ယွင်ကျန်ယိကို ကျောခိုင်းထွက်ခွာသွားတော့သည်။

ယွင်ကျန်ယိ၏ မွန်မြတ်လှသော ဦးတည်ချက်မှာ ကံကြမ္မာ၏ လှည့်စားချက်ကြောင့် မရှောင်သာမလွဲသာဘဲ လမ်းကြောင်းပြောင်းလဲသွားခဲ့ရလေသည်။



ထိုစဉ် သစ်တောအုပ်အတွင်းမှ ကျယ်လောင်သော ရယ်မောသံတစ်သံ အမှတ်မထင် ထွက်ပေါ်လာသည်။

ယွင်ကျန်ယိက ရုတ်တရက် အံ့အားတသင့်ဖြစ်သွားပြီး နောက်ပြန်လှည့်ကြည့်ကာ လှမ်းအော်မေးလိုက်သည်။

"သစ်တောထဲက ဘယ်သူလဲ .... "

သို့သော် သစ်တောအတွင်းမှ မည်သည့်အသံမျှ ထွက်ပေါ်မလာဘဲ တိတ်ဆိတ်ငြိမ်သက်သွားပြန်သည်။

ယွင်ကျန်ယိမှာ မချင့်မရဲဖြစ်ကာ စောစောက ရယ်သံထွက်ပေါ်လာသော သစ်တောအတွင်းသို့ ပြေးလွှားရှာဖွေကြည့်လိုက်ရာ မည်သူ့ကိုမျှ မတွေ့ရချေ။

ထို့ကြောင့် စိတ်ထဲတွင် အထူးပင် တုန်လှုပ်ချောက်ချားသွားရလေသည်။

ဤတစ်ရက်နှစ်ရက်အတွင်း သိုင်းလောကအဆင့်မြင့် ပုဂ္ဂိုလ်များနှင့် မိမိမှာ ဆက်တိုက်ဆိုသလို ရင်ဆိုင်ဆုံတွေ့နေရသည်။

မိမိကဲ့သို့ အဆင့်မြင့်သည့်သူပင် တစ်ဘက်လူ၏ အရိပ်အရောင်အား လျှပ်တစ်ပြက် လာရောက်ရှာဖွေသော်လည်း မတွေ့ရသဖြင့် ယွင်ကျန်ယိမှာ မကျေမနပ် ဖြစ်နေမိသည်။

Scanned with ACE Scanner

ယွင်ကျန်ယိက ဘေးပတ်ပတ်လည်ဆီသို့ အသေအချာအင ခတ်ကြည့်လိုက်ရာ သာယာကြည်လင်သော ရယ်မောသံလေးတစ်သ က နားထဲသို့ ထပ်မံဝင်ရောက်လာပြန်သည်။

ရယ်မောသံမှာ ယွင်ကျန်ယိ၏ နားတွင်းသို့ ငွေဆည်းလည်း သံအလား ထိုးဖောက်ဝင်ရောက်လာပြီး သူ့တစ်ကိုယ်လုံးအား တုန်ခ သွားစေမတတ် ချောက်ချားနေမိသည်။

ယွင်ကျန်ယိက ရယ်မောသံကြားရာဆီသို့ လျှပ်စီးပျက်သည့် အလား ပြေးလွှားရှာဖွေကြည့်ရာ အသံရှင်၏ အရိပ်အရောင်ကို မတွေ့ ဖြစ်နေပြန်သည်။

တဖန် စောစောက ရယ်မေသံမျိုး ထပ်မံပေါ်လာပြန်သည်။

ထိုအခါတွင်မူ ယွင်ကျန်ယိက လုံးဝအရေးမစိုက်တော့ဘဲ သစ်တောအပြင်သို့ ထွက်လာတော့၏။

ထိုစဉ် ရုတ်တရက် သူ၏လည်ပင်းနောက် တစ်နေရာဆီမှ သေးငယ်သော လေဟပ်မှု ခံစားမိလိုက်သဖြင့် ညာလက်ဝါးကိုနောက် ပြန် ခါယမ်းထုတ်လိုက်ရာ ပိုးကောင်တစ်ကောင်က နောက်ဘက် မြေ ပေါ်သို့ လွင့်စဉ်ကျသွားတော့သည်။

ယွင်ကျန်ယိမှာ ကြောင်ငေးလျက်သား ရပ်နေပြီး ဒေါသ ထွက်လွန်းနေကာ စကားပင် ပြောမထွက်နိုင်အောင် ရှိနေတော့သည်။

သို့သော် ....

စိတ်ထဲတွင် မိမိကို နောက်ပြောင်သူ၏ပညာမှာ မှန်းဆ၍ မရနိုင်လောက်အောင် အလွန်အဆင့်မြင့်ကြောင်း သိလိုက်ရ၏။

ထိုအခိုက် သစ်တောအုပ်အတွင်းမှ တဟားဟား ရယ်မောသံ ထပ်မံ ကြားလာရပြန်သည်။



ယွင်ကျန်ယိက ဒေါသထွက်လာပြီး ကျယ်လောင်စွာ လှမ်း အော်မေးလိုက်သည်။

“ဟိတ် .... ဘယ်သူလဲ .... ဘာဖြစ်လို့ ခိုးကြောင်ခိုးဝှက် ရယ်မောနေပြီး ထွက်မလာရသလဲ .... ”

ထိုအခါ အနက်ရောင်အရိပ်တစ်ခုက သစ်တောအုပ်အတွင်းမှ ပျံဝဲန်းလာကာ ယွင်ကျန်ယိဆီသို့ တန်းဝင်ရောက်ရှိလာတော့သည်။

ယွင်ကျန်ယိမှာ ညာလက်ကို ဆန့်ထုတ်၍ လက်ညှိုးနှင့် လက်ခလယ်နှစ်ချောင်းဖြင့် အနက်ရောင်အရိပ်အား ဆီးဖမ်းလိုက် တော့သည်။

သို့သော် အနက်ရောင်အရိပ်မှာ ယွင်ကျန်ယိ၏ လက်ညှိုးနှင့် လက်ခလယ်ကြားမှ ထိုးထွက်သွားပြန်သည်။

ထိုအခါကျမှ ယွင်ကျန်ယိက အသေအချာ ကြည့်လိုက်မိရာ ပိတုံးတစ်ကောင် ဖြစ်နေကြောင်း တွေ့လိုက်ရ၏။

ယွင်ကျန်ယိက ဒေါသအလွန်ထွက်လာကာ စကားမပြောနိုင် အောင် ခံစားနေရပြီး သစ်တောအုပ်အတွင်းသို့ ခုန်လွှားဝင်ရောက်သွား တော့သည်။

သစ်တောအုပ်အတွင်း ဝင်ရောက်သွားသည်နှင့် ရယ်မောသံ များ ဆက်တိုက်ထွက်ပေါ်လာကာ လျင်မြန်စွာ ရွေ့လျားသွားနေ သည်။

ထိုရယ်မောသံ ကြားရာဆီသို့ ယွင်ကျန်ယိက လျင်မြန်စွာ ပြေးလွှားလိုက်ပါသွားရာ ရုတ်တရက် ဂူကြီးတစ်ဂူအနားရောက်လာပြီး ရယ်မောသံလည်း ပျောက်ကွယ်သွားတော့၏။

ယွင်ကျန်ယိမှာ အတန်ကြာ တွေဝေနေပြီးမှ ဂူကြီးထဲသို့ အရဲ

Scanned with ACE Scanner

စွန့်၍ လှမ်းဝင်လိုက်သည်။

ဂူထဲတွင် အဘိုးကြီးတစ်ဦးက တင်ပျဉ်ခွေထိုင်နေသည်ကို တွေ့လိုက်ရပြီး ဆံပင်များ ဖြူဖွေးနေကာ မျက်နှာမှာမူ နီရဲနေလေ၏။

အဘိုးကြီးမှာ ပြုံးစိစိမျက်နှာထားဖြင့် ယွင်ကျန်ယိရှေ့ ခပ်လှမ်းလှမ်းရှိ စက်ဝိုင်းအလည်ဗဟိုတည့်တည့်တွင် ထိုင်နေခြင်း ဖြစ်သည်။

အဘိုးကြီးမျက်မှာ ပြုံးနေသော်လည်း မျက်လုံးအစုံမှာမူ မှိတ်လျက်သား ရှိနေ၏။ ညာလက်တွင်မူ အရှည်သုံးပေခန့်ရှိ ကျောက်စိမ်းတုတ်တစ်ချောင်းကို ကိုင်ဆောင်ထားသေးသည်။

ထိုထူးဆန်းသော အဘိုးကြီးအား ယွင်ကျန်ယိက အတန်ကြာ တွေဝေကြည့်နေပြီးမှ အော်ဟစ်မေးမြန်းလိုက်သည်။

"ခုနတုန်းက ကျုပ်ကို နောက်ပြောင်တာ ခင်ဗျားလား"

အဘိုးကြီးမှာ လုံးဝလှုပ်ရှားခြင်း မပြုချေ။ ယွင်ကျန်ယိ၏ စကားကိုလည်း အရေးစိုက်ဟန်မတူ။

ယွင်ကျန်ယိမှာ စိတ်ဆိုးဒေါပွလာကာ မကျေနပ်သော ခြေလှမ်းများဖြင့် အဘိုးကြီးရှေ့သို့ လျှောက်လှမ်းသွားတော့၏။

သူ၏ ညာဘက်ခြေထောက်က စက်ဝိုင်းအတွင်းသို့ ခြေချလိုက်သည်နှင့် အဘိုးကြီးက ညာဘက်လက်ရှိ ကျောက်စိမ်းတုတ်ကို တဖြည်းဖြည်း လှုပ်ခါယမ်းလိုက်သည်။

ကျောက်စိမ်းတုတ်ကို တဖြည်းဖြည်းလှုပ်ခါယမ်းလိုက်သည်နှင့် စက်ဝိုင်းထဲကျွံဝင်နေမိသော ယွင်ကျန်ယိ ခြေထောက်တစ်ဖက်ကို ပြင်းထန်သောအားတစ်ခုက ရုတ်တရက် ဝင်ရောက်ထိုးဆောင့်ခံလိုက်ရသကဲ့သို့ အလိုအလျောက် နောက်သို့ နောက်ကျွမ်းပစ်သွားရလေ



တော့သည်။

ထိုအခါ ယွင်ကျန်ယိမှာ အလွန်အမင်း အံ့ဩထိတ်လန့်သွားရ၏။ အဘိုးကြီး၏ အတွင်းအားမှာ ဤမျှ နက်ရှိုင်းနေလိမ့်မည်ဟု မိမိ မထင်မိခဲ့ချေ။

ယွင်ကျန်ယိမှာ နောက်ကျွမ်းပစ်ထွက်သွားရာမှ မြေသို့ ခြေချမိသည်နှင့် အဘိုးကြီးအား မကျေမနပ် ရှုးစိုက်ကြည့်လိုက်ပြန်သည်။

အဘိုးကြီးကမူ လုံးဝ မလှုပ်ရှားသေးဘဲ ထိုင်မြဲထိုင်လျက် ရှိနေ၏။

ယွင်ကျန်ယိက မကျေနပ်သေးဘဲ ဒုတိယအကြိမ် စက်ဝိုင်းတွင်းသို့ လှမ်းဝင်ကြည့်ပြန်သည်။

ခြေထောက်တစ်ဖက် ကျွံဝင်သွားသည်နှင့် ချက်ချင်း ပြန်ရုပ်သိမ်းလိုက်ချင်သော်လည်း သူ၏ညာဘက်ခြေထောက်ပေါ်သို့ အားအင်တစ်ခုက အထက်သို့ တွန်းပို့လိုက်ခြင်း ခံရပြန်သည်။

စိတ်ထဲတွင် မိမိအတွင်းအားဖြစ် ခန္ဓာကိုယ်ကို မြဲမြံအောင် ကြိုးစားလုပ်ချင်သော်လည်း စိတ်သွားတိုင်း ကိုယ်မပါတော့ချေ။

ယွင်ကျန်ယိ၏ခန္ဓာကိုယ်မှာ ထိုတွန်းကန်အားတစ်ခုကြောင့် လေထဲသို့ ပင့်တင်ခြင်း ခံလိုက်ရပြန်သည်။

ကျွမ်းသုံးလေးပတ် ထိုးလိုက်ပြီးမှ မြေပေါ်ခြေချလိုက်နိုင်သည်။

ယွင်ကျန်ယိက ခန္ဓာကိုယ်ကို မြေပေါ်သို့ ခြေချမိသည်နှင့် ကြောင်အမ်းအမ်း ရပ်နေမိသည်။

အဘိုးကြီးမှာမူ မည်သို့မျှ မသိသကဲ့သို့ အေးဆေးစွာ ထိုင်မြဲထိုင်လျက် ရှိနေသည်။

Scanned with ACE Scanner

အတန်ကြာမှ ကိုယ်ဖော့ပညာကို အစွမ်းကုန်အသုံးပြုကာ အဘိုးကြီး၏ နောက်ကျောဆီသို့ ယွင်ကျန်ယိက တိတ်တဆိတ်ချဉ်းကပ်သွားတော့သည်။

ထိုအချိန်ထိ ထူးဆန်းသော အဘိုးကြီးမှာ လှုပ်ရှားခြင်းအလျဉ်းမရှိဘဲ မျက်လုံးစုံမှိတ်၍ ငြိမ်သက်စွာ ထိုင်နေလျက်ပင်ရှိသည်။

ယွင်ကျန်ယိက မြေပေါ်ရှိ ခဲလုံးတစ်လုံးကို အသာအယာကောက်ယူလိုက်ပြီး အဘိုးကြီး၏ နောက်ကျောဆီသို့ လှမ်းပစ်လိုက်လေတော့သည်။

သူက ကျောက်ခဲကို ပစ်လွှတ်လိုက်ရုံသာ ရှိသေးသည်။

အဖြူရောင်အလင်းတန်းတစ်ခု ရုတ်တရက် ထွက်ပေါ်လာပြီး မိမိပစ်လွှတ်လိုက်သည့် ကျောက်ခဲက မိမိဆီသို့ ပြန်လည်ဝင်ရောက်လာသည်ကို အံ့သြဖွယ်ရာ တွေ့လိုက်ရသည်။

ယွင်ကျန်ယိမှာ စိုးရိမ်ထိတ်လန့်စွာဖြင့် ကပျာကယာ ရှောင်တိမ်းလိုက်ရာ ကျောက်ခဲမှာ ပါးပြင်ဘေးမှကပ်ထွက်သွားပြီး ကျောက်နံရံကိုထိကာ အစိတ်စိတ်အမွှာမွှာ ကွဲကြေသွားတော့သည်။

အဘိုးကြီး၏ နောက်စေ့တွင် မျက်စိရှိသည့်အလား သူ့ညာလက်ရှိ ကျောက်စိမ်းတုတ်ကို နောက်ပြန်တစ်ချက် ခတ်ထုတ်လိုက်ရာ ကျောက်စိမ်းတုတ်က ယွင်ကျန်ယိဆီသို့ ဦးတည်ရောက်လာတော့သည်။

ယွင်ကျန်ယိက ခါးတွင်ချိတ်ဆွဲထားသော ကျောက်စိမ်းဓားဖြင့် ခုခံလိုက်သည်။ သို့သော် သူ့မျက်စိရှေ့တွင် အဖြူရောင်အလင်းတန်းတစ်ခု ဖြာထွက်လာပြီး ညာလက်တွင် ကိုင်ဆောင်ထားသော ကျောက်စိမ်းဓားမှာတုန်ခါသွားကာလေထဲတွင်လွင့်စဉ်သွားတော့သည်။



ထို့အတူ ယွင်ကျန်ယိ၏ ခန္ဓာကိုယ်မှာလည်း စက်ဝိုင်းအပြင်ဘက်သို့ လွင့်စဉ်ထွက်သွားပြန်သည်။

ခန္ဓာကိုယ်က မြေပေါ်သို့ ခြေချမိသည်နှင့် မြေပေါ်ကျနေသော ကျောက်စိမ်းဓားကို ကောက်ယူကာ စိတ်ဓာတ်ကျစွာဖြင့် ဂူအပြင်သို့ ထွက်သွားတော့၏။

ထိုအချိန်၌ ထူးဆန်းသော အဘိုးကြီး၏ ပိတ်နေသော မျက်လုံးအစုံပွင့်လာပြီး ယွင်ကျန်ယိအား လှမ်းပြောလိုက်၏။

"ချာတိတ် .... ဒါလောက်တောင် အားမာန်လျှော့ရသလား၊ မင်း ယောကျ်ားမဟုတ်ဘူးကွ .... "

ယွင်ကျန်ယိမှာ ထိုစကားသံကြောင့် ခြေလှမ်းရပ်တန့်ပြီး နောက်လှည့်ကြည့်လိုက်မိသည်။ အတန်ကြာ အံ့သြငေးမောနေရာမှ စိတ်ဓာတ်ကျဟန်ဖြင့် ပြန်ပြောလိုက်၏။

"ကျွန်တော့်မှာ အားမာန်ရှိပေမယ့် စည်းဝိုင်းထဲကိုတောင် မဝင်နိုင်ပါဘူးခင်ဗျာ .... "

ယွင်ကျန်ယိ၏ ပွင့်လင်းသောစကားကြောင့် လူထူးဆန်းအဘိုးကြီးမှာ အဆက်မပြတ် ရယ်မောနေလိုက်သည်။

မိမိမှာ တစ်ရက်နှစ်ရက်အတွင်း သိုင်းလောက လူထူးဆန်းတွေနှင့်ချည်း တိုးနေမိကာ စိတ်ထဲတွင် အလွန်တုန်လှုပ်ချောက်ချားသွားမိရသည်။

ထို့ကြောင့် ယွင်ကျန်ယိက ရုတ်တရက် မြေပေါ်ဒူးထောက်ကာ အဘိုးကြီးအား တရိတသေ မေးမြန်းလိုက်သည်။

"ဆရာကြီး .... ကျွန်တော့်ကို ဒီရောက်အောင် ခေါ်ရတာ ဘာကိစ္စများ ရှိလို့ပါလဲ .... "

အဘိုးကြီးမှာ ရုတ်တရက် အံ့ဩဟန်ဖြစ်သွားပြီး ....

"အေး .... မင်းမဆိုးပါဘူး .... "

ယွင်ကျန်ယီ၏ စိတ်ထဲတွင် ဝမ်းသာသွားမိသည်။ အဘိုးကြ ၏ သိုင်းပညာမှာ မည်မျှနက်ရှိုင်းမည်ကို သူ မသိချေ။

အကယ်၍ ဤအဘိုးကြီး၏ ညွှန်ကြားပြသမှုကိုသာ ခံယူခဲ့ပါ လျှင် မိမိ၏ သိုင်းပညာအဆင့်မှာ ပိုမိုမြင့်မားတိုးတက်လာမည်ဖြ ကြောင်း ယွင်ကျန်ယီ ယုံကြည်ထား၏။

အဘိုးကြီးက အတန်ကြာ တွေဝေစဉ်းစားနေပြီးမှ တည်ငြိမ် သော အမူအရာဖြင့် မေးလာသည်။

"မင်းရဲ့ အင်္ဂါမစုံဓားကွက်ဟာ ဘယ်သူ့ဆီက သင်လာခဲ့တာ လဲ .... "

ထိုအမေးစကားကြောင့် ယွင်ကျန်ယီမှာ ကြောင်တတ်တတ် ပင် ဖြစ်သွားရ၏။

"ကျွန်တော်ဟာ သူနဲ့ဘယ်လိုမှ မသက်ဆိုင်ပါဘူး .... "

"ချာတိတ် .... မင်း ပေါက်တက်ကရတွေ လျှောက်ပြော မနေစမ်းပါနဲ့ .... မင်းသာ တကယ်လို့ သူနဲ့ပတ်သက်ဆက်နွယ်မှု မရှိ ခဲ့ရင် .... သူက မင်းကို သူ့ရဲ့ပြိုင်စံရှား အင်္ဂါမစုံဓားကွက်ကို သင်ကြား ပေးပါ့မလားကွ .... "

ယွင်ကျန်ယီမှာ ထိုစကားကြောင့် အလွန်အမင်း ထိတ်လန့် သွားရ၏။

ထို့နောက် သက်ပြင်းရှည်ကြီးချကာ စဉ်းစားတွေးတောနေ လိုက်၏။

ပထမ မိမိကို နာမည်မဖော်သည့် သိုင်းဒေဝီရှင်က မည်သည့်



ကိစ္စကြောင့် တွေ့ချင်ရသည်ကို စဉ်းစားမရ ဖြစ်နေမိခဲ့သည်။

အမှန်တွင်မူ မိမိအား ဆံနီအဘိုးကြီးက အင်္ဂါမစုံဓားကွက် သင်ကြားပေးပြီး နာမည်မဖော်သည့် သိုင်းဒေဝီရှင်လက်သို့ အရောက် သွားကာ အသေဆိုးဖြင့် သေအောင် ဖန်တီးလိုက်ခြင်းပင် ဖြစ်လေ သည်။

ယွင်ကျန်ယီမှာ အဖြစ်အပျက်အမှန်ကို စဉ်းစားမိဟန်ဖြင့် တီးတိုးရေရွတ်ပြောဆိုရင်း ညည်းညူလိုက်သည်။

"ဩော် .... သူက ငါ့ကိုအန္တရာယ်တော ရောက်အောင် ပို့ ဆောင်ပေးလိုက်တာကိုး .... "

ယွင်ကျန်ယီထံမှ ညည်းညူရေရွတ်သံကို ထူးဆန်းသောအဘိုး ကြီးက မျက်ခုံးတစ်ဖက် ပင့်တင်ကြည့်ရင်း ဝင်ရောက်ဆိုခြင်းကား မရှိချေ။

လူငယ်လေး ယွင်ကျန်ယီမှာ ရုတ်တရက် ခေါင်းမော့လိုက်ပြီး သူ ချောက်ကမ်းပါးထဲသို့ ကျရောက်သွားပုံကို အစမှအဆုံးတိုင် အမှန် အတိုင်း ပြောလိုက်၏။

ထို့ပြင် မိမိသိုင်းလောကတွင်းသို့ ဝင်ရောက်လာခဲ့ခြင်းမှာ လည်း မတရားမှုများ ကျူးလွန်သူ ဒုစရိုက်သားများအား အများသူငှာ အေးချမ်းသာယာစွာ နေထိုင်နိုင်ရေးအတွက် ဆုံးမနှိမ်နင်းရန် ကောင်း သော စိတ်ထားဖြင့် ဝင်ရောက်လာပုံများကိုပါ ပြောပြလိုက်သည်။

အဘိုးကြီးမှာ ယွင်ကျန်ယီ၏ စိတ်ဝင်စားဖွယ်ကောင်းသော စကားများကို ခေါင်းတဆတ်ဆတ်ညိတ်ရင်း ငြိမ်သက်စွာ နားထောင် နေသည်။

ယွင်ကျန်ယီ၏ အဖြစ်အပျက်များ ပြီးဆုံးသွားသောအခါ

Scanned with ACE Scanner

ထူးဆန်းသော အဘိုးကြီးက နှစ်သိမ့်အားပေးစကား ပြောဆိုလာသည်

"အေး .... ဒီအဖြစ်အပျက်အမှန်အတိုင်းဆိုရင် ပိုကောင်းတ ပေါ့ .... မင်းဟာ နာမည်မဖော်တဲ့ သိုင်းဒေဝီရှင်ကို ကြောက်စရာမ တော့ဘူး .... "

ယွင်ကျန်ယိမှာ ထူးဆန်းသော အဘိုးကြီး၏ စကားကို မယုံ ကြည်နိုင်စွာ ဖြစ်နေမိသည်။ စိတ်ထဲတွင်လည်း အလွန်အမင်း အံ့ဩ နေမိသည်။

ဤထူးဆန်းသော အဘိုးကြီးမှာ မည်သူဖြစ်မည်နည်း။

ဝာစ်မိုးအောက်၌ သိုင်းလောကသားတိုင်း မည်သူမဆို နာမည်မဖော်သော သိုင်းဒေဝီရှင်ကို မကြောက်သူ မရှိခဲ့သေးပေ။

ယွင်ကျန်ယိ၏ တွေဝေငေးမောနေသော အမူအရာကို မြင် လိုက်ရသည်နှင့် စိတ်ထဲတွင် ဘာစဉ်းစားနေသည်ကို လူဆန်းအဘိုးကြီး ခန့်မှန်းမိလိုက်၏။

ထို့ကြောင့် သဘောကျစွာ တဟားဟား ရယ်မောရင်း အဘိုး ကြီးမှာ လေပွေမွှေ့ဟန်ဖြင့် ဂူအပြင်သို့ ပြေးလွှားထွက်သွားရင်း နှုတ် အော်ဟစ်ပြောဆိုသွားသည်။

"မင်း တရုံတောင်ပေါ်လာပြီး ငါ့ကိုရှာလှည့် .... တကယ်လို့ စန္ဒာဟန်က မင်းကိုနောက်ထပ်လာရှာရင် ဟော့ဒီတုတ်ကောက်ကို သူ့ပေးလိုက်ပါ .... "

စကားအဆုံး၌ လူထူးဆန်းအဘိုးကြီး၏ ကျောက်စိမ်းတုတ် ကောက်မှာ ယွင်ကျန်ယိ၏ ခြေထောက်နားသို့ ရောက်လာတော့ သည်။

ယွင်ကျန်ယိမှာ ကြောင်တက်တက် ရပ်လျက်သား ဖြစ်နေပြီး ရုတ်တရက် သတိရကာ ထစ်ထစ်ငေါ့ငေါ့ လေသံဖြင့် လှမ်းအော်မေး လိုက်သည်။

"နှင်းတောင် ညီနောင်လေးဖော်ဆီကိုလား .... "

နှင်းတောင်ညီနောင်လေးဖော်မှာ သိုင်းလောကတခွင်၌ လူဆန်းကြီးများ ဖြစ်ကြ၏။

နှစ်ပေါင်းများစွာမှ ယနေ့တိုင် သိုင်းလောကတွင်းသို့ ခြေချ ဝင်ရောက်ခြင်း မပြုတော့ချေ။

ယခု မိမိမှာ မမျှော်လင့်ဘဲ ကံဆုံ၍ ထိုလူဆန်းကြီးနှင့်တွေ့ ဆုံကာ မိမိအား နှင်းတောင်ပေါ်သို့ သွားခိုင်းနေခြင်းပင် ဖြစ်သည်။

လုလင်ပျိုလေး ယွင်ကျန်ယိက ဝမ်းပန်းတသာဖြစ်သွားကာ ခြေထောက်ရှေ့တွင် ကျရောက်နေသော ကျောက်စိမ်းတုတ်ကောက် အား အမြတ်တနိုး ကောက်ယူလိုက်ရင်း လှမ်းအော်မေးပြန်သည်။

"ဒါနဲ့ စန္ဒာဟန်ဆိုတာ ဘယ်သူလဲ .... "

သို့သော် သူ၏မေးသံကို လူထူးဆန်းအဘိုးကြီးက ကြားနိုင် တော့မည် မဟုတ်။ အဘယ်ကြောင့်ဆိုသော် သူမေးလိုက်သည့်အချိန် ၌ လူဆန်းအဘိုးကြီး၏ အရိပ်အရောင်မှာ လုံးဝပျောက်ကွယ်သွားပြီ ဖြစ်၏။

လူငယ်လေး ယွင်ကျန်ယိက စဉ်းစားလိုက်၏။

ရှောင်ဖုန်းခေါ် ဝတ်စုံစိမ်း မိန်းမပျိုလေးမှာ စန္ဒာဟန်ဖြစ်မည် လားမသိ။

မည်သို့ပင်ဖြစ်စေ၊ မိမိအတွက် ကောင်းသော အလားအလာ များနှင့် အခြေအနေထူးများ ကြုံတွေ့ရတော့မည်ဟု စဉ်းစားမိသဖြင့် ဝမ်းသာနေမိသည်က အမှန်ပင်။



Scanned with ACE Scanner

ယွင်ကျန်ယိက ဂူအပြင်သို့ ရောက်ရှိလာသည်။ မိုးလင်းစပ
ပြုနေချေပြီ။

အရှေ့ဘက် ကောင်းကင်ဆီမှ ရွှေဝါရောင် အလင်းတန်းမျာ
ဖြာထွက်လျက်ရှိပြီး ကမ္ဘာမြေပြင်တစ်ခုလုံးအား အလင်းရောင်မျာ
ဖြန့်ကျက်ပေးနေသည်။

ယွင်ကျန်ယိက နံနက်ခင်းလတ်ဆတ်သော လေးနုလေအေ
များအား အားပါးတရ ရှူရှိုက်လိုက်ရင်း ခြေလှမ်းမှန်မှန်လှမ်းပြီး တော
အောက်သို့ ဆင်းလာတော့သည်။

မည်သို့ပင်ဖြစ်စေ၊ မိမိတတ်မြောက်ထားသည့် အတတ်ပည
ဖြင့် အများအတွက် **ကောင်းရာကောင်းကျိုးများ** သည်ပိုးဆောင်ရွ
ရန် ဆန္ဒစောလျက်ရှိနေသော **ယွင်ကျန်ယိ**ပင် ဖြစ်လေသည်။

❋



တောင်**အောက်ရောက်**သောအခါ အလှမ်းကွာဝေးသော
နေရာမှ ရုတ်တရက် **ကျယ်လောင်သော** ငှက်အော်သံကို ကြားလိုက်ရ
၏။

ယွင်ကျန်ယိစိတ်ထဲတွင် ထိတ်လန့်သွားမိကာ ကပျာကယာ
လှမ်းကြည့်လိုက်မိ၏။

မိန်းမပျိုလေး ရှောင်ဖုန်း ခေါ် အစိမ်းရောင်ဝတ် အမျိုးသမီး
ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။

သူမက ယွင်ကျန်ယိအား နှစ်လိုစဖွယ် ရယ်မောရင်း ကြည့်
နေသည်။

ယွင်ကျန်ယိကမူ မျက်နှာအမူအရာ လုံးဝပြောင်းလဲခြင်း မရှိ
ဘဲ သူမကို စူးစူးစိုက်စိုက် လှမ်းကြည့်လိုက်သည်။

မိန်းမပျိုလေး ရှောင်ဖုန်းက မိမိအား လာရောက်တွေ့ဆုံခြင်း
မှာ ရိုးသားသည့် သဘောလား။ ဒုက္ခပေးမည်လားဆိုသည်ကို သူ
မတွေးတတ်ချေ။

Scanned with ACE Scanner

မည်သို့ပင်ဖြစ်စေ မိမိအမြတ်တနိုးထားသည့် ကျောက်စိ ပလွေကို ချိုးပစ်ခဲ့သဖြင့် ဤပြစ်ဒဏ်အတွက် ခွင့်မလွှတ်နိုင်သေးမေ

မိန်းမပျိုလေး ရှောင်ဖုန်းကလည်း အတန်ကြာ စဉ်းစားဝေ ဝေနေပြီးမှ စိုးရိမ်သည့်ဟန်ကလေးများ စွက်ကာ ပြောလိုက်သည်

"ရှင်ဟာ အင်မတန် သတ္တိရှိပြီး .... မာနတယ်ကြီးပါလား... အခု မြန်မြန်သွားကြစို့ .... ကျွန်မတို့ သခင်မလေး မကြာခင်ရောက် လာတော့မယ် .... သူက ရှင့်ကိုလွှတ်ပေးမှာ မဟုတ်ဘူး .... "

ယွင်ကျန်ယိမှာ ရှောင်ဖုန်း၏ စိတ်ရင်းစေတနာကို သိသေ လည်း စကားပြောချင်စိတ် လုံးဝမရှိ ဖြစ်နေသည်။

မိန်းမပျိုလေး ရှောင်ဖုန်းက ဟင်းခနဲ သက်ပြင်းရှည်ကြီး ရင်း ကရုဏာဒေါသဖြင့် ပြောလာပြန်သည်။

"ဒီမှာ ....ရှင့်ကိုယ်ရှင် သိပ်အထင်ကြီးမနေနဲ့ ....ကျွန်မ ရှင့်ကို သဘောရိုးနဲ့ ပြောပြနေတာပဲ ....တကယ်လို့ ရှင့်နေရာမှာ သူများသ ဖြစ်နေရင် ကျွန်မ ဒီလောက်ထိ အရေးစိုက်မှာ မဟုတ်ဘူး .... "

ထိုစကားကြောင့် ယွင်ကျန်ယိ၏မျက်နှာ ရှုံ့တွသွားကာ နေ ကွေးသောလေသံဖြင့် ပြန်ပြောလိုက်သည်။

"မင်းရဲ့စိတ်သဘောကို .... ကျုပ် ကျေးဇူးတင်တယ် ... ဒါပေမဲ့ မင်းတို့သခင်မကိုတော့ ငါ လုံးဝမကြောက်ဘူး .... "

မိန်းမပျိုလေး ရှောင်ဖုန်းက စိတ်ပျက်သွားသော်လည်း ဆက် လက်ဖျောင်းဖျပြောဆိုနေပြန်သည်။

"ရှင့်စကားက အတော်ကြီးကျယ်ပါလား ....ရှင့်ကိုယ်ရှင် အ



မစုံစားကွက် တတ်မြောက်ထားတဲ့အတွက် ပြိုင်ဘက်ကင်းနေပြီလို့ ရှင် ထင်နေသလား ....ရှင်းရှင်းပဲပြောမယ် ....ရှင့်သိုင်းပညာဟာ အများ ကြီးနုပါသေးတယ် .... "

ယွင်ကျန်ယိကမူ အေးတိအေးစက်ရှိနေကာ မထေ့တထေ့ ပင် **ရယ်မောနေသေးသည့်အပြင် စကားပင်တစ်ခွန်းမျှ ပြန်ပြောခြင်း မရှိတော့ပေ။**

**မိန်းမပျိုလေး** ရှောင်ဖုန်းက မြေကြီးကို ခြေတစ်ချက်ဆောင့် က စိတ်ဆိုးသည့်အမူအရာဖြင့် ....

"ကောင်းပြီ ....ကျွန်မ ရှင့်ကို အရေးမစိုက်တော့ဘူး ....ရှင့် ထိုက်နဲ့ ရှင့်ကံပဲ .... "

ထိုစဉ် ခပ်လှမ်းလှမ်းတစ်နေရာမှ ကြည်လင်သော အသံ တစ်သံ ထွက်ပေါ်လာသည်။

"ရှောင်ဖုန်း ....နင် ဘာလုပ်နေတာလဲ .... "

မိန်းမပျိုလေး ရှောင်ဖုန်း၏မျက်နှာမှာ သွေးဆုတ်ဖြူရော် သွားပြီး ထိတ်လန့်ကြောက်ရွံ့သွားကာ ....

"ဟ ....သခင်မလေး ....ဘာ ....ဘာမှမလုပ်ပါဘူး .... "

ယွင်ကျန်ယိက လှမ်းမျှော်ကြည့်လိုက်ရာ အတော်ခပ်လှမ်း လှမ်း၌ မှုန်ဝါးဝါး မိန်းကလေးတစ်ဦး၏သဏ္ဌာန်ကို တွေ့လိုက်ရလေ သည်။

ထိုမိန်းကလေးကပင် ရှောင်ဖုန်းအား ဆက်လက်အမိန့်ပေး ပြန်သည်။

Scanned with ACE Scanner

"ရှောင်ဖုန်း .... ယွင်ကျန်ယိကို ဖမ်းခဲ့ .... ဆရာက တို့ စောင့်နေတာ ကြာပြီ ...."

မိန်းမပျိုလေး ရှောင်ဖုန်းမှာ "ဟုတ်ကဲ့"ဟု တစ်ခွန်းသာ ပြ ပြောလိုက်ပြီး ယွင်ကျန်ယိကို ထိတ်လန့်တကြီး စိုက်ကြည့်လိုက်သည်

ယွင်ကျန်ယိကမူ အေးတိအေးစက် အပြုံးမျိုးကို ပြုံးပြလို ရင်း ....

"မိန်းကလေး .... မင်းသခင်မလေးရဲ့ နာမည်က စန္ဒဟ မဟုတ်လား ...."

ရှောင်ဖုန်းက အံ့သြဟန်နှင့် ခေါင်းညိတ်ပြလိုက်ပြီး ... ယွင်ကျန်ယိအား ပြောလိုက်သည်။

"ခုတော့ .... ဘယ်လိုမှ ကျွန်မ မတတ်နိုင်တော့ဘူး .... ရှ ကို ဖမ်းခေါ်ရတော့မယ် ....အကောင်းဆုံးက ရှင့်ကိုယ်ရှင် အဆုံးစီရ လိုက်ပါ ....ကျွန်မက ဟိုပြန်ရောက်တဲ့အခါ ထိုက်သင့်တဲ့ အပြစ်ဒဏ်ကို ခံယူပါ့မယ် ...."

ယွင်ကျန်ယိက ရှောင်ဖုန်း၏အပြောကို သဘောကျစွာ ပြ လိုက်၏။ အတော်လှမ်းလှမ်းမှ မိန်းမပျို၏အသံက ထပ်မံထွက်ပေ လာပြန်သည်။

"ရှောင်ဖုန်း .... ဘယ့်နှယ်ကြောင့် ခုထိ မဖမ်းသေးတာလဲ"

ယွင်ကျန်ယိမှာ နောက်သို့ ခြေသုံးလေးလှမ်းမျှ ဆုတ်လိုက် ပြီး ညာဘက်ရှိ ကျောက်စိမ်းတုတ်ကောက်ရှည်ကို လေပြင်ထဲသို့ အား ယူ၍စက်ဝိုင်းသဏ္ဌာန်ဝှေ့ယမ်းလိုက်ပြီးအပေါ်သို့ပစ်တင်လိုက်တော့၏



ထိုအခါ အဖြူရောင် အရိပ်တစ်ခုက ရုတ်ခြည်းရောက်ရှိလာ ကာ ထိုကျောက်စိမ်းတုတ်ကို ဖမ်းယူကာ ထွက်ခွာသွားသည်။

သူမ၏ လှုပ်ရှားဟန်များက အလွန်လှပသေသပ်ပြီး ငှက် တစ်ကောင်ထက်ပင် ပို၍ ပေါ့ပါးနေဟန် ထင်မှတ်ရ၏။

ယွင်ကျန်ယိမှာလည်း ငေးစိုက်ကြည့်နေရင်း မိမိမျက်လုံးကို မိမိမယုံကြည်သလို ဖြစ်သွားမိတော့၏။

ဤသို့သော အဆင့်မြင့်ပညာမျိုးကို ယွင်ကျန်ယိ တစ်သက် တာတွင် တစ်ကြိမ်တစ်ခါမျှ တွေ့မြင်ဖူးခဲ့ခြင်း မရှိချေ။ ထို့ကြောင့် ကြောင်ငေးကြည့်နေမိခြင်း ဖြစ်သည်။ မိန်းကလေး၏ ပုံပန်းသွင်ပြင် မှာ အလွန်ချောမောလှပပြီး ပြေပြစ်သူကလေး ဖြစ်နေ၏။

ယွင်ကျန်ယိမှာ သည့်ထက်ပို၍ သဲသဲကွဲကွဲ မြင်ချင်မိသော် လည်း ထိုမိန်းမပျိုက ချဉ်းကပ်လာခြင်း မရှိဘဲ အဝေးမှပင် အော်ဟစ် ပြောဆိုလာပြန်သည်။

"ရှောင်ဖုန်း ....ဒီနေ့ ကိစ္စမရှိတော့ဘူး ....ငါတို့ အတူတူပြန် ကြစို့ ...."

မိန်းမပျိုလေး ရှောင်ဖုန်းမှာ ထိုစကားကြောင့် ထိတ်လန့် အံ့သြသွားကာ မယုံကြည်နိုင်ဟန်ဖြင့် ယွင်ကျန်ယိကို စူးစိုက်ကြည့် လိုက်မိသည်။ တစ်ဆက်တည်း မိန်းမပျိုနှစ်ယောက် ပြေးလွှားထွက်ခွာ သွားကြသည်။

ယွင်ကျန်ယိလည်း ထိုနေရာမှ လျင်မြန်သွက်လက်သော ခြေလှမ်းများဖြင့် ထွက်ခွာသွားတော့သည်။

Scanned with ACE Scanner

လမ်းမှားသို့ လျှောက်လှမ်းနေသူအား လမ်းမှန်သို့ ရော
အောင် စည်းရုံးသိမ်းသွင်းရပေမည်။

ယခုမူ လမ်းမှန်သို့ လျှောက်လှမ်းနေသူအား လမ်းမှား
ရောက်အောင် ဆွဲဆောင်ဖြားယောင်း သွေးဆောင်ကြသည့် အဖျ
သမားများကို အစဉ်မပြတ် သတိထားရမည်သာ ဖြစ်လေသည်။



နှင်းတောင် ....။

ယွင်ကျန့်ယိ တစ်ယောက်တည်း နှင်းတောင်ပေါ်သို့ တက်လာခဲ့သည်။

**နှင်းတောင်ပေါ်တွင်** နှင်းများဖြင့် အုပ်ဆိုင်းဝေ့ဝဲနေ၏။

**ထင်းရှူးပင်မြင့်ကြီး**များပေါ်တွင်လည်း နှင်းပွင့်နှင်းပန်းများဖြင့် ဖုံးလွှမ်း၍ရှိနေပြီး ကြည့်လေရာရာတိုင်းတွင် နှင်းသားကမ္ဘာကြီးအလား နေရာတိုင်းတွင် ဖြူဖွေးလျက်ရှိနေသည်။

လုလင်ပျိုလေး ယွင်ကျန့်ယိက နှင်းတောင်ညီနောင် လေးဖော်အား ရှာဖွေရန် ထွက်လာခဲ့ရာ တောင်တစ်ဝက်ခန့်ပင် ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။

ထို့နောက် ....

ယွင်ကျန့်ယိက တောင်ပေါ်သို့ မျှော်ကြည့်လိုက်သည်။

နှင်းတောင်၏ အမြင့်ဆုံးတောင်ထိပ်ကိုပင် လှမ်းမြင်နေရပြီမို့ သူ၏မျက်နှာတွင် ဝမ်းသာရွှင်ပြသည့် အရိပ်အယောင်များ ယှက်သန်းနေလေသည်။

Scanned with ACE Scanner

ထို့ကြောင့် နှင်းတောင်ထိပ်ကို လှမ်းမြင်နေရသည်နှင့် ယွင်ကျန်ယိမှာ ရှိသမျှအတွင်းအားများထုတ်ကာ ကိုယ်ဖော့ပညာသုံးပြီး တစ်ဟုန်ထိုး ပြေးလွှားတက်သွားလေသည်။

နှင်းတောင်ထိပ်တွင်မူ အံ့သြဖွယ်ရာ နှင်းများကျဆင်းခြင်းမရှိဘဲ ကျောက်ဆောင် ကျောက်ခဲများဖြင့် ရောပြွမ်းနေသည်ကိုသာ မကြုံစဖူး တွေ့လိုက်ရ၏။

ကျောက်ဆောင်များမှာ ပေတစ်ရာ နှစ်ရာမက မြင့်မားလှ၏။

ယွင်ကျန်ယိက ထိုမြင့်မားလှသော ကျောက်ဆောင်ပေါ်သို့ ဆံနီအဘိုးကြီး သင်ကြားပေးလိုက်သည့် သိုင်းပညာဖြင့် တွယ်ကပ်ကုတ်ခြစ်တက်သွားရာ ကျောက်ဆောင်အလယ်သို့ အရောက်တွင် ဆံဖြူမုတ်ဆိတ်မွေးများဖြင့် ဖွေးဖွေးလှုပ်လျက်ရှိနေသော အဘိုးကြီးလေးဦး ထိုင်နေသည်ကို တွေ့လိုက်ရသည်။

အဘိုးကြီးလေးဦးမှာ လခြမ်းသဏ္ဍာန် ထိုင်နေပြီး အားလုံးမှာ တူညီဝတ်စုံကို ဝတ်ဆင်ထားကြ၏။

မျက်လုံးများကိုမူ မှိတ်ထားကာ တည်ငြိမ်စွာ ထိုင်နေကြသဖြင့် မြင်လျှင်မြင်ခြင်း လေးစားချစ်ခင်စိတ်များနှင့် ကြည်ညိုသဒ္ဓါပွားများမှုများက ယွင်ကျန်ယိအာရုံထဲ၌ ပေါ်ပေါက်ခံစားလာရသည်။

ထို့ကြောင့် ယွင်ကျန်ယိက တလေးတစား ဒူးထောက်ထိုင်ချလိုက်ပြီး နှုတ်ခွန်းဆက်လိုက်သည်။

"တပည့် ယွင်ကျန်ယိက ဆရာကြီးလေးဦးကို ဂါရဝပြုပါတယ် ခင်ဗျာ ...."

ယွင်ကျန်ယိ၏ စကားအဆုံး၌ အစွန်ဆုံး အဘိုးကြီး၏ မျက်လုံးများပွင့်လာကာ ယွင်ကျန်ယိအား ခေါင်းညိတ်ပြလိုက်သည်။



ထိုအဘိုးကြီးကို ယွင်ကျန်ယိက အသေအချာ ကြည့်လိုက်ရာ ဂူထဲတွင် မိမိအား လမ်းညွှန်ပြောလိုက်သည့် အဘိုးကြီး ဖြစ်နေကြောင်း တွေ့လိုက်ရသည်။

တတိယမြောက် အဘိုးအို၏ မျက်လုံးအစုံ ပွင့်လာကာ ယွင်ကျန်ယိအား အတန်ကြာ အကဲခတ်ကြည့်ရှုနေ၏။

"ညီထွေးပြောတာ မဆိုးဘူး ....ဒီသူငယ်ဟာ ဉာဏ်ကောင်းပြီး အဖိုးတန်တဲ့ ကလေးတစ်ယောက်ပဲ ....အင်း ....ပြောစရာ တစ်ခုရှိနေတာက သူငယ်ရဲ့ မာန်မာနလေးတစ်ခုပဲ ပြောဖို့ရှိတယ် ...."

ဒုတိယအဘိုးအိုကလည်း မျက်လုံးအစုံ ပွင့်လာကာ ဝင်ရောက်ပြောဆိုလာသည်။

"ဒါက အရေးမကြီးပါဘူး ....ကျုပ်တို့တတွေလည်း တစ်ချိန်က သူ့လိုပဲ မာနတက်ခဲ့ကြတယ်လေ ....ငယ်ရွယ်သူတွေရဲ့ ဖြစ်လေ့ဖြစ်ထရှိတဲ့ တက်ကြွတဲ့ စိတ်ဓာတ်မျိုးပါ ...."

စကားဆုံးသည်နှင့် ယွင်ကျန်ယိအား အကဲခတ်ကြည့်ရှုရင်း ပြောဆိုနေပြန်သည်။

"ညီထွေးရဲ့ မျက်လုံးအကြည့် မဆိုးပါဘူး ...."

ထိုစကားများကြောင့် လုလင်ပျိုလေး ယွင်ကျန်ယိ၏ စိတ်ထဲတွင် အလွန်အမင်း ဝမ်းသာပီတိ ဖြာဝေနေမိ၏။

နှင်းတောင်ညီနောင်လေးဦးက မိမိအား ဤမျှ အလေးထားလိမ့်မည်ဟု ယွင်ကျန်ယိမှာ လုံးဝထင်မထားမိခဲ့ချေ။

တတိယအဘိုးအိုမှာ အနည်းငယ် သဘောမကျဟန်ဖြင့် ....

"ဒါပေမယ့် ....မာန်မာနတက်ခြင်းဟာ ကောင်းတဲ့လက္ခဏာ မဟုတ်ဘူးကွဲ့ ...."

Scanned with ACE Scanner

တတိယအဘိုးအို၏ စကားကို ဒုတိယအဘိုးအိုက လုံးဝအရေးစိုက်ခြင်းမရှိဘဲ ယွင်ကျန်ယိကို ကြည့်ကာ ချီးမွမ်းပြောဆိုနေပြန်သည်။

"တို့ညီထွေးက မင်းကို ချီးမွမ်းနေတာ ကြားရတော့ ... ငါတို့ မယုံကြည်ခဲ့ဘူး ....ခု ကိုယ်တိုင်မြင်လိုက်ရမှ ညီထွေး ချီးမွမ်းခဲ့တာ မှန်နေတာ ငါတို့ သိရပြီ ...."

ယွင်ကျန်ယိက ရိုသေလေးစားသော အမူအရာဖြင့် ပြန်လည်ပြောဆိုလိုက်သည်။

"ဆရာကြီးတို့ရဲ့ ချီးမြှင့်ခြင်းကို ကျွန်တော် ကျေးဇူးတင်လှပါတယ် ...."

ယွင်ကျန်ယိက စကားဆုံးသည်နှင့် တစ်ဘက်အစွန်ဆုံးအဘိုးအိုက သတိထားကြည့်မိလိုက်သည်။

တစ်ဘက်အစွန်ရှိ ပထမအဘိုးအိုမှာ ယခုထက်တိုင် မျက်လုံးအစုံမှာ မှိတ်ထားမြဲဖြစ်ပြီး လုံးဝလှုပ်ရှားခြင်း မရှိသည့်အပြင် မိမိတို့ပြောဆိုနေသမျှကိုလည်း မသိသလို ဖြစ်နေ၏။

**သူ**နှင့် ပထမဦးဆုံးတွေ့ခဲ့သည့် အဘိုးအိုက မေးလာသည်။

"**မင်း** .... ဒီလာတဲ့အချိန်မှာ စန္ဒာဟန်နဲ့ တွေ့ခဲ့သေးလား"

**ယွင်ကျန်**ယိက ခေါင်းညိတ်ပြလိုက်ပြီး ထိုနေ့က အဖြစ်အပျက်များကို ထပ်မံပြောပြလိုက်ပြန်သည်။

ထိုအဘိုးကြီးက ခေါင်းညိတ်ပြကာ ဒုတိယအဘိုးကြီးကမှုသက်ပြင်းရှည်တစ်ချက်ကို လေးပင်စွာ ချလိုက်ပြီး ....

"အင်း ....အမည်မဖော်တဲ့ သိုင်းဒေဝီရှင် မိန်းမကြီးရဲ့ မျက်စိက ဘယ်သူ့ကိုမှလူထင်တာ မဟုတ်ဘူး ....သူ့အပြုအမူတွေဟာ လွန်လွန်းလာပြီ ...."



ဒုတိယအဘိုးကြီး၏ စကားအဆုံး၌ တစ်ချိန်လုံး ငြိမ်သက်စွာရှိနေပြီး မျက်လုံးအစုံ မှိတ်ထားသော ပထမအဘိုးကြီး၏ မျက်လုံးကပွင့်လာသည်။

ထိုအဘိုးကြီး၏ မျက်လုံးမှာ တဖျပ်ဖျပ် တလက်လက်တောက်ပနေသည်ကို မြင်လိုက်ရသဖြင့် ယွင်ကျန်ယိမှာ တုန်လှုပ်ချောက်ချားသွားမိသည်အထိ တလှပ်လှပ် ခံစားလိုက်ရသည်။

ထိုမျက်ခုံးဖြူ အဘိုးအိုကြီးက အေးဆေးတည်ငြိမ်သောလေသံဖြင့် ပြောလာသည်။

"ညီလတ် ....ညီငယ် ....ညီထွေးတို့ ...."

ပထမမျက်ခုံးဖြူ အဘိုးကြီး၏လေသံမှာ အနိမ့်အမြင့် မရှိဘဲအတွင်းအားပါလှသည့် လေသံမျိုး ဖြစ်လေသည်။

ကျန်ညီငယ် အဘိုးကြီးသုံးဦးမှာ မည်သည့်စကားတစ်ခွန်းမျှမပြောဘဲ မျက်ခုံးဖြူအဘိုးကြီး၏ စကားကိုသာ ငြိမ်သက်စွာ နားထောင်နေကြလေသည်။

"ငါ့ညီတို့ ....တို့တစ်တွေဟာ ကိုယ့်ကိုယ်ကို အားမကိုးနိုင်သေးဘူး ....တို့လေးယောက်ပေါင်းတဲ့တိုင် အမည်မဖော်တဲ့ သိုင်းဒေဝီရှင် မိန်းမကြီးကို ယှဉ်ပြိုင်အနိုင်ယူလို့လည်း ရမှာမဟုတ်ဘူး ...."

အစ်ကိုကြီး၏စကားကို ညီလတ်ဖြစ်သူ ဒုတိယအဘိုးကြီးကမခံမရပ်နိုင်ဘဲ ပြန်လည်ချေပ ပြောဆိုလိုက်သည်။

"အစ်ကိုကြီးရဲ့စကားက ဒီမိန်းမကြီးရဲ့ သိက္ခာကို မြှင့်တင်ပေးသလို ဖြစ်မနေဘူးလား ...."

မျက်ခုံးမွေးဖြူ ပထမအဘိုးကြီးက ဘာမှပြန်မပြောဘဲ ယွင်ကျန်ယိအား ကြည့်ကာ တည်ငြိမ်စွာ ပြောလိုက်သည်။

Scanned with ACE Scanner

"လူကလေး မတ်တတ်ရပ်လိုက် ...."

ယွင်ကျန်ယိမှာ ထိုမျက်ခုံးမွေးဖြူ ပထမအဘိုးကြီးအား စူးစိုက်ကြည့်ရင်း နေးကွေးစွာ မတ်တတ်ထရပ်လိုက်သည်။

အဘိုးကြီး၏ မျက်လုံးထဲတွင် ထူးခြားဆန်းကျယ်သော တောက်ပသည့် အရောင်များ ရှိနေပြီး တခြားလူ တစ်ဦးတစ်ယောက်ကို ဆွဲငင်အားတစ်ခု ရှိနေဘိသကဲ့သို့ ယွင်ကျန်ယိ ခံစားမိလိုက်သည်။

အဘိုးကြီး၏ စကားအ ှန်းတိုင်းသည် အရာလည်း ရောက်လှပေသည်။

ယွင်ကျန်ယိ မတ်တတ် ရပ်လိုက်သည်နှင့် မျက်ခုံးမွေးဖြူ အဘိုးကြီးက စေ့စပ်သေချာစွာ အကဲခတ် စိုက်ကြည့်နေသည်။

ထို့နောက် ဝမ်းသာကျေနပ်သည့် သက်ပြင်းလေလား၊ မကျေနပ်သည့် သက်ပြင်းလေလားမသိ သက်ပြင်းရှည်တစ်ချက် ချလိုက်ရင်း တစ်လုံးချင်း ပြောဆိုလာသည်။

"အင်း .... နောင်အခါ သိုင်းလောကရဲ့ အလင်းရောင်ဟာ ဒီလူကလေးအပေါ်မှာ မူတည်နေပြီ ...."

မျက်ခုံးဖြူ အဘိုးကြီးက ယွင်ကျန်ယိအား ချီးမွမ်းပြောဆိုပြီး ခေါင်းငုံ့ကာ တွေဝေနေရင်း သက်ပြင်းချလိုက်၏။

မျက်ခုံးမွေးဖြူ အဘိုးကြီးက ယွင်ကျန်ယိအား ချီးမွမ်းစကားပြောဆိုလိုက်သော်လည်း လေးလံသော သက်ပြင်းချမှုကြောင့် ကျန်အဘိုးအို သုံးဦး၏စိတ်ထဲတွင် လေးလံထိုင်းမှိုင်းသွားစေသည်။

အတန်ကြာမှ မျက်ခုံးဖြူ အဘိုးကြီးက ခေါင်းပြန်မော့လာကာ ယွင်ကျန်ယိအား လှမ်းပြောလိုက်၏။

"လူကလေး ....မင်း ဒီနေရာမှာ လေးငါးရက်လောက် နေခဲ့



ရမယ် ....ဒီမှာ ကိစ္စပြတ်မှ မင်း ထွက်သွားနိုင်မယ် ....ဘယ့်နှယ်လဲ မင်း နေနိုင်ရဲ့လား ...."

ယွင်ကျန်ယိမှာ မျက်ခုံးဖြူ အဘိုးကြီး ဘာဆိုလိုကြောင်း မသိသော်လည်း ခေါင်းညိတ်ပြလိုက်သည်။

ကျန်အဘိုးအိုသုံးဦးတို့လည်း မျက်ခုံးဖြူအဘိုးကြီးအား ကြည့်ကာ ထိတ်လန့်တကြီး ဖြစ်သွားကြရ၏။

မျက်ခုံးဖြူ အဘိုးကြီးက အတန်ကြာ တိတ်ဆိတ်နေရာမှ ရုတ်တရက် ပြုံးရောင်သန်းလာကာ ....

"အမည်မဖော်တဲ့ မိန်းမကြီးရဲ့ သိုင်းပညာက ဘယ်လောက် အဆင့်ရှိတယ်ဆိုတာ မင်းတို့ သိကြရဲ့လား ...."

အဘိုးကြီးသုံးယောက်သား ပြိုင်တူပြန်ဖြေလိုက်ကြ၏။

"ဒါတော့ အားလုံး သိနေပါတယ် ....သူဟာ ဓားကိုပဲ အသုံးပြုတာ များတယ် ...."

"ဟုတ်တယ် ....သူ့ရဲ့ သုခုမဓားကွက်နဲ့ တွေ့ဆုံခဲ့ရင် ဘယ်လိုလုပ် ခုခံမလဲ ...."

ထိုစကားကြောင့် အဘိုးကြီးသုံးယောက်မှာ ရုတ်တရက် ဘာစကားမျှ ပြန်ပြောနိုင်ခြင်း မရှိချေ။

အတန်ကြာမှ ဒုတိယအဘိုးကြီးက သူ့ထင်မြင်ချက်ကို ပြောဆိုလာသည်။

"ရေလှိုင်းထန်သိုင်းကွက်နဲ့ ခုခံတိုက်ခိုက်ရင်ကော မဖြစ်နိုင်ဘူးလား ...."

ထိုအခိုက် အဝေးတစ်နေရာဆီမှ ပြေးလွှားလာနေကြသော ခြေသံများကို ကြားလိုက်ရ၏။

Scanned with ACE Scanner

ထိုပြေးလွှားလာသံများကြောင့် မျက်ခုံးဖြူ အဘိုးကြီးက တစ်ချက်ပြုံးလိုက်ပြီး ခေါင်းတဆတ်ဆတ်ညိတ်ကာ ယွင်ကျုန်ယိအား သူ့အနားတွင် ထိုင်နေရန် လက်ဟန်ပြလိုက်၏။

ယွင်ကျုန်ယိမှာ အဘိုးကြီး လက်ဟန်ပြသည့်အတိုင်း ဘေးတွင် ဝင်ရောက်ထိုင်လိုက်သည်။

မကြာမီ နှင်းတောင်ထိပ်ရှိရာသို့ မိန်းမသုံးယောက် ယှဉ်တွဲပြေးလာနေသည်ကို တွေ့လိုက်ရသည်။

တစ်ယောက်မှာ အစိမ်းရောင် ဝတ်စုံဝတ် မိန်းမပျိုလေးရှောင်ဖုန်းဖြစ်ပြီး ကျန်တစ်ယောက်မှာ အနက်ရောင်ဝတ်စုံဝတ် မိန်းကလေးတစ်ဦးဖြစ်သည်။

နှင်းတောင်ညီနောင် လေးဖော်ရှိရာအနီးသို့ ဝတ်စုံနက်ဝတ် မိန်းမပျို ရောက်ရှိလာသည်။

တစ်ဆက်တည်း ဝတ်စုံစိမ်းဝတ် မိန်းမပျိုလည်း ရှေ့ဆင့်နောက်ဆင့် ရောက်ရှိလာပြန်သည်။

ဝတ်စုံနက်ဝတ် မိန်းမပျို ရောက်ရှိလာသည်နှင့် နှင်းတောင်ညီနောင်လေးဦးကို စူးစိုက်စွာ ကြည့်လိုက်သည်။

မျက်ခုံးအဖြူ အဘိုးကြီးဘေးတွင် ထိုင်နေသည့် ယွင်ကျုန်ယိကိုမူ ဝတ်စုံစိမ်း မိန်းမပျိုက မမြင်မသိသကဲ့သို့ အလျင်း ဂရုစိုက်ခြင်းမရှိချေ။

ဝတ်စုံစိမ်းဝတ် မိန်းမပျိုကမူ ရောက်ရှိလာသည်နှင့် ဝတ်စုံနက်ဝတ် မိန်းမပျိုနောက်ကျောတွင် ပုန်းကွယ်၍ ယွင်ကျုန်ယိအား ပြုံးကျယ်သော မျက်လုံးအစုံဖြင့် စူးစိုက်ကြည့်နေသည်။

တစ်ဖန် မီးခိုးရောင်ဝတ်စုံ ဆင်မြန်းထားသော မိန်းမကြီး



တစ်ယောက် ထပ်မံရောက်ရှိလာပြန်သည်။

မိန်းမကြီးက နေးကွေးသော ခြေလှမ်းများဖြင့် နှင်းတောင်ညီနောင် အဘိုးကြီးလေးဦးရှိရာသို့ လျှောက်လှမ်းလာကာ နှင်းတောင်ညီနောင်လေးဦးကို တစ်ယောက်ချင်း လိုက်လံကြည့်လိုက်သည်။

နှင်းတောင်ညီနောင်လေးဦးလုံး မျက်လုံးအစုံမှိတ်ထားကာ မိန်းမကြီးတို့ လှုသိုက်အား မသိမမြင်သလို ရှိနေကြသည်။

အမည်မဖော် မိန်းမကြီးက ညာဘက်ကို တစ်ချက်ငှေ့ယမ်းလိုက်ပြီး အင်္ကျီလက်စရှည်ထဲမှ ပစ္စည်းတစ်ခုကို ထုတ်ယူလိုက်သည်။

ထိုပစ္စည်းမှာ တခြားမဟုတ် ကျောက်စိမ်းတုတ်ပင် ဖြစ်သည်။

ထိုကျောက်စိမ်းတုတ်ကို အစ်ကိုကြီးဖြစ်သူ မျက်ခုံးဖြူအဘိုးကြီးဘေးသို့ လှမ်းပစ်ပေးလိုက်သည်။

ထိုကျောက်စိမ်းတုတ်မှာ ကျောက်တုံးပေါ်သို့ ကျသွားသော်လည်း မည်သည့်အသံမျှ ထွက်ပေါ်လာခြင်း မရှိပေ။

ထိုအခါမှ မျက်ခုံးဖြူအဘိုးကြီးက မျက်လုံးအစုံကို ဖြည်းညင်းစွာ ဖွင့်လိုက်ပြီး အမည်မဖော်သူ မိန်းမကြီးဆိုသူ အမျိုးသမီးအား ကြည့်လိုက်သည်။

အမည်မဖော်သူ မိန်းမကြီးဆိုသူ အမျိုးသမီးကြီးက အေးတိအေးစက်လေသံဖြင့် မျက်ခုံးဖြူအဘိုးကြီးအား လှမ်းပြောလိုက်သည်။

"ကျွန်မ ဒီနေ့ ဒီကိုရောက်လာရခြင်းဟာ ....လူတစ်ယောက်ကို ပြန်ယူဖို့ပဲ .... နောက် ရှင်တို့ နှင်းတောင်ညီနောင်လေးဖော်ရဲ့ သိုင်းပညာ ဘယ်လောက်ထိ ရှိနေပြီလဲဆိုတာကိုလည်း စမ်းကြည့်ချင်သေးတယ် ...."

Scanned with ACE Scanner

မျက်ခုံးဖြူ အဘိုးကြီးက ဖြစ်ပေါ်လာမည့် ပြဿနာအတွ ဝန်လေးစွာ သက်ပြင်းချရင်း ဖြေရှင်းချက်ထုတ်လိုက်သည်။

"ယွင်ကျန်ယီဟာ ဆံနီအဘိုးကြီးရဲ့ တပည့်မဟုတ်ပါဘူး ဒါ့အပြင် ...."

အမည်မဖော်သူ မိန်းမကြီးမှာ အဘိုးကြီးစကားကိုပင် ဆုံ အောင်ပြောခွင့်မပြုဘဲ လေးလံသော အသံဖြင့် ကြားဖြတ်ဝင်ပြောလို သည်။

"ကျွန်မ လုပ်ခဲ့တဲ့ကိစ္စ မှန်သမျှ ဘယ်သူမှ ဝင်ရောက်စွက်ဖ မေးရဲတဲ့လူ မရှိသေးဘူး ...."

မျက်ခုံးဖြူအဘိုးကြီးမှာ အတန်ငယ် တွေဝေသွားပြီး ...

"မင်း မစဉ်းစားတော့ဘူးလား ...."

အမည်မဖော်သူ မိန်းမကြီးက ဟင့်ခနဲ အသံတစ်ချက် လိုက်ရင်း နောက်ပြန်လှည့်ကာ ဝတ်စုံနက် မိန်းကလေးကို အမိန့်ပေ ပြောဆိုလိုက်သည်။

"ဓားယူခဲ့စမ်း ...."

ဝတ်စုံနက် မိန်းကလေးက ဓားရှည်တစ်လက် ယူလာ မီးခိုးရောင်ဝတ် မိန်းမကြီးလက်ထဲသို့ ရိုသေစွာ ပေးအပ်လိုက်သည်

နာမည်မဖော်သူ မိန်းမကြီးက ဓားရှည်ကို ဓားအိမ်ထဲမှ ဖြည် ညင်းစွာ ဆွဲထုတ်လိုက်ရင်း မျက်ခုံးဖြူအဘိုးကြီးအား စိုက်ကြည့်လို သည်။

မျက်ခုံးဖြူ အဘိုးကြီးကလည်း သုံ့သုံ့လေး ပြန်ပြုံးလိုက်က ကျောက်မြေပေါ်တွင် စိုက်ဝင်နေသည့် ကျောက်စိမ်းတုတ်ကို လှမ်းယ လိုက်ပြီး စတုတ္ထအဘိုးကြီးအား လှမ်းပေးလိုက်သည်။



တစ်ဆက်တည်းမှာပင် .... ကျန်အဘိုးအို သုံးဦးကလည်း ကျောက်စိမ်းတုတ် အသီးသီးကို ဆွဲထုတ်လိုက်ကြ၏။

နှင်းတောင်ညီနောင် လေးဦးလုံးက ပြိုင်တူမတ်တတ်ထရပ် လိုက်ကြ၏။

လူငယ်လေး ယွင်ကျန်ယီမှာမူ ယခုအကြိမ် ပထမဆုံးအဖြစ် သိုင်းလောက၏ အဆင့်အမြင့်ဆုံး ပုဂ္ဂိုလ်များ၏ ယှဉ်ပြိုင်ပွဲကို မြင်ရ တော့ပေမည်။

ထို့ကြောင့် ယွင်ကျန်ယီ၏ စိတ်ထဲတွင် အလွန်လှုပ်ရှားလျက် ရှိနေသည်။

ယွင်ကျန်ယီက ဝတ်စုံနက်ဝတ် မိန်းမပျိုအား တိတ်တဆိတ် ချောင်းမြောင်းကြည့်ရှုလိုက်ရာ ဝတ်စုံနက်ဝတ် မိန်းမပျိုမှာ တိုက်ပွဲဆီ သို့အာရုံရောက်နေသဖြင့် ယွင်ကျန်ယီအား လုံးဝဂရုစိုက်ခြင်း မရှိချေ။

ယွင်ကျန်ယီက တိုက်ပွဲဆီသို့ လှည့်ကြည့်လိုက်ရာ နှင်းတောင် ညီနောင်လေးဦးတို့က နာမည်မဖော်သူ မယ်တော်ကြီးဆိုသူအား ဝိုင်း ရံထားကြောင်း မြင်တွေ့လိုက်ရသည်။

မီးခိုးရောင်ဝတ် မိန်းမကြီးမှာ ဓားရှည်ကို ဖြည်းညင်းစွာ မြှောက်တင်ထားလိုက်ပြီး မျက်နှာပြင်မှာ ခပ်အေးအေးနှင့် ထိမထင် ဟန် ရှိသည်။

မိန်းမကြီး၏ အမူအရာကား နှင်းတောင်ညီနောင်လေးဦးတို့ အား မျက်စိထဲတွင် လုံးဝအရေးမစိုက်သကဲ့သို့ ရှိနေ၏။

ဓားရှည်ကို ပထမတစ်ကွက်အဖြစ် လေထဲတွင် စက်ဝိုင်း သဏ္ဍာန် ကွေ့ပတ်လိုက်ပြီး မျက်ခုံးဖြူအဘိုးကြီး၏ လည်မျိုဆီသို့ လှမ်းထောက်လိုက်၏။

Scanned with ACE Scanner

မျက်ခုံးဖြူအဘိုးကြီးမှာ ပြိုင်ဘက်ကြီးနှင့် ရင်ဆိုင်ဆုံတွေ့ ရပြီဖြစ်၍ အထင်မသေးရဲပေ။

ထို့ကြောင့် ကျောက်စိမ်းတုတ်ကို လေထဲတွင် ပလူပုံ့အေ ဝှေ့ယမ်းနေရင်း ရေစီးလှိုင်းထန်သိုင်းကွက်ထဲမှ ပထမကွက်ဖြစ်သ ရေလှိုင်းရစ်ဝဲသိုင်းကွက်ကို ထုတ်သုံးလိုက်၏။

ကျောက်စိမ်းတုတ်မှာ ရေလှိုင်းရစ်ဝဲဆိုသည့်အတိုင်း မိ ကြီးရှိရာသို့ ဝေ့ဝိုက်ရစ်ပတ် ဝင်ရောက်သွားတော့၏။

နာမည်မဖော်သူ မိန်းမကြီးမှာ သူ၏ဓားကွက်ကို ပြောင်း သော်လည်း ဆွဲငင်အားတစ်ခုခုက ဓားအားရစ်ပတ်ထားသလို ခံစာ လိုက်သည်။

ထို့ကြောင့် မိန်းမကြီး၏စိတ်ထဲ၌ တုန်လှုပ်သွားရသည် အတွင်းအားများကို ဓားရှည်ဆီသို့ ပို့လွှတ်ကာ အဘိုး လေးယောက်စလုံးကို တိုက်ခိုက်လိုက်တော့သည်။

ထိုအခါ နှင်းတောင်

နောင်လေးဦး၏ တုတ်ကွက်မှာ ဝေ့ ဝိုက်ထွ

သွားပြီး မိန်းမကြ

း၏ ဓားရှည်မှာ လေကိုသာ ထိုးခွင်းသွား တော့၏။

တစ်ခဏချင်းမှာပင် နှင်းတောင်ညီနောင်လေးဦးက ခံ တိုက်စစ်အသွင်သို့ ကူးပြောင်းသွားတော့သည်။

လေးဘက်လေးတန်မှ ဝိုင်းဝန်းကာ နာမည်မဖော်သူ မိန် ကြီးအား ပြိုင်တူဝင်ရောက် တိုက်ခိုက်ကြ၏။

နာမည်မဖော်သူ မိန်းမကြီးဆိုသူကလည်း သိုင်းလောက ပထမနေရာ ရထားသူမို့ သူမ လေ့ကျင့်ထားခဲ့သည့် သုခုမဓားကွ



ဖြင့် သိုင်းလောကသားများကို ရင်ဆိုင်အနိုင်ယူခဲ့သည်ချည်းပင် ဖြစ်၏။

ကျောက်စိမ်းတုတ်နှင့် ဓားတို့ ထိပ်တိုက်ဆုံတွေ့သွားချေပြီ။

"ထန် .... ထန် .... ထန် ...."

ဆူညံစွာ အသံများ ထွက်ပေါ်လာသည့်တိုင် နှင်းတောင် ညီနောင်လေးဦးက မိန်းမကြီးအား ခြေလှမ်းဝက်ခန့် ရွေ့သွားအောင် ပင် မလုပ်နိုင်ခဲ့ချေ။

ထို့ကြောင့် လေးဦးစလုံး ထိတ်လန့်တုန်လှုပ်သွားပြီး တိုက် စစ်ကို အရမ်းမထုတ်ရဲတော့ဘဲ မူလနေရာသို့ ပြန်ဆုတ်လိုက်ကြရ၏။

မိန်းမကြီးဆိုသူက ဒေါသတကြီးဖြင့် နေရာတွင် ရပ်နေရင်း အဘိုးကြီးလေးယောက်၏ တိုက်စစ်ကို အလွယ်တကူ ချေဖျက်နိုင်ခဲ့ သော်လည်း ဤနေ့လို အရေးနိမ့်ခြင်းမှာ ပထမဆုံးအကြိမ်ပင် ဖြစ်၏။

မိန်းမကြီး၏ မျက်လုံးအစုံတွင်မူ လူသတ်ချင်သည့် အရိပ် အယောင်များက ပို၍ပို၍ တောက်ပလာချေတော့သည်။

ယွင်ကျန်ယိမှာ မိန်းမကြီး၏ မျက်လုံးအစုံမှ လူသတ်ချင် သည့် အရိပ်အယောင်များကို တွေ့မြင်လိုက်ရသဖြင့် စိတ်ထဲတွင် အထူး တုန်လှုပ်ချောက်ချားသွားရတော့သည်။

ဝတ်စုံနက်မိန်းကလေးကို တစ်ချက်လှမ်းကြည့်ရာ အလျင် အတိုင်း တိုက်ပွဲဆီသို့ အာရုံရောက်နေသည်ကို တွေ့လိုက်ရပြန်သည်။

သူမ၏မျက်နှာတွင် အမူအရာ ထူးခြားမှု ပေါ်ပေါက်လာခြင်း မရှိချေ။

ဝတ်စုံစိမ်းဝတ် မိန်းမပျိုလေး ရှောင်ဖုန်းကသာ ထိတ်လန့် စိုးရွံ့သော မျက်လုံးအစုံဖြင့် ယွင်ကျန်ယိအား လှမ်းကြည့်နေသည်ကို တွေ့လိုက်ရ၏။

နှင်းတောင်ညီနောင်လေးဦး၏ သိုင်းပညာမှာ ဤမျှအ
အဆင့်မြင့်မားလိမ့်မည်ဟု မိန်းမကြီးက လုံးဝမထင်မှတ်ထားခဲ့ပေ

ဓားရှည်ကို လေတွင်တရစပ် ဝှေ့ယမ်းရင်း သူမ၏ သုံး
ဓားကွက်များမှ ပညာမျိုးစုံကို ထုတ်သုံးတိုက်ခိုက်လာပြန်သည်။

သုခုမဓားကွက်မျိုးစုံ ထုတ်သုံးလာသည်နှင့် ငွေရောင်အလုံး
တန်းများက လျှပ်စီးလက်သကဲ့သို့ တလက်လက် တောက်ပကာ နှ
တောင်ညီနောင် လေးယောက်တို့အား တရစပ် ထိုးဖောက်ဝင်ရော
တိုက်ခိုက်လာသည်။

ထိုအခါ အဘိုးကြီးလေးယောက်မှာ တစ်ဘက်ရန်သူ
အဆင့်မြင့်လှသော ဓားပညာကို အာရုံတစိုက် ခုခံရင်ဆိုင်တိုက်နိုင်
နေရ၏။

ငွေလှိုင်းရစ်ဝဲဟန် သိုင်းကွက်ဖြင့် မိန်းမကြီးအား အဘိုးကြီး
လေးယောက်တို့ တိုက်ခိုက်ခြင်း မပြုရဲတော့ပေ။

ထိုရေလှိုင်းရစ်ဝဲဟန် သိုင်းကွက်ကို အဘိုးလေးဦးက နဖူး
ချွေး ခြေမကျသည်အထိ တပင်တပန်း တီထွင်လေ့ကျင့်လာခဲ့ရသည့်
သိုင်းကွက်ဖြစ်၏။

မိန်းမကြီးမှာလည်း သိုင်းလောက၏ ပထမတန်းပညာရှိ
ဖြစ်သော်လည်း တစ်ယောက်နှင့်လေးယောက် တိုက်ခိုက်နေရသည်
မို့ ထင်သလောက် မလွယ်ကူလှပေ။

ဤသို့ဖြင့် ရေနွေးအိုးတစ်လုံးကျက်ခန့် အချိန်အတွင်း
တစ်ဘက်နှင့်တစ်ဘက် သိုင်းကွက်ပေါင်း ရာချီလာခဲ့သည်။

ဘေးတွင် ရပ်ကြည့်နေသော ယွင်ကျန်ယိမှာ နာမည်မဖေ
သူ မိန်းမကြီး၏ သိုင်းကွက်များက မြန်ဆန်သွက်လက်လွန်းလှသဖြ



ကောင်းစွာပင် မမြင်နိုင်တော့ချေ။

အမည်မဖော်သူ မိန်းမကြီးဆိုသူမှာလည်း တိုက်ကွက်ကြာ
ရှည်လာသည်နှင့်အမျှ နှင်းတောင်ညီနောင် လေးဦးအား ထိတ်လန့်
တုန်လှုပ်လာမိ၏။

တစ်ဘက်နှင့်တစ်ဘက် ဓားရိပ် တုတ်ရိပ်များက ရောထွေး
နေပြီး ခွဲခြားမရအောင်ဖြစ်ကာ သူတို့၏ ခန္ဓာကိုယ်များကလည်း လက်
နက်များ လှုပ်ရှားသွားလာသည့်အတိုင်း ဟိုမှသည် သည်မှဟို လျင်မြန်
စွာ လှုပ်ရှားနေကြရ၏။

မိန်းမကြီးက ရုတ်တရက် ဓားကွက်ပြောင်းလိုက်သည်နှင့်
အပြင်အားတစ်ခုဝင်လာသလို အဘိုးကြီးလေးယောက်မှာ ခံစားမိလိုက်
ကြသည်။

မိန်းမကြီး၏ဓားရှည်မှာ ဓားကွက်ပြောင်းလိုက်သည်နှင့် နဂါး
တစ်ကောင်ပမာ အန္တရာယ် အကြပ်အတည်းမှ လွတ်ထွက်သွားတော့
၏။

ထို့အတူ အဘိုးကြီးလေးယောက်၏ ကျောက်စိမ်းတုတ်များ
မှာလည်း ဓားကွက်ပြောင်းသွားသည့်အတိုင်း ချက်ချင်းပြောင်းလဲလှုပ်
ရှားတိုက်ခိုက်ရတော့သည်။

တစ်ခဏအတွင်း ယှဉ်ပြိုင်သူ ငါးယောက်စလုံးက လျင်မြန်
သွက်လက်လွန်းစွာ လှုပ်ရှားတိုက်ခိုက်လာကြရာ ဘေးတွင်ရပ်ကြည့်
နေသော ဝတ်စုံနက်မိန်းကလေးပင် အသက်ရှူရန် မေ့နေမိသည့်
အလား ငေးငိုင်ကြည့်နေမိသည်။

ယွင်ကျန်ယိမှာလည်း ကြောင်တောင်တောင်ဖြစ်ကာ ဤမျှ
အဆင့်မြင့်လှသည့် တိုက်ပွဲမျိုးကို ကိုယ်တွေ့ကြုံဖို့နေနေသာသာ ကြား

Scanned with ACE Scanner

ပင် မကြားဘူးခဲ့ချေ။

ဤသို့ဖြင့် အကွက်ပေါင်း ဆယ်မှရာထောင်သို့ပင် ကျော်လ ခဲ့ချေပြီ။

အချိန်မှာလည်း မိုးပင်စုန်းစုန်း ချုပ်လာပြီမို့ ကောင်းကင် ကြယ်လတာရာများ ထွန်းလင်းတောက်ပလာကြရာ အလင်းရော မျှား တဖြည်းဖြည်းပေးလျက် ရှိနေကြသည်။

ဤသို့ဖြင့် တစ်ညတာ လွန်မြောက်လာပြီး အရှေ့ဘက် အရုဏ်ဦး၏ ရောင်ခြည်ပင် သန်းလာခဲ့ချေပြီ။

ထိုအချိန်၌ နာမည်မဖော်သူ မိန်းမကြီးမှာ စားကွက်စားဟ ကို တရကြမ်း ပြောင်းလွဲတိုက်ခိုက်လာရာ သုခုမစားကွက်ထဲမှ တိ မည်းဖောက်စားကွက်ဖြင့် အဘိုးကြီးလေးယောက်အား အပြင်းထန်ဆုံး တိုက်ခိုက်လေတော့သည်။

နောက်ဆုံး နှင်းတောင်ညီနောင်လေးဖော်တို့က တိုက်ကွက် ထဲမှ ခုန်ဆုတ်လိုက်ကြပြီး ပခုံးချင်းယှဉ် ရပ်လိုက်ကြ၏။

ညီနောင်လေးဖော်အနက် အစ်ကိုကြီးဖြစ်သူ မျက်ခုံးဖြူအဘိုး ကြီးက မိန်းမကြီးအား တည်ကြည်စွာကြည့်ရင်း ပြောဆိုလာသည်။

“နာမည်မဖော်တဲ့ အဘွားကြီးရဲ့ သိုင်းပညာဟာ ....ချီးကျူး လောက်ပါပေတယ် ....ဒီကနေ့ ကျုပ်တို့လေးယောက်လုံး အရှုံးပေး ပြီ ....”

ထိုစကားကြောင့် မိန်းမကြီး၏ မျက်လုံးအစုံတွင် ထိတ်လ အံ့သြမှု အရိပ်အယောင်များ ရုတ်တရက် ပေါ်ထွက်လာသည်။

သို့သော် တဒင်္ဂအတွင်း ထိုအရိပ်အယောင်များ ပျောက်ကွယ် သွားကာ အဘိုးကြီးလေးယောက်က တစ်ကွက်လေး အရေးနိမ့်သွာ



သည်နှင့် ယခုကဲ့သို့ အရှုံးကို ဝန်ခံပြောလိမ့်မည်ဟု မထင်မိခဲ့ချေ။

မိန်းမကြီးက ဟင့်ခနဲ အသံတစ်ချက်ပြုရင်း မည်သို့ပြန်ပြော ရမည်မသိ ဖြစ်နေမိသည်။

ထိုစဉ် မျက်ခုံးဖြူအဘိုးကြီးက ထပ်ဆင့်ပြောဆိုလာပြန် သည်။

“နောက်ထပ် ဆက်ပြီး တိုက်ခိုက်သွားရင်ပဲ ....ကျုပ်တို့ လေး ယောက်က ခင်ဗျားရဲ့ သုခုမစားကွက်ကို မယှဉ်နိုင်ကြတော့ပါဘူး”

မိန်းမကြီးက အေးစက်စက်လေသံဖြင့် မေးလာသည်။

“ကောင်းပြီ ....ရှင်တို့သဘောက ဘယ်လိုရှိသလဲ ....”

မျက်ခုံးဖြူ အဘိုးကြီးက လေးနက်စွာ စဉ်းစားလိုက်ပြီး တည် ကြည်သောလေသံဖြင့် ပြန်ပြောလိုက်သည်။

“မှန်တယ် .... ကျုပ်တို့ ညီနောင်လေးဖော်ဟာ ဒီကနေ့ ခင်ဗျားကို ရှုံးနိမ့်ရတဲ့အတွက် ကိုယ့်ကိုယ်ကို စီရင်ကြပါမယ် ....ဒါပေ မယ့် ခင်ဗျားဟာ ယွင်ကျန်ယိကိုတော့ တစ်နှစ်တိတိ ဒုက္ခမပေးဘူး ဆိုတဲ့ကတိကို ကျုပ်တို့ လိုချင်တယ် ....”

မိန်းမကြီးက ဟင့်ခနဲ အသံတစ်ချက်ပြုလိုက်ရင်း ငြင်းဆို လိုက်သည်။

“မဖြစ်နိုင်ဘူး ....”

ဒုတိယအဘိုးကြီးက ကြားဖြတ်ဝင်ရောက် ပြောဆိုလာပြန် သည်။

“တစ်နှစ်ဆိုတဲ့အချိန်ဟာ ဘာမှ မရှိပါဘူး .... ဘာလဲ .... ခင်ဗျားက ဒီချာတိတ်ကလေးဟာ နောက်ကို သိုင်းလောကရဲ့ ပထမ နေရာ ရသွားမှာ စိုးရိမ်မိလို့လား ....”

Scanned with ACE Scanner

အမည်မဖော်သည့် မိန်းမကြီးက အတန်ကြာစဉ်းစားပြီး ယွင်ကျန်ယိကို လှည့်ကြည့်သည်။

"ကောင်းပြီ …. ကျွန်မ သဘောတူပါတယ် …."

မိန်းမကြီး၏ သဘောတူညီချက်ကြောင့် မျက်ခုံးဖြူအဘိုးကြီးက သဘောကျသွားကာ ယွင်ကျန်ယိကို လှမ်းခေါ်လိုက်သည်။

ယွင်ကျန်ယိကလည်း အစတွင် မျက်ခုံးဖြူအဘိုးကြီးနှင့် မိန်းမကြီးတို့၏ စကားအခြေအတင်ကြောင့် ငေးကြောင်ကြောင် ရပ်နေမိသည်။

ယခု မျက်ခုံးဖြူအဘိုးကြီးက မိမိအား ခေါ်လိုက်သည်ကို သတိရလာကာ ထိုအဘိုးကြီးရှိရာသို့ လျှောက်လှမ်းလာပြီး ဝမ်းပန်းတနည်း မေးလိုက်သည်။

"ဆရာကြီးတို့ ဘာဖြစ်လို့ ဒီလိုဆုံးဖြတ်ရတာလဲ …."

စကားဆုံးသည်နှင့် ယွင်ကျန်ယိမှာ မျက်ရည်များ အလိုလိုကျဆင်းလာတော့သည်။

သို့သော် မျက်ခုံးဖြူအဘိုးကြီးက လိုက်လိုက်လှဲလှဲ ပြုံးရယ်လိုက်ပြီး ….

"လူကလေး …. ငါတို့ ဘာဖြစ်လို့ ဒီလိုဆုံးဖြတ်သလဲဆိုတာ မင်း နောင်အခါမှ သဘောပေါက်လိမ့်မယ် …. ဘာဖြစ်လို့ မင်းက ဒီမေးခွန်းကို မေးရတာလဲ …."

ယွင်ကျန်ယိက မျက်ရည်စက်လက်ဖြင့် ….

"ဆရာကြီးတို့ ဒီလိုဆုံးဖြတ်တဲ့အတွက် ကျွန်တော့်တစ်သက် ဘယ်လိုဖြေသိမ့်နိုင်ပါ့မလဲ …. ကျွန်တော်နဲ့ ဆရာကြီးတို့က ခုမှ တွေ့ကြရတာ …."



မျက်ခုံးဖြူအဘိုးကြီးက သူ၏ဦးခေါင်းကို ပွတ်သပ်ကာ နံနက်ခင်း ထွက်ပေါ်လာသော နေမင်းကြီးကိုကြည့်ရင်း ယွင်ကျန်ယိအား ပြောလိုက်၏။

"လူကလေး …. မနက်ခင်း နေထွက်တာကို မင်း မြင်တယ်မဟုတ်လား …. အေး မင်းလည်း အဲဒီနေမင်းကြီးလိုပဲ တစ်နေ့ သိုင်းလောကမှာ ထွန်းပေါက်လာမယ်ဆိုတာ ငါ ရဲရဲကြီး ပြောရဲတယ် …. အဲဒီအချိန်ကျရင် လူကလေးဟာ တရားဥပဒေဘက်သားပီပီ မမှန်ကန်တဲ့ ဒုစရိုက်ဆိုးတွေကို နည်းနိုင်သမျှ နည်းအောင် ပပျောက်သွားအောင် လုပ်ဆောင်ပါလို့ မှာကြားချင်တယ် …."

မျက်ခုံးဖြူ အဘိုးကြီး၏ စကားကြောင့် မိန်းမကြီး၏မျက်နှာမှာ တစ်ချက်ရှုံ့တွသွား၏။

သို့သော် …. ဘာမျှ ပြန်မပြောချေ။

နှင်းတောင်ညီနောင်လေးဖော်မှာ မတ်တတ်ရပ်နေကြရာမှ အသီးသီး တင်ပျဉ်ခွေထိုင်လိုက်ကြ၏။

လူငယ်လေး ယွင်ကျန်ယိမှာမူ မျက်ခုံးဖြူအဘိုးကြီးရှေ့တွင် ရှိသေစွာ ဒူးထောက်ထိုင်ချလိုက်သည်။

နှင်းတောင်ညီနောင်လေးဖော်က မိမိ၏ အသက်တစ်ချောင်းကို သူတို့၏ အသက်လေးချောင်းဖြင့် အလဲအလှယ် ပြုခဲ့သဖြင့် ယွင်ကျန်ယိစိတ်ထဲတွင် အလွန် လှုပ်ရှားနေမိသည်။

မျက်ခုံးဖြူ အဘိုးကြီးက ယွင်ကျန်ယိအား တွေဝေစွာကြည့်ရင်း မေးလာပြန်သည်။

"လူကလေး …. မင်းရဲ့ဖခင်အတွက် မင်း တာဝန်မကျေသေးဘူးလို့ ငါတို့ ကြားခဲ့ရတယ် …. အဲဒီသတင်းဟာ အမှန်ပဲလား …."

Scanned with ACE Scanner

ယွင်ကျန်ယိမှာ မျက်ရည်စက်လက်နှင့်ပင် ခေါင်းညိတ်အဖြေပေးလိုက်မိ၏။

မျက်ခုံးဖြူ အဘိုးကြီးကပင် ဆက်လက်မေးမြန်းလာပြန်သည်။

"အဲဒီလူ ဘယ်သူလဲ ...."

"ယက္ခအဘိုးကြီးပဲ ဖြစ်ပါတယ် ...."

"ဟင် .... သူမှဟုတ်ရဲ့လား ...."

ယွင်ကျန်ယိသည် .... သိုင်းလောက၏ ကြောက်မက်ဖွယ် အကောင်းဆုံးသော ပုဂ္ဂိုလ်နှစ်ဦးကို ရင်ဆိုင်နေရမှန်း မထင်မိချေ။

အမည်မဖော်သည့် မိန်းမကြီးမှာ သိုင်းလောက၏ ပထမပုဂ္ဂိုလ်ဖြစ်ပြီး ယက္ခအဘိုးကြီးဆိုသူမှာလည်း သိုင်းလောကတွင် ကောက်ကျစ်ယုတ်မာရာ၌ ရှာမှရှား ပထမတန်းစားထဲက ဖြစ်လေသည်။

မျက်ခုံးဖြူအဘိုးကြီးက ယွင်ကျန်ယိအား တည်ကြည်စွာ ကြည့်ရင်း ပြောလာသည်။

"လူကလေး ....မင်း ဒီကနေ ထွက်သွားရင် ဖြူမည်းတောင်တန်းကို သွားပါ ....အဲဒီမှာ လူထူးဆန်းနှစ်ဦး ရှိတယ် ....မင်းသာ သူတို့ဆီက ပညာရလိုက်မယ်ဆိုရင် ရှေ့လျှောက် ဘာပူပင်စရာမှ မလိုတော့ဘူး ...."

မျက်ခုံးဖြူအဘိုးကြီး စကားကြောင့် နာမည်မဖော်သူ မိန်းမကြီးက ဟင့်ခနဲ သရော်သံ ပြုလိုက်သည်။

သို့သော် မျက်ခုံးဖြူအဘိုးကြီးက မိန်းမကြီး၏ ခနဲ့သံကို ဂရုမစိုက်ဘဲ ဆက်လက်ပြောနေပြန်၏။



"လူကလေး .... ငါတို့ ညီနောင်လေးယောက်ဟာ ဒီနှင်းတောင်ထိပ်မှာ နေခဲ့တာ နှစ်ပေါင်းနှစ်ဆယ်ရှိပြီ ....နောက် ရေစီးလှိုင်းထန် သိုင်းကွက်ကို တီထွင်ကြံဆခဲ့ပြီး .... ဒီကနေ့အထိ တပည့်တစ်ယောက်မှ မမွေးခဲ့သေးဘူး .... ဒီကနေ့မှပဲ မင်းကို ဒီပညာတွေ ပေးလိုက်မယ် ...."

စကားဆုံးသည်နှင့် မျက်ခုံးဖြူအဘိုးကြီးက ရင်ခွင်ထဲမှ ဖယောင်းစက္ကူဖြင့် ထုပ်သိမ်းထားသော စာအုပ်ငယ်လေးတစ်ခုကို လှမ်းပေးလိုက်သည်။

လူငယ်လေး ယွင်ကျန်ယိမှာ စာအုပ်လေးကို လက်နှစ်ဖက်ဖြင့် တရိုတသေ လှမ်းယူရင်း ကြေကွဲဆို့နင့်စွာ ပြောဆိုလာသည်။

"ဆရာကြီးတို့ရဲ့ ကျေးဇူးကို ကျွန်တော့်တစ်သက်မှာ မမေ့ပါဘူး ...."

မျက်ခုံးဖြူအဘိုးကြီးက နှစ်လိုစဖွယ် ပြုံးလိုက်ရင်း ယွင်ကျန်ယိ၏ဦးခေါင်းကို တယုတယ ပွတ်သပ်ပေးလိုက်သည်။

ဆက်လက်၍ တုန်ရီလှိုက်လှဲသောလေသံဖြင့် ပြောဆိုလာသည်။

"မင်းရဲ့ လက်ရှိအတွင်းအားနဲ့ဆိုရင် အဲဒီသိုင်းပညာကို သင်ယူလေ့ကျင့်ဖို့ မဖြစ်နိုင်သေးဘူး ....ဒါကြောင့် နောင်အခါ မင်းလေ့ကျင့်ဖို့ သိမ်းဆည်းထားပါ ...."

လူငယ်လေး ယွင်ကျန်ယိက ထိုရေစီးလှိုင်းထန် သိုင်းကျမ်းကို သူ့ရင်ခွင်ထဲသို့ ဂရုတစိုက် သိမ်းဆည်းထားလိုက်၏။

မျက်ခုံးဖြူအဘိုးကြီးက မိန်းမကြီးကို လှမ်းကြည့်ရင်း ယွင်ကျန်ယိအား ဆက်လက်ပြောဆိုပြန်သည်။

Scanned with ACE Scanner

"လူကလေး ....ဒီရေစီးလိုင်းထန် သိုင်းကွက်သုံးကွက်အနက် မင်း ခုနက နှစ်ကွက်ပဲ မြင်ခဲ့တယ် .... ငါတို့ညီနောင်တွေဟာ နှ နှစ်ကွက်တည်းနဲ့ အဘွားကြီးကို တစ်နေ့တစ်ည တစ်မနက်ထိ ခုံ တားဆီးနိုင်ခဲ့တယ် .... အေး .... တတိယအကွက်ဟာ ပထမ ဒုတိယ အကွက်တွေထက် ဆယ်ဆပိုပြင်းထန်တယ် ....ဒါပေမယ့် ငါတို့ညီနောင် လေးဖော်ဟာ အဲဒီတတိယကွက်ကို ကနေ့ထိ မလေ့ကျင့်ကြရသေး ဘူး .... တကယ်လို့ လေ့ကျင့်နိုင်ခဲ့မယ်ဆိုရင် တို့ ဒီနေ့လို ရှုံးနိမ့်မှာ မဟုတ်ဘူး ....မင်းက အဲဒီသိုင်းကျမ်းကို ကောင်းကောင်းမွန်မွန် သိမ်း ဆည်းထားပေတော့ ...."

မျက်ခုံးဖြူအဘိုးကြီး၏ စကားအား မိန်းမကြီးက မနှစ်မြို့ဟန် ဖြင့် နှုတ်ခမ်းတစ်ချက်တွန့်ရင်း မဲ့ပြုံး ပြုံးလိုက်သည်။

သို့သော် မည်သည့်စကားကိုမျှ ပြောဆိုလာခြင်းကား မရှိ ချေ။

မျက်ခုံးဖြူအဘိုးကြီးမှာ အတန်ကြာ တွေဝေစဉ်းစားနေပြီး မှ ယွင်ကျန်ယီအား ဆက်လက်ပြောဆိုလာပြန်သည်။

"လူကလေး .... မင်းရဲ့ အင်္ဂါမစုံ ဓားသိုင်းကွက်ကို ဘယ် တော့မှ ထုတ်မသုံးနဲ့တော့ ....ဆံနီနတ်ဆိုးကြီးဟာ သိုင်းလောကမှာ မကောင်းမှုဒုစရိုက်တွေ အများကြီး လုပ်လာသူပဲ ....တချို့ပုဂ္ဂိုလ်တွေ က သူ့ကို မယှဉ်ရဲပေမယ့် ....မင်းကျတော့ သူ့လို မဟုတ်ဘူး ....မင်း ကို ယှဉ်ပြိုင်တိုက်ခိုက်ကြလိမ့်မယ် .... အဲဒီအခါ သူ့မှာရှိတဲ့ ရန်ငြိုး ရန်စတွေဟာ မင်းအပေါ် အားလုံးပုံကျလာပြီး အခဲမကျေ ဖြစ်သွား နိုင်တယ် ....နောင်အခါ မင်း ဒီထက် ဒုက္ခမျိုးစုံကို ရင်ဆိုင်သွားရလိမ့် မယ် ...."



မျက်ခုံးဖြူအဘိုးကြီးမှာ စကားဆုံးသည်နှင့် မျက်လုံးအစုံ မှိတ်သွားကာ ဆက်လက်ပြောကြားခြင်း မပြုတော့ပေ။

လူငယ်လေး ယွင်ကျန်ယီစိတ်ထဲတွင်လည်း ဝမ်းနည်းကြေ ကွဲမှုက တောင်ကြီးတစ်ခုပမာ ကြီးထွားနေလျက်ရှိသည်။

နှင်းတောင်ညီနောင်လေးဖော်သည် မိမိ၏ အသက်သခင် ကျေးဇူးရှင်များ ဖြစ်ကြသည်။ ထိုကျေးဇူးကို သည်တစ်သက် ပေးဆပ် နိုင်တော့မည် မဟုတ်ချေ။

ထို့ကြောင့် .... မျက်ခုံးဖြူအဘိုးကြီးနှင့် ကျန်အဘိုးကြီး သုံးယောက်တို့အား တစ်ဦးစီ ငါးကြိမ်တိတိ ယွင်ကျန်ယီက ဦးချကန် တော့လိုက်သည်။

ထိုစဉ် မျက်ခုံးဖြူအဘိုးကြီး၏မျက်လုံး ပြန်လည်ပွင့်လာကာ ညင်သာသော စကားသံများ ပေါ်ထွက်လာပြန်သည်။

"လူကလေး .... မင်းရဲ့ မာနစိတ်ဟာ အင်မတန် ပြင်းထန် နေတယ် .... အဲဒီစိတ်ကို ဖျောက်လိုက်ပါ .... မာန်မာနစိတ် ထောင် လွှားတဲ့သူဟာ တိုးတက်မှုကို အဟန့်အတား ဖြစ်စေနိုင်တယ် .... အေး .... ငါတို့ရဲ့ မျှော်လင့်ချက်တွေကိုတော့ လူကလေး ကုန်ဆုံး အောင် မလုပ်ပါနဲ့ ...."

ယွင်ကျန်ယီက ဝမ်းနည်းလွန်းသောစိတ်ကြောင့် နှုတ်မှ အဖြေမပေးနိုင်ဘဲ ခေါင်းညိတ်ပြလိုက်သည်။

ဒုတိယအကြိမ် နှင်းတောင်ညီနောင်လေးဖော်အား ယွင်ကျန် ယီက ငါးကြိမ်တိတိ ဦးချကန်တော့လိုက်ပြန်သည်။

အဘိုးကြီးလေးယောက်စလုံးမှာ မျက်လုံးအစုံမှိတ်ထားကြ ကာ စကားတစ်ခွန်းမျှ မပြောကြချေ။

Scanned with ACE Scanner

အတန်ကြာမှ စတုဗ္ဗအဘိုးကြီးထံမှ စကားသံ တိုးညှင်းစွာ ထွက်ပေါ်လာလေသည်။

"လူကလေး .... မင်းရဲ့ ဘဝလမ်းခရီး တစ်လျှောက်လုံးမှာ အဆင်ပြေချောမောပြီး အောင်မြင်နိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်ကွယ် ...."

သည်တစ်ကြိမ်တွင် ယွင်ကျန်ယီမှာ အောင့်အည်းနိုင်စွမ်း မရှိတော့ဘဲ မျက်ရည်များကြားမှ ရှိုက်သံလေးများပင် ရောစွက်လာချေပြီ။

စတုဗ္ဗအဘိုးကြီးက ယွင်ကျန်ယီ၏ ဖြစ်အင်ကိုကြည့်ကာ မချိတင်ကဲ လေသံဖြင့် ပြောလာပြန်သည်။

"လူကလေး .... မင်း ဘယ်လိုဖြစ်နေတာလဲ .... မင်းကို စတွေ့တဲ့ အချိန်တုန်းက မင်းဟာ ယောကျ်ားရင့်မကြီးမဟုတ်လား မာန်မာန ထောင်လွှားတဲ့စိတ်ဟာ အသုံးမဝင်ပေမယ့် စိတ်ဓာတ်ရေးရာမှာ ကြံ့ခိုင်ရမယ်ကွ ...."

ထိုစကားကြောင့် ယွင်ကျန်ယီ၏ ရှိုက်သံများမှာ တဖြည်းဖြည်းနှင့် တိုးတိတ်သွားကာ သူ့ညာလက်ကို မြှောက်ပြီး မျက်ရည်များကို သုတ်ဖယ်ပစ်နေသည်။

ထိုအခါမှ စတုဗ္ဗအဘိုးကြီး၏ မျက်လုံးအစုံ ပြန်လည်မှိတ်သွားသည်။

မျက်ခုံးဖြူအဘိုးကြီး၏ မျက်လုံးအစုံက ရုတ်တရက် ပွင့်လာသည်နှင့် လေးယောက်သား မျက်နှာချင်းဆိုင် ထိုင်လိုက်ကြကာ ညာလက်အသီးသီးကို ရုတ်ခြည်း မြှောက်လိုက်ကြ၏။ ထိုအခါ — ကျောက်စိမ်းတုံးမှ စိမ်းဖန့်ဖန့် အလင်းရောင်တန်းများက ပြိုးပြိုးပြက် ပြက် ထွက်လာတော့သည်။



အလင်းရောင်တန်း ပြိုးပြိုးပြက်ပြက် ထွက်လာသည်နှင့်အမျှ နှင်းတောင်ညီနောင်လေးဖော်တို့မှာ အသီးသီး အသက်ထွက်သွားကြလေသည်။

❀

လူငယ်လေး ယွင်ကျန့်ယိ၏ မျက်လုံးအစုံတွင် ထိန်းချု
ကွပ်ကဲနေသည့်ကြားမှ မျက်ရည်များ တစ်ပေါက်ချင်း တစ်ပေါက်ချင်း
မြေပေါ်သို့ စီးဆင်းကျလာနေ၏။

အတန်ကြာ အဘိုးကြီးလေးယောက်အား ကြေကွဲယူကျုံး
မရဟန်နှင့် စူးစိုက်ကြည့်နေရင်းမှ ရုတ်တရက် မတ်တတ်ထရပ်လိုက်
သည်။

ထို့နောက် နာမည်မဖော်သူ မိန်းမကြီးဆိုသူအား မျက်လုံး
စိမ်းစိမ်းဖြင့်ကြည့်ကာ ပြတ်သားစွာ ပြောဆိုလိုက်သည်။

"အဘွားကြီး .... ကျုပ် အသက်ရှင်နေသမျှ ကာလပတ်လုံး
ခင်ဗျားနဲ့ကျုပ် ရင်ဆိုင်တွေ့ကြုံရမယ်ဆိုတာ ခင်ဗျား မြဲမြဲမှတ်ထားပါ"

အမည်မဖော်သည့် မိန်းမကြီးမှာ နှင်းတောင်ညီနောင်လေး
ဖော်တို့၏ ရုပ်အလောင်းများကို တစ်ချက်စိုက်ကြည့်ရင်း လူငယ်လေး
ယွင်ကျန့်ယိကို လှည့်ကြည့်လိုက်သည်။

မိန်းမကြီး၏ မျက်လုံးအစုံနှင့် ယွင်ကျန့်ယိ မျက်လုံးအစုံတို့
ထိပ်တိုက်ဆုံမိသွားကြသည်။

ထို့အတူ မိန်းမကြီး၏စိတ်ထဲတွင် မတုန်လှုပ်စဖူး အနည်း
ငယ် တုန်လှုပ်သွားရ၏။



ယွင်ကျန့်ယိ၏ မျက်လုံးအစုံမှ ပြိုးပြက်သော အလင်းရောင်
တန်းများမှာ ကြောက်မက်ဖွယ်ရာပင် ကောင်းလှပေသည်။

သူမတစ်သက်တာတွင် ဤမျှ တုန်လှုပ်ချောက်ချားခြင်းမျိုး
ကို တစ်ကြိမ်တစ်ခါမျှပင် ခံစားခဲ့ရခြင်း မရှိသေးချေ။

ယွင်ကျန့်ယိ၏ မျက်လုံးအစုံမှ ဤကဲ့သို့သော ကြောက်မက်
ဖွယ်ရာ ကောင်းလှသည့် အလင်းတန်းများ ထွက်လာရသည်ကို မိန်းမ
ကြီး အလွန်အံ့ဩနေမိသည်။

ထို့နောက် မိန်းမကြီးက အနက်ရောင်ဝတ်စုံဝတ် အမျိုးသမီး
ဘက်လှည့်ကာ ပြောလိုက်၏။

"စန္ဒာဟန် .... တို့သွားကြစို့ ...."

ဝတ်စုံနက် မိန်းကလေးက အေးစက်စက်အကြည့်ဖြင့် ယွင်
ကျန့်ယိအား လှမ်းကြည့်ပြီး နာမည်မဖော်သည့် မိန်းမကြီးနောက်မှ
ထက်ကြပ်မကွာ လိုက်ပါသွားတော့သည်။

မိန်းမပျိုလေး ရှောင်ဖုန်းမှာမူ ထိတ်လန့်စိုးရိမ်သော မျက်လုံး
အစုံဖြင့် ယွင်ကျန့်ယိအား တစ်ချက်ကြည့်လိုက်ပြီး သုံးယောက်သား
အသီးသီး ထွက်ခွာသွားကြလေတော့သည်။

လုလင်ပျိုလေး ယွင်ကျန့်ယိမှာမူ မူလနေရာတွင် ကျောက်
ရုပ်အလား တည်ငြိမ်စွာ ရပ်လျက်ရှိနေ၏။

စောစောက ဝတ်စုံနက်မိန်းကလေးက မိမိအား စိုက်ကြည့်
လိုက်စဉ် သူမမျက်လုံးအစုံ၌ မရေမတွက်နိုင်သည့် မုန်းတီးစိတ်များ
ကိန်းဝပ်နေသည်ကို တွေ့ရှိလိုက်ရသည်။

အဘယ်ကြောင့် မိမိအား ဤဝတ်စုံနက်မိန်းကလေးက ဤမျှ
လောက်မုန်းတီးနာကြည်းရသည်ကိုနားမလည်နိုင်အောင်ဖြစ်နေရသည်။

Scanned with ACE Scanner

နှင်းတောင် ညီနောင်လေးဖော်၏ ရုပ်အလောင်းများ
လှည့်ကြည့်လိုက်ရာ သူ့အမြင်အာရုံနှင့် အကြားအာရုံတွင် မျက်ခုံး
အဘိုးကြီး၏ ဂရုတစိုက် ရှိပုံများ၊ အကြင်နာပိုပုံများက မိမိအား မ
နိုင်အောင် ဖြစ်နေရသည်။

ထိုလေးယောက်စလုံးအား တစ်နေ့တစ်ည တစ်မနက်
တွေ့မြင်ခဲ့ရသော်လည်း သူတို့လေးဦးက မိမိအပေါ် တင်ရှိခဲ့သ
ကျေးဇူးမှာ မိမိဆယ်သက်မက ကြီးမားလွန်းလှပါတကား။

သူတို့လေးဦး၏ စိတ်ရင်းစေတနာ ဆန္ဒများက မိမိဆ
အရင်းဖြစ်သူ တောင်ပိုင်းပလွေသံရှင် ကုန်းစွန်းဟုန်ထက် မနိမ့်လှ

ယွင်ကျုန်ယိက အတန်ကြာ နေရာ၌ တွေဝေနေရင်း သ
ပြန်ဝင်လာကာ နှင်းတောင်လေးဖော်၏ အလောင်းများကို ကော
မွန်စွာ မြေမြှုပ်သင်္ဂြိုဟ်လိုက်သည်။

ထို့နောက် မြေပုံလေးပုံအား ယွင်ကျုန်ယိက နောက်
အကြိမ် ဦးချကန်တော့ပြန်သည်။

ဦးချကန်တော့ပြီးသည်နှင့် နှင်းတောင်ပေါ်မှ ကျော
ထွက်ခွာလာခဲ့တော့သည်။

❋



မြင်းတစ်စီး လူတစ်ယောက်။

မြင်းစီးသမား လုလင်ပျိုတစ်ယောက်က မြောက်ပိုင်းဒေသသို့ စုန်ဆင်းလာသည်။

မြင်းစီးလူငယ်၏ စိတ်အစဉ်မှာ ယခုချက်ချင်းပင် ဖြူမည်းတောင်တန်းရှိရာသို့ ရောက်ချင်ဇော ပြင်းပြနေလေသည်။

သို့သော် မိမိတွင် ပြဿနာ အကြီးအကျယ် တက်ခဲ့ပြီမို့ လမ်းတစ်လျှောက်လုံး၌ အထူးသတိထားကာ သွားလာနေရ၏။

ထို့ကြောင့် ခရီးသွားရာတွင် သတိတမာန် ဉာဏ်မြေကတုတ်ဆိုသကဲ့သို့ အထူးဂရုတစိုက် ရှိနေရခြင်းပင်။

ထိုစဉ် အနောက်ဆီမှ မြင်းနှစ်ကောင် အပြင်းဒုန်းစိုင်းလာနေသည်ကို ဆူညံသော မြင်းခွာသံများအရ လူငယ်လေး သိလိုက်ရ၏။

မကြာခင် နောက်မှ အပြင်းဒုန်းစိုင်းလိုက်လာသော မြင်းနှစ်စီး လုလင်ပျို ယွင်ကျုန်ယိ၏မြင်းအား ကျော်တက်သွားကြသည်။

ထိုမြင်းစီးသမားနှစ်ယောက်ကို တစ်ချက်ပမ်းကြည့်လိုက်ရာ သူတို့၏ ကိုယ်ပေါ်တွင် ဝတ်စုံဖြူများကို လွှမ်းခြုံထားပြီး ဖုန်အနည်းငယ်မျှပင် တင်ကျန်ခြင်း မရှိပေ။

ထိုမြင်းစီးသမားနှစ်ယောက်မှာ မိမိအား လိုက်လံရှာဖွေ သော အဆင့်မြင့် သိုင်းအကျော်အမော်များ ဖြစ်နေမည်လားဟု ယွ ကျန်ယိ တွေးပူမိလိုက်သေးသည်။

ထို့ကြောင့် မြင်းဝမ်းဗိုက်ကို ခြေနှစ်ဖက်ဖြင့် ညှပ်ပြီး ရပ်တ စေလိုက်၏။

ရှေ့မှ မြင်းနှစ်စီးမှာ ရှေ့သို့ အပြင်းဆက်လက် မောင်းနှ သွားရာ မကြာမီ ထိုမြင်းစီးသမားများ၏ ကျောပြင် ကွယ်ပျော သွားခဲ့လေပြီ။

သို့သော် မိမိရှေ့မျက်နှာချင်းဆိုင်မှ သဲများ ဖုန်များ တလိ လိမ့် တက်လာအောင် မြင်းတစ်စီးက အပြင်းမောင်းနှင်လာနေသ ကို တွေ့လိုက်ရပြန်သဖြင့် ယွင်ကျန်ယိမှာ စိုးရိမ်ထိတ်လန့်သွားမိပြ သည်။

စိတ်ထဲတွင်မူ ယနေ့အဖို့ အလွယ်တကူ ဘေးကင်းရန်က ခရီးသွားရန် မလွယ်ကူတော့မှန်း ရိပ်စားမိလိုက်၏။

မျက်နှာချင်းဆိုင်မှ ဒုန်းစိုင်းစီးနှင်လာသော မြင်းစီးသမား ယွင်ကျန်ယိ၏ မြင်းရှေ့အရောက်တွင် ရုတ်တရက် ရပ်လိုက်၏။

မြင်းမှာ ရုတ်တရက် ရပ်လိုက်သဖြင့် နောက်သို့ လန်ကျသွ မတတ် ပတတ်ရပ်သွားကာ ကျယ်လောင်သော မြင်းဟီသံကြီး ဆူညံစွာ ထွက်ပေါ်လာလေသည်။

ထိုမြင်း၏ ကျောပေါ်၌ ခန့်ချောလှသည့် လူငယ်တစ်ဦး ထို လျက်ရှိနေကာ တစ်ကိုယ်လုံး ရွှေဝါရောင်ဝတ်စုံဖြင့် ဆင်မြန်းထ သည်။

ထိုလူငယ် ခန့်ချောကို ယွင်ကျန်ယိ မြင်လိုက်ရသည်တွ



စိတ်ထဲ၌ တုန်လှုပ်ချောက်ချားသွားတော့သည်။

ဤရွှေဝါရောင်လူငယ်မှာ သိုင်းလောကတွင် နာမည်သတင်း ကြီးနေသည့် ကြယ်တံခွန် လူ့ဂူစာကြီး၏သား ရွှေရောင်ဝတ်စုံကိုယ် တော်လေး လိန်ဂူပင် ဖြစ်ကြောင်း သိလိုက်ရသောကြောင့်ပင်။

ရွှေရောင်ဝတ်စုံ လိန်ဂူက အဘယ်ကြောင့် မြေပြန့်သို့ ရောက် လာရသနည်း။

မိမိအား မည်သည့်အကြောင်းကိစ္စရှိ၍ လိုက်လံရှာဖွေရ သနည်း။

ယွင်ကျန်ယိမှာ သို့လောသို့လော တွေဝေစဉ်းစားနေစဉ်မှာ ပင် လူငယ်လေး လိန်ဂူဆီမှ အေးစက်စက် ရယ်မောသံ ထွက်ပေါ်လာ ကာ လှမ်းအော်မေးလာသည်။

"မင်းနာမည် ယွင်ကျန်ယိ မဟုတ်လား ....ကျုပ် ဘယ်သူဆို တာ သိမှာပေါ့ ...."

ယွင်ကျန်ယိမှာ လိန်ဂူ၏ လာရခြင်းအကြောင်းရင်းကို မသိ သော်လည်း အကောင်းလာခြင်း မဟုတ်သည်ကိုမူ ရိပ်စားမိလေသည်။

ထို့ကြောင့် လိန်ဂူအား အကဲခတ်ကြည့်နေပြီး ပြန်လည်ပြော ဆိုခြင်း မပြုချေ။

ထိုစဉ် ခပ်လှမ်းလှမ်းမှ မြင်းနှစ်စီး ဒုန်းစိုင်းလာနေသည်ကို တွေ့လိုက်ရပြီး မကြာမီ ယွင်ကျန်ယိတို့အနီးရောက်လာကာ ရှေ့ဆုံးမှ လူက လိန်ဂူကို လှမ်းအော်ပြောလိုက်သည်။

"နောင်ကြီးလိန် ရှေ့မတိုးနဲ့ ...."

ထိုစကားသံကြောင့် လူငယ်လေး ယွင်ကျန်ယိက ဘေး စောင်းလှည့်ကြည့်လိုက်ရာ နောက်ထပ်ရောက်လာသူ မြင်းနှစ်စီးမှာ

Scanned with ACE Scanner

စုကြွင်နှင့် စုယီလန်တို့ မောင်နှမနှစ်ယောက် ဖြစ်နေကြောင်း တွေ့လိုက်ရတော့သည်။

ထို့ကြောင့် ယွင်ကျန်ယိစိတ်ထဲ၌ စိုးရိမ်ပူပန်စွာ တွေးတောလိုက်သည်။

"အင်း ....ဒီနေ့တော့ နောက်ထပ် ငါ့ကို လာရှာတဲ့သူ ဘယ်လောက်များများ ထပ်ရောက်လာဦးမလဲ မသိဘူး ...."

စုကြွင်တို့ မောင်နှမအား လိန်ဂူက အသာအယာ ပြုံးရယ်ပြလိုက်ရင်း ဟန့်တားပြောဆိုလိုက်သည်။

"ကျုပ် ကိုယ်တော်လေး လိန်ဂူရဲ့ကိစ္စကို ဘယ်သူမှ ဝင်မရှုပ်ရင် ကောင်းမယ်ထင်တယ် ...."

ထိုစကားကြောင့် ယောက်ျားပျို စုကြွင်၏မျက်နှာ ပျက်သွားပြီး ....

"နောင်ကြီး လိန်ရဲ့ကိစ္စထဲ ကျုပ်တို့မောင်နှမ ဝင်မယ်များထင်နေလို့လား .... နောင်ကြီး ရှေ့တက်မသွားနဲ့ .... ရှေ့တက်သွားရင် သေလမ်းရှာတာနဲ့ အတူတူပဲ ...."

စုကြွင်၏ စကားကြောင့် ကိုယ်တော်လေး လိန်ဂူဆိုသူက အေးတိအေးစက် ရယ်မောကာ ခန္ဓာကိုယ်တစ်ချက် လှုပ်ရှားလိုက်သည်နှင့် ကိုယ်ပေါ်တွင် လွှမ်းခြုံထားသော ရွှေဝါရောင်ဝတ်ရုံရှည်ကြီးမှာ မြင်းပေါ် ရောက်ရှိသွားလေသည်။

ထို့နောက် စုကြွင်ဘက်လှည့်၍ တားမြစ်ပြောဆိုပြန်သည်။

"မိတ်ဆွေ ....ခင်ဗျားတို့ သူများကိစ္စထဲ ဝင်မစွက်ချင်နဲ့ .... ကျုပ်ကိစ္စကို ကျုပ်ဖခင်တစ်ယောက်ကလွဲပြီး ဘယ်သူမှ ဝင်စွက်ပိုင်ခွင့်မရှိဘူး ...."



ထိုစကားကြောင့် ယောက်ျားပျို စုကြွင်၏ မျက်နှာအမူအရာ ပြောင်းလဲသွားသော်လည်း မိန်းမပျိုလေး စုယီလန်မှာမူ မျက်နှာအမူအရာ လုံးဝပြောင်းလဲခြင်း မရှိချေ။

လုလင်ပျို ယွင်ကျန်ယိက မြင်းစီးသမား သုံးယောက်အား လှည့်ကြည့်လိုက်ပြန်သည်။

သူတို့သုံးယောက် မည်သို့ပတ်သက် ဆက်နွယ်နေသည်ကို မသိချေ။

လိန်ဂူက ရွှေရောင်ဝတ်ရုံကြီး မြင်းပေါ်ရောက်သွားသည်နှင့် နောက်ကျောတွင် သိုင်းလွယ်ထားသော ရွှေရောင်ဓားတစ်လက်ကို ရှပ်ခနဲ အသံမြည်အောင် ဆွဲထုတ်လိုက်ကာ ယွင်ကျန်ယိအား စိန်ခေါ်လိုက်၏။

"ကဲ .... ယွင်ကျန်ယိ မင်း မြင်းပေါ်က ဆင်းလိုက်ပါ .... ကျုပ်ရဲ့ ရွှေရောင်ဓားဟာ ဒီကနေ့အဖို့ သွေးအတော်ဆာနေပြီ ...."

ယွင်ကျန်ယိမှာမူ မြင်းပေါ်တွင် ဣန္ဒြေမပျက် ထိုင်လျက်ရှိနေပြီး လိန်ဂူကို အေးတိအေးစက်အသွင်ဖြင့် ကြည့်နေလိုက်၏။

လိန်ဂူ၏ဖခင် ကြယ်တံခွန် လူ့ဝစာကြီးသည် သိုင်းလောကတစ်ခွင်၌ နာမည်ဆိုးသော ဒုစရိုက်လူကြီးတစ်ဦး ဖြစ်သည်။

သို့သော် လိန်ဂူမှာ ယွင်ကျန်ယိက မိမိအား ဂရုမစိုက်သလိုရှိနေသည်ကို တွေ့လိုက်ရသဖြင့် အလွန်အမင်း စိတ်ဆိုးကာ ဒေါသထွက်သွားပြီး ရွှေဓားကို ဝှေ့ယမ်းရင်း မြင်းပေါ်ရှိ ယွင်ကျန်ယိအား ခပ်ပြေပြေ စလွယ်သိုင်း ပိုင်းခုတ်လိုက်တော့၏။

လိန်ဂူကား ဆိုးသွမ်းရက်စက်သည့်နေရာတွင် ဖခင်ကဲ့သို့ သိုင်းလောက၌ နာမည်ကြီးမှန်း ယွင်ကျန်ယိ သိနေ၏။

ယခု ဆိုးသွမ်းသူ လိန်ဂူက မိမိနှင့် ထိပ်တိုက်လာတွေ့နေသဖြင့် သူ့မာန်မာနကို ရိုက်ချိုးပစ်ရမည်သာ ဖြစ်သည်။

ဤအတွေးများကြောင့် ယွင်ကျန်ယိက ညာလက်ဝှေ့ယမ်းလိုက်သည်နှင့် ကျောက်စိမ်းဓားက သူ့လက်ထဲသို့ ရောက်ရှိလာတော့သည်။

စိမ်းဖန့်ဖန့် အလင်းရောင်တန်းများက ရွှေရောင်ဓားဆီသို့ တိုးဝင်ရောက်ရှိသွားကြကာ နှစ်ဦးစလုံး ရှောင်တိမ်းပေးလိုက်ကြသည်။

တစ်ဆက်တည်း ယွင်ကျန်ယိမှာ လိန်ဂူရှေ့တွင် မားမားမတ်မတ်ကြီးရပ်လျက် ရောက်ရှိသွားတော့သည်။

လိန်ဂူမှာ အကြီးအကျယ် ဒေါပွသွားကာ သူ၏ရွှေဓားအား လျှပ်တစ်ပြက် ပြန်ရုပ်သိမ်းလိုက်သော်လည်း ကျောက်စိမ်းဓားချက်ကြောင့် ရွှေဓားဖျား အနည်းငယ် ပြတ်ထွက်သွားတော့သည်။

လိန်ဂူက မခံမရပ်နိုင်ဖြစ်ကာ ရွှေဓားကိုအပေါ်သို့ မြှောက်တင်ရင်း ယွင်ကျန်ယိ၏ ဝမ်းဗိုက်ဆီသို့ ဓားဦးတိုးဝင်ရောက်ရှိလာတော့သည်။

နှစ်ဦးစလုံးမှာ အဆင့်မြင့်ပုဂ္ဂိုလ်များ ဖြစ်ကြ၍ အကြိတ်အနယ် ယှဉ်ပြိုင်တိုက်နေကြရသည်။

ယွင်ကျန်ယိ၏ လက်ထဲတွင် ဇမ္ဗူတလွှား ရှားမှရှားလှသည့် ဓားကောင်းတစ်လက် ကိုင်ထားသော်လည်း လိန်ဂူ၏ ဓားကွက်များမှာ အလွန်ဆန်းပြား နက်ရှိုင်းလှပေသည်။

ထို့ပြင် ယွင်ကျန်ယိတွင် အားကိုးအားထား ပြုလောက်သည့် အဖိုးတန် ကျောက်စိမ်းပလွေမှာ လက်ထဲတွင် မရှိတော့သည့်အပြင် ကျောက်စိမ်းဓားမြတ်ကိုလည်း ကျွမ်းကျင်စွာ မကစားနိုင်သေးချေ။



ထို့ကြောင့် ကျောက်စိမ်းပလွေလောက် ကျောက်စိမ်းဓားမှာ လျှင်မြန်မှုမရှိ ဖြစ်နေသည်။

မကြာမီအချိန်အတွင်း ဓားကွက်တစ်ရာကျော်မျှပင် ရှိလာခဲ့ရာ လိန်ဂူ၏ တရကြမ်း တိုက်စစ်ဆင်နေမှုကြောင့် အသာစီးရနေသည်။

ယွင်ကျန်ယိမှာမူ တိုက်ခိုက်လေလေ အခြေအနေမဟန်လေလေ ဖြစ်လာကာ ကျောက်စိမ်းပလွေတိုက်ကွက်အချို့ကိုပင် ယခုထက်တိုင် ထုတ်မသုံးနိုင်သေးဘဲ ကျဉ်းထဲကျပ်ထဲ ရောက်နေ၏။

ဘေးတွင် ကြည့်နေသော ယောကျ်ားပျို စုကြွင်မှာ ယွင်ကျန်ယိအတွက် စိုးရိမ်စိတ်များ ပိုမိုလွန်ကဲလာရသည်။

တစ်ချိန်က ယွင်ကျန်ယိမှာ ဓားကွက်တစ်ကွက်တည်းဖြင့် သိုင်းအကျော်အမော် ဆယ်ဦးအား အသက်ဓိဝိန်ခြွေနိုင်ခဲ့သည့်အပြင် မိမိတို့မောင်နှမ၊ အဘိုးကြီးစုတာရှင်နှင့် ဝိညာဉ်နတ် ကျူဝေ့တို့၏ လက်တစ်ဖက်စီကိုပင် အသီးသီးဖြတ်သွားနိုင်ခဲ့လေသည်။

ယနေ့တွင်မူ လိန်ဂူကိုပင် မယှဉ်နိုင်သလို အခြေအနေဆိုးရွားနေသည်ကို တွေ့နေရချေပြီ။

လိန်ဂူက ယွင်ကျန်ယိအား နှစ်ခြိုက်သဘောကျစွာ ကြည့်ရင်း လှောင်ပြောင်ရယ်မောနေသည်။

ယခုထက်တိုင် ယွင်ကျန်ယိမှာ ခံစစ်အနေအထား ရှိနေသဖြင့် စုကြွင်က မြင်းပေါ်မှ ခုန်ဆင်းလိုက်တော့သည်။

မိန်းမပျိုလေး စုယိလန်ကမူ ဘာစကားမျှ မပြောသည့်အပြင် အမူအရာ ပြောင်းလဲခြင်းလည်းမရှိဘဲ မြင်းပေါ်တွင်သာ ထိုင်လျက်ရှိနေ၏။

ထိုအခြေအနေများကြောင့် ယွင်ကျန်ယိ စိတ်ထဲ၌ တွေးတော

Scanned with ACE Scanner

အံ့ဩနေမိသည်။

စုကြွင်နှင့် လိန်ဂူတို့မှာ မိမိအား လိုက်လံရှာဖွေနေသော လူများဖြစ်ပြီး အဘယ်ကြောင့် စုကြွင်က မိမိအပေါ် စိုးရိမ်နေရသနည်း။

ထို့ပြင် သူတို့မောင်နှမနှစ်ယောက်က မည်သည့်အကြောင်းကိစ္စကြောင့် မိမိကို လိုက်ရှာနေသည့် အကြောင်းများအား ယွင်ကျန်ယိသိချင်နေသည်။

ယွင်ကျန်ယိမှာ အတွေးများလွန်ကဲကာ လိန်ဂူ၏ ရွှေရောင်ဓားကွက်များအား နောက်ဆုတ်ခုခံနေရသည်။

ထိုစဉ် ရွှေရောင်ဓားမှာ လေတွင်ပျံဝဲနေပြီး ကြယ်တံခွန်ဓားကွက်ကို သုံးလာကာ ရွှေရောင်အလင်းတန်းတစ်ခုက ယွင်ကျန်ယိထံသို့ ဝေ့ဝိုက်ပျံဝဲ ရောက်ရှိလာ၏။

ယွင်ကျန်ယိမှာ စိတ်အာရုံ ပျံ့လွင့်နေသဖြင့် လိန်ဂူ၏ ဓားကွက်များက သူ့အား ထိန်းချုပ်ခြင်း ခံနေရသည်။

ထို့ကြောင့် ကျောက်စိမ်းဓားဖြင့် ဝဲယာရှေ့နောက် တရစပ်ဝှေ့ယမ်းခါထုတ်နေရသည်။

မည်သို့ပင် ရွှေရောင်ဓားချက်အား ဝဲယာ ရှေ့နောက် ဝှေ့ယမ်းကာကွယ် ဖယ်ထုတ်နေသော်လည်း လိန်ဂူ၏ ဓားကွက်များက အသာစီးရလျက်သားပင် ရှိနေသေး၏။

ယွင်ကျန်ယိ တုန်လှုပ်သွားကာ အံတင်းတင်းကြိတ်လိုက်ပြီး မာန်တစ်ချက် တင်းလိုက်၏။

ထို့နောက် အတွင်းအားများ စုစည်းကာ နဂါးမာန်သိုင်းဟန်ခုနစ်ကွက်ဖြင့် ရွှေရောင်ဓားကို တန်ပြန်တိုက်ခိုက်လိုက်တော့သည်။

မည်သို့ပင်ဖြစ်စေ ရွှေရောင်ဓားက ကျောက်စိမ်းဓားအား



လွှမ်းမိုးချုပ်ကိုင်ထားဆဲပင် ဖြစ်နေပြီး အကြိမ်ကြိမ်အဖန်ဖန် ပြန်လှန်တိုက်ခိုက်သော်လည်း ယွင်ကျန်ယိမှာ အထက်စီးသို့ မရောက်နိုင်ဘဲ အလူးအလဲ ခံနေရသည်။

ထို့ကြောင့် မိမိသည် ရွှေရောင်ဓားအား မခုခံနိုင်တော့သည်ကို သိလာကာ အင်္ဂါမစုံဓားကွက်ကိုပင် ထုတ်ရန်အထိ စဉ်းစားလိုက်မိသည်။

သို့သော် မျက်ခုံးဖြူအဘိုးကြီး၏ တားမြစ်လိုက်သော စကားများကို ပြန်လည်သတိရလိုက်ကာ အင်္ဂါမစုံဓားကွက်ကို မသုံးဖြစ်တော့ချေ။

ဘေးတွင်ကြည့်နေသော စုကြွင်တို့မှာ ယွင်ကျန်ယိအတွက် အတော့်ကို စိုးရိမ်နေမိကြသည်။

ထို့ကြောင့် မတတ်သာသည့်အဆုံး စုကြွင်က လှမ်းအော်တားမြစ်လိုက်တော့သည်။

"လိန်ဂူ .... ရပ်လိုက် ...."

စုကြွင်၏ လှမ်းအော်တားမြစ်သံကြောင့် ယွင်ကျန်ယိမှာ အလွန်အမင်း အံ့ဩသွားရသည်။

လိန်ဂူလည်း အနည်းငယ် အံ့အားသင့်ပြီး ငေးကြောင်သွားရာ ယွင်ကျန်ယိမှာ ရွှေရောင်ဓားကွက်အောက်မှ ရုန်းထွက်သွားလိုက်နိုင်တော့သည်။

လိန်ဂူလည်း အနည်းငယ် အံ့အားသင့်ပြီး ငေးကြောင်သွားရာ ယွင်ကျန်ယိမှာ ရွှေရောင်ဓားကွက်အောက်မှ ရုန်းထွက်သွားလိုက်နိုင်တော့သည်။

လိန်ဂူမှာ ယွင်ကျန်ယိက သူ့ဓားကွက်အောက်မှ လွတ်ထွက်

Scanned with ACE Scanner

သွားနိုင်သဖြင့် စုကြွင်အား ဒေါသတကြီး လှမ်းကြည့်လိုက်လေသည်။

စုကြွင်ကလည်း ဒေါသသံဖြင့်ပင် အော်ဟစ်ပြောဆိုလာလေသည်။

"လိန်ဂူ ....တစ်ဘက်သားကို နိုင့်ထက်စီးနင်း မလုပ်ချင်စမ်းနဲ့ တစ်မိုးအောက်မှာ မင်းအဖေ ကြယ်တံခွန် လူ့ဗွစာကြီး တစ်ယောက်တည်း ရှိနေတာ မဟုတ်ဘူး ...."

ထိုစကားကြောင့် စုကြွင်၏ သဘောထားကို ယွင်ကျန်ယိပင် နားလည်သဘောပေါက်နိုင်ခြင်း မရှိတော့ချေ။

ထိုအချိန်တွင် စုကြွင်က ဓားရှည်ကိုင်ကာ လိန်ဂူဆီသို့ လျှောက်လှမ်းဝင်လာလေသည်။

လိန်ဂူကလည်း နေရာတွင်ရပ်လျက် စုကြွင်ကို တိုက်ခိုက်ရန် အသင့်ပြင်ဆင်လျက်ရှိသည်။

ညီမဖြစ်သူ စုယီလန်လည်း မနေသာတော့ဘဲ မြင်းပေါ်မှ ခုန်ဆင်းကာ ဓားဆွဲထုတ်လိုက်ရလေသည်။

ယွင်ကျန်ယိက သူတို့သုံးယောက်အား ကြည့်ကာ မည်သည့်ပြဿနာများ ရှိနေသည်ကို စဉ်းစားမရဖြစ်နေသည်။

ထို့ကြောင့် ငေးကြောင်၍ ရပ်ကြည့်နေမိလိုက်၏။

စုကြွင်တို့ မောင်နှမနှစ်ယောက်က ဓားရှည်ကိုယ်စီဖြင့် လိန်ဂူအား ဝိုင်းရံတိုက်ခိုက်လာတော့သည်။

လိန်ဂူကလည်း ကြယ်တံခွန်ဓားကွက်ကို အသုံးပြုတိုက်ခိုက်လိုက်၏။

နှစ်ယောက်နှင့်တစ်ယောက် အပြင်းအထန် တိုက်ခိုက်လျက်ရှိရာယွင်ကျန်ယိမှာဘေးတွင်ရပ်၍ငေးကြောင်ကြည့်နေဆဲပင်ဖြစ်သည်။



ဤသို့ဖြင့် ဓားကွက်ပေါင်း ရာကျော်သွားသည့်တိုင် တစ်ဘက်နှင့်တစ်ဘက် အနိုင်အရှုံးမပေါ်နိုင်ဘဲ ရှိနေသည်။

ယွင်ကျန်ယိကမူ တိုက်ကွင်းကို ငေးကြည့်နေရင်း စဉ်းစားနေမိ၏။

စုကြွင်တို့ မောင်နှမနှစ်ယောက်က မိမိကို ရန်မူလိုသည့်ဆန္ဒမရှိကြောင်း ရိပ်စားမိလိုက်၏။ သူတို့မောင်နှမရောက်ရှိလာ၍သာ မိမိမှာလည်း အန္တရာယ်စက်ကွင်းမှ ထွက်လာနိုင်ခြင်း ဖြစ်သည်။

တဖြည်းဖြည်းနှင့် တိုက်ပွဲအခြေအနေ ပြောင်းလဲလာခဲ့၏။

လိန်ဂူက တရကြမ်း တိုက်စစ်ဆင်နေသလောက် စုကြွင်တို့မောင်နှမနှစ်ယောက်မှာမူ ခက်ခက်ခဲခဲ ခုခံနေရသည်။

စုကြွင်တို့၏ လောကီလူ့ဘုံဓားကွက်မှာ ရေပက်မဝင်သည့်အလား လိန်ဂူ၏ဓားကွက်ကို ခုခံတားဆီးထား၏။

လိန်ဂူကလည်း သူ၏ရွှေဓားကို ရှေ့တိုးနောက်ဆုတ်ဖြင့် ခန္ဓာကိုယ်မှာလည်း ဓားနှင့်အတူ လှုပ်ရှားနေတော့သည်။

ရုတ်တရက် လိန်ဂူက သူ၏မြင်းဆီသို့ မသိမသာ ချဉ်းကပ်သွားကာ ဘယ်လက်ဖြင့် ရွှေရောင်ဝတ်စုံကို လှမ်းယူလိုက်၏။

စုကြွင်တို့မောင်နှမနှစ်ယောက် မျက်နှာပျက်သွားကြ၏။

စုကြွင်မှာ ယွင်ကျန်ယိကို ကပျာကယာကြည့်ပြီး တစ်စုံတစ်ရာ လှမ်းပြောမည် ပြင်လိုက်သည်။ သို့သော် မပြောဖြစ်တော့ချေ။

ယွင်ကျန်ယိ၏ စိတ်ထဲတွင် တစ်ခုခု ဖြစ်လာတော့မည့်အလား ခံစားနေရ၏။

နောက်ထပ် သိုင်းကွက်ဆယ်ကွက်မျှ တိုက်ခိုက်ကြပြီးနောက် လိန်ဂူ ညာလက်ကို ကစ်ချက်ဝှေ့ယမ်းလိုက်သည်နှင့် ရွှေရောင်

Scanned with ACE Scanner

ဝတ်ရုံမှာ စုကြွင်တို့မောင်နှမ၏ ဓားရှည်ဆီသို့ ဖုံးအုပ်သွားတော့သည်။

ယွင်ကျန်ယိမှာ ထိုအချိန်ကျမှပင် ထိတ်လန့်သွားမိသည်။ လိန်ဝူ၏ ညာလက်လှုပ်ရှားမှု တိုက်ကွက်မှာ နှင်းမုန်တိုင်း ဆယ့်သုံးကွက်ပင် ဖြစ်သည်။

နှင်းမုန်တိုင်း ရှင်စုဟောက်၏ နာမည်ကျော် အဆင့်မြင့် သိုင်းပညာတစ်ရပ်မှာ အဘယ်ကြောင့် လိန်ဝူ၏လက်ထဲ ရောက်ရှိသွားမှန်း မသိချေ။

ယွင်ကျန်ယိက ဤသို့ စဉ်းစားနေစဉ် လိန်ဝူက သူ၏ ရွှေရောင်ဝတ်ရုံကို ဝှေ့ယမ်းလိုက်သည်နှင့် စုကြွင်တို့မောင်နှမနှစ်ယောက်မှာ အနောက်သို့ အသီးသီးဆုတ်ရောင်သွားရ၏။

လိန်ဝူ ရွှေရောင်ဝတ်ရုံနှင့် ရွှေဓားကို လေတွင် ဝှေ့ယမ်းကာ အံကိုက်ဖြစ်အောင် ဓားကွက်များ ဆင်လိုက်သည်။

စုကြွင်တို့ မောင်နှမနှစ်ယောက်ကလည်း မာန်တစ်ချက်သွင်းပြီး ဓားရှည်နှစ်လက်ကို ကန့်လန့်ဖြတ်အနေအထားဖြင့် ပြန်လည်တိုက်ခိုက်လိုက်၏။

သို့ရာတွင် စုကြွင်တို့နှစ်ယောက်၏ ဓားရှည်များမှာ ရွှေရောင်ဝတ်ရုံရှည်၏ ရစ်ပတ်မှုကို ခံလိုက်ရလေသည်။

တစ်ဆက်တည်း လိန်ဝူ၏ညာလက်ရှိ ရွှေရောင်ဓားရှည်က စုကြွင်၏ လည်မျိုကို လှမ်းထောက်လိုက်ခြင်း ခံရသည်။

စုကြွင်၏ နဖူးပေါ်တွင် ချွေးသီးချွေးပေါက်များ ရွှဲစိုလာကာ ယွင်ကျန်ယိအား ဘေးစောင်းလှမ်းကြည့်လိုက်သည်။

ယွင်ကျန်ယိမှာလည်း ရုတ်တရက် ဤကဲ့သို့ အခြေအနေ ပြောင်းလဲသွားမည်ဟု မထင်မှတ်သဖြင့် နေရာတွင်ရပ်ကာ ငေးကြော



ကြည့်နေမိဆဲပင် ဖြစ်သည်။

ယွင်ဖို့

ဤကဲ့သို့ စုကြွင် အကျဉ်းအကျပ်ထဲ ရောက်နေရခြင်းမှာ ၁င် အတွက်ကြောင့် မဟုတ်ပါလား။

အမှန်တွင် စုကြွင်တို့ မောင်နှမနှစ်ယောက်က မိမိနှင့်ဘုန် ပေါင်းကာ လိန်ဝူကို တုံ့ပြန်တိုက်ခိုက်လိုသည့်ဆန္ဒရှိနေဟန်တူသ

ထိုအခိုက် လိန်ဝူ၏ ရွှေဓား စုကြွင်၏ လည်မျိုဆီမှတစ်ဝမရှိ ရင်ဘတ်ဆီသို့ ရွှေ့လျားသွားကာ ဆတ်ခနဲ လှမ်းထိုးလိုက်သ ကြည့်နေ

ဤမျှအထိ လိန်ဝူ ရက်စက်လိမ့်မည်ဟု စုကြွင် ထို့ကြောင့် မရှောင်တိမ်းနိုင်တော့ဘဲ ဓားချက်ထိသွား

ညီမဖြစ်သူ စုယိလန်က ထိတ်လန့်တကြီး ငယ်သိုင်းသမား စုကြွင်ကို ဆွဲယူပွေ့ချီလိုက်သည်။ ၃း သိုင်းသမား

လိန်ဝူကမူ နောက်ခြေတစ်လှမ်းဆုတ်သွားကာ တွေ ရှိနေပါ တွင် အမူအရာ လုံးဝပျက်ခြင်းမရှိချေ။ ပြောခဲ့ပါ

လူငယ်ကလေး ယွင်ကျန်ယိက မြေပေါ်လဲကျနေသေ စုကြွင်ဆီသို့ ပြေးလွှားချဉ်းကပ်လာခဲ့သည်။

မိန်းမပျိုလေး စုယိလန်ကမူ မျက်ရည်စက်လက်ဖြင့် ယွင်ကျန်ယိအား နှင်ထုတ်လိုက်သည်။

"ယွင်ကျန်ယိ .... ရှင့်ကို ဘယ်သူက လာခိုင်းလို့လဲ .... ခုချက်ချင်း ထွက်သွားပါ ...."

ယွင်ကျန်ယိမှာ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်သွားပြီး ခြေလှမ်းရပ်တန့်သွားကာ ကြောင်လျက်သား ကြည့်နေမိသည်။

ဓားဒဏ်ရာ အပြင်းအထန်ရနေသော စုကြွင်က ညီမ စုယိလန်အား ပြောဆိုဖျောင်းဖျလိုက်သည်။

ဝဏ "ညီမလေး ဒီလိုမပြောနဲ့လေ .... နောင်ကြီးယွင်ကို အ
ဒ်း ပြောစရာစကားတွေ ရှိနေတယ် ...."

လ် ယွင်ကျန်ယိမှာ ကပျာကယာ ရှေ့လှမ်းတက်ပြီး စုကြွ
ကွဲယူပွေ့ထူလိုက်ပြီး စိတ်မကောင်းလွန်းစွာဖြင့် ပြောဆိုလာသည်

"နောင်ကြီးစု .... ကျုပ် ခင်ဗျားအပေါ် မကောင်းခဲ့ဘူး

ပည စုယိလန်မှာ မြေကြီးပေါ်တွင် ဒူးထောက်လျက်သား ငိုကြေ
မသိ၏။

ကြွင်က ညီမဖြစ်သူ စုယိလန်ကို ငုံ့စောင်းကြည့်လိုက်
ရောင်ဝတ်ရုံ အား ပြောဆိုလာပြန်သည်။

မှာ အနောက်ချုပ် အစက ထင်ခဲ့တာ လိန်ဂူကို နောင်ကြီးယွင်က -
လိန်ဂူ နိုင်လိမ့်မယ်လို့ထင်ခဲ့တယ် .... ဒါပေမယ့် ခုတော့
အံကိုက်ဖြစ်နေစကားကြောင့် ယွင်ကျန်ယိမှာ အလွန်ရှက်သွား
နံမြန်းသွားပြီး စကားပြန်မပြောနိုင်အောင်ပင် ဖြစ်နေတေ
သွင်ည်။

စုကြွင်က ပြင်းထန်သည့်ဒဏ်ရာကို အံကြိတ်ခံစားရင်း စကား
ကို အားယူပြောလာပြန်သည်။

"အလျင်က အဖြစ်အပျက်တွေဟာ ....နောင်ကြီးယွင်အ
သိုင်းသမားတွေ အထင်အမြင် လွဲမှားခဲ့ကြတယ် .... အဲဒီကိစ္စတွေ
ကျုပ်ဆရာက သဘောပေါက်ခဲ့တယ် .... တစ်ချိန်ကျရင် နောင်ကြ
အပေါ် အထင်လွဲမှားခဲ့ကြတဲ့အတွက် အမြင်မှန် ရသွားကြပါလိမ့်မယ်

ယွင်ကျန်ယိမှာမူ တစ်ရှက်မှ နှစ်ရှက်ဖြစ်လာကာ ခေါ်
မဖော်ရဲတော့ချေ။

"နောင်ကြီးယွင် .... ကျုပ်ညီမဟာ လိန်ဂူရဲ့ လက်ချက်



အဆိပ်သင့်ခဲ့တယ် .... သူက ကျုပ်ညီမကို သူနဲ့ အတင်းအကြပ်ယူဖို့ အကျပ်ကိုင်လာတယ် ....ကျုပ် သေပြီးတဲ့နောက် ကျုပ်ညီမကို နောင်ကြီးယွင်ပဲ စောင့်ရှောက်ပေးပါ ...."

စုကြွင်၏စကားများက ယွင်ကျန်ယိ၏စိတ်ဓာတ်ကို တုန်လှုပ်ချောက်ချားသွားစေခဲ့သည်။

ရွှေရောင်ဓားသမား လိန်ဂူကမူ အမူအရာပျက်ခြင်း လုံးဝမရှိဘဲ မြင်းကိုမှီလျက် ရပ်နေရင်း လက်ထဲမှ ရွှေဓားကို စိုက်ကြည့်နေသည်။

စုကြွင်က အားယူရင်း ဆက်ပြောပြန်သည်။

"ဒီနေ့ .... ဒီအချိန်မှာ နောင်ကြီးယွင်လို လူငယ်သိုင်းသမားတွေ ရှိတဲ့အနက် .... နောင်ကြီးယွင်ဟာ အတော်ဆုံး သိုင်းသမားတစ်ယောက်ပါ ....နောင်အခါ ဒီထက်ပိုတော်လာဖို့လမ်းတွေ ရှိနေပါတယ် ....ကျုပ်ညီမကိုလည်း စောင့်ရှောက်ပေးပါလို့ ကျုပ် ပြောခဲ့ပါရစေ ...."

ယွင်ကျန်ယိမှာ ရင်တွင်းမှ ဝမ်းနည်းပူဆွေးခြင်းနှင့် ကြေကွဲမှုတို့ကို တင်းခံရင်း အံကြိတ်ပြောဆိုလိုက်သည်။

"နောင်ကြီးစု ....ခင်ဗျားအတွက် ကျုပ် ရန်သူကို သုတ်သင်ပေးပါ့မယ် ...."

ထိုစကားကြောင့် သေလုမျောပါးဖြစ်နေသော စုကြွင်၏မျက်နှာ ပြုံးရောင်သန်းလာသည်။ ထို့နောက် ညီမဖြစ်သူ စုယိလန်ဘက်သို့လှည့်ကာ

"ညီမ ယိလန် ....အစ်ကို အသက်မထွက်မီ အချိန်ကလေးမှာ အစ်ကို့ကို ကတိတစ်ခုပေးပါ ...."

Scanned with ACE Scanner

မိန်းမပျိုလေး စုယီလန်မှာ အစ်ကိုဖြစ်သူ၏ ဝေဒနာဆိုး မကြည့်ရက်သည့်အလား ပါးစပ်မှ ပြောဆိုနိုင်ခြင်း မရှိသော်လည်း ခေါင်းညိတ်ပြလိုက်သည်။

စုကြွင်၏မျက်နှာမှာ တဖြည်းဖြည်း သွေးဆုတ်ဖြူရော်လာ လေသံပြတ်တောင်းတောင်းဖြင့် ပြောဆိုလာသည်။

"ညီမလေး .... အစ်ကို့ရဲ့ တောင်းဆိုချက်ကို ခေါင်းညိ သဘောတူတဲ့အတွက် အစ်ကို သေပျော်ပါပြီ ...."

စုကြွင်မှာ ရှေ့ဆက်စကားမပြော့နိုင်တော့ဘဲ ယွင်ကျန်ယ် လက်ညှိုးညွှန်ပြရင်း စက်ကျိုးကျသွားလေ

တော့သည်။□မိန်းမပျိုလေး စုယီလန်က နာကြည်းဟန်ဖြင့် အော်ဟ ယို တော့သည်။□ယွင်ကျန်ယီလည်း မျက်ရည်မ

ဘးဝဲလျက် စုကြွင်၏ အသက် မရှိတော့သော ခ

ာကိုယ်ကို မြေပြင်ပေါ်သို့

သာအယာချလိုက်ပြီး မတ်တတ်ရပ်လိုက်လေတော့သည်

ထို့နောက် စုကြွင်၏ ရုပ်ကလပ်ကို အတန်ကြာစူးစိုက်ကြ လိုက်ပြီးမှ လိန်ဝူဆီသို့ မျက်နှာမူလိုက်၏။

လိန်ဝူ၏ မျက်နှာအမူအရာမှာ လုံးဝပြောင်းလဲသွားခြင်း ဘဲ အေးစက်စက် လှောင်ပြောင်ရယ်မောပြောဆိုလိုက်သည်။

"မြေပြန့်မှာ နာမည်ကြီးနေတဲ့ ယွင်ကျန်ယီဆိုတာ ဘာ မဖြစ်လောက်တဲ့ လူတစ်ယောက်ပဲကိုး ...."

ယွင်ကျန်ယီက ကျောက်စိမ်းဓားကို လက်တွင် ကျစ်ကျစ် အောင် ဆုပ်ပြီး လိန်ဝူရှိရာသို့ တစ်လှမ်းချင်း လျှောက်လှမ်းသွား သည်။



ယွင်ကျန်ယီ၏ အမူအရာကိုကြည့်ကာ လိန်ဝူမှာ အနည်း ငယ် တုန်လှုပ်သွားမိသည်။

လိန်ဝူမှာ စိတ်မရှည်နိုင်တော့ဘဲ ယွင်ကျန်ယီအား ဦးစွာ တိုက်စစ်ဆင်လာတော့သည်။ ရွှေဓားကို စက်ဝိုင်းသဏ္ဌာန် လှည့်ပတ် လိုက်ပြီး ယွင်ကျန်ယီကို ဆီးကြိုတိုက်ခိုက်လိုက်သည်။

သိုင်းကွက်သုံးလေးကွက်တိုင် ယွင်ကျန်ယီမှာ နောက်သို့ တဆုတ်တည်း ဆုတ်ရှောင်နေရ၏။

လိန်ဝူကလည်း ယွင်ကျန်ယီအား အတင်းဖိတိုက်လာသည်။

ရုတ်တရက် ယွင်ကျန်ယီ၏ မျက်လုံးအစုံမှ ထူးဆန်းသည့် အလင်းတန်းများ ပေါ်ထွက်လာပြီး အင်္ဂါမစုသိုင်းကွက်တစ်ကွက်ကို ကျောက်စိမ်းဓားနှင့်အတူ ထုတ်နုတ်တိုက်ခိုက်တော့သည်။

စိမ်းဖန့်ဖန့် အလင်းတန်းတစ်ခုက ဝေ့ဝဲရောက်ရှိလာပြီး လိန်ဝူ၏ ခန္ဓာကိုယ်တစ်ဝိုက်ဆီသို့ အုပ်မိုးသွားတော့သည်။

လိန်ဝူမှာ ယွင်ကျန်ယီ၏ ရုတ်တရက် ပြောင်းလွဲလာသော ဓားကွက်ကြောင့် ထိတ်လန့်သွားကာ အသက်ရှင်ရေးအတွက် ရွှေဓား ဖြင့် ကြိုးစားကာကွယ်ရင်း ခုခံနေရသည်။

သို့သော် ပတ်ဝန်းကျင်တစ်ဝိုက်၌ စိမ်းဖန့်ဖန့် အလင်းရောင် တန်းများသာ မြင်နေရပြီး ပြင်းထန်သော အားလှိုင်းများ၏ ဖိနှိပ်ခြင်း ကို ခံနေရသဖြင့် လိန်ဝူမှာ ရွှေဓားကို ပင့်မြှောက်နိုင်သည့် အားအင် ပင် မရှိတော့သလို ခံစားလာရသည်။

စိမ်းဖန့်ဖန့် အလင်းရောင်တန်းများက လိန်ဝူခန္ဓာကိုယ် တစ်ဝိုက်ကို ဖုံးလွှမ်းသွားပြီး လိန်ဝူမှာ အသံပင်တစ်ချက်ကလေးမှ မထွက်နိုင်တော့ဘဲ မြေပေါ်သို့ အရုပ်ကြိုးပြတ် လဲကျသွားတော့သည်။

Scanned with ACE Scanner

ယွင်ကျန့်ယိက သူ့စားကွက်ကို ပြန်ရုပ်သိမ်းလိုက်ပြီး မိန်းမပျိုလေး စုယိလန်ရှိရာသို့ လျှောက်လှမ်းသွားသည်။

မိန်းမပျိုလေး စုယိလန်က အစ်ကိုဖြစ်သူ၏ ရုပ်အလောင်းကို ပွေ့ဖက်ငိုကြွေးနေရာက ယွင်ကျန့်ယိအား အံကြိတ်၍ ပြောဆိုလိုက်သည်။

“ရှင် .... ရှင်ဟာ လူယုတ်မာ .... လိန်ဂူကို အလွယ်တကူ သုတ်သင်နိုင်ရက်သားနဲ့ ကျွန်မအစ်ကိုကို အလျင်သေအောင် လုပ်ခဲ့တယ် .... ပြီးမှ ရှင်က ကျွန်မအစ်ကိုရဲ့ကိုယ်စား လိန်ဂူကို သုတ်သင်လိုက်တော့ .... ကျွန်မက ရှင့်ကို ကျေးဇူးတင်မယ်လို့များ ထင်နေသလားဟင် ....”

မိန်းမပျိုလေးက မျက်ရည်များ စီးကျနေသည့်ကြားမှ ယွင်ကျန့်ယိကို နာကြည်းခံပြင်းစွာ စွပ်စွဲပြောဆိုလိုက်သည်။

ယွင်ကျန့်ယိမှာမူ မိမိတွင် အခက်အခဲရှိနေသဖြင့် ရှင်းလင်းပြောပြနိုင်ခြင်းမရှိဘဲ ကြောင်လျက်သား ရပ်နေကာ ဘာမျှပြန်မပြောမိချေ။

စုယိလန်က စုကြွင်၏ ရုပ်အလောင်းကို ဆွဲယူပွေ့ဖက်ပြီး မြင်းပေါ်ခုန်တက်ကာ ဒုန်းစိုင်းထွက်ခွာသွားတော့သည်။

ယွင်ကျန့်ယိမှာ မင်တက်နေရာက ရုတ်တရက် သတိရလာဟန်ဖြင့် မြင်းပေါ်ခုန်တက်ကာ မိန်းမပျိုလေးနောက်သို့ အတင်းစိုင်းနှင်လိုက်သွားပြီး လှမ်းအော်ခေါ်လိုက်သည်။

“မိန်းကလေးစု ....”

စုယိလန်မှာ လက်တစ်ဖက်က မြင်းဇက်ကြိုးကို ကိုင်လျက် နောက်ပြန်လှည့်ကြည့်ရင်း ....



“ရှင် .... ဘာကိစ္စနဲ့ ကျွန်မနောက်ကို လိုက်လာရတာလဲ၊ ကျွန်မအစ်ကိုမသေခင် ရှင့်ကို လက်ညှိုးထိုးပြသွားတဲ့သဘောကို ရှင်သိရဲ့လား .... အဲဒါ တခြားမဟုတ်ဘူး ရှင့်ကို သုတ်သင်ပစ်ဖို့ ကျွန်မကို ပြောဆိုမှာကြားချင်တဲ့သဘောပဲ .... ကဲ .... ရှင်းပြီလား ....”

စကားဆုံးသည်နှင့် မိန်းမပျိုလေးက မြင်းကို အတင်းစိုင်းနှင်ထွက်သွားလေတော့သည်။

ယွင်ကျန့်ယိမှာ စိတ်ထဲတွင် အလွန်ဝမ်းနည်းလာပြီး မျက်ရည်ကြည်များ ဝေ့ဝဲလာကာ မိန်းမပျိုလေး၏ နောက်ကျောပြင်အား ကြည့်လျက်သား ကျန်ရစ်ခဲ့ရှာသည်။

စုကြွင်မသေမီက မှာကြားခဲ့သော စကားများကို ပြန်လည်ကြားယောင်လာမိကာ မိန်းမပျိုလေးနောက်သို့ လိုက်သွားချင်သော်လည်း အဝေးသို့ ရောက်ရှိသွားပြီမို့ လိုက်မမီတော့မည် မဟုတ်ချေ။

သို့သော် ထူးဆန်းစွာ ရောက်ရှိလာခဲ့သဖြင့် သိုင်းလောကထူးဆန်းများ ဖြစ်နိုင်သည်ဟု တွေးလိုက်မိ၏။

မိန်းမပျိုနှစ်ယောက်အနက် ဝတ်စုံနက်ဝတ် မိန်းမပျိုက စုယိလန်အား အကဲခတ်ကြည့်နေသည်။

“မိန်းကလေးစု .... ခုနက ဖြစ်ပျက်တဲ့ကိစ္စတွေအားလုံးကို ကျွန်မတို့ရဲ့ ဆရာမကြီး မြင်ခဲ့ပြီးပါပြီ .... ဒါကြောင့် ရှင့်ကို ဟန့်တားထားဖို့ ကျွန်မတို့ကို အမိန့်ပေးခဲ့တယ် .... ကျွန်မ ရှင်နဲ့ စကားနည်းနည်းပြောချင်တယ် ....”

မိန်းမပျိုလေး စုယိလန်မှာ အတန်ကြာတွေဝေနေပြီးမှ ပြန်မေးလိုက်သည်။

Scanned with ACE Scanner

"ရှင်တို့ဆရာဆိုတာ ဘယ်သူလဲ ....ဘာကိစ္စရှိလို့ ကျွန်မ[illegible] မေးနေတာလဲ ...."

ဝတ်စုံနက် မိန်းကလေးက ....

"ကျွန်မတို့ဆရာနာမည်က အမည်မဖော်တဲ့ မိန်းမကြီးပါ"

စုယီလန်မှာ သူမ မမျှော်လင့်သော နာမည်တစ်ခုကို ကြား[illegible] လိုက်ရသဖြင့် ထိတ်လန့်အံ့သြသွားမိသည်။

အမည်မဖော်မိန်းမကြီးက မိမိအား လိုက်ရှာလိမ့်မည်ဟု[illegible] လုံးဝ မထင်မိခဲ့ချေ။

ထို့ပြင် နာမည်မဖော်မိန်းမကြီးမှာ လူဆိုးလည်းမမည်၊ လူ[illegible] ကောင်းလည်း မပီသော သိုင်းလောက၏ ပထမလူအဖြစ် သတ်မှတ်[illegible] ထားခြင်း ခံရသူဖြစ်သည်။

ဝတ်စုံနက်အမျိုးသမီး၏ အမူအရာကို ကြည့်ရသည်မှာ မိမိ[illegible] အား ဒုက္ခပေးမည့်ပုံ မပေါ်သဖြင့် ကြောက်ကြောက်ရွံ့ရွံ့ ပြန်မေးလိုက်[illegible] သည်။

"ဆရာမကြီးက ....ကျွန်မကို ဘာကိစ္စ ဘာအကြောင်းတွေ[illegible] မေးမလို့ပါလဲ ...."

"ကျွန်မတို့ဆရာ ....ခုပဲ ရောက်လာပါပြီ ...."

ဝတ်စုံနက်မိန်းမပျိုလေး၏ စကားဆုံးသည်နှင့် အဘွားကြီး[illegible] တစ်ယောက်က သူမတို့ရှိရာသို့ ပြေးလွှားလာနေသည်ကို တွေ့လိုက်[illegible] ရသည်။

မိန်းမပျိုလေး စုယီလန်က ရှေ့သို့ တက်လှမ်းသွားကာ မြေ[illegible] ပေါ် ဒူးထောက်ချလိုက်ပြီး ဂါရဝပြု နှုတ်ဆက်စကား ပြောလိုက်သည်[illegible]



"ကျွန်မ စုယီလန်က ဆရာမကြီးကို ဂါရဝပြုပါတယ် ရှင်"

အမည်မဖော် မိန်းမကြီးမှာ စုယီလန်ကို တအောင့်ကြာ ကြည့်ရှုလိုက်ပြီး အသာအယာ ခေါင်းဆတ်လိုက်ရင်း

"ကဲ ....မိန်းကလေး ထစမ်း ...."

စုယီလန်က မျက်ရည်များကို သုတ်လိုက်ပြီး မတ်တတ်ထရပ် လိုက်၏။

"မငိုနဲ့တော့ ....မင်းရဲ့အစ်ကို သေဆုံးပြီဆိုတော့ ....မင်း ရှေ့ ဘာဆက်လုပ်ဖို့ စီစဉ်ထားသလဲ ...."

စုယီလန်က ခံပြင်းဒေါသထွက်ဟန်ဖြင့် ....

"ကျွန်မ ဆရာဆီကို သွားဖို့ စိတ်ကူးထားပါတယ် ....နောက် ပြီး ရန်တွေကို သုတ်သင်ချေမှုန်းပစ်ရမယ် ...."

မိန်းမကြီးက ခေါင်းခါယမ်းပြလိုက်ပြီး ....

"မဖြစ်နိုင်ဘူး ....မင်းရဲ့ဆရာကိုယ်တိုင်တောင် သူ့ရဲ့ဓား တစ်ကွက်ကို ခုခံကာကွယ်နိုင်မှာ မဟုတ်ဘူး ...."

ထိုစကားကြောင့် စုယီလန် ထိတ်လန့်အံ့သြသွားကာ

"ဒါဆိုလည်း ကျွန်မဆရာကနေတစ်ဆင့် တခြားတစ်ဦး တစ်ယောက်ဆီကို အကူအညီတောင်းရမှာပဲ ...."

"မိန်းကလေး ....မင်းကိုယ်တိုင် ရန်သူကို မဆုံးမချင်ဘူး လား ...."

စုယီလန်ခမျာ ထိတ်လန့်တကြီး ဖြစ်သွားရင်း နာမည်မဖော် မိန်းမကြီးကို ကြောက်ကြောက်လန့်လန့် အမူအရာဖြင့် လှမ်းကြည့် သည်။

"ကျ ....ကျွန်မ ...."

Scanned with ACE Scanner

"တကယ်လို့ ....မင်းမှာ ဒီဆန္ဒမျိုးရှိခဲ့ရင် မင်းကို ငါ့တပည့်အဖြစ် လက်ခံလိုက်မယ် ...."

ထိုစကားကြောင့် စုယီလန်မှာ အတိုင်းအဆမရှိ ဝမ်းသာသွားမိဘော့.

သိုင်းလောက၏ ပထမတန်း ပုဂ္ဂိုလ်က မိမိအား တပည့်အဖြစ် လက်ခံလိမ့်မည်ဟု အိပ်မက်ထဲတွင်ပင် ထည့်မက်ခဲ့ခြင်း မရှိခဲ့ပေ။

စုယီလန်က ကပျာကယာ မြေပေါ်သို့ ဒူးထောက်ထိုင်ချလိုက်ကာ ....

"ဆရာ ...."

မိန်းမကြီး၏ မျက်နှာပေါ်တွင် ကျေနပ်အားရသော အပြုံးရိပ်များ ယှက်သန်းသွားရသည်။

"တပည့် ....ထတော့ .... မင်းဟာ စိတ်ဓာတ်ကြံ့ခိုင်သူတစ်ယောက် ဖြစ်ပြီး ....မကြာခင်က ငါ ရလာခဲ့တဲ့ အားတိုးဆေးမြစ်မင်းကို ကျွေးရမယ် ....တကယ်လို့ မင်းသာ ကြိုးစားမယ်ဆိုရင် သုံးလပြည့်တဲ့နေ့မှာ .... ငါ့ရဲ့ သုခုမဓားကွက်ပညာကို မင်းတတ်ကျွမ်းလိမ့်မယ် ....အဲဒီအခါ မင်းရဲ့ ရန်သူသုတ်သင်ခြင်းအလုပ်က ပိုပြီးလွယ်ကူသွားလိမ့်မယ် ...."

"ဟုတ် .... ဟုတ်ကဲ့ .... တ .... တပည့်မ အထူးကြိုးစားပါ့မယ် ...."

စုယီလန်က စကားဆုံးသည်နှင့် အံ့ဩသလို တွေဝေစဉ်းစားကာ မေးလာပြန်သည်။

"ဆရာမကြီးတို့နဲ့ မမတို့က ဘာဖြစ်လို့ သူ့ကို ပညာနည်းနည်း



မပြလိုက်ရတာလဲ ...."

မိန်းမကြီးက မျက်ခုံးတစ်ဖက်တွန့်ကာ ....

"ငါ ကတိပေးထားတာ ရှိခဲ့တဲ့အတွက်ကြောင့် ဒီအတိုင်းကြည့်နေလိုက်တာပဲ .... မင်းမမနဲ့ သူ့ရဲ့ဆရာဟာ မိဘချင်း အတူ့အလှည့် ရှိခဲ့တဲ့တိုင် သူ့ကို ငါ သုတ်သင်လို့ မဖြစ်သေးဘူး ...."

မိန်းမကြီးက စကားဖြတ်ကာ ဝတ်စုံနက်မိန်းမပျိုကို လက်ညွှန်ပြရင်း ပြောဆိုလာပြန်သည်။

"မိန်းကလေး ....သူဟာ မင်းနဲ့ သိုင်းပညာသင်ဘက် အစ်မတော် စန္ဒာဟန်လို့ ခေါ်တယ် ...."

စုယီလန်က ခါးကိုင်း၍ ....

"အစ်မတော် ....ညီမတော် စုယီလန်ကို နောင်အခါ စောင့်ရှောက်ပေးဖို့ တောင်းခံပါတယ် ရှင် ...."

ဝတ်စုံနက်ဝတ် မိန်းမပျို စန္ဒာဟန်က ခေါင်းညိတ်ပြလိုက်ရင်း ....

"ညီမစု ကိစ္စမရှိဘူး ....နောင်အခါ ညီမစုက မမထက်တောင် သိုင်းပညာ ကျော်လွှားသွားနိုင်တယ် ...."

"ဒါနဲ့ မမရဲ့မိဘတွေနဲ့ ယွင်ကျန်ယီတို့ ဘယ်လိုများ ပတ်သက်နေကြလို့လဲ ...."

"သူဟာ .... လူဆိုးဆံနီအဘိုးကြီးရဲ့ တပည့်ဖြစ်တယ် .... ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့ အင်္ဂါမစုံဓားကွက်ဟာ အဲဒီဆံနီအဘိုးကြီးတစ်ဦးတည်းပိုင် သိုင်းပညာဖြစ်တယ် .... တစ်ချိန်တုန်းက အဲဒီဓားကွက်နဲ့ ဆံနီအဘိုးကြီးက မမရဲ့ဖခင်ကို သတ်သွားတာပဲ ...."

စုယီလန်ကခေါင်းညိတ်လိုက်ပြီးစိတ်ထဲတွင်တွေးလိုက်သည်။

Scanned with ACE Scanner

"ဩော် .... ယွင်ကျန့်ယိဟာ ဆံနီအဘိုးကြီးရဲ့ တပည့်ကိုး၊ ဒါကြောင့်မို့ သိုင်းပညာအဆင့် ဒါလောက် မြင့်နေရတာဖြစ်မယ် .... နောက်ပြီး သိုင်းတစ်ကွက်တည်းနဲ့ သိုင်းလောက အဆင့်မြင့်ပုဂ္ဂိုလ်တွေကို သုတ်သင်နိုင်တာကိုး ...."

ထို့နောက် လေးဦးသား ထွက်ခွာသွားကြသည်။

✲



ယွင်ကျန့်ယိ ....။

လုလင်ပျိုလေး ယွင်ကျန့်ယိမှာ ချန်ချင်မြို့ လမ်းမကြီးအတိုင်း ခရီးဆက်ခဲ့၏။

သူက မြို့လမ်းမကြီးအတိုင်း မြင်းကို ဖြည်းဖြည်းမှန်မှန် စီးလာခဲ့ရာ မြို့နံရံပေါ်မှ လူရိပ်တစ်ရိပ်က မြင်းနှင့် ဝါးသုံးပြန်အကွာတွင် ခုန်ဆင်းသွားသည်ကို တွေ့လိုက်ရသည်။

ယွင်ကျန့်ယိ ထိုလူရိပ်အား အသေအချာ လှမ်းကြည့်လိုက်ရာ ထိုလူမှာ အသက်လေးဆယ်ခန့်ရှိပြီး အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားလေ၏။

အနက်ရောင် မုတ်ဆိတ်မွေးများကမူ ရင်ဘတ်အထိရောက်ရှိနေပြီး ခါးကြားတွင် ကျောက်ပလွေတစ်ချောင်း ချိတ်ဆွဲထားသည်ကိုလည်း တွေ့ရပြန်သည်။

ထိုလူမှာ ယွင်ကျန့်ယိ၏ ကျေးရူးရှင်ဆရာ တောင်ပိုင်းပလွေသံရှင် ကုန်းစွန်းဟုန်ပင် ဖြစ်နေသည်။

ယွင်ကျန်ယိမှာ အတိုင်းအဆမရှိအောင် ဝမ်းသာသွားကာ မြင်းပေါ်မှ ကပျာကယာ ခုန်ဆင်းလိုက်ရင်း ရှေ့သို့ပြေးလွှားသွားတော့၏။

ထို့နောက် မြေပေါ်ဒူးထောက်ထိုင်ချကာ ဝမ်းသာလှိုက်လှဲစွာ လှမ်းခေါ်လိုက်သည်။

"ဆရာ ...."

တောင်ပိုင်းပလွေသံရှင်က ယွင်ကျန်ယိအား တစ်ချက်စိုက်ကြည့်လိုက်ပြီး တွန့်ခနဲ အသံတစ်ချက်ပြုလိုက်သည်။

"ငါဟာ မင်းရဲ့ဆရာအဖြစ် ရှိနေသေးလို့လား ....ငါဟာ မင်းရဲ့ဆရာဆိုတာကော မင်း သိသေးရဲ့လား ...."

ဆရာဖြစ်သူထံမှ မမျှော်လင့်သော အမေးစကားကြောင့် ယွင်ကျန်ယိမှာ အလွန်အမင်း ထိတ်လန့်တုန်လှုပ်သွားရ၏။

မြေကြီးပေါ် ဒူးထောက်ထိုင်နေရင်း စကားတစ်ခွန်းမှ ပြောဆိုခြင်း မရှိဝံ့တော့ပေ။

တောင်ပိုင်းပလွေသံရှင် ကုန်းစွန်းဟုန်က အေးစက်စက်လေသံဖြင့် ပြောလိုက်ပြန်သည်။

"မင်းအဖေ မသေမီက ငါ့ကို အကြိမ်ကြိမ် မှာကြားခဲ့ဖူးတယ်၊ မင်းကို လူတော်လူကောင်း သိုင်းသမားတစ်ယောက်ဖြစ်အောင် ဆုံးမရမယ့်တာဝန် ငါ့မှာ ရှိနေတယ် ....ဒါပေမယ့် ...."

ဆရာဖြစ်သူ ကုန်းစွန်းဟုန်ထံမှ သူ့ဖခင်အကြောင်း ပြောဆိုလာသည်နှင့် ယွင်ကျန်ယိမှာ မျက်ရည်များ အလိုအလျောက် ကျဆင်းလာရ၏။ ကုန်းစွန်းဟုန်က လေးလံသော သက်ပြင်းရှည်ကြီးတစ်ချက် ချကာ ....



"တကယ်လို့ မင်းအဖေနဲ့ ငါဟာ ....သွေးသောက်ညီအစ်ကို မဟုတ်ခဲ့ရင် ဒီကနေ့ကိစ္စတွေအတွက် ငါ မင်းကို အရေးစိုက်စရာ မလိုတော့ဘူး ....ငါ ဖြစ်စေချင်တာက အများအကျိုး သယ်ပိုးဆောင်ရွက်တဲ့ သိုင်းသမားကောင်း ဖြစ်စေချင်တယ် ....မင်းဖခင်ကလည်း ငါ့လိုပဲ မင်းကို ဖြစ်စေချင်တာပဲ ...."

ယွင်ကျန်ယိမှာ ယခုထက်တိုင် ဘာစကားတစ်ခွန်းမျှ ပြန်ပြောရဲခြင်း မရှိသေးချေ။

ကုန်းစွန်းဟုန်က ညင်သာသောအသံဖြင့် ....

"ယွင်ကျန်ယိ ....မင်း မတ်တတ်ရပ်လိုက် ...."

ယွင်ကျန်ယိမှာ ဆရာ၏ အမိန့်စကားအတိုင်း မြေပေါ် ဒူးထောက်နေရာမှ မတ်ရာတတ်ရပ်လိုက်၏။

ကုန်းစွန်းဟုန်က အတန်ကြာ ယွင်ကျန်ယိအား စိုက်ကြည့်နေရာမှ ....

"အခု ....ဝူတန်ဂိုဏ်းရဲ့ သံတားရှင်အဘိုးကြီး ဗာနန်နယ်က သိုင်းသမားကြီး ဆန်းအင်းတို့အားလုံးက မင်းကို စောင့်နေကြတယ်၊ ဒါ့အပြင် တခြားလူတွေလည်း ရှိနေကြတယ် ....မြောက်ပိုင်းက အမိပတီဓားဝိဇ္ဇာ ရှောင်လိန်တို့ ဓနီးမောင်နှံလည်း ရောက်နေသံ ကြားတယ်ကွ ...."

ဆရာဖြစ်သူ၏ စကားများကြောင့် ယွင်ကျန်ယိမှာ အလွန်အမင်း ထိတ်လန့်သွားကာ မရဲတရဲ ခေါင်းမော့ကြည့်လိုက်လေသည်။

"မင်းဟာ ....သိုင်းကွက်တစ်ကွက်တည်းနဲ့ သိုင်းလောက

Scanned with ACE Scanner

အဆင့်မြင့်ပုဂ္ဂိုလ် ဆယ်ဦးကျော်ကို ရှင်းပစ်ခဲ့တယ် .... နောက်ပြီး ဝိညာဉ်နတ် ကျူရေ့ရဲ့ လက်တစ်ဖက်ကို ဖြတ်ခဲ့တယ်ဆိုတာကော တကယ်ပဲလား ...."

ယွင်ကျန်ယိက မဝံ့မရဲ ခေါင်းညိတ်ပြလိုက်သည်။

"မင်းရဲ့ အဲဒီတိုက်ကွက်တစ်ကွက်ဟာ ဘယ်သူ့ဆီက သင်ကြားတတ်မြောက်လာတာလဲ ...."

ယွင်ကျန်ယိက မီးပုံလက်ဝါးစုတာရှင်၏ ထောင်ချောက်ထဲ သက်ဆင်းမိကာ ချောက်ကမ်းပါးထဲ ကျသွားသည့်အဖြစ်အပျက် အစအဆုံး ဆရာဖြစ်သူ ကုန်းစွန်းဟုန်အား အသေးစိတ် ပြန်ပြောပြလိုက်သည်။

ထို့ပြင် .... အမည်မဖော်မိန်းမကြီးနှင့် နှင်းတောင်ညီနောင်လေးဖော်တို့၏ ကိစ္စများပါ ရှင်းလင်းပြောပြလိုက်သည်။

ဆရာဖြစ်သူ ကုန်းစွန်းဟုန်မှာ တပည့်ဖြစ်သူ၏ စကားများကို စိတ်ဝင်တစား နားထောင်နေရင်း မျက်နှာတွင် အမျိုးမျိုး အရောင်ပြောင်းလျက်ရှိနေသည်။

ကုန်းစွန်းဟုန်မှာ အတန်ကြာသည်အထိ စကားမပြောနိုင်ဘဲ ရှိနေခိုက် မြို့ရိုးပေါ်မှ ကျယ်လောင်သော ရယ်မောသံတစ်သံ ကြားလိုက်ရပြီးနောက် လူရိပ်နှစ်ရိပ်က ခုန်ဆင်းရောက်ရှိလာတော့သည်။

ကုန်းစွန်းဟုန်က ထိုလူရိပ်နှစ်ရိပ်အား ကြည့်ကာ ပြုံးရယ်ပြောဆိုလိုက်သည်။

"အိုး မြောက်ပိုင်း ဓားဝိဇ္ဇာကြီး ရှောင်လိန်တို့ဇနီးမောင်နှံကိုး"



ယွင်ကျန်ယိက ခေါင်းမော့ကြည့်လိုက်ရာ လူလတ်ပိုင်းဇနီးမောင်နှံနှစ်ယောက်ကို တွေ့လိုက်ရ၏။

မြောက်ပိုင်းဓားဝိဇ္ဇာကြီး ရှောင်လိန်က တောင်ပိုင်းပလွေသံရှင် ကုန်းစွန်းဟုန်အား ကြည့်ကာ ရယ်မောပြောဆိုလာသည်။

"ကျုပ်တပည့်တွေရဲ့ အပြုအမူဟာ မကောင်းဘူး .... ဆရာရဲ့မျက်နှာကိုတောင် အိုးမည်းသုတ်ခဲ့တယ် .... အမှားလုပ်ခဲ့မိတာတောင် ကျုပ်ကို လာမပြောရဲကြဘူး ....အတွင်းလူဆိုးတွေကိုပဲ ပြောပြခဲ့ကြတယ် ....ခုမှ ကျုပ် ဒီအကြောင်းတွေ သိရလို့ ကျုပ်တပည့်နှစ်ဦးကို ပြန်လာခေါ်တာပဲ ...."

တောင်ပိုင်းပလွေသံရှင် ကုန်းစွန်းဟုန်ကလည်း ပြုံးရယ်ပြောဆိုလိုက်သည်။

"ပြီးခဲ့တဲ့ကိစ္စတွေအတွက် ပြောစရာမလိုတော့ပါဘူး .... နောက် စုကြွင်တို့နှစ်ဦးဟာ ဦးလေးတော် စုတာရှင်ရဲ့ လိမ်ညာခြင်းကို ခံခဲ့ရရှာတယ် .... တစ်ဘက်ကလည်း ဆရာလုပ်သူရဲ့နာမည်ပျက်မှာစိုးလို့ မပြောရဲတာ ဖြစ်ပါလိမ့်မယ် ....ဒီအတွက် သူတို့နှစ်ဦးကု ဖွေယုမနေပါနဲ့ ...."

"ဘာပဲဖြစ်ဖြစ် ....သူတို့နှစ်ယောက်ကို ကျုပ် ခွင့်မလွှတ်နိုင်ဘူး ...."

ကုန်းစွန်းဟုန်က ယွင်ကျန်ယိဘက်လှည့်ကာ ....

"ကျန်ယိ .... ဒီပုဂ္ဂိုလ်နှစ်ဦးဟာ မြောက်ပိုင်းဓားဝိဇ္ဇာ အမိပတိဇနီးမောင်နှံပဲ .... သူတို့နာမည်ကို ကြားဖူးပေမယ့် လူကိုယ်တိုင်

Scanned with ACE Scanner

တွေ့ကြုံဖို့ဆိုတာ အင်မတန် ခဲယဉ်းတယ် .... ခု ကံထိုက်လို့ သူတို့ဇနီးမောင်နှံ ဒီကို ရောက်လာခဲ့ကြတယ် .... မင်း အမြန်ဆုံး ဓားဝိဇ္ဇာကြီး ရှောင်လိန်နဲ့ သူ့ဇနီး ကြူမေတို့ကို .... အမြန်ဆုံး ဂါရဝပြုလိုက် ...."

ယွင်ကျန်ယိမှာ ရှေ့တက်လှမ်းလာပြီး ရိုသေစွာ ဦးညွှတ်ဂါရဝပြုလိုက်သည်။

"ကျွန်တော်မျိုး ယွင်ကျန်ယိက ဆရာကြီးတို့ဇနီးမောင်နှံကို တွေ့ခွင့်ရတဲ့အတွက် ဝမ်းသာလှပါတယ် ...."

ဓားဝိဇ္ဇာ ရှောင်လိန်က ရယ်မောရင်း ....

"ကိစ္စမရှိဘူး .... ငါတပည့်တွေရဲ့ မိုက်မှားမှုအတွက် ငါတို့ကတောင် မင်းကို တောင်းပန်ရဦးမှာပါ ...."

ယွင်ကျန်ယိမှာ အားနာသွားကာ ကပျာကယာ ပြန်ပြောလိုက်သည်။

"ကျွန်တော်မျိုး ....ဆရာကြီးတို့ရဲ့ တောင်းပန်မှုကို လက်မခံရဲပါဘူး ခင်ဗျာ ....စောစောတုန်းကပဲ စုကြွင်တို့ မောင်နှမနှစ်ယောက်ကို ကျွန်တော် တွေ့ခဲ့ရပါသေးတယ် ...."

မြောက်ပိုင်းဓားဝိဇ္ဇာကြီး ရှောင်လိန်၏မျက်နှာမှာ ဝင်းထိန်တောက်ပသွားပြီး ဝမ်းသာအားရ ပြန်မေးလိုက်သည်။

"ဘယ်မှာလဲ ...."

"စုကြွင် သေပြီ ...."

ယွင်ကျန်ယိ၏ အဖြေစကားကြောင့် ဓားဝိဇ္ဇာကြီးရှောင်လိန်



မှာ ခွေအခါ မိုးကြိုးပစ် ခံလိုက်ရသည့်အလား တစ်ကိုယ်လုံး တုန်လှုပ်ချောက်ချားသွားမိသည်။

ရှောင်လိန်၏ဇနီး ကြူမေကလည်း ထိုစကားကြောင့် ယွင်ကျန်ယိပခုံးကို ဆုပ်ကိုင်လိုက်ရင်း အလောတကြီး မေးလာပြန်သည်။

"ဘာလဲ ....သူ့ကို မင်းက သတ်လိုက်တာပေါ့ ...."

"ကျွန်တော် သတ်တာ မဟုတ်ပါဘူး ....သူဟာ ရွှေရောင်ဝတ်ရုံရှင် လိန်ဂူရဲ့လက်ချက်နဲ့ အသက် ထွက်သွားခဲ့ရတာပါ ...."

ကြူမေမှာ ထိုစကား ကြားလိုက်ရတော့မှ ယွင်ကျန်ယိ၏ ပခုံးကို ဆုပ်ကိုင်ထားရာမှ လက်အားလျှော့ချလိုက်သည်။

"ရွှေရောင်ဝတ်ရုံရှင် လိန်ဂူ သတ်တာ ဟုတ်လား ....ဒါနဲ့ စုယိလန်ကော ဘယ်မှာလဲ ...."

"ထွက်သွားပြီ ...."

ယွင်ကျန်ယိ၏ စကားဆုံးသည်နှင့် ဓားဝိဇ္ဇာကြီး ရှောင်လိန်၏နှုတ်မှ လိန်ဂူ၏နာမည်ကို တတွတ်တွတ် ရွတ်ဆိုနေသည်။

ရှောင်လိန် မျက်လုံးအစုံတွင်မူကား မျက်ရည်များ ပြည့်လျှံလာကာ ပါးပြင်သို့ပင် စီးကျလာ၏။

လူငယ်လေး ယွင်ကျန်ယိက တိုးညှင်းသော လေသံဖြင့် ပြောဆိုလာပြန်သည်။

"လိန်ဂူကို ကျွန်တော် သုတ်သင်လိုက်ပါပြီ ...."

ရှောင်လိန်၏ဇနီး ကြူမေမှာ ယခုတိုင် ငေးကြောင်ကြောင်ကြီးနေဆဲပင် ရှိနေ၏။

Scanned with ACE Scanner

တောင်ပိုင်းပလွေသံရှင် ကုန်းစွန်းဟုန်က ယွင်ကျန်ယိအား ဖြစ်တင်စကား ဆိုလာသည်။

"ကျန်ယိ ....မင်း ခုနက ငါ့ကို ဘာဖြစ်လို့ ဒီအကြောင်းတွေ မပြောရတာလဲ ...."

ယွင်ကျန်ယိမှာ အတန်ကြာသည်အထိ စကားမပြောနိုင်ဘဲ ဖြစ်နေပြီး ဝမ်းနည်းပူဆွေးမှုကြောင့် စိတ်မကောင်းဖြစ်ဟန်ဖြင့် စုကြွင်တို့၏ အဖြစ်အပျက်များကို အစအဆုံးပင် ပြောပြလိုက်၏။

မြောက်ပိုင်းဓားဝိဇ္ဇာကြီးရှောင်လိန်က ယွင်ကျန်ယို၏ စကားဆုံးသည်နှင့် မျက်နှာတစ်ခုလုံး ညိုမည်းပြာဝေသွားတော့၏။

ထိုအခိုက် မြို့ရိုးတံတိုင်းပေါ်မှ ရယ်မောသံတစ်သံ ကြားလိုက်ရပြန်သည်။

"မင်းတို့တတွေကတော့ ဝမ်းသာတကြီးနဲ့ စကားပြောနေကြတယ် .... ကျုပ် စောင့်ရတာ စိတ်မရှည်တာနဲ့ ထွက်လာခဲ့ပြီ"

စကားသံဆုံးသည်နှင့် မြို့ရိုးအုတ်တံတိုင်းပေါ်မှ လူရိပ်သုံးရိပ်က ခုန်ဆင်းလာသည်။

တောင်ပိုင်းပလွေသံရှင် ကုန်းစွန်းဟုန်က ထိုလူရိပ်နှစ်ရိပ်အား ဆီးကြိုနှုတ်ဆက်စကား ပြောဆိုလိုက်သည်။

"သြော် .... လက်စသတ်တော့ ဂူတန်ဂိုဏ်းက သံဓားရှင်နဲ့ ဗာနန်နယ်က အဘိုးကြီး ဆန်အင်းတို့ကိုး .... နောက်တစ်ယောက်က ကျုပ်မျက်စိ အမြင်မမှားရင်တော့ ယက္ခလေပွေ လက်ဝါးလင်မိန်တို့ ဖြစ်နိုင်တယ် ...."



ယွင်ကျန်ယိက မြို့ရိုးတံတိုင်းပေါ်မှ ခုန်ဆင်းလာသော လူသုံးယောက်ကို လှမ်းကြည့်လိုက်ရာ နှစ်ယောက်မှာ အဘိုးကြီးဖြစ်ပြီး ကျန်တစ်ယောက်မှာ လူလတ်ပိုင်းအရွယ်ဖြစ်သည်။

အဘိုးကြီးနှစ်ယောက်အနက် တစ်ယောက်၏ နောက်ကျောတွင် ဓားရှည်တစ်လက်ကို လွယ်ထားပြီး ကျန်အဘိုးကြီးတစ်ယောက်၏လက်တွင် ဝါးစိမ်းတုတ်တစ်ချောင်း ကိုင်ထားလျက်ရှိနေသည်ကို တွေ့လိုက်ရ၏။

လူရွယ်ဖြစ်သူ လူလတ်ပိုင်းမှာ အသက်သုံးဆယ်ကျော်ခန့်ဖြစ်ပြီး မျက်နှာတစ်ခုလုံး အေးစက်စက်အသွင် ရှိနေသည်။

ထိုလူလတ်ပိုင်းမှာ ယက္ခလေပွေ လက်ဝါးလင်မိန်ဆိုသူဖြစ်နိုင်သည်ဟု ယွင်ကျန်ယိ တွေးမိလိုက်၏။

ဂူတန်ဂိုဏ်းမှ သံဓားရှင် အဘိုးကြီးက တဟားဟား ရယ်မောကာ ပြောဆိုလာသည်။

"တောင်ပိုင်း လူစွမ်းကောင်းကြီး ကုန်းစွန်းဟုန်ကိုယ်တိုင်ဒီမှာ ရောက်နေတာကိုး ....ဒါဆိုတော့ ပိုပြီး အဆင်ပြေသွားတာပေါ့၊ လူစွမ်းကောင်းကြီးရဲ့တပည့် လုပ်ခဲ့သမျှကိစ္စတွေ ဘယ်လိုဖြေရှင်းမလဲ"

ကုန်းစွန်းဟုန်က သဘောကျစွာ ပြန်လည်ရယ်မောရင်း ....

"ဒီကိစ္စဟာ ....အပြောရခက်ပါတယ် ....ကျုပ်တပည့်ရဲ့ စိတ်ထဲကပါလို့ မဟုတ်ပါဘူး ....မလွှဲသာ လုပ်ခဲ့ရတာပါ ....ကျုပ်နဲ့ ကျုပ်တပည့်တို့က ရှောင်းရင်းတို့ကို တစ်ဦးချင်း တောင်းပန်ပါ့မယ် ....လက်ခံနိုင်ပါ့မလား ...."

Scanned with ACE Scanner

ဗာနန်နယ်သား ဆန်အင်းက အေးတိအေးစက်လေသံဖြင့်

"ဒီကိစ္စကို လွယ်လွယ်နဲ့ တောင်းပန်လို့ ဘယ်ပြီးနိုင်ပါ့မ လူဆယ်ယောက်မကတဲ့အသက်ကို သတ်ပြီးမှ တောင်းပန်တယ်ဆိုတ က မဖြစ်နိုင်ဘူး ...."

ထိုစကားကြောင့် တောင်ပိုင်းလူစွမ်းကောင်း ကုန်းစွန်းဟု ၏ မျက်နှာအမူအရာ ပြင်လိုက်ပြီး ....

"ရောင်းရင်းရဲ့သဘောက ဘယ်လိုလုပ်စေချင်သလဲ ...."

ယက္ခလေပွေလက်ဝါး လင်မိန်ကလည်း ခက်ထန်စွာ ပြန် ပြောလာသည်။

"လွယ်ပါတယ် ....ခင်ဗျားတပည့် ယွင်ကျန်ယိရဲ့ ခန္ဓာကိုယ် ကို ဒီမှာရှိတဲ့လူ အသီးသီးက ခုတ်ထစ်ဖြတ်ယူသွားရုံပဲ ...."

တောင်ပိုင်းလူစွမ်းကောင်းကြီး ကုန်စွန်းဟုန်မှာ ခပ်ပြတ် ပြတ်ပင် ပြန်ပြောလိုက်သည်။

"လင်မိန် ကျုပ် မင်းကို ပြောနေတာမဟုတ်ဘူး ....ဒီနေရာ မှာ မင်းစကား ဝင်ပြောဖို့ မလိုသေးဘူးထင်တယ် ...."

ယက္ခလေပွေလက်ဝါး လင်မိန်မှာ မြေပြန့်သို့ ရောက်လာက စ ယခုကဲ့သို့ အပြောခံလိုက်ရသဖြင့် မကျေမနပ်နှင့် ဒေါသဖြစ်သွား ကာ ....

"ကုန်စွန်းဟုန် ခင်ဗျား ကျုပ်နဲ့ လက်ရည်ချင်းယှဉ်ပြိုင်ချင် လို့လား ...."

ကုန်းစွန်းဟုန်၏ အဖြေစကားမထွက်မီ မြောက်ပိုင်းဓားဝိဇ္



ကြီး ရှောင်လိန်က ကြားဖြတ်ဝင်ရောက်ပြောဆိုလာသည်။

"ကျုပ် ရှောင်လိန်က ရောင်းရင်းလင်မိန်ရဲ့ သိုင်းပညာကို စမ်းကြည့်ချင်တယ် ...."

မြောက်ပိုင်းဓားဝိဇ္ဇာကြီး ရှောင်လိန်၏စကားကြောင့် ဘေး တွင်ရပ်နားထောင်နေသည့် ဂူတန်ကိုဏ်းမှ သံဓားရှင်အဘိုးကြီးမှာ စဉ်းစားမရဟန် ဖြစ်သွားကာ မေးမြန်းလာသည်။

"ဟင် ....တယ့်နှယ် ရောင်းရင်းကြီး ရှောင်လိန်က ဘယ်လို ကြောင့် ယွင်ကျန်ယိဘက်က ဝင်ကူနေရတာလဲ ...."

မြောက်ပိုင်းဓားဝိဇ္ဇာကြီး ရှောင်လိန်က တည်ကြည်လေးနက် သော .လေသံဖြင့် ....

"ဒီကိစ္စမှာ တောင်ပိုင်းပလွေသံရှင်ရဲ့ တပည့်ယွင်ကျန်ယိ မမှားဘူး ....သူဟာ သူ့မသိစိတ်က သူ့ကို ဆန္ဒမပါဘဲ အတင်းအဓမ္မ စေခိုင်းခြင်းကိုသာ ခံခဲ့ရတယ် ....တကယ်လို့ ရောင်းရင်းတို့က သူ့ကို အတင်းအကြပ် လုပ်လာမယ်ဆိုရင်တော့ ....ကျုပ် သူ့ဘက်က ကူညီရ လိမ့်မယ် ...."

ထိုစကားကြောင့် ယက္ခလေပွေလက်ဝါး လင်မိန်က ခနဲ့သံ တစ်ချက်ပြုလိုက်ရင်း ....

"မြောက်ပိုင်းဓားဝိဇ္ဇာရဲ့ ဓားပညာ ဘယ်လောက်ရှိတယ်ဆို တာ ....ကျုပ် စမ်းချင်နေတာကြာပြီ ...."

စကားဆုံးသည်နှင့် ယက္ခလေပွေလက်ဝါး လင်မိန်က ဓား ဝိဇ္ဇာရှောင်လိန်ဆီသို့ လေပွေလက်ဝါးတစ်ချက်နှင့် တိုက်လိုက်သည်။

Scanned with ACE Scanner

ဓားဝိဇ္ဇာကြီး ရှောင်လိန်မှာ ရိပ်ခနဲ ရှောင်တိမ်းလိုက်ရာ လေ ပွေလက်ဝါးရိုက်ချက် လွတ်ထွက်သွားတော့၏။

ရှောင်လိန်ကလည်း အဆင့်မြင့်သိုင်းသမားကြီးပီပီ လေပွေ လက်ဝါးလင်မိန်အား အကြိတ်အနယ် ပြန်တိုက်ခိုက်နေတော့သည်။

နှစ်ဘက်စလုံး သိုင်းလောက၏ အကျော်အမော်များ ဖြစ်ကြ သည့်အလျောက် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အချိန်အတွင်း သိုင်း ကွက်ဆယ်ကွက်ပင် ကျော်လာခဲ့ချေပြီ။

ရှောင်လိန်မှာ တစ်လှမ်းချင်း ရှေ့သို့တက်နေသည့်နည်းတူ လင်မိန်ကမူ နောက်သို့ တစ်လှမ်းချင်း ဆုတ်ပေးနေရသည်။

ထိုအခိုက် ဗှာနန်နယ်သား ဆန်အင်းက သူ၏ဝါးစိမ်းတုတ်ကို ဝှေ့ယမ်းရင်း ကျယ်လောင်စွာ လှမ်းအော်ပြောလိုက်သည်။

"ဓားဝိဇ္ဇာကြီး ရှောင်လိန် .... တစ်ဘက်သတ် အနိုင်မကျင့် ချင်စမ်းပါနဲ့ ...."

ရှောင်လိန်၏ ဇနီး ကြူမေကလည်း ဓားရှည်ကိုဆွဲကာ —

"ဗှာနန်နယ်က အဘိုးကြီးဆန်အင်းရဲ့ ဝါးစိမ်းတုတ်သိုင်းပညာ ကို ကျွန်မ စမ်းသပ်ချင်နေတာ ကြာပါပြီ ...."

စကားဆုံးသည်နှင့် ကြူမေ၏ဓားရှည်က ဆန်အင်း၏ ဝါးစိမ်း တုတ်ကို ဆီးကြိုခုတ်ဖြတ်လိုက်သည်။

သံဓားရှင်အဘိုးကြီး၏ မျက်နှာမှာ မကောင်းတော့ပေ။ စိတ် ထဲတွင် မိမိတို့သုံးယောက်လုံး အရှက်ကွဲရတော့မည်ဟု ထင်မြင်ယူဆ နေသည်။



မိမိ၏ ကနဦးအထင်သည် မြောက်ပိုင်းဓားဝိဇ္ဇာက မိမိတို့ ဘက်မှ ကူညီလိမ့်မည်ဟု ထင်နေမိ၏။

ယခုမူ မိမိအတွက် လွဲမှားခဲ့ပေပြီ။

မြောက်ပိုင်းဓားဝိဇ္ဇာကြီး ရှောင်လိန်တို့ ဇနီးမောင်နှံက မိမိ တို့ဘက်မှ မကူညီသည့်အပြင် ယွင်ကျန်ယိတို့ဘက်မှပင် အကူအညီပေး နေပြီ မဟုတ်ပါလား။

မိမိသည်လည်း တောင်ပိုင်းပလွေသံရှင် ကုန်းစွန်းဟုန်၏ ပြိုင် ဘက်မဟုတ်သဖြင့် အသာငြိမ်သက်နေရ၏။

တိုက်ပွဲအခြေအနေကို ကြည့်လိုက်ရာ ကြူမေ၏ဓားနှင့် ဆန် အင်းတို့ ဝါးစိမ်းတုတ်တိုက်ကွက်များမှာ အလွန်အကြိတ်အနယ် ဆန် နေသည်။

သို့သော် မြောက်ပိုင်းဓားဝိဇ္ဇာက လေပွေလက်ဝါးလင်မိန်၏ အသက်ကို ချမ်းသာမပေးခဲ့သော် မိမိတို့ဘက်မှ အရေးရှုံးနိမ့်နေပြီ ဖြစ် သည်။

အဘိုးကြီး သံဓားရှင်၏စိတ်ထဲတွင် စိုးရိမ်စိတ်များ ပွားလာ နေသော်လည်း သူ့အနေဖြင့် မည်သို့မျှ တတ်နိုင်ခြင်း မရှိပေ။

ထိုစဉ် အဝေးဆီမှ မြင်းနှစ်စီး အပြင်းစိုင်းနှင်လာနေသည်ကို တွေ့မြင်လိုက်ရသည်။

တောင်ပိုင်းပလွေသံရှင် ကုန်းစွန်းဟုန်မှာ ထိုမြင်းစီသမား အား မြင်လိုက်ရသည်နှင့် မျက်စိမျက်နှာ ပျက်သွားရတော့သည်။

လူငယ်လေး ယွင်ကျန်ယိကလည်း ထိုမြင်းစီးသမားနှစ်ဦးကို

Scanned with ACE Scanner

ကြည့်ကာ စိတ်ထဲတွင် အထူးတုန်လှုပ်သွားရသည်။

ကျန်ခဲ့သောနေ့က မိမိနောက်မှနေ၍ မိမိကိုကျော်ဖြတ်ကာ ရှေ့သို့တဟုန်ထိုး စိုင်းနှင်သွားသော မြင်းစီးသမားများ ဖြစ်နေကြောင်း တွေ့လိုက်ရသဖြင့် ယွင်ကျန်ယိ စိုးရိမ်စိတ်ဝင်မိခြင်း ဖြစ်ပေသည်။

မြောက်ပိုင်းဓားဝိဇ္ဇာကြီး ရှောင်လိန်မှာ နောက်ထပ်လူစိမ်းများ ထပ်မံရောက်လာသဖြင့် တိုက်ပွဲကို အချိန်ဆွဲမနေတော့ဘဲ ယကူ လေပွေလက်ဝါး လင်မိန်အား သွေးကြောလှမ်းပိတ်လိုက်ပြီး ကုန်းစွန်းဟုန်တို့အနား ပြန်ရောက်လာသည်။

ဟူနန်နယ်သား ဆန်အင်းနှင့် ကြူမေတို့လည်း လူချင်းခွဲကြကာ မူလနေရာသို့ ပြန်လည်ရောက်ရှိသွားကြသည်။

ဂူတန်ဂိုဏ်းမှ အဘိုးကြီးသံဓားရှင်ကမူ မြင်းစီးသမားနှစ်ယောက်ရောက်လာသည်ကို တွေ့လိုက်ရသဖြင့် စိတ်အေးသွားသလို ဖြစ်သွားကာ ခရီးဦးကြိုနှုတ်ဆက်လိုက်သည်။

"ပျံလွှားတောင်ကုန်းက သိုင်းညီနောင် စဲအင်းနဲ့စဲယိတို့ပါလား .... ဘယ့်နှယ် နောင်ကြီးတို့နှစ်ဦးက ခုမှရောက်လာရတာလဲ"

ယွင်ကျန်ယိမှာ ပျံလွှားတောင်ကုန်းမှ **သိုင်းညီနောင်**ဟု ကြားလိုက်ရသည်နှင့် စိတ်ထဲတွင် တုန်လှုပ်ချောက်ချားသွားမိလေသည်။

တစ်ချိန်က မိမိဆရာ ပြောခဲ့ဖူးသည်များကိုလည်း သတိရလာမိသည်။

ပျံလွှားတောင်ကုန်းမှ သိုင်းညီနောင်နှစ်ဖော် ဖြစ်သည့် စဲအင်း



နှင့် စဲယိတို့ သိုင်းလောကအတွင်း ဝင်ရောက်လာခဲ့သည်မှာ ငါးနှစ်သာ ရှိသေးသည်။

သို့သော် မြေပြန့်သို့ ရောက်လာသည်နှင့် ပျံလွှားညီနောင်သည် ထူးဆန်းသော ဓားကွက်များဖြင့် သိုင်းလောကအဆင့်မြင့် ပုဂ္ဂိုလ်အတော်များများကို အနိုင်ယူခဲ့သည် မဟုတ်ပါလား။

ထိုအခါမှစ၍ ပျံလွှားညီနောင်နှစ်ယောက်၏ နာမည်မှာ တရှိန်ထိုး ကျော်ကြားလာခဲ့သည်။

ပျံလွှားညီနောင်နှစ်ဖော်က မြင်းပေါ်မှ ခုန်ဆင်းကာ တိုက်ပွဲကွင်းသို့ လှမ်းမျှော်အကဲခတ်လိုက်ကြပြီး မာန်မာနထောင်လွှားသော လေသံဖြင့် ....

"ကျုပ်တို့ညီနောင် ဒီကနေ့ရောက်လာခြင်းဟာ .... သိုင်းလောကရဲ့ အဓိပတိဓားဝိဇ္ဇာကြီးနဲ့ တောင်ပိုင်းပလွေသံရှင်တို့ရဲ့ သိုင်းပညာ ဘယ်လောက်ရှိသလဲဆိုတာ သိချင်လို့ပဲ ...."

ထိုစကားကြောင့် တောင်ပိုင်းပလွေသံရှင် ကုန်းစွန်းဟုန်က ကျယ်လောင်စွာ ရယ်မောလိုက်သည်။

"အတော်ပဲ .... ကျုပ်တို့ မိတ်ဆွေကြီးနှစ်ယောက်ကလည်း ပျံလွှားညီနောင်ဆိုတဲ့ နာမည်တွေကို ကြားသိခဲ့ရတာ ကြာပြီ .... ဒီကနေ့ အခွင့်ကြုံတုန်း စမ်းသပ်ကြည့်ရအောင် ...."

ကုန်စွန်းဟုန်၏ စကားဆုံးသည်နှင့် ဓားဝိဇ္ဇာကြီးရှောင်လိန်က ဝင်ရောက် ပြောဆိုလာပြန်သည်။

"ကျုပ်လည်း ပျံလွှားတောင်ကုန်းညီနောင် နှစ်ဖော်ရဲ့နာမည်

Scanned with ACE Scanner

ကိုကြားဖူးခဲ့ပါတယ် .... ဒါပေမယ့် .... ကျုပ်အထင်တော့ မင်းတို့ ညီနောင်နှစ်ယောက်ဟာ နောက်ပေါက်သိုင်းသမားလောက်ပဲလို့ ကျုပ်ထင်တယ် ...."

ထိုစကားကြောင့် ပျံလွှားညီနောင် နှစ်ယောက်၏ မျက်နှာမှာ ကွက်ခနဲ ပျက်သွားကြလေသည်။ နှစ်ယောက်သား စကားတစ်ခွန်းမျှ ပြောဆိုခြင်း မရှိကြတော့ချေ။

သို့သော် သူတို့၏လက်များက တစ်ချက်လှုပ်ခါသွားကြသည်နှင့် အဖြူရောင်အလင်းတန်းများ လက်ခနဲဖြစ်သွားကာ ဓားအသီးသီးက သူတို့နှစ်ဦး၏ လက်ထဲသို့ ရောက်ရှိသွားတော့၏။

မြောက်ပိုင်းဓားဝိဇ္ဇာကြီး ရှောင်လိန်က သူ၏ဓားရှည်ကို ဖြည်းညှင်းစွာ ဆွဲထုတ်လိုက်၏။

တောင်ပိုင်းပလွေသံရှင် ကုန်းစွန်းဟုန်ကလည်း ခါးကြားရှိ ကျောက်စိမ်းပလွေကို အေးဆေးစွာ ဆွဲထုတ်လိုက်၏။

တစ်ချိန်တည်း ပျံလွှားတောင်ကုန်း သိုင်းညီနောင်နှစ်ဖော်၏ ခန္ဓာကိုယ်များ လှုပ်ရှားလာကာ ဘယ်ညာခွဲ၍ တိုက်ခိုက်ရန် အသင့်ရှိနေကြသည်။

တောင်ပိုင်းပလွေသံရှင်နှင့် ဓားဝိဇ္ဇာကြီးတို့ကို ညီနောင်နှစ်ဖော်ကလည်း သိုင်းလောက၏ အဓိပတိကြီးဟု လှောင်ပြောင်ခေါ်လိုက်သဖြင့် မခံချိမခံသာ ဖြစ်နေရလေသည်။

အထူးသဖြင့် ပျံလွှားတောင်ကုန်း သိုင်းညီနောင်နှစ်ဖော်တို့မှာ သိုင်းပညာမာန်မာနများ သွေးနထင်ရောက်နေသည်ကို မြင်လိုက်ရ



၍ သူတို့၏ မာနစိတ်များကို ချိုးပစ်ချင်သည့် စိတ်များ တဖွားဖွားပေါ်ပေါက်လျက်ရှိနေကြသည်။

ထို့ကြောင့် မြောက်ပိုင်းပလွေသံရှင် ကုန်းစွန်းဟုန်၏ ကျောက်စိမ်းပလွေက တဖြည်းဖြည်း မြောက်တက်သွားကာ နှုတ်ခမ်းနှင့် တပြေးတည်းချိန်ရွယ်ထားလိုက်တော့၏။

ကုန်းစွန်းဟုန်မှာ သူ၏နဂါးမာန်သိုင်းဟန် ခုနစ်ကွက်နှင့် ကျောက်စိမ်းပလွေကို အသုံးပြု၍ အကြောပိတ်ခြင်းသည် သိုင်းလောကတွင် နှစ်ပေါင်းနှစ်ဆယ်ကျော်ခန့် နာမည်ကြီးလာခဲ့သူ ဖြစ်သည်။

ထို့ကြောင့် ပျံလွှားတောင်ကုန်းညီနောင် နှစ်ဖော်တို့အနေနှင့်လည်း တစ်ဘက်ပြိုင်ဘက်များအား လုံးဝအထင်သေးရဲခြင်း မရှိချေ။

ထို့ပြင် ကျောက်စိမ်းပလွေဖြင့် မိမိတို့ညီနောင်နှစ်ဖော်ကို ထိန်းချုပ်မည်ပင် စိုးရိမ်မကင်း ဖြစ်နေမိလေသည်။

ထို့ကြောင့် ပျံလွှားညီနောင်နှစ်ယောက်မှာ ကုန်းစွန်းဟုန်က သူတို့အနီးရောက်လာသည်နှင့် ဓားများဖြင့် စတင်တိုက်ခိုက်လေတော့သည်။

မြောက်ပိုင်းဓားဝိဇ္ဇာကလည်း ဓားရှည်ကိုဝှေ့ယမ်းကာ အဟန့်ဓားကွက်ဖြင့် ပျံလွှားတောင်ကုန်း ညီနောင်တို့၏ တိုက်စစ်ကို ဟန့်တားလိုက်သည်။

ညီနောင်နှစ်ဖော်၏ ဓားနှစ်လက်သည် ဓားဝိဇ္ဇာကြီးရှောင်လိန်၏ ဓားရှည်ဖြင့် ထိပ်တိုက်ရင်ဆိုင်မိကြတော့သည်။

"ချွင် .... ချွင် ...."

Scanned with ACE Scanner

ဓားသုံးလက်တစ်ပြိုင်တည်း ထိပ်တိုက်တွေ့ဆုံလိုက်ရာ ဓားဝိဇ္ဇာရှောင်လိန်၏ ဓားကိုင်လက်မောင်းတစ်လျှောက်လုံး ထုံကျဉ်သွားပြီး ဓားပင် လက်မှလွတ်ထွက်သွားတော့သည်။

ပျံလွှားတောင်ကုန်းညီနောင်တို့မှာ ရရှိလာသည့် အခွင့်အရေးကို လက်လွတ်မခံဘဲ တရကြမ်း တိုက်စစ်ဆင်လာကြတော့သည်။

တောင်ပိုင်းပလွေသံရှင် ကုန်းစွန်းဟုန်က တိုက်ပွဲအခြေအနေကိုကြည့်ပြီး ထိတ်လန့်တုန်လှုပ်သွားရ၏။

ရှောင်လိန်သည် ညီနောင်နှစ်ဖော်၏ ဓားကွက်ကို ခုခံနိုင်လိမ့်မည်ဟု မိမိထင်ခဲ့သည်။

အထူးသဖြင့် သူ၏ကျောက်စိမ်းပလွေသံထွက်ပေါ်လာသည်နှင့် အခြေအနေပြောင်းလိမ့်မည်ဟု တပ်အပ်သေချာထင်မှတ်ထားသည်။

ယခုမူ မိမိအထင်နှင့်အမြင်မှာ လုံးဝလွဲမှားလာခဲ့ချေပြီ။

ထို့ကြောင့် မာန်တစ်ချက်တင်းပြီး ကျောက်စိမ်းပလွေကို ဝှေ့ယမ်းကာ နဂါးမာန်သိုင်းခုနစ်ကွက်ထဲမှ နဂါးဝဲဟန်သိုင်းကွက်ဖြင့် ညီနောင်နှစ်ဖော်အား ခုခံတိုက်ခိုက်၏။

ပျံလွှားညီနောင်နှစ်ဖော်ကမူ ပျံလွှားဓားနှစ်လက်ဖြင့် တိုက်စစ်မှ ခံစစ်သို့ တစ်လှည့်စီ ကူးပြောင်းအသုံးချနေသည်။

ကုန်းစွမ်းဟုန်တို့နှစ်ဦးကို ညီနောင်နှစ်ဖော်တို့က ဓားကွက်စိတ်စိတ်ဖြင့် အစွမ်းကုန် တိုက်ခိုက်နေခြင်းဖြစ်သည်။

ကုန်းစွမ်းဟုန်ကလည်း တိုက်ကွက်တစ်ကွက်မကုန်မီ ထို



အကွက်ကို ရုတ်သိမ်းပြီး ရုတ်ခြည်းအကွက်ပြောင်းလိုက်၏။

နဂါးရေငုပ်ဟန်ဖြင့် ခန္ဓာကိုယ်ကို လေပြင်ထဲသို့ ခုန်တက်ကာ ထိုးစိုက်ဆင်းလာပြီး ညီနောင်နှစ်ဖော်၏ငယ်ထိပ်ဆီသို့ ဦးတည်လာသည်။

ဓားဝိဇ္ဇာကြီး ရှောင်လိန်ကလည်း လက်မှလွတ်ထွက်သွားသော သူ၏ဓားရှည်ကို လေထဲမှ ပြန်ကျလာသည်နှင့် လှမ်းခုန်ဖမ်းယူကာ ရွှေနဂါးဓားကွက်ဖြင့်ပင် ညီနောင်နှစ်ဖော်အား တရကြမ်းဝင်ရောက်တိုက်ခိုက်တော့သည်။

ညီနောင်နှစ်ဖော်၏ ပျံလွှားဓားများကလည်း လေထဲတွင် ပလူပျံနေအောင် ဝဲနေပြီး အဖြူရောင်အတန်းများ တဖျပ်ဖျပ်ပြိုးပြက်လျက်ရှိနေ၏။

ကုန်းစွမ်းဟုန်က အားမာန်အပြည့်ဖြင့် ကျောက်စိမ်းပလွေကို အသုံးပြုကာ လေပြင်ပေါ်က အထက်စီးမှနေ၍ တိုက်ခိုက်နေသည်။

သို့သော် အကွက်တိုင်းမှာ အင်ပြည့်အားပြည့်တိုက်ခိုက်၍မရဘဲ ညီနောင်နှစ်ဖော်၏ ဓားကွက်များက လေပွေဓားကွက်များဖြစ်နေ၍ ဓားကွက်တစ်ဝက်ခန့်ကို ဖယ်ရှားခါထုတ်ပစ်နေရသည်။

ထို့ကြောင့် ပျံလွှားတောင်ကုန်းညီနောင်နှစ်ဖော်အား တိုတောင်းသည့်အချိန်ကာလအတွင်း ကုန်းစွန်းဟုန်မှာ ထိန်းချုပ်ထားနိုင်ခြင်းမရှိသေးချေ။

ဘေးတွင်ရပ်ကြည့်နေသော သံဓားရှည်အဘိုးကြီးက အခြေအနေကို လေ့လာကြည့်လိုက်ရာ နောက်ထပ် သိုင်းကွက်ငါးရာ

Scanned with ACE Scanner

လောက်တွင် ပျံလွှားတောင်ကုန်းညီနောင်နှစ်ဖော် အရေးနိမ့်တော့မည်ဖြစ်ကြောင်း ရိပ်စားမိလိုက်သည်။

ဤအချက်ကြောင့် ယက္ခလေပွေလက်ဝါး လင်မိန်အနားသို့ လျှောက်လှမ်းသွားကာ သုံးယောက်သား မျက်ရိပ်တစ်ချက်ပြလိုက်ပြီး ယွင်ကျန်ယိဆီသို့ ချဉ်းကပ်သွားကြ၏။

တေးဝိဇ္ဇာကြီး၏ဇနီး ကြူမေက ဓားရှည်ကို စွပ်ခနဲ ဆွဲထုတ်လိုက်ရင်း ယွင်ကျန်ယိရှေ့တွင် မားမားမတ်မတ်ရပ်နေလိုက်၏။

ထိုအခါ သံဓားရှင်အဘိုးကြီးက ဓားရှည်ကို ဆွဲထုတ်ပြီး ဗာနန်နယ်သားဆန်အင်းနှင့် ယက္ခလေပွေလက်ဝါး လင်မိန်တို့က လေပွေလက်ဝါးနှင့်အတူ သုံးဖက်သုံးတန်မှနေ၍ ကြူမေနှင့် ယွင်ကျန်ယိတို့အား ဝိုင်းရံထားလိုက်ကြသည်။

တောင်ပိုင်းပလွေသံရှင် ကုန်းစွမ်းဟုန်နှင့် ရှောင်လိန်တို့က ထိုအခြေအနေကိုမြင်လိုက်ရကာ အလွန်အမင်း စိုးရိမ်ထိတ်သွားမိကြ၏။

ကုန်းစွမ်းဟုန်က တပည့်ဖြစ်သူအား ကျယ်လောင်စွာ လှမ်းအော်သတိပေးလိုက်လေသည်။

"ကျန်ယိ ....မင်းက အရင်ဆုံးအမြန်ရှောင်ထွက်သွားပါတော့လား ...."

ယက္ခလေပွေလက်ဝါး လင်မိန်က အေးတိအေးစက်လှမ်းအော်ပြောလိုက်သည်။

"ဟဲ .... ဟဲ .... ဟဲ .... ရှောင်တိမ်းသွားဖို့က ခင်ဗျားပြောသလောက် လွယ်ပါ့မလားဗျ ...."



စကားဆုံးသည်နှင့် လင်မိန်က ရိပ်ခနဲရောက်သွားကာ ယွင်ကျန်ယိ ဆုတ်ခွာရာလမ်းကြောင်းဘက်သို့ ပိတ်ဆို့ထားလိုက်၏။

လူငယ်လေးယွင်ကျန်ယိစိတ်ထဲတွင် ရုတ်တရက် စဉ်းစားမိလိုက်၏။ အကယ်၍ မိမိရှောင်ထွက်သွားနိုင်ပါက အနည်းဆုံး လူနှစ်ယောက်က မိမိနောက်သို့ လိုက်လာနိုင်၏။

သို့သော် မိမိအဝိုင်းခံရခြင်းမှ လွတ်မြောက်နိုင်သော်လည်း ယခုရောက်နေကြသူများအားလုံးမှာ သိုင်းလောကအဆင့်မြင့်များချည်း ဖြစ်နေသည်။

အဆင့်အနိမ့်ဆုံးလူမှာ လေပွေလက်ဝါးတစ်ယောက်သာ ဖြစ်လေသည်။ မိမိမှာလည်း တစ်ဖက်လူ၏ ပြိုင်ဘက်မဟုတ်ချေ။

ယွင်ကျန်ယိက ဤသို့ စဉ်းစားပြီး ခြေနှစ်ဖက်ကို အားယူကာ လေပြင်ထက် ခုန်တက်ရင်း သံဓားရှင်အဘိုးကြီးရှိရာသို့ လက်ဝါးရိုက်ချက်ကို ရိုက်ထုတ်တိုက်ခိုက်လိုက်သည်။

သံဓားရှင်အဘိုးကြီးမှာ ယွင်ကျန်ယိက သူ့အား အထင်သေးသည့်သဘော သက်ရောက်သွားသဖြင့် စိတ်ထဲတွင် ဒေါသူသွားကာ ဓားရှည်ကို ဝှေ့ယမ်းရင်း ယွင်ကျန်ယိအား အသေကွက်ဖြင့် တိုက်ခိုက်လိုက်တော့၏။

ကြူမေမှာ ထိုအကွက်ကြောင့် ထိတ်လန့်တကြား အော်ဟစ်လိုက်မိသည်။

အဘယ်ကြောင့်ဆိုသော် ယွင်ကျင်ယိမှာ သံဓားရှင်၏မြောက်

ပင့်လာသော ဓားကွက်ကို ညာလက်မောင်းဖြင့် ခုခံလိုက်သေ
ကြောင့်ဖြစ်လေသည်။

ထို့ပြင် သံဓားရှင်အဘိုးကြီးကလည်း ဤတစ်ကွက်တည်းဖြ
ပင် ယွင်ကျန်ယိ နောက်ဆုတ်သွားလိမ့်မည်ဟု ထင်လိုက်၏။

ကြူမေသည် သိုင်းလောကတွင် နာမည်မရှိသော လူငယ်
လေးတစ်ယောက်အား နာမည်ရှိသော သိုင်းသမားကြီးတစ်ယောက်
၏လက်ချက်ဖြင့် ဒုက္ခိတဖြစ်သွားမည်ကို ဤအတိုင်းလက်ပိုက်ကြည့်
မနေနိုင်တော့ပေ။

သို့သော် ....ကြူမေက သံဓားရှင်အဘိုးကြီးအနီးသို့ ချဉ်းကပ်
မလာနိုင်ခင်မှာပင် သံဓားရှင်အဘိုးကြီး၏ဓားရှည်က လူငယ်လေးယွင်
ကျန်ယိ၏ညာဘက်လက်မောင်းကို ခုတ်ဖြတ်မိတော့မည်ကဲ့သို့ဖြစ်နေ
သည်။

ကြူမေ ရင်ထိတ်သွားသည်။

ထိုစဉ် ယွင်ကျန်ယိ၏ညာလက်မောင်းက ရှေ့သို့ဆန့်ထွက်
လာပြီး အလင်းရောင်တစ်ခု လက်ခနဲဖြစ်သွားကာ အဘိုးကြီး၏ ဓား
ရှည်မှာ နှစ်ပိုင်းဖြစ်သွားလေတော့သည်။

ထိုအခါမှ ကြူမေမှာ ရင်ကလေးတဖိုဖိုနှင့် ဝမ်းသာသွား
တော့သည်။

ယွင်ကျန်ယိမှာ ကျောက်စိမ်းဓားကို ကိုင်ဆောင်ပြီး သံဓား
ရှင် အဘိုးကြီးဘေးမှ ဖြတ်ကျော်သွားကာ မြင်းပေါ်သို့ ခုန်တက်ပြီး
ဒုန်းစိုင်းထွက်ခွာသွားလေတော့သည်။



ယက္ခလေပွေလက်ဝါး လင်မိန်မှာ ယွင်ကျန်ယိစီးနင်းလိုက်ပါ
သွားသော မြင်းကြီးအား လေပွေလက်ဝါးလက်ဖြင့် လှမ်းတားမည်အပြု
ကြူမေက ဓားရှည်ကို ဝှေ့ယမ်းကာ သူတို့သုံးဦးအား ဟန့်တားထား
လိုက်၏။

Scanned with ACE Scanner

လူငယ်လေး ယွင်ကျန်ယိက မြင်းနက်ကြီးကို အပြင်းစိုင်းနှင်သွားရာ တိုက်ပွဲနေရာနှင့် လေးငါးမိုင်ခန့်ပင် ကွာလှမ်းလာခဲ့သည်။

နောက်မှ သံဓားရှင်အဘိုးကြီးနှင့် ယက္ခလင်မိန် အဘိုးကြီးတို့ကလည်း မြင်းနှစ်စီးဖြင့် လိုက်လာကြသော်လည်း ယွင်ကျန်ယိမှာမူ မမီတော့ချေ။

ရှေ့သို့ဆက်လက်လိုက်ပါက ယွင်ကျန်ယိအား မမီနိုင်တော့သဖြင့် အကျိုးမရှိမှန်းသိကာ သူတို့နှစ်ယောက်က နောက်ပြန်လှည့်လာခဲ့ကြသည်။

ယွင်ကျန်ယိက နောက်ပြန်လှည့်ကြည့်လိုက်ရာ သံဓားရှင်အဘိုးကြီးနှင့် ယက္ခလက်ဝါးလင်မိန်တို့အား မတွေ့ရတော့ချေ။

ထို့ကြောင့် သက်ပြင်းတစ်ချက်မှုတ်ထုတ်ကာ တွေးတောလိုက်၏။

"အင်း ....ဒီနေ့ ငါ့ဆရာနဲ့ မြောက်ပိုင်းဓားဝိဇ္ဇာဇနီးမောင်နှံ ရောက်လာတဲ့အတွက် ငါကံကောင်းသွားရတာပဲ .... နို့မဟုတ်ရင် ငါ ဆက်တောင် မတွေးဝံ့ဘူး ...."



ယွင်ကျန်ယိက ကောင်းကင်ကိုမော့ကြည့်လိုက်ရာ မိုးချုပ်တော့မည်ကို သိလိုက်ရတော့သည်။

ယခုထိ မိမိဘယ်ဆီသို့ ရောက်နေမှန်းလည်းမသိ၊ လေးဘက်လေးတန်တွင်လည်း အိမ်ခြေဟူ၍ တဲအိမ်ကလေးတစ်လုံးမျှပင်မတွေ့ရဘဲ ကန္တာရကြီးလိုဖြစ်နေ၏။

ယွင်ကျန်ယိ မည်သို့ဆက်လက်လုပ်ဆောင်ရမည်ကို မသိတော့ဘဲ မြင်းနက်ကြီးကိုသာ ရှေ့သို့ခပ်မှန်မှန်စီးနင်းသွားတော့သည်။

မိုးကောင်းကင်မှ အမှောင်ထုမှာ တစ်စထက်တစ်စ ပိုမိုမည်းမှောင်လာပြီး ....

ထိုစဉ် အဝေးဆီမှ မီးရောင်လက်လက်တချို့ကို မြင်လိုက်ရသည်။

မီးရောင်မြင်ရသော နေရာသည် လူနေအိမ်ခြေရှိမည်ဟု ယွင်ကျန်ယိထင်မိကာ ဝမ်းသာသွားပြီး မြင်းကိုအပြင်းဒုန်းစိုင်းထွက်ခွာသွားတော့သည်။

ယွင်ကျန်ယိက မီးရောင်ထွက်နေသည့် နေရာသို့ရောက်လာသောအခါ ရုတ်တရက် ကြောင်အမ်းအမ်းဖြစ်သွားရသည်။

ထိုနေရာသည် တောအုပ်တစ်ခုသာဖြစ်ပြီး သစ်ပင်ကြီးတစ်ပင်ပေါ်၌ မီးအိမ်သုံးလေးခုကို ချိတ်ဆွဲထားခြင်းဖြစ်၏။

သစ်ပင်ပေါ်တွင်မူ အဘိုးကြီးတစ်ဦးက မျက်စိစုံမှိတ်၍ ထိုင်နေသည်ကို တွေ့လိုက်ရ၏။

ယွင်ကျန်ယိ အံ့ဩသွားကာ မြင်းပေါ်မှ မဆင်းသေးဘဲ စဉ်းစားနေမိသည်။

ဤအဘိုးအိုမှာ မည်သူနည်း။

Scanned with ACE Scanner

မီးရောင်ဖြင့် မိမိအား ဤနေရာသို့ ရောက်လာစေရန် အ
အကြောင်းကိစ္စကြောင့် မှူးခေါ်ရသနည်း။

ထိုအခိုက် အဘိုးကြီး၏မျက်လုံးအစုံ ပွင့်လာကာ နှုတ်မှ ေ
ရွတ်ပြောဆိုလိုက်သည်။

"ဩော် ....မင်းရောက်လာမှကိုး ...."

ယွင်ကျန်ယိမှာ ထိတ်လန့်သွားကာ ကပျာကယာ မြင်းပေါ်
မှ ခုန်ဆင်းလိုက်ပြီး ရိုသေသော အမူအရာဖြင့် လှမ်းအော်ပြောလိုက်
သည်။

"ကျွန်တော့်နာမည် ယွင်ကျန်ယိလို့ခေါ်ပါတယ် ....ဆရာကြီး
နာမည်က ဘယ်လိုခေါ်ပါသလဲ ...."

အဘိုးကြီး၏မျက်နှာအမူအရာမှာ တစ်စုံတစ်ရာ ခံစားရုံ
မပေါ်ဘဲ ယွင်ကျန်ယိအား စိုက်ကြည့်ကာ တီးတိုးပြောဆိုလိုက်လေ
သည်။

"အေး ....မင်းမဆိုးဘူး ....ငါ့နာမည် မီးအိမ်ဘိုးဘိုးလို့ခေါ်
ကြတယ် ....မင်းကြားဖူးရဲ့လား ...."

ယွင်ကျန်ယိက စဉ်းစားမရနိုင်ဟန်နှင့် ခေါင်းခါယမ်းပြလိုက်
သည်။

"သိုင်းလောကမှာ ကျွန်တော်ဟာ အလွန်အတွေ့အကြုံနည်း
ပါးလှပါတယ် ....ဆရာကြီးနာမည်ကို မကြားဖူးသေးပါဘူး ....ဆရာကြီး
ရဲ့မီးအိမ်နဲ့ ကျွန်တော့်ကို ဒီရောက်အောင်ခေါ်တာ ဘာကိစ္စများရှိနေ
လို့ပါလဲ ...."

မီးအိမ်ရှင်အဘိုးကြီးက ယွင်ကျန်ယိအား တစ်အောင့်ကြာ
စိုက်ကြည့်လိုက်ရင်း မေးခွန်းထုတ်လာသည်။



"ငါ့နာမည်ကို မင်းတကယ်ပဲမကြားဖူးတာလား ....မင်းဆရာ
ကကော မင်းကိုပြောမပြဘူးလား ...."

ယွင်ကျန်ယိက နှုတ်မှမဖြေဘဲ ခေါင်းခါယမ်းပြရင်း မီးအိမ်ရှင်
အဘိုးကြီးကို စိုက်ကြည့်လိုက်သည်။

မီးအိမ်ဘိုးဘိုးခေါ် အဘိုးကြီးက အဘယ်ကြောင့် မိမိအား
ထူးဆန်းသည့်မေးခွန်းများမေးနေရသည်ကို စဉ်းစားမရဖြစ်နေသည်။

မီးအိမ်အဘိုးကြီးမှာ ရုတ်တရက် သဘောကျသည့်အလား
ကျယ်လောင်စွာ ရယ်မောလိုက်ရာ အဘိုးကြီး၏ရယ်မောသံကြီးမှာ
သစ်တောအုပ်အတွင်း၌ ပဲ့တင်ထပ်သွားလေတော့သည်။

ယွင်ကျန်ယိမှာမူ အဘိုးကြီးကျယ်လောင်လွန်းသော ရယ်
မောသံကြောင့် မျက်နှာအပျက်ကြီးပျက်နေရ၏။

အတန်ကြာရယ်မောပြီး မကျေနပ်သော လေသံဖြင့် ဆက်
လက်ပြောဆိုလိုက်ပြန်သည်။

"ယွင်ကျန်ယိ မင်းက ငါ့ကိုအရင်ကလိုပဲ ....အထင်သေးလို့
မရတော့ဘူးကွ ....ဟား ....ဟား ....ဟား ...."

အဘိုးကြီး၏စကားကြောင့် ယွင်ကျန်ယိမှာ အံ့ဩနေပြီး
စကားတစ်ခွန်းမျှ ပြန်ပြောဆိုခြင်းမရှိတော့ချေ။

မီးအိမ်ဘိုးဘိုးဆိုသူအား စိုက်ကြည့်ရင်း အကြောင်းခြင်းရာ
ကို စဉ်းစားတွေးတောနေမိသည်။

ဤအဘိုးကြီးပြောနေသော စကားများ၏ အဓိပ္ပါယ်ကိုလည်း
မည်သို့ရှိမှန်း ယွင်ကျန်ယိ နားမလည်ချေ။

သို့သော် ရုတ်တရက် ယွင်ကျန်ယိကဦးနောက်ထဲသို့ လူတစ် ယောက်၏အရိပ်သဏ္ဍာန်က ဖျတ်ခနဲ တိုးဝင်ရောက်ရှိလာသည်။

ထို့ကြောင့် ယွင်ကျန်ယိ အိုးခနဲ အာမေဋိတ်သံတစ်ချက်ပြု ကာ ....

"ဆရာကြီးပြောတဲ့လူက ဆံနီလူထူးဆန်းကြီးကိုလား"

မီးအိမ်အဘိုးကြီးက ခေါင်းတစ်ချက်မော့လာကာ ယွင်ကျန် ယိကို စူးစိုက်ကြည့်လာသည်။

"ယွင်ကျန်ယိ ....မင်း ဘာပြောတာလဲ ...."

"ဆရာကြီး ခုနကပြောတဲ့လူဟာ ဆံနီလူထူးဆန်းကြီးကို ပြောတာမဟုတ်လား ...."

မီးအိမ်အဘိုးကြီးသည် ဟင်းခနဲ သက်ပြင်းရှည်တစ်ချက်ချ လိုက်သည်။

"ဒါဆိုရင်ရွှေရောင်ဝတ်ရုံရှင်လိန်ဂူကိုမင်းသတ်လိုက်တာလား"

ယွင်ကျန်ယိက ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် ကဗျာ ကယာ ရှင်းပြလိုက်ပြန်သည်။

"ဒါပေမဲ့ ....ဆရာကြီးက ကျွန်တော့်ကို အထင်မမှားစေချင် ဘူး ....ကျွန်တော်ဟာ ဆံနီအဘိုးကြီးရဲ့ တပည့်လည်းမဟုတ်ပါဘူး"

အဘိုးကြီးက သဘောကျစွာဖြင့် ဟက်ဟက်ပက်ပက်ရယ် မောလာပြန်သည်။

"ဘာလဲ ....မင်းကြောက်သွားပြီလား ...."

အဘိုးကြီးက စကားဆုံးသည်နှင့် ရုတ်တရက် သစ်ပင်ပေါ်မှ



အောက်သို့ ခုန်ဆင်းလာသည်။

အဘိုးကြီး၏လှုပ်ရှားမှုမှာ လျင်မြန်သွက်လက်လွန်းနေ၍ သစ်ပင်ပေါ်မှ ခုန်ဆင်းလာသည်ကိုပင် ယွင်ကျန်ယိတွေ့မြင်လိုက်ခြင်း မရှိချေ။

ရုတ်တရက် မိမိ၏မျက်စိရှေ့သို့ အရာဝတ္ထုတစ်ခုက လျှပ်စီး ပြက်သည့်အလား ဝင်ရောက်လာသည်ဟုသာ ထင်မိတော့သည်။

ယွင်ကျန်ယိက နဖူးကြောရှုံ့ရင်း စဉ်းစားမရ၍ ခပ်တည် တည် သံပြတ်နှင့် ပြန်ပြောလိုက်သည်။

"မင်းကြောက်သွားပြီလားဆိုတော့ ကျွန်တော်က ဘာကို ကြောက်ရမှာလဲ ....လူဆိုတာ မွေးလာပြီးရင် သေရမှာပဲ မဟုတ်ဘူး လား ...."

"အေးပေါ့ ....မင်းဆရာဆီက အင်္ဂါမစုံဓားကွက်ကို ရနေမှ တော့ မင်းက ဘယ်ကြောက်တော့မှာလဲ ...."

ယွင်ကျန်ယိက အလျင်အမြန်ရှင်းပြလိုက်သည်။

"ကျွန်တော်ဟာ ဆံနီအဘိုးကြီးရဲ့ တပည့်လည်းမဟုတ်ပါဘူး သူဟာ ကျွန်တော့်ကို သိုင်းကွက်တစ်ကွက်ပဲ သင်ခဲ့ပေးပေမယ့် အဲဒီ တစ်ကွက်တည်းနဲ့ပဲ ...."

ယွင်ကျန်ယိမှာ စကားဆက်မပြောနိုင်ဘဲ စိတ်မကောင်းဖြစ် နေမိသည်။ မိမိမှာ သိုင်းလောက၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန် ရည်ရွယ်ဆုံးဖြတ်ခဲ့သော်လည်း မိမိအား ဆံနီအဘိုးကြီးက ယုတ်မာ သောအကြံအစည်ဖြင့် သူ၏အင်္ဂါမစုံဓားကွက်ကို သင်ကြားပေးခဲ့၏။

Scanned with ACE Scanner

မီးအိမ်အဘိုးအိုဆိုသည့် အဘိုးကြီးက တွေဝေနေပြီး စကားပြန်မပြောချေ။

ယွင်ကျန်ယိကသာ လေးလံသောလေသံဖြင့် စိတ်မကောင်းစွာ တစ်လုံးချင်းပြောဆိုလာသည်။

"တကယ်တော့ ဆံနီအဘိုးကြီးဟာ ကျွန်တော့်ကို အဲဒီတစ်ကွက်သင်ပေးလိုက်တာဟာ ....ကျွန်တော့်ကို သတ်ပစ်လိုက်တာထက်တောင် သူ့ကို နာကြည်းမိပါတယ် ...."

ယွင်ကျန်ယိ၏စကားအား မီးအိမ်အဘိုးကြီးက မယုံကြည်စွာဖြင့် ဟင့်ခနဲ အသံတစ်ချက်ပြုလိုက်လေသည်။

ယွင်ကျန်ယိကမူ စကားဆက်လက်ပြောဆိုခြင်းမရှိဘဲ ခေါင်းအောက်ငုံ့ထားလိုက်၏။

မီးအိမ်အဘိုးကြီးဆိုသူက ရုတ်တရက် ယွင်ကျန်ယိ၏ပခုံးနှစ်ဖက်ကို ဖမ်းချုပ်လိုက်သည်။

ယွင်ကျန်ယိမှာ သိုင်းပညာရှင်တစ်ယောက်ပီပီ အလိုအလျောက် ဖမ်းချုပ်ခြင်းမှ လွတ်ထွက်နိုင်ရန် ရုန်းကန်နေမိသည်။

မီးအိမ်အဘိုးကြီးက ယွင်ကျန်ယိအား ပခုံးနှစ်ဖက်ဖမ်းချုပ်ပြီး တစ်ခဏတွေဝေနေကာ ဖမ်းချုပ်ထားသော လက်များကို ဖြေပေးလိုက်တော့၏။

ထို့နောက် မူလနေရာဖြစ်သော သစ်ပင်ခွကြားသို့ ခုန်ပျံတက်ထိုင်ရင်း ဝမ်းနည်းကြေကွဲသောလေသံဖြင့် လှမ်းပြောလာသည်။

"ယွင်ကျန်ယိ မင်းသွားနိုင်ပြီ .... အဲဒီ အင်္ဂါမစုံဓားကွက်ကို



မင်းဘယ်တော့မှ ထုတ်မသုံးရဘူး ...."

မီးအိမ်အဘိုးကြီးက ယွင်ကျန်ယိအား ပြောဆိုနေသည့်အခိုက်အတန့်တွင် အဘိုးကြီး၏မျက်လုံးအစုံ၌ မျက်ရည်များ ရစ်ဝဲနေသည်ကို တွေ့မြင်လိုက်ရသည်။

ထို့ပြင် မီးအိမ်နီအဘိုးကြီး၏မျက်နှာမှာ နှစ်အတော်များများရုတ်တရက် အိုမင်းရင့်ရော်သွားသည့်အလား မြင်လိုက်ရသေး၏။

ယွင်ကျန်ယိမှာ အဘိုးကြီးကိုကြည့်ပြီး ကရုဏာသက်သွားကာ ညင်သာသောလေသံဖြင့် ပြောဆိုလိုက်သည်။

"တကယ်လို့ ဆရာကြီးနဲ့ ဆံနီအဘိုးကြီးတို့ဟာ ရန်စတွေများရှိခဲ့ရင် ....ကျွန်တော်က အတတ်နိုင်ဆုံး အကူအညီပေးပါ့မယ်.... သူ ဘယ်မှာရှိနေတယ်ဆိုတာ ကျွန်တော်သိပါတယ် ...."

မီးအိမ်အဘိုးကြီးက ခေါင်းကိုလေးပင်စွာ ခါယမ်းပြလိုက်သည်။

"မင်းသွားလည်း အလကားပဲ .... သူဟာ အဲဒီနေရာကတခြားကို ထွက်သွားလောက်ပြီ ....အဲဒီနေရာမှာ သူပြုခဲ့တဲ့ရန်သူတွေကိုအမိုက်ခံပြီး ဘယ်စောင့်ပါ့မလဲ ...."

ယွင်ကျန်ယိမှာ တစ်ကြိမ်တစ်ခါက မမျှော်လင့်ဘဲ ချောက်ကမ်းပါးအောက်ခြေတွင် တွေ့ဆုံခဲ့ရသော ဆံနီအဘိုးကြီးထံမှ ဓားကွက်တစ်ကွက်ကို သင်ယူခဲ့မိသည်။

ထိုဓားကွက်ကို မိမိ၏စိတ်ဆန္ဒမပါဘဲ ဆံနီအဘိုးကြီးက သူ့သဘောဆန္ဒအလျောက် မိမိအားသင်ကြားပေးခဲ့ခြင်းသာဖြစ်သည်။

Scanned with ACE Scanner

ဤအချိန်တွင် မိမိမှာ ရေနစ်သူကဲ့သို့ ဒုက္ခရောက်နေချိန်ဖြစ်၍ ဆံနီအဘိုးကြီးထံမှ အင်္ဂါမစုံစားသိုင်းကွက်ကို အလိုအလျောက် သင်ယူခဲ့ပြီးဖြစ်ခဲ့ရ၏။

ထိုစဉ်က သည်သိုင်းကွက်ကိုသင်ယူခဲ့ခြင်းအားဖြင့် မိမိမှာ ယခုကဲ့သို့ ဆိုးရွားလှသော အဖြစ်ဆိုးများဖြင့် တွေ့ကြုံရင်ဆိုင်ရလိမ့်မည်ဟု လုံးဝထင်မှတ်ထားခြင်းမရှိခဲ့ချေ။

ယခုမူ တစ်ကြိမ်တစ်ခါက အမှတ်မထင် တစ်ဒင်္ဂအတွင်း သင်ကြားတတ်မြောက်လာခဲ့သော သိုင်းကွက်တစ်ကွက်အတွက် မိမိမှာ သိုင်းသမားအချို့ကို မသိစိတ်ဖြင့် သတ်ဖြတ်သုတ်သင်ခဲ့ပြီးဖြစ်သည်။

သို့ရာတွင် မိမိစိတ်ဆန္ဒအမှန်အတိုင်း သတ်ဖြတ်သုတ်သင်ခြင်းမဟုတ်ဘဲ ထိုအင်္ဂါမစုံသိုင်းကွက်ကို ထုတ်လိုက်သည်နှင့် မိမိမသိသောနေရာမှ စိတ်စေ့ဆော်မှုအင်အားများက ဒေါ လိုလိုဝင်ရောက်လာကာ မသိစိတ်ဖြင့် ကျူးလွန်မိခဲ့ခြင်းဖြစ်၏။

ဤအတွက် မိမိမှာ သိုင်းလောကတွင် ရန်မီးပွားကာ မိမိဆရာ၏ ဂုဏ်သိက္ခာကိုပင် ညှိုးနွမ်းစေခဲ့ပြီး သိုင်းလောက၌ မိမိအတွက် အမည်းစက်ကြီးတစ်ခုပမာ ထင်ကျန်စွန်းထင်းခဲ့သည်။

မိမိသွားရာ အရပ်ဒေသတိုင်း အင်္ဂါမစုံသိုင်းကွက်နှင့် ပတ်သက်၍လည်းကောင်း၊ ထိုစားကွက်နှင့် ဆက်စပ်နေသော ဆံနီအဘိုးကြီးကိုလည်းကောင်း၊ မိမိမသိစိတ်ဖြင့် ကျူးလွန်ခဲ့မိသော ပြစ်မှုများအတွက်လည်းကောင်း ရန်သူအများအပြား၏ စောင့်ဆိုင်းတိုက်ခိုက်ခြင်းကို ခံခဲ့ရချေသည်။



ယခုလည်း မီးအိမ်အဘိုးကြီးက မိမိအား မီးအိမ်ဖြင့် မှုားခေါ်ကာ ဤသိုင်းကွက်ကိုသုံးမိသဖြင့် မိမိကိုပင် အသက်ဇီဝိန်ချွေယူရန် လုပ်ဆောင်ခဲ့သည်မဟုတ်ပါလား။

သို့သော် ....မိမိကံကောင်းသည်လားမသိ၊ သို့တည်းမဟုတ် အဘိုးကြီး၏ စိတ်သဘောထားပြောင်းလွဲသွားသောကြောင့်လားမသိ မိမိကိုမသတ်တော့ဘဲ အင်္ဂါမစုံစားကွက်ကို အသုံးမပြုရန်သာ ပြောဆိုမှာကြားခဲ့လေသည်။

ထို့ကြောင့် လူငယ်လေး ယွင်ကျန်ယိမှာ ဝမ်းနည်းကြေကွဲခြင်း၊ စိတ်မကောင်းဖြစ်ခြင်း၊ ယူကြုံးမရ နောင်တရခြင်းစသည့် ခံစားမှုများကို တစ်ပြိုင်နက်တည်း ခံစားရကာ ထိုနေရာမှ လေးလံသောခြေလှမ်းများဖြင့် ကျောခိုင်းထွက်ခွာလာခဲ့တော့သည်။

မီးအိမ်အဘိုးကြီးက မိမိကျောခိုင်းထွက်သွားသည်နှင့် ရုတ်တရက် လှမ်းအော်ခေါ်လိုက်သည်။

ယွင်ကျန်ယိမှာ မီးအိမ်ရှင်အဘိုးကြီးက ရုတ်တရက်လှမ်းခေါ်သံကြောင့် နောက်ပြန်လှည့်ကာ မေးလိုက်၏။

"ဆရာကြီး ....ဘာကိစ္စများ ရှိနေသေးလို့လဲ ...."

"မင်းအသုံးပြုခဲ့တဲ့ အင်္ဂါမစုံသိုင်းကွက်တစ်ကွက်တည်းနဲ့ လူအတော်များများကို သေကြေစေခဲ့တယ်လို့ ပြောခဲ့တယ် မဟုတ်လား"

ယွင်ကျန်ယိက ညှိုးနွမ်းသောမျက်နှာဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"အေး ....ဒီလိုပဲ မင်းမှာလည်း အဲဒီအင်္ဂါမစုံစားကွက်ကြောင့်

ပြဿနာမျိုးစုံ ဖြစ်လာပြီး ဖြေရှင်းရခက်နေတယ် မဟုတ်လား ....ငါက မင်းကို မီးအိမ်နဲ့ မျှားခေါ်ခဲ့တယ် ....ဒါပေမဲ့ မင်းက ငါ့ကို ဘာတစ်ခုမှ အကူအညီမပေးနိုင်ခဲ့ဘူး ....အေး ဒါတွေထားပါတော့ ....ငါအကဲခတ်ရသလောက်တော့ မင်းဟာ စိတ်ရင်းစေတနာကောင်းတဲ့ လူတစ်ယောက်ပဲ .... ဒီအတွက် မင်းကိုငါက ကူညီနိုင်လိမ့်မယ် ....”

ယွင်ကျန်ယိမှာ အတန်ကြာတွေဝေနေပြီး မျက်နှာမသာမယာဖြင့် ထပ်မံခေါင်းခါယမ်း ပြလိုက်၏။

“ဆရာကြီးရဲ့စေတနာကို ကျွန်တော်**အများကြီး** လေးစားပြီး ကျေးဇူးတင်ပါတယ် ....ဒါပေမဲ့ ကျွန်တော်**ဟာ သူတစ်ပါးရဲ့** ကျေးဇူးကို အများကြီးခံယူခဲ့ဖူးပါတယ် ....ဒီအထဲ **နှင်းတောင်ညီနောင်**လေးဖော်တို့လည်း ကျွန်တော့်အတွက်နဲ့ပဲ အသက်ပေးသွားခဲ့ကြရတယ် ....”

မီးအိမ်အဘိုးကြီးက မျက်တောင်နှစ်ဖက်အပေါ်သို့ ပင့်တက်သွားပြီး ....

“မင်းပြောတာ ငါမရှင်းဘူး ....”

ယွင်ကျန်ယိက အမည်မဖော်သူ မိန်းမကြီးအား မိမိအားရန်ရှာသည့်နေရာမှ၍ နှင်းတောင်ညီနောင်လေးဦးသေဆုံးခဲ့ရပုံများကို အစမှ အဆုံးတိုင် ပြောပြလိုက်တော့သည်။

ထိုအခါ မီးအိမ်အဘိုးကြီး၏မျက်ခုံးမွေးများမှာ လှုပ်လှုပ်ရွရွဖြစ်လာပြီး ရယ်မောလိုက်သည်။

“သြော် ဒါကြောင့်ကိုး ....မျက်ခုံးဖြူအဘိုးကြီးဟာ ညီနောင်လေးဖော်အနက် အကြီးဆုံးဖြစ်ပြီး သူ့အတွေ့အကြုံဟာ တကယ်တော့



မညံ့လှပါဘူး ....အဲ မင်းကို လမ်းညွှန်လိုက်တဲ့ ဖြူမည်းတောင်ပေါ်က လူဆန်းညီနောင်နှစ်ယောက်ကတော့ သိုင်းပညာအဆင့် အင်မတန်မြင့်မာတယ်လို့ ငါကြားဖူးတယ် ....ဒါပေမဲ့ မင်းကို ငါ ဖြူမည်းတောင်ပေါ်က လူဆန်းကြီးနှစ်ဦးထက် သိုင်းပညာပိုမိုမြင့်မားတဲ့သူဆီ ငါလမ်းညွှန်ပို့ပေးလိုက်မယ် ....”

ယွင်ကျန်ဝိ၏မျက်နှာပေါ်တွင် ထူးဆန်းအံ့သြသည့် အရိပ်အယောင်များ ယှက်သန်းနေလေသည်။

မီးအိမ်ရှင်အဘိုးကြီးက ....

“မင်း ဒီကနေ မြောက်ဘက်ရူးရူးကို သွားပါ ....အဲဒီမှာ ထူးဆန်းမှုတွေနဲ့ တွေ့လိမ့်မယ် .... သုံးရက်မြောက်တဲ့နေ့ မင်းက ဒီကို ပြန်လာပြီး ငါနဲ့ပြန်တွေ့ပါ ....”

စကားဆုံးသည်နှင့် မီးအိမ်ရှင်အဘိုးကြီးက သစ်ပင်ပေါ်တွင် ဆွဲချိတ်ထားသော မီးအိမ်သုံးလေးလုံးကို လျှပ်တစ်ပြက်အတွင်း ခုန်ပျံဆွဲယူကာ သစ်တောအုပ်အတွင်း ဝင်ရောက်ပျောက်ကွယ်သွားတော့သည်။

ယွင်ကျန်ယိမှာ မီးအိမ်ရှင်အဘိုးကြီး၏အပြောအဆို အမူအရာနှင့် လုပ်ရပ်များကို အံ့သြငေးကြောင်ကာ နေရာတွင် မလှုပ်မယှက်ကြောင်ငေးရပ်နေမိသည်။

ထိုသို့ သူပြောသွားသည့် စကားများအတိုင်း မိမိစမ်းကြည့်ရန် အကြံပေါ်မိသည်။ ဖြစ်မည် မဖြစ်မည်ကိုတော့ မိမိလည်းမသိ၊ မည်သူမျှလည်း သိမည်မဟုတ်ပေ။

Scanned with ACE Scanner

ပြဿနာများက ယွင်ကျန်ယိအား ဝက်အူရစ်သကဲ့သို့ တစ်ရစ်ပြီး တစ်ရစ် ရစ်ပတ်ခဲ့လေပြီ။ ယွင်ကျန်ယိမှာ ပြဿနာများကို ဖြေရင်း ဖြေရင်းနှင့် ဤလိုရှုပ်ထွေးလာခဲ့ခြင်းပင်။

ဤသည်မှာ လူ့ဘဝဇာတ်ခုံ၏ တွေ့ကြုံရသော အကြောင်းများပင်ဖြစ်တော့သည်။



ယွင်ကျန်ယိ ....

မြင်းနက်ကြီးဖြင့် မြောက်ဘက်စူးစူးသို့ ဦးတည်ထွက်ခွာလာခဲ့သည်။

အချိန်မှာ ညဥ့်အမှောင်လွန်မြောက်ပြီး ညဥ့်နက်သန်းခေါင်သို့ပင် တိုင်လာခဲ့ပြီဖြစ်သည်။

သို့သော် ယွင်ကျန်ယိကမူ မြင်းနက်ကြီးကိုစီးကာ မြောက်ဘက်စူးစူးအရပ်ဆီသို့ အသော့နှင်လျက်ရှိနေ၏။

မြင်းစီးလျက်နှင့် ခရီးသွားလာရင်း မိုးလင်းစပင် ပြုလာခဲ့ချေပြီ။

မည်သည့်ထူးခြားချက် တစ်စုံတစ်ရာမျှ ယခုတိုင် မတွေ့ရသေးချေ။

ယွင်ကျန်ယိမှာ တွေးတောမရနိုင်ဘဲ ရှေ့ဆက်သွားနေမိသည်။

မကြာမီ အရှေ့ဘက် မနီးမဝေးတစ်နေရာ၌ ဘုရားကျောင်းလေးတစ်ခုကို တွေ့လိုက်ရ၏။

ယွင်ကျန်ယိသည် နေ့စဉ်ရက်ဆက် ခရီးပြင်းနှင်လာခဲ့ရသည့်အတွက် ပင်ပန်းနွမ်းနယ်နေရာ ဘုရားကျောင်းပျက်ထဲသို့ရောက်လာသည်နှင့် မြင်းပေါ်မှ အသာအယာခုန်ဆင်းလိုက်သည်။

ထို့နောက် မြင်းနက်ကြီးကို သစ်ပင်တစ်ပင်တွင် ချည်နှောင်ပြီး ဘုရားကျောင်းပျက်အတွင်းသို့ ခဏမျှအနားယူအပန်းဖြေရန် ဝင်ရောက်လာတော့သည်။ ဘုရားကျောင်းပျက်ထဲတွင် အဘိုးကြီးတစ်ဦးက တင်ပျဉ်ခွေ ထိုင်လျက်ရှိနေသည်ကို ယွင်ကျန်ယိက တအံ့တဩတွေ့လိုက်ရလေသည်။

အဘိုးအို၏မျက်ခုံးမွေးနှင့် ဆံပင်တို့မှာ ဖြူဖွေးနေပြီး မျက်နှာတစ်ပြင်လုံးမှာ နီရဲနေပြန်သေး၏။

ကိုယ်ပေါ်တွင်မူ မီးခိုးရောင်ဝတ်စုံကို ဆင်မြန်းထားပြီး ညစ်ပေခြင်းမရှိဘဲ သန့်ရှင်းသပ်ရပ်နေသည်ကို တွေ့လိုက်ရ၏။

ယွင်ကျန်ယိက ဘုရားကျောင်းပျက်အတွင်းသို့ ဝင်လာသည်နှင့် ထိုအဘိုးကြီး၏မျက်နှာက ပြုံးရိပ်သန်းလာကာ ခရီးဦးကြိုသကဲ့သို့ ပြောဆိုလာသည်။

"မောင်ရင်လေး .... ခရီးဝေးက ဒီကိုရောက်လာပြီးမှတော့ ငါ အဘိုးကြီးထွက်မကြိုဆိုတဲ့အတွက် ခွင့်လွှတ်စေချင်တယ် ...."

ထိုစကားကြောင့် ယွင်ကျန်ယိစိတ်ထဲတွင် အံ့ဩနေမိသည်။

အဘယ်ကြောင့်ဆိုသော်-ဆံဖြူအဘိုးကြီးမှာ မျက်လုံးစုံမှိတ်ထားရာမှ မိမိ၏ခြေသံပင် မကြားရဘဲ ဘုရားကျောင်းပျက်အတွင်းသို့ မိမိရောက်ရှိလာကြောင်းကို အဘိုးကြီးကြိုတင်သိနေခြင်းပင်ဖြစ်၏။

ထို့ကြောင့် ယွင်ကျန်ယိက လေးစားစိတ်များ ဝင်ရောက်လာသည်။



"ဘဘ .... ဘဘကို ကျွန်တော် ဂါရဝပြုပါတယ် ...."

အဘိုးကြီးက မျက်လုံးအစုံကို မဖွင့်ဘဲ ဆက်လက်ပြောဆိုလာပြန်သည်။

"မောင်ရင်လေး .... မင်းက ငါ့ကို ဂါရဝပြုစရာမလိုဘူး .... စောစောတုန်းက မင်းခြေသံကြားရကတည်းက မင်းအသက်ဘယ်လောက်ရှိပြီဆိုတာကအစ ငါသိလိုက်တယ် .... နောက်ပြီး ဒီအနားတစ်ဝိုက်မှာ လူနေအိမ်ခြေမရှိဘူး .... ဒါကြောင့် မောင်ရင်လေးက ခရီးဝေးက ရောက်လာရတာလို့ ငါပြောနိုင်တာပေါ့ ...."

အဘိုးအို၏ ရှင်းလင်းပြောပြချက်များသည် အကျိုးအကြောင်းဆီလျော်နေကာ သိုင်းပညာအထွတ်အထိပ်သို့ရောက်ရှိနေသည့်အပြင် တွေးခေါ်မျှော်မြင်မှုတွင်လည်း ချီးမွမ်းထိုက်ပေသည်။

ယွင်ကျန်ယိက အဘိုးကြီးကို အသေအချာအကဲခတ်ကြည့်ရှုလိုက်ရာ အဘိုးကြီးမှာ မျက်စိစုံမှိတ်ထားသော်လည်း သူ၏အမူအရာမှာ မျက်လုံးနှစ်လုံး စုံကန်းနေသည့်အလား ရှိနေသည်ကို တွေ့လိုက်ရပြန်သည်။

ထို့ကြောင့် ယွင်ကျန်ယိမှာ ထူးဆန်းအံ့ဩစွာ စဉ်းစားနေမိသည်။

ဤအဘိုးကြီး၏မျက်လုံးအစုံမှာ တကယ်ပင် ကြောင်တောင်ကန်းနေသည်လား။

ဤလူသူမနီးသည့် ခေါင်လှသောဘုရားကျောင်းပျက်ထဲဝယ် တစ်ယောက်တည်း မည်ကဲ့သို့ နေထိုင်စားသောက်မည်နည်းစသည်ဖြင့် ယွင်ကျန်ယိက တွေးတောနေမိသည်။

ဆံဖြူအဘိုးကြီးသည် ယွင်ကျန်ယိက စဉ်းစားနေသည်ကို

Scanned with ACE Scanner

သိဟန်တူသည်။ ထို့ကြောင့် ပြုံးရယ်၍ ပြောလိုက်သည်။

"မောင်ရင်လေး ....ငါ့မှာတပည့်တစ်ဦးရှိတယ် ....အခု ...
အပြင်ထွက်သွားတယ်ကွ ...."

ယွင်ကျန်ယိမှာ အောင့်အီးမနေနိုင်တော့ဘဲ ဖွင့်ဟမေးလိုက်သည်။

"ဘဘ ....မျက်လုံးမမြင်ရဖြစ်နေပြီး ဆေးဝါးမကုဘဲ ဘာဖြစ်လို့ ဒီနေရာမှာ နေရတာလဲ ...."

သို့သော် အဘိုးအိုက မဆီမဆိုင် ပြောလာပြန်သည်။

"မောင်ရင်လေး ....ကျုပ်ရှေ့မှာ လာထိုင်ပါ ....မင်းကိုပြော စရာတွေရှိနေတယ် ...."

အဘိုးကြီး၏စကားကြောင့် ယွင်ကျန်ယိမှာ ကြောင်တက်တက်ဖြစ်သွားမိ၏။

မိမိမှာ မည်သည့်ရည်ရွယ်ချက်မျှမရှိဘဲ ခရီးပန်းလာခဲ့သဖြင့် ဤဘုရားကျောင်းပျက်ထဲတွင် ခေတ္တဝင်ရောက်နားနေရန် ရောက်လာခဲ့ခြင်းဖြစ်ပေသည်။

ယခု ဤနာမည်မသိအဘိုးကြီးက မိမိအား မည်သည့်ကိစ္စများ ပြောလေမည်မသိပေ။

ယွင်ကျန်ယိစဉ်းစားနေစဉ် အဘိုးကြီးက ပြောကြားလာပြန်သည်။

အဘိုးကြီး၏စကားများက ယွင်ကျန်ယိအတွက် အဖြေမရှိသော ပဟေဠိသဖွယ်ဖြစ်နေသည်။

ထိုစဉ် ....

"ဘုရားကျောင်းပျက်ရဲ့ အနောက်ဘက်တောင်ကြားထဲမှာ



မိုးကုတ်စက်ဝိုင်းသီးပင်တစ်ပင်ရှိတယ် ....အေး စက်ဝိုင်းသီးတွေဟာ မနက်ဖြန်လောက်ဆိုရင် အသီးတွေအားလုံး မှည့်လာတော့မယ်"

ယွင်ကျန်ယိမှာ အဘိုးကြီး၏စကားကြောင့် အံ့အားသင့်သွားမိသည်။

မိုးကုတ်စက်ဝိုင်းသီးဆိုသည်မှာ အလွန်ရှားပါးသော ထူးဆန်းသည့် သစ်သီးတစ်မျိုးဖြစ်သည်။

နှစ်ငါးဆယ်တွင် တစ်ခါသာသီး၍ ဤနေရာတွင် ဤအပင်မျိုးရှိနေမည်ဟု မထင်မိခဲ့ချေ။

"ငါဟာ နှစ်ပေါင်းခြောက်ဆယ်အထိ ဒီမှာစောင့်ကြပ်နေလာခဲ့တယ် ....ဒါပေမဲ့ ငါ့အနေနဲ့ ဒီအသီးတွေ ရလည်း ဘာမှအသုံးချလို့ရမှာမဟုတ်ဘူး ....ဒီကနေ့ မင်းရောက်လာတာ အတော်ပဲ ....မင်းကို အဲဒီအသီးတွေ ပေးလိုက်မယ် ....မင်းလက်ခံစေချင်တယ် ...."

ယွင်ကျန်ယိမှာ ထိတ်လန့်တကြီးဖြစ်သွားပြီး ကပျာကယာ ငြင်းဆိုလိုက်သည်။

"ဒါ .... ဒါ .... ဘယ်ဖြစ်ပါ့မလဲ .... မိုးကုတ်စက်ဝိုင်းသီးဟာ အင်မတန်ရှားပါးတဲ့ အသီးဖြစ်တဲ့အပြင် ဘဘအနေနဲ့ နှစ်ခြောက်ဆယ်အထိ စိတ်ရှည်လက်ရှည် စောင့်ကြပ်လာခဲ့သူမို့ သူတစ်ပါးရဲ့လက်ထဲ အလွယ်တကူမပေးသင့်ဘူး ...."

ထိုအခါ အဘိုးကြီးက သဘောကျစွာ ရယ်မောလိုက်လေသည်။

"ဒါပေမယ့် မိုးကုတ်စက်ဝိုင်းသီးကို ဒီအတိုင်းအလွယ်တကူရနိုင်တာ မဟုတ်ဘူး ....မြွေကြီးတစ်ကောင်က နှစ်ပေါင်းခြောက်ဆယ်အထိ စောင့်ကြပ်နေတဲ့အပြင် နှစ်ပေါင်းသုံးဆယ်ကျော် လူထူးဆန်း

Scanned with ACE Scanner

တစ်ဦးကလည်း စောင့်ကြပ်နေခဲ့တယ် ....”

ယွင်ကျန်ယိ ပိုမိုအံ့အားသင့်သွားပြီး ....

“အို ....ဒါဆို ကျွန်တော်စမ်းကြည့်မယ် ....တကယ်လို့ အသီး တွေရလာရင် ဘဘကိုပဲ ပေးပါ့မယ် ....”

အဘိုးကြီးက ခေါင်းခါယမ်းပြရင်း ....

“ငါ့အတွက် မလိုအပ်ပါဘူး .... ဒါပေမဲ့ ငါနှစ်ပေါင်းခြောက်ဆယ်အထိ စောင့်ကြပ်လာခဲ့တယ်ဆိုတော့ ဒီအသီးကို ငါဘယ်လောက်လိုချင်နေတယ်ဆိုတာကို မင်းသိလောက်ပါတယ် ....မောင်ရင်လေးရဲ့ အတွင်းအားကိုကြည့်ရတာက မလုံလောက်သေးဘူး .... ဒါကြောင့် မောင်ရင်လေးနဲ့ပဲ ထိုက်တန်နေတယ် ....”

အဘိုးကြီးက တည်ကြည်လေးနက်စွာ ပြောလာနေသဖြင့် ယွင်ကျန်ယိ၏စိတ်ထဲတွင် တွေးမိလိုက်သည်။

“အင်း ....သူတစ်ပါးလုယူသွားမယ့်အတူတူ ငါရခဲ့ရင်လည်း ပိုကောင်းမှာပါ ....ဒါပေမဲ့ ရနိုင် မရနိုင်တော့ မပြောတတ်ဘူး ....”

ထို့ကြောင့် အဘိုးကြီးစိတ်ချမ်းသာစေရန် သူ၏ဆန္ဒကို ခေါင်း ညိတ်လက်ခံလိုက်မိသည်။

“ကောင်းပါပြီ .... ဘဘကြီးရဲ့ကျေးဇူးကို ကျွန်တော့်တစ်သက်မမေ့ပါဘူး ....”

အဘိုးကြီးသည် တစ်ချက်တွေဝေသွားပြီးမှ လေးနက်တည်ကြည်စွာ ပြောလာပြန်သည်။

“ဒါပေမဲ့ ....မင်းတစ်ခုတော့ သတိထားရမယ် ....ဒီမိုးကုတ်စက်ဝိုင်းသီးတော်မြတ်ကို သူတစ်ပါးလက်ထဲ ဘယ်နည်းနဲ့မှ အရောက်မခံရဘူးဆိုတာ ....မင်းကတိပေးရလိမ့်မယ် ....”



“ဟုတ်ကဲ့ .... ကျွန်တော်အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်”

“ကဲ .... မင်းလည်း ပင်ပန်းလာပြီ .... အနားလေးဘာလေး ယူလိုက်ဦး ....”

အဘိုးကြီးက စကားဆုံးသည်နှင့် ယွင်ကျန်ယိမျက်နှာရှေ့သို့ လက်ဝှေ့ယမ်းလိုက်သည်နှင့် ယွင်ကျန်ယိမှာ ဇဝေဇဝါနှင့် ရီဝေဝေဖြစ်လာကာ အိပ်ပျော်သွားတော့သည်။

ယွင်ကျန်ယိ တစ်ရေးနိုးလာသောအခါ နောက်တစ်နေ့မနက် နေပင်မြင့်နေပြီဖြစ်သည်။

ယွင်ကျန်ယိက ဘေးဘီဝန်းကျင်ကို ကပျာကယာလှည့်ပတ်ကြည့်ရှုလိုက်သောအခါ ထူးဆန်းသော အဘိုးကြီးအား မတွေ့မမြင်ရတော့ချေ။

ထို့နောက် မနေ့က အဘိုးကြီးပြောခဲ့သည့် စကားများကို သတိရလာကာ ဘုရားကျောင်းပျက်အနောက်ဘက်သို့ ကိုယ်ဖော့ပညာဖြင့် ထွက်လာခဲ့၏။

တစ်ဆက်တည်း အနောင်တောင်ပေါ်သို့ တက်လိုက်သည်နှင့် မွှေးကြိုင်သော သင်းပျံ့သော ရနံ့တစ်ခုကို ရှူရှိုက်လိုက်မိသည်။

တောင်ခါးပန်းသို့မရောက်မီ ဂူတစ်ခု၏အဝ၌ ရှည်လျားကြီးမားသော မြွေကြီးတစ်ကောင်က ဝတ်စုံဝါ အဘိုးကြီးတစ်ဦးအား ဟန့်တားစောင့်ကြပ်နေသည်ကို တွေ့လိုက်ရသည်။

မြွေကြီးတစ်ကောင်နှင့် လူတစ်ယောက် ....

မည်သူမျှ မလှုပ်ရဲကြချေ။ လူသားနှင့် မြွေကြီးတို့ တိုက်ခိုက်ရန် အလစ်ချောင်းနေကြ၏။

သို့သော် မိုးကုတ်စက်ဝိုင်းသီးတော်မြတ်ကို ဝတ်စုံဝါဝတ်

အဘိုးကြီးက တပ်မက်စိတ်နှင့် မြွေကြီးအား အလစ်ချောင်းတိုက်ခိုက် ,ရန် ကြံနေခြင်းဖြစ်သည်။ မြွေကြီးကလည်း လုံးဝအလစ်မပေးချေ။

ထို့ကြောင့် ဝတ်ရုံဝါဝတ်အဘိုးကြီးမှာ စိတ်မရှည်ဟန်ဖြစ်လာ ကာ ခန္ဓာကိုယ်ကို တစ်ချက်လှုပ်ကာ ဂူအတွင်းသို့ လျှပ်တစ်ပြက် ဝင်ရောက်သွားတော့သည်။

ကြီးမားသော မြွေကြီးမှာလည်း မြားတစ်စင်းပစ်လွှတ်လိုက် သည့်အလား အဘိုးကြီးရှိရာသို့ ဝင်ရောက်သွားကာ ဟန့်တားထား လိုက်၏။

ဝတ်ရုံဝါအဘိုးကြီးက ဓားရှည်ကိုဆွဲထုတ်ပြီး မြွေကြီးကို လှဲ ခုတ်လိုက်တော့သည်။

မြွေကြီးကလည်း ခန္ဓာကိုယ်ကို လေးကိုင်းသဏ္ဍာန် ကွေး ညွှတ်လိုက်ရင်း ဂူအပြင်ဘက်သို့ ရှောင်ထွက်သွားသည်။

မြွေနှင့်လူတို့ သူတစ်ပြန်ကိုယ်တစ်ပြန် ယှဉ်ပြိုင်တိုက်ခိုက်နေ ခြင်းဖြစ်သည်။

ယွင်ကျန်ယိမှာ မြွေနှင့်လူတို့ တိုက်ခိုက်နေကြသည်ကို ကြည့် ရင်း မိမိ၏သိုင်းပညာမှာ သူတို့နှင့် ယှဉ်ပြီးကြည့်ပါက မိုးနှင့်မြေလောက် ကွာခြားနေကြောင်း သိရှိလိုက်ရသည်။

ထို့ကြောင့် မိုးကုတ်စက်ဝိုင်းသီးတော်မြတ်အား ရယူရေး အတွက် စဉ်းစားစရာပင်မလိုတော့ချေ။

သို့သော် ဂူတွင်းမှ အဘိုးကြီးအား မိမိကတိပေးခဲ့ပြီးဖြစ်၍ နောက်ဆုတ်၍လည်း မဖြစ်တော့ပေ။

ယွင်ကျန်ယိမှာ ဖြစ်လိုရာဖြစ်တော့ ကတိတစ်လုံးကို အပျက် မခံနိုင်သဖြင့် စွန့်စားဝင်ရန် ဆုံးဖြတ်လိုက်တော့သည်။



ဂူထဲမှ မွှေးကြိုင်သောရနံ့များက တဖြည်းဖြည်းနှင့် ပိုမိုသင်း ကြိုင်လာနေ၏။

ထို့အတူ လူနှင့်မြွေတို့ တိုက်ပွဲကလည်း အကြိတ်အနယ် အပြင်းအထန် ယှဉ်ပြိုင်နေဆဲပင်ရှိသေး၏။

ယွင်ကျန်ယိမှာ အန္တရာယ်ကြီးမားမှန်းသိသော်လည်း ဂူရှိရာ သို့ တဖြည်းဖြည်းချဉ်းကပ်သွားနေသည်။

ဤသို့ဖြင့် ဂူနှင့်ဘေးစောင်းတစ်နေရာသို့ပင် ယွင်ကျန်ယိ ရောက်ရှိလာ၏။

လူနှင့် မြွေတို့မှာလည်း အကြိတ်အနယ် ယှဉ်ပြိုင်နေဆဲမို့ ယွင် ကျန်ယိအား သတိထားမိခြင်းမရှိချေ။

ထိုအခိုက် ဝတ်ရုံဝါဝတ် အဘိုးကြီးသည် သူ၏ဓားရှည်ကို ကြက်ခြေခတ်သဏ္ဍာန်ဝှေ့ယမ်းကာ မြွေကြီးအား တိုက်ခိုက်မောင်းနှင် နေပြန်သည်။

မြွေကြီးကလည်း ဝတ်ရုံဝါအဘိုးကြီး၏ ဓားချက်များကိုအမျိုး မျိုးရှောင်တိမ်းနေ၏။

ထို့နောက် အဘိုးကြီးက မြွေကြီးအား ဂရုမစိုက်တော့ဘဲ ဂူ တွင်းသို့ တစ်ဟုန်ထိုးပြေးလွှားဝင်ရောက်သွားတော့၏။

သို့သော် ကြီးမားလှသော မြွေကြီးကလည်း အဘိုးကြီး၏ နောက်မှ ထက်ကြပ်မကွာ လိုက်ပါသွားပြန်သည်။

အဘိုးကြီးမှာ ဘယ်ညာလက်ဝါးစုံဖြင့် မြွေကြီးအား တိုက်ခိုက် မောင်းထုတ်လိုက်ပြန်သည်။

မြွေကြီးမှာ ရုတ်တရက် ခန္ဓာကိုယ်တွန့်ကွေးသွားပြီး ဝတ်ရုံဝါ ဝတ်အဘိုးကြီး၏ မျက်လုံးနှစ်လုံးကြားဆီသို့ လွှားခနဲ တန်းဝင်ရောက်

Scanned with ACE Scanner

ရှိသွားတော့သည်။

ဤတွင် အဘိုးကြီးက ဘယ်ညာလက်ဝါးစောင်းဖြင့် မြွေကြီးကို ရိုက်ခါထုတ်ပစ်နေရပြန်သည်။

မြွေကြီးမှာ နောက်ပြန်ဆုတ်သွားရင်း စကောတစ်ချပ်စာမျှရှိသည့် ပါးပျဉ်းကြီးထောင်ကာ ဝတ်ရုံဝါအဘိုးကြီးအား မာန်ဖီနေတော့၏။

ထိုစဉ် အဘိုးကြီး၏လက်ထဲရှိ ဓားရှည်က ရုတ်တရက် မြွေကြီး၏ဦးခေါင်းဆီသို့ တစ်ဟုန်ထိုး ပစ်ပေါက်လိုက်သည်။

တစ်ဆက်တည်း အဘိုးကြီးက ဂူတွင်းသို့ ရိပ်ခနဲ ပြေးဝင်သွားပြန်သည်။

သို့သော် မြွေကြီးက ကြီးမားသော သူ၏ကိုယ်လုံးကြီးဖြင့် အရှိန်ပြင်းစွာ ဝင်လာနေသော ဓားရှည်အား အမြီးနှင့်ခါယမ်းပစ်လိုက်ပြီး အဘိုးကြီးအား ဓားလွယ်ခုတ်အနေအထားမှ သူ၏ကိုယ်လုံးဖြင့် ဟန့်တားထားပြန်သည်။

ယွင်ကျန်ယိမှာလည်း ဂူဘေးတစ်နေရာတွင်ပုန်းအောင်း၍ မြွေနှင့် လူတို့၏ အကြိတ်အနယ်ယှဉ်ပြိုင်ပွဲကို ရင်သပ်ရှုမောဖွယ် ငေးမောကြည့်ရှုနေမိသည်။

ထိုစဉ် သူနားရွက်အစုံကို လေအေးတစ်ချက် အတိုက်ခံလိုက်ရသည့်အလား အေးခနဲ ခံစားလိုက်ရသည်။

ယွင်ကျန်ယိမှာ ရုတ်တရက် ထိတ်လန့်သွားကာ ကမျာကယာ နောက်လှည့်ကြည့်လိုက်ရာ အသက်ဆယ့်ခြောက်နှစ် ဆယ့်ခုနစ်နှစ်ခန့်ရှိသော လူငယ်လေးတစ်ယောက်အား တွေ့လိုက်ရသည်။



ထိုလူငယ်လေး၏အမူအရာမှာ မိမိအား ရန်လိုခြင်းမရှိသဖြင့် ယွင်ကျန်ယိမှာ စိတ်သက်သာရာ ရရှိသွားမိသည်။

လူငယ်လေးက အပြစ်ကင်းစင်စွာ ပြုံးလိုက်ပြီး လေသံတိုးတိုးဖြင့် မေးလာသည်။

"ဒီဂူထဲက မိုးကုတ်စက်ဝိုင်းသီးတော်မြတ်ကို လိုချင်သလား"

ယွင်ကျန်ယိက အလွန်အမင်း အံ့သြပြီး ခေါင်းညိတ်အဖြေပေးလိုက်သည်။

ထိုအခါ လူငယ်လေးမှာ ယွင်ကျန်ယိအား တောင်အောက်သို့ ခေါ်ဆောင်သွားတော့၏။

လူငယ်လေးက ယွင်ကျန်ယိ၏လက်ကိုဆွဲကာ တောင်အောက်သို့ ခေါ်သွားရာ ယွင်ကျန်ယိမှာ ရုန်းကန်လှုပ်ရှားနိုင်ခြင်းအလျဉ်းမရှိသည့်အပြင် ခုခံနိုင်သည့်အင်အားများလည်း မရှိချေ။

တောင်ခြေသို့ရောက်ရှိလာသောအခါ ယွင်ကျန်ယိအား လူငယ်လေးက တည်ကြည်စွာ ပြောလာသည်။

"ခင်ဗျား တကယ်လိုချင်ရင် ကျုပ်အကူအညီပေးနိုင်ပါတယ်".

ယွင်ကျန်ယိမှာ အတန်ကြာ တွေဝေစဉ်းစားနေပြီး ....

"ညီတော် ....ညီတော်ရဲ့ဘွဲ့နာမည်က ဘယ်လိုခေါ်ပါသလဲ"

ယွင်ကျန်ယိ၏အမေးကြောင့် လူငယ်လေးက သဘောကျစွာ ပြုံးလိုက်သည်။

"ဘယ်ကလာ ညီတော်ရမှာလဲ ....ကျုပ်အသက်ဟာ ခင်ဗျားထက် အများကြီးပိုကြီးတယ် ...သိုင်းလောကလူအများကတော့ ကျုပ်ကို ရှင်ပျော်ပျော်ဘိုးဘိုးလို့ ခေါ်ကြတယ် .... ခင်ဗျားလည်း ကျုပ်ကို အဲဒီလိုပဲ ခေါ်ပေါ့ ...."

ထိုစကားကြောင့် ယွင်ကျန်ယိစိတ်ထဲတွင် အလွန်ရယ်ချင်နေမိသည်။ သို့သော် မကောင်းတတ်၍ အသာငြိမ်နေလိုက်ရ၏။

"ကောင်းပါပြီ .... ကျုပ် ခင်ဗျားကို ရှင်ပျော်ပျော်ဘိုးဘိုးလို့ပဲ ခေါ်ပါ့မယ် ....ဒါနဲ့ ခင်ဗျားမှာ ဘယ်လိုအကြံဉာဏ်များ ရှိနေလို့လဲ"

ရှင်ပျော်ပျော်ဘိုးဘိုးဆိုသူက သဘောကျစွာ ရယ်မောနေသည်။ စကားကိုမူ တစ်ခွန်းမျှ ပြန်ပြောခြင်းမရှိချေ။

ရှင်ပျော်ပျော်ဘိုးဘိုးမှာ မိမိထက် သိုင်းပညာအလွန်မြင့်မားမည်ဟု ယွင်ကျန်ယိက သိလိုက်၏။

အကယ်၍ သူသာ အကူအညီပေးမည်ဆိုလျှင် အလွန်ကောင်းသော ကူညီဘက်တစ်ဦးဖြစ်လာနိုင်သည်ဟု ယူဆထား၏။

ယွင်ကျန်ယိက ....

"တကယ်လို့ စက်ဝိုင်းသီးတော်မြတ်ကိုရခဲ့ရင် ကျုပ်တို့ တစ်ယောက်တစ်ဝက် ခွဲယူကြတာပေါ့ ...."

ရှင်ပျော်ပျော်ဘိုးဘိုးဟုခေါ်သော လူငယ်လေးက ....

"ကျုပ်က ခင်ဗျားကို ကူညီဖို့သာ ပြောနေတာပါ ....ခွဲဝေယူဖို့ ပြောနေတာ မဟုတ်ပါဘူး ....အခုပဲ တောင်ကြားကို ဆင်းသွားတာနဲ့ ရနိုင်တယ် .... ဘာခွဲဝေယူနေစရာလိုလဲ ...."

ရှင်ပျော်ပျော်ဘိုးဘိုးဆိုသူ၏စကားများမှာ အကြွားပိုသည်ဟု ယွင်ကျန်ယိက ထင်မိသည်။

သို့သော် ရှင်ပျော်ပျော်ဘိုးဘိုးက တည်ကြည်သောအမူအရာဖြင့် ပြောလာပြန်သည်။

"အင်း .... ဒီကနေ့ ခင်ဗျားမှာ အခက်အခဲရှိနေတဲ့အတွက်



ကျုပ်က ခင်ဗျားကို ကူညီမယ် .... အဲ တစ်နေ့ ကျုပ်ဒုက္ခရောက်ရင် ခင်ဗျားက ကျုပ်ကိုပြန်ပြီး အကူအညီပေးနိုင်ပါ့မလား ...."

ထိုအမေးစကားကြောင့် ယွင်ကျန်ယိမှာ အံ့သြစိတ်နှင့် ကြောင်ငေးသွားကာ ....

"ဟင် ....ဘိုးဘိုးမှာ ဘယ်လိုအခက်အခဲကိစ္စများ ရှိနေလို့လဲ"

"ခုတော့ မရှိသေးပါဘူး ....နောက်အခါမှ ပြောတာပါ ...."

"ဘယ်လိုကိစ္စမျိုးလဲဆိုတာ ပြောဦးမှပေါ့ ...."

ရှင်ပျော်ပျော်ဘိုးဘိုးက အတန်ကြာသည်အထိ စဉ်းစားလိုက်ပြီး ယွင်ကျန်ယိ၏လက်ကိုဆွဲကာ တောင်ပေါ်တက်သွားကြတော့သည်။

ဂူရှေ့တွင် မြွေနှင့် လူတို့၏တိုက်ပွဲမှာ ယခုတိုင် အရှုံးအနိုင်မပေါ်သေးဘဲ ဖြစ်နေသေးသည်။

ထိုစဉ် ရှင်ပျော်ပျော်ဘိုးဘိုးဆိုသူက လူနှင့်မြွေ တိုက်ခိုက်နေရာသို့ ခပ်တည်တည်လျှောက်လှမ်းသွားတော့သည်။

ဝတ်ရုံဝါဝတ်အဘိုးကြီးနှင့် မြွေကြီးတို့သည်လည်း သူတို့ဆီသို့ ခပ်တည်တည်လျှောက်လှမ်းဝင်လာနေသော လူစိမ်းကိုမြင်လိုက်သဖြင့် ချက်ချင်းဆိုသလို ကိုယ့်ကိုယ်ကို ကာကွယ်မှုများ အသင့်ပြင်လိုက်ကြသည်။ ရှင်ပျော်ပျော်ဘိုးဘိုးက ဝတ်ရုံဝါအဘိုးကြီးအနီးသို့ ရောက်လာသောအခါ လှမ်းအော်မေးလိုက်သည်။

"ဆရာကြီး ....ဒီမြွေဖြူကြီးနဲ့ ဘာအတွက် အငြင်းပွားနေရတာလဲ ...."

ဝတ်ရုံဝါအဘိုးကြီးက ဟင့်ခနဲ အသံတစ်ချက်ပြုလိုက်ပြီး ရှင်ပျော်ပျော်ဘိုးဘိုးအား လုံးဝအရေးမစိုက်ချေ။

Scanned with ACE Scanner

ရှင်ပျော်ပျော်ဘိုးဘိုးက မည်သို့မျှ ဂရုစိုက်ဟန်မပြဘဲ မြေလှမ်းကျဲကြီးဖြင့် ဂူအတွင်းသို့ လျှောက်လှမ်းဝင်ရောက်သွားတော့၏။

ထိုအခါ ဝတ်ရုံဝါဝတ်အဘိုးကြီးနှင့် မြွေကြီးတို့ကလည်း ဂူအတွင်းသို့ ပြိုင်တူဝင်ရောက်သွားကြတော့သည်။

ဝတ်ရုံဝါဝတ်အဘိုးကြီးက ရှင်ပျော်ပျော်ဘိုးဘိုးအား နောက်မှလှမ်းအော်ပြောလသည်။

"မိတ်ဆွေလေး ....ဒီမှာ လာမရှုပ်နဲ့ ....ခုချက်ချင်းထွက်သွားပါ ...."

ရှင်ပျော်ပျော်ဘိုးဘိုးက ....

"ဒါတော့ ခင်ဗျားတို့လွန်တာပေ့ါ .... ကျုပ်က ဂူထဲဝင်ပြီး အနားယူမလို့ .... ဘာဖြစ်လို့ ကျုပ်ကိုဟန့်တားရတာလဲ ...."

ဝတ်ရုံဝါဝတ်အဘိုးကြီးမှာ ရှင်ပျော်ပျော်ဘိုးဘိုး၏သိုင်းပညာအဆင့်မနိမ့်ကြောင်း ရိပ်စားမိလိုက်သည်။

"မိတ်ဆွေ ....ခင်ဗျားက ဒီမြွေကြီးကိုသာ အရင်မောင်းထုတ်လိုက်ပါ .... ဂူထဲမှာရှိတဲ့ မိုးကုတ်စက်ဝိုင်းသီးတော်မြတ်ကို ကျုပ်တို့တစ်ယောက်တစ်ဝက် ခွဲယူကြတာပေ့ါ .... ဘယ့်နှယ့်လဲ ...."

ရှင်ပျော်ပျော်ဘိုးဘိုးက ထုံအသော အမူအရာဖြင့် ....

"ဘာ ....မိုးကုတ်စက်ဝိုင်းသီးတော်မြတ်လဲ ....ကျုပ်မသိဘူး"

ဝတ်ရုံဝါအဘိုးကြီးက ပိုမိုသဘောကျသွားကာ ....

"ကိစ္စမရှိဘူး ....မိတ်ဆွေ ဒီမြွေကြီးကိုသာ ကူညီမောင်းထုတ်ပေးပါဗျာ ...."

ရှင်ပျော်ပျော်ဘိုးဘိုးက ဘာမျှမသိသည့်အလား ခေါင်းညိတ်လိုက်သည်။



"ဒါတော့ ဖြစ်ပါတယ် ....ကျုပ်က သူတစ်ပါးကို အမြဲတမ်းအကူအညီပေးချင်နေသူပါ .... ဒါပေမဲ့ မြွေကြီးကိုမောင်းထုတ်ပေးပြီးရင် ကျုပ်အိပ်နေတဲ့အချိန်မှာ ခင်ဗျားအနှောက်အယှက်မပြုရဘူး"

"ကောင်းပါပြီ ...."

ရှင်ပျော်ပျော်ဘိုးဘိုးက မြွေဖြူကြီးဆီသို့ အသာအယာ ချဉ်းကပ်သွားသည်။ မြွေကြီးကလည်း နောက်သို့ အနည်းငယ်ဆုတ်ခွာသွား၏။

ရှင်ပျော်ပျော်ဘိုးဘိုးက မြွေကြီးအား အနည်းငယ်ကြောက်ရွံ့လာသလို လက်ကိုဆန့်ထုတ်လိုက် ရုတ်လိုက်ဖြင့် ဝတ်ရုံဝါအဘိုးကြီးအား လှမ်းအော်ပြောလိုက်သည်။

"ဆရာကြီး ....ကျုပ်ကို လာကူပါဦး ...."

ဝတ်ရုံဝါအဘိုးကြီးက ဓားရှည်ကို ကောက်ကိုင်ကာ မြွေကြီးနားသို့ ချဉ်းကပ်လာသည်။

မြွေဖြူကြီးကလည်း ဝတ်ရုံဝါဝတ်အဘိုးကြီးအား ထိပ်တိုက်ဝင်ရောက်လာသည်။

ထိုအခါ အဘိုးကြီးက မြွေဖြူကြီးအား ဓားရှည်ဖြင့် ခုတ်ပိုင်းလိုက်၏။

မြွေဖြူကြီးကလည်း သူ၏ဦးခေါင်းပိုင်းကို မြေပြင်နှင့်ရှပ်၍ တိမ်းရှောင်လိုက်ပြီး အဘိုးကြီး၏ညာဘက်ပခုံးကို အတင်းဝင်ကိုက်လေတော့သည်။

ဝတ်ရုံဝါ အဘိုးကြီးမှာ မြွေကိုက်မှုဒဏ်ကြောင့် နာကျင်သွားကာ နောက်ပြန်လက်လှန်ပြီး မြွေဖြူကြီးအား မလွတ်တမ်း ဖမ်းချုပ်ထားလိုက်တော့၏။

Scanned with ACE Scanner

ရှင်ပျော်ပျော်ဘိုးဘိုးဆိုသူက ဂူထဲသို့ လျှပ်တစ်ပြက်ပြေးဝင်သွားပြီး မိုးကုတ်စက်ဝိုင်းပင်ခေါ် သုံးလေးပေမျှရှိသော သစ်ပင်လေးအား အမြစ်ပါမကျန် ဆွဲနှုတ်ယူလိုက်တော့သည်။

တစ်ဆက်တည်း ရှင်ပျော်ပျော်ဘိုးဘိုးက ဂူအပြင်ဘက်သို့ ပြေးထွက်သွားလေတော့သည်။

ဝတ်ရုံဝါအဘိုးကြီးမှာ ဒေါသတကြီးဖြစ်၍ ရှင်ပျော်ပျော်ဘိုးဘိုးနောက်သို့ ခုန်ပျံပြေးလွှားလိုက်ပါသွားလေတော့သည်။

ထို့အတူ မြွေကြီးမှာလည်း ဝတ်စုံဝါအဘိုးကြီးနှင့် ရှင်ပျော်ပျော်ဘိုးဘိုးနောက်သို့ လျင်မြန်စွာ လိုက်ပါသွားပြန်သည်။

စာစဉ်(၁)ပြီး၏။

စာစဉ်(၂)ဆက်လက်ဖတ်ရှုပါရန်....

**တက္ကသိုလ်ဝင်းကြွယ်**

Scanned with ACE Scanner